# သံစဉ်မဲ့တေးသွား

(အချစ်လုံးချင်းဝတ္ထု)

အလွမ်းဝေဒနာ ရင်မှာဝပြီ
သိမ်းထားခွင့်ပြုပါ
နူးညံ့တဲ့နေလုံးသာရပ်ဝန်းမှာ
မင်းရဲ့အနမ်းတံဆိပ်နဲ့
သံစဉ်မဲ့တေးသွားကို အသက်ပြန်ရပြီ
တိုးတိုးလေးစီးမျောသွားခွင့်ပြုပါ
ပစ္စုပ္ပန်နဲ့ အနာဂတ်ကြား
ဆုံးရှုံးမှုများနဲ့ နယ်နှင်ခံရတဲ့ဘဝ
ဒီတစ်ခါတည်းသာရှိပါစေ။



www.burmeseclassic.com

# နေခ

# သံစဉ်မဲ့တေးသွား

စိန်မိုးယံစာပေ

အမှတ်(၃၀)၊ လမ်း-၉၀၊ ၆ ထွာ၊
ာင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

သံစဉ်မဲ့တေးသွား
တာမူခွင့်ပြုချက်အမှတ် ၅၀၀၇၅၁၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၉၅၀၈၀၇

စီစဉ်သူ
ကိုဖြိုး

ပထမအကြိမ်
၂၀၀၈–ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ – ၁၀၀၀၊ တန်ဖိုး – ၁၀၀၀

ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ ၁၂–ရပ်ကွက်၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့

အဖုံးအတွင်း
ဦးဇော်မင်းအေး
ဇော်ပုံနှိပ်တိုက် (၀၇၁၂၅)
အမှတ်(၃၆၅)၊ အင်ကြင်းမြိုင်လမ်း၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး
စိန်မိုးယံစာပေ
အမှတ်(၃၀)၊ လမ်း–၉၀၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

## အခန်း (၁)

" ဒီရဲ "

" ဘာလဲကွာ "

" ဒီမှာလာကြည့်စမ်း "

" မကြည့်ချင်ဘူး "

" တော်တော်လှတဲ့ ကောင်မလေးအုပ်စုကွ "

" စိတ်မဝင်စားဘူး "

မင်းစိုးတစ်ယောက် ဒီရဲ အိပ်ခန်းပြတင်းပေါက်ကတဆင့် အောက်ကို ကြည့်ပြီး မိန်းကလေးအုပ်စုနဲ့ ဒီရဲကို မြူဆွယ်နေပေမယ့် ဒီရဲက အိပ်ယာထဲတလုံးဝမထတဲ့ မျက်လုံးကို စုံမှိတ်ထားတယ်။

" မင်းဘာဖြစ်နေတာလဲ "

" တွေးနေတာ "

မင်းစိုး ဒီရဲကိုကြည့်ပြီး တအံ့တသြဖြစ်သွားသည်။ တကယ်ပြောတာပါ။ အမြဲတမ်းပျော်ရွှင်မှုကို ကြွဝန်ရှာဖွေတတ်ပြီး ဘယ်အရာကိုမှ ဦးနှောက်အလေးခံပြီး မစဉ်းစားတဲ့ ဒီရဲလိုလူမျိုးမှာ တွေးစရာဆိုတဲ့အရာ ရှိခဲ့ပုံးလို့လား။

" မနောက်နဲ့ ဒီရဲ "

" တကယ်ပြောတာ၊ ဦးလေးက ဖို့ကို မိန်းမပေးစားမယ် ဆိုလို့ တွေးနေတာ "

မင်းစိုးက ဒီရဲနားကို လျှောက်လာပြီး ကုတင်ပေါ်ထိုင်ချလိုက်တယ်၊ ဒါဟာ ဒီရဲနဲ့ပတ်သက်ပြီး ပထမဆုံး ထူးဆန်းတဲ့အကြောင်း အရာတစ်ခုပါ။

" ဘယ်ကမိန်းမလဲ "

www.burmeseclassic.com

www.burmeseclassic.com



" အိမ်ကလို့ ပြောတယ် "

ဒီရဲ ဖက်ခေါင်းအုံးကို ရင်ခွင်ထဲထည့်ပြီး ပြန်ပြောတယ်။

" ဟာ "

" မဟုတ်ဘူးလေကွာ၊ ဘယ်နေရာမှာနေတဲ့ မိန်းမလည်းလို့ မေးတာ "

" မသိချင်ပါနဲ့၊ အရာအားလုံးက ကံကြမ္မာရဲ့ ရက်စက်မှုကြောင့် ဖြစ်လာရတယ်လို့ပဲ သဘောထားလိုက် "

မင်းစိုးရင်ထဲမှာ မရိုးမရွ ခံစားလာရတယ်၊ ဒီရဲက တစ်ခါတစ်လေ အရပ်းကို လျှို့ဝှက်တာ၊ ပြီးတော့ ဒီရဲလုပ်လိုက်တိုင်း တော်ရုံလူတွေ မျက်လုံးပြူးသွားကြတယ်၊ ယခုလည်း ဒီရဲ လျှို့ဝှက်ထားတဲ့ မိန်းကလေးအကြောင်းကို အရမ်းသိချင်နေသည်၊

" ပြောပါကွာ၊ ကောင်မလေးက လှလား "

မင်းစိုးကမေးပြီး တဆက်ထဲ ပြောလိုက်တယ်။

" အင်း ပြောသာပြောရတယ်၊ ဦးလေးပေးစားမဲ့ မိန်းမဆိုရင် ဘာမှအပြစ်ပြောစရာရှိမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဦးလေးထွန်းကိုယ်တိုင် အလှအပကြိုက်တယ်လေ၊ မင်းအရမ်း ကံကောင်းတယ် ဒီရဲ "

" မင်းစိုး "

ဒီရဲ တအားကြုံးအော်၏၊ ရုတ်တရက်ဆိုတော့ မင်းစိုးလန့်သွားပြီး ဒီရဲ မျက်နှာကိုကြည့်မိတော့ တင်းမာနေတယ်၊ လောကရှိ အမုန်းဒေါသတွေ အကုန်လုံး ဒီရဲမျက်နှာမှာ စုပြုံနေသည်ဟုထင်ရ၏၊ ဒီရဲဒေါသထွက်တာ ဒီတစ်ခါပဲ တွေ့ဖူးတယ်

" မင်းဘာဖြစ်သွားတာလဲ "

" ဘာမှ ဆက်မပေးနဲ့ကွာ၊ ဒီအခန်းယဲက ချက်ချင်းထွက်သွား တော့ "

မင်းစိုး ဘယ်လိုနားလည်ရမှန်းမသိအောင် ဖြစ်သွားတယ်၊ သူပြောတဲ့ စကားတွေထဲမှာ ဘာများအမှားပါသွားသလဲ၊ သေချာပြန်စဉ်းစားကြည့်တော့ ဒီရဲ စိတ်ဆိုးလောက်တဲ့အထိ သူ့စကားတွေမှာ အမှားမပါခဲ့၊ ဒါဆို ဒီရဲနဲ့သူ့ကြားမှာ တစ်ခုခုလွဲချော်နေပြီ၊ ခင်မင်တဲ့ သူငယ်ချင်းတွေကြားထဲကို မမြင်ရတဲ့ အမှောင် ပယောဂက ဝင်ရောက် ပူးကပ်နေသလား၊



" သွားတော့လို့ ပြောနေတယ်နော် "

" မဟုတ်ဘူးလေ "

" ဟုတ်တယ် မင်းသွားတော့ "

မင်းစိုး အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ပြီး . . .

" ဒီရဲ စိတ်ကိုထိန်းပါကွာ၊ ကံဇာတာ နိမ့်တဲ့အချိန်မှာ အမှောင် ပယောဂဆိုတာ ဝင်လာတတ်ပါတယ်၊ ဒါပေမယ့် ဘာမှမစိုးရိမ်နဲ့၊ ငါတို့ခေါင်းရင်းအိမ်ကဆရာက အရမ်းတော်တာ၊ ကြိုက်တဲ့ ပယောဂ လာခဲ့၊ လက်သုံးလုံးလောက်ရှိတဲ့ကြိမ်လုံးနဲ့ လေးငါးချက် လောက် ရိုက်လိုက်ရင် 'အမလေးဗျ' လို့အော်ပြီး ပြေးတော့တာပဲ "

ဒီရဲမျက်လုံးဖွင့်ကာ ကြည့်ပြီး . . .

" မင်းပြောချင်တာတွေ ပြောပြီးရင် အမြန်ဆုံးသွားတော့ကွာ "

" အေးပါကွာ၊ ဆရာကိုခေါ်ပြီး ပြန်လာခဲ့မယ် "

မင်းစိုး မတ်တတ်ရပ်လိုက်ချိန်တွင် ဒီရဲက လက်ကိုလှမ်းဆွဲ ထားလိုက်တယ်။

" ဘာလုပ်မလို့လဲ ဒီရဲ "

မင်းစိုး တဖြည်းဖြည်း ကြောက်လာတယ်။ ခုပဲသွားခိုင်း ခုပဲထိုင်ခိုင်းနဲ့ ဒီရဲရဲ့ မမှန်တဲ့စိတ်ဓါတ်က သူ့ကို ခြောက်ခြားစေတယ်၊ သူထင်သလို ဒီရဲကသာ ပယောဂ ဝင်ပူးနေပါက ယနေ့အဖို့ သူ့ဘဝကြီးတာ ရေတိမ်နစ်တော့မည်။

" ဒီရဲ စိတ်ကိုထိန်းပါကွာ၊ ဒီလိုဖြစ်သွားတဲ့အတွက် ငါအရမ်း ဝမ်းနည်းတယ်၊ ငါဆရာသွားခေါ်ပြီး မင်းမှာရှိတဲ့ ပယောဂကို ရအောင် မောင်းထုတ်မယ် "

မင်းစိုး စိတ်ထဲရှိတာ ပြောနေသည်။

ဒါကို ဒီရဲ နားထောင်ပြီး အသည်းယားလာတယ်။

" မင်းစိုး "

" ပြောပါ သူငယ်ချင်း "

" မင်းစိတ်ထဲမှာ ငါ့ကို ပယောဂ စွဲကပ်နေတယ်လို့ ထင်လား "

မင်းစိုး ငြိမ်သက်သွားတယ်၊ သူ့ဖြေလိုက်လို့ လွဲသွားရင် " ဘုရား ဘုရား " ဘာကိုမှ ဆက်မတွေးရဲပေ၊ ပယောဂဆိုတဲ့ နာနာဘ ဝကောင်တော့ အင်မတန်ကြောက်စရာကောင်းမှန်း ငယ်ငယ်က မေမေပြောထား၍ သိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

" ပြောလေ "

ဒီရဲက ငူတူတူဖြစ်နေတဲ့ မင်းစိုးကို ထပ်သတိပေးလိုက်တယ်။

" ဟဲ ဟဲ ငါပြန်တော့မယ်နော် "

မင်းစိုး မျက်နှာငယ်လေးနဲ့ရယ်ပြပြီး လက်ကိုမသိမသာ ရှုံးလိုက်တယ်၊ ဒါပေမယ့် အင်အားချင်းက ဘယ်လိုမှမမျှဘူး။ ဒီရဲဆိုတာ ဗလကောင်းကောင်း၊ တောင့်တောင့်တင်းတင်းနဲ့ ယောက်ျားတစ်ယောက် ပီသစွာ ချောမောတဲ့သူ၊ မင်းစိုးကြတော့ ဒီရဲနဲ့ လုံးဝဆန့်ကျင်ဘက်ပဲ၊ ပိန်ပိန်ရှည်ရှည်နဲ့ လမ်းသွားရင် နွဲ့တတ်သည်။

" တို "

" ခုနက မင်းပြောတယ်လေ "

" ပေါတောတောမလုပ်နဲ့ မင်းစိုး၊ ငါမေးတာ ဖြေပါ "

" ဒီရဲ မင်းနဲ့ငါ သူငယ်ချင်းတွေနော်၊ နောက်ပြီး စောစောက မင်းနဲ့ ဒီအသန်းထဲက [illegible]ထွက်သွားတဲ့ ပြီးတော့ မေမေကလည်း အပြင်ထွက်ရင် အကြာကြီးမနေနဲ့လို့ မှာလိုက်တယ် "

မင်းစိုး ကြံဖန်ပြီး အလွတ်ရုန်းဖို့ ကြိုးစားနေတယ်။

ဒီရဲ စဉ်းစား၏၊ မင်းစိုးကို သေချာရှင်းပြမှ ဖြစ်တော့မည်၊ စိတ်ထဲရှိတဲ့အတိုင်းပြောပါစေဆိုပြီး လွှတ်ပေးလိုက်ပါက တစ်ရပ်ကွက်လုံး လျှောက်ပြောလို့ ဘာမှမဟုတ်တဲ့ မိန်းမတစ်ယောက်ကြောင့် ပယောဂဝင်နေတယ်ဆိုပြီး နာမည်ကြီးသွားလိမ့်မယ်၊ ဒီရဲဘဝမှာ အရှုံးအဖြစ်မခံနိုင်ဘူး။ ကိုယ့်ကြောင့် သူတစ်ပါး စိတ်အနှောက်အယှက်ဖြစ်တာပဲ လိုချင်တယ်၊ ဘယ်သူ့ကြောင့်မှ ဒီရဲဆိုတဲ့ကောင်ဟာ စိတ်ညစ်တယ်ဆိုတာ မရှိစေချင်ဘူး၊ ဒါပေမယ့် ခုတော့ မမြင်ဘူး၊ မတွေ့ဘူးတဲ့ မိန်းမတစ်ယောက်ကြောင့် သူ့စိတ်တွေ ချိနဲ့သွားတာတော့ ဝန်ခံမိသည်။

" ခုအချိန်မှာ လောကထဲက ကံအဆိုးဆုံး လူတစ်ယောက်ဟာ ငါပဲဆိုရင် မင်းလက်ခံလား "

မင်းစိုး ငြိမ်သက်သွားတယ်။ ဒီရဲ မင်းစိုးကို တစ်ချက်ကြည့်ပြီး

" လောကကြီးဟာ အရမ်းကို ရယ်ဖို့ကောင်းတယ်၊ ကံကြမ္မာဆိုတာကြီးက လူတွေရဲ့ဘဝကို ပြောင်းပြန်လှန်ပစ်ဖို့ ဘာဖြစ်လို့ ကြိုးစားနေတာလဲမသိဘူး "



" ပြောစမ်း မင်းစိုး "

" အချစ်ဆိုတာ ဘာမှန်းမသိတဲ့ လူတစ်ယောက်၊ အချစ်ကို တစ်ခါမှ မခံစားဖူးတဲ့ ငါ့ကို မိန်းမပေးစားမယ်တဲ့ "

မင်းစိုး သက်ပြင်းချမိတယ်။

" ဦးလေးထွန်းက မင်းဘဝကောင်းစားဖို့ စီစဉ်တာဖြစ်မှာပေါ့ကွာ "

" အဲဒါကို ငါမလိုချင်တာ၊ ငါဟာ လွတ်လပ်မှုကို မြတ်နိုးတယ်၊ ဘဝကို အတွယ်အတာမဲ့စွာနဲ့ ပျော်သန်းချင်တယ်၊ အိမ်ထောင်ဆိုတဲ့ ချုပ်နှောင်မှုအောက်မှာ ငါ့ဘဝကြီးကို မရှင်သန်ချင်ဘူး "

ဒါဟာ ဒီရဲရင်ထဲကလာတဲ့ မှန်ကန်သောစကားတွေမှန်း မင်းစိုး သိနေတယ်၊ ငယ်ငယ်လေးထဲက ညီအစ်ကိုလို ပေါင်းသင်းလာခဲ့တဲ့ သူငယ်ချင်းတွေလေ၊ ဒီရဲရဲ့ စိတ်ဓါတ်ကို သူကောင်းကောင်းသိတာပေါ့၊ စိတ်ညစ်တယ်ဆိုတာ မရှိခဲ့သော နှောင်ဖွဲ့မှုကိုမခံလိုသော ဒီရဲတစ်ယောက် ခုတော့ မိန်းမတစ်ယောက်ကြောင့် စိတ်ဒုက္ခရောက်နေပြီ။

ဒီရဲက ပွင့်နေတဲ့ ပြတင်းပေါက်ကတဆင့် မိုးကောင်းကင်ကြီးကို လှမ်းကြည့်ပြီး ခံစားချက်တွေကို ရင်ဖွင့်နေသည်။

" မိန်းမတစ်ယောက်ကို ယူတယ်ဆိုတာ ပြောတော့သာလွယ်တာ၊ လက်တွေ့မှာ ခက်ခဲတယ်၊ ပြီးတော့ ချစ်လို့ပဲ ယူယူ၊ မချစ်လို့ပဲ ယူယူ၊ မိန်းမယူပြီးရင် တစ်ဘဝလုံး ကိုယ်ကပဲ လုပ်ကျွေးရမှာ၊ သူတို့ရဲ့ ကောင်းမွေ၊ ဆိုးမွေကိုလည်း ကိုယ်ပဲခံရမှာ၊ အဲ့ကြောင့် ငါ့ဘဝမှာ မိန်းမတစ်ယောက်ကို ချစ်မိရင် တစ်ဘဝလုံး ပိုင်ဆိုင်ဖို့ထက် တစ်ဘဝလုံး ချစ်နေခွင့်ကိုပဲ လိုချင်တယ် "

မင်းစိုးက တတ်နိုင်သမျှ အကြံပေးလေသည်။

" ဦးလေးထွန်းကို ပွင့်ပွင့်လင်းလင်းပြောပြီး ဆွေးနွေးကြည့်ပါလား "

" ခုအချိန်မှာ ဦးလေးထွန်းက သူ့ရဲ့အတ္တ၊ ဖြစ်ချင်တဲ့ဆန္ဒတွေကလွဲပြီး ဘာကိုမှလက်ခံမှာ မဟုတ်ဘူး၊ ရှင်းရှင်းပြောမယ်ကွာ၊ အခု ငါနဲ့ ပေးစားမယ်ဆိုတဲ့ မိန်းကလေးဆိုတာ ဦးလေးထွန်း ရည်းစားဟောင်းရဲ့ တူမပဲ "

ဒီရဲ စကားတွေကိုနားထောင်ပြီး မင်းစိုးရင်ထဲ ကျဉ်းကြပ်လာသလို

www.burmeseclassic.com

www.burmeseclassic.com

ခံစားရသည်။ ဘာကြောင့် ဒီရဲ့တွေးနေတယ်ဆိုတာ သဘောပေါက်မိအုံး

" အဝေးကြီးကွာ၊ နာမည်တောင်မသိဘူး၊ ဂီတ်မဝင်စားလဲ ပါတာပေါ့ "

" ပိုက်ဆံချမ်းသာကယ်လို့တော့ ပြောသံကြားဖူးတယ် "

" ဟင်း "

မင်းစိုး သက်ပြင်းချလိုက်မိပြန်တယ်။

" မိန်းမတစ်ယောက်ကို ပိုက်ဆံချမ်းသာတာ တစ်ခုထဲနဲ့ အချစ် မပါတဲ့ ဘဝတစ်ခုကို အတင်းအကျပ် ထူထောင်ခိုင်းတာတော့ ဦးလေးထွန်း လွန်ပါတယ်ကွာ "

" အဲ့ကြောင့် ငါပြောတာ မင်းစိုး "

" ဦးလေးထွန်းက လူငယ်တွေရဲ့ ခံစားချက်ကို နားလည် မပေးဘူး၊ သူကိုယ်တိုင် ငယ်ငယ်က ဆင်းရဲလို့ ချစ်ဦးသူကို စွန့်လွှတ်ခဲ့ရတယ်ဆိုတဲ့ ခံယူချက်နဲ့ အရာအားလုံးကို ပိုက်ဆံ မျက်နှာနဲ့နှိုင်းယှဉ်ခဲ့တယ်၊ ပိုက်ဆံသာလျှင် ဘဝနဲ့နှလုံးသားကို သာယာအောင် ဖန်တီးပေးနိုင်တယ်လို့ ထင်ခဲ့တယ်၊ ဒါပေမယ့် သူကိုယ်တိုင် ပိုက်ဆံရှိတဲ့ လူတစ်ယောက်ဖြစ်လာပေမယ့် ငယ်ငယ်ထဲက ခံစားလာရတဲ့ အချစ်ရဲ့ဒါးသိုးခြင်းကို ပိုက်ဆံနဲ့ မကုစားနိုင်ဘူး "

" မင်းတစ်နေရာကို ခဏထွက်သွားပါလား "

" သွားချင်တာပေါ့ကွာ၊ ဒါပေမယ့် ငယ်ငယ်လေးထဲက သားအရင်း တစ်ယောက်လို ယုယပိုက်ထွေးပြီး ကျွေးမွေးလာတဲ့ ဦးလေးထွန်း မေတ္တာကို စော်ကားသလို ဖြစ်မှာလည်း စိုးရိမ်မိတယ် "

မင်းစိုး စိတ်ရှုပ်သလို ဆံပင်ကို လက်နဲ့ထိုးဖွပြီး . . .

" လူတွေဟာ တော်တော်ခက်တယ်၊ အတိတ်က ခံစားချက်တွေကို ပစ္စုပ္ပန်ကိုသယ်လာပြီး အနာဂါတ်မှာ သူတို့ဖြစ်ချင်တာဖြစ်အောင် လုပ်ကြတယ်၊ အဲဒီထဲမှာ ဦးလေးထွန်းက အဓိကပဲကွာ၊ မင်းကတော့ ကြားထဲက မြေဇာပင်ပေါ့ကွာ "

မင်းစိုးလို ပေါကြောင်ကြောင်လူမျိုးတောင် သူ့ကိုဒီလို ဝေဝန်နေရင် သူ့ဘဝဟာ တော်တော်ကြီးကို ကံဆိုးနေပြီ။





ဒီရဲ့ ဘာကိုမှ ဆက်မစဉ်းစားချင်တော့ဘူး၊ ဖြစ်ချင်တာဖြစ်စေမ ဘာမှဂရုမစိုက်ဘူးဟု စိတ်ထဲက အော်တစ်ယုံကလွဲပြီး ဘာများတတ်နိုင်မှာလဲ၊ မင်းစိုးက ဒီရဲ့ကိုကြည့်ပြီး အလိုက်တသိနဲ့ အခန်းထဲက ထွက်သွားသည်။ ဒီရဲ့လည်း မင်းစိုးထွက်သွားမှ ကားဆီထုတ်ရန် သတိရလိုက်တယ်။

အဲ့ကြောင့် ကားသော့ကို ယူပြီး ဆင်းလာခဲ့သည်။

ကားတန်းကြီးက တော်တော်ရှည်သည်။

ဒီနေ့ဆီထုတ်ရက်ဖြစ်၍သာ ဆီလာထုတ်ပေမဲ့ ကားတန်းကြီးကို ကြည့်ပြီး ဒီရဲ့ ရင်မောသွားတယ်၊ ဘာပဲဖြစ်ဖြစ်စောင့်ပြီး ထုတ်ရမယ်၊ ဒီရဲ့ နောက်ဆုံးက ဝင်ရပ်လိုက်ချိန်တွင် ရှေ့က ကားသမားတွေဆီက စကားသံ မြှန်လွှင့်လာသည်။

" ပန့်ပျက်နေလို့တဲ့ "

ဒီရဲ့ 'ကျွတ်' တစ်ချက်သပ်လိုက်ချိန်မှာ နောက်မှ ကားတွေ တန်းစီပြီး ရောက်လာတယ်။

" ဒီမှာ ဒီမှာ "

အသံကြောင့် ဒီရဲ့ လှည့်ကြည့်လိုက်တော့ ကောင်မလေးတစ် ယောက်ကို တွေ့လိုက်မိအုံး

" ဘာကိစ္စလဲ "

" ကျွန်မ ကားထွက်မလို့၊ ရှင့်ကားကို နောက်ဆုတ်ပေးစမ်းပါ "

ဒီရဲ့ မထိတထိ ပြုံးလိုက်ပြီး . . .

" နောက်က ကားသမားတွေကို သွားပြောလိုက်ပါ၊ သူတို့ ဆုတ်ပေးရင် ငါဆုတ်ပေးပါ့မယ် "

မထင်မှတ်ဘဲ ယောကျ်ားတစ်ယောက်ရဲ့ မထိတထိအပြုံးနဲ့ ပြောတဲ့စကားကြောင့် ဗူးပွင့်စိတ်တိုသွားတယ်။


www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက် ပေကပ်ကပ်နိုင်တဲ့လူလဲ၊ နောက်ကို နှစ်တောင်လောက် ဆုတ်လို့ရမှန်းသိပေမယ့် သူမကို နောက်က ကားသမားဆီကို သွားပြောခိုင်းတယ်။

" ရှင့်ကား မဟုတ်ဘူးလား "

ဒီရဲ့ သဘောကျသွားတယ်၊

သူမဟာ လှပချောမောသလောက် မျက်နှာပေါ်မှာ ထင်ဟပ်နေတဲ့ မာန်မာနရိပ်တွေက သူမရဲ့အလှကိုပိုပြီး တောက်ပြောင်စေတယ်။ ဒါပေမယ့် ဒီရဲ့ဆိုတာ လှပတဲ့မိန်းမတိုင်းရဲ့ အလိုဆန္ဒကို လိုက်လျောပေးတတ်တဲ့ သိမ်ညှိညှိယောကျ်ားမျိုးမှ မဟုတ်တာ။

" ပေးနေတယ်လေ "

" ငါပြောတာ မင်းကြားတယ်ဆိုရင် မင်းထပ်မေးစရာ မလိုတော့ဘူး ထင်တယ် "

ဒီရဲ့ ပြောပြီး F M ကိုဖွင့်လိုက်တယ်၊ ပုံစံက သူမကိုအရေးမလုပ်ဘူး ဆိုတဲ့သဘောပါ။

ဝူးပွင့် ဒေါသထွက်လွန်းသဖြင့် အသားတွေ တဆက်ဆက်တုန် သာတယ်။ ယောကျ်ားတစ်ယောက်ရဲ့ မလေးမခန့်ဆက်ဆံခြင်းကို ပထမဆုံး အကြိမ်ခံစားလိုက်ရတာပါ၊ သူမဟာ အလွန်လှပပြီး ဆွဲဆောင်မှုရှိတဲ့ မိန်းမ တစ်ယောက်ဆိုတာကို တွေ့တဲ့လူတိုင်း အသိအမှတ်ပြုကြတယ်၊ နေရာတိုင်းမှာလည်း သူမရဲ့အလှအပတွေကြောင့် ဖြစ်ချင်တဲ့ ဆန္ဒတွေအားလုံး လွယ်ကူချောမွေ့စွာ ပြည့်ဝ်သာခဲ့တယ်။ ခုတော့ . . .

" ရှင် တော်တော်လူပါးဝတယ် "

ဒီရဲ့ အသံကို ချဲ့လိုက်တယ်။

" လူဖြစ်ပြီး လူစိတ်မရှိတဲ့လူ "

ဒီရဲ့ အသံကို ဂိတ်ဆုံးအထိချဲ့လိုက်ပြီး မျက်လုံးကို စုံမှိတ် ထားလိုက်တယ်၊ ခုအချိန်မှာ ပတ်ဝန်းကျင်က ဘာပဲပြောပြော ဒီရဲ့ကြားတော့မှာ မဟုတ်ပေ။

" ဟင်း တောက် "

ဖူးပွင့်ဒေါသက အထွဋ်အထိပ်ကို ရောက်သွား၏။

သူမကို လူတစ်ယောက်လို့ သတ်မှတ်ပြီး ပြေပြေလည်လည် မဆက်ဆံချင်တဲ့ ယောကျ်ားရှိလိမ့်မယ်လို့ တစ်ခါမှ မတွေးမိခဲ့၊ ဒီနေ့ကျမှ





သူမနားမှာနေခွင့်ရရင် ဘာမဆိုလုပ်ရဲပါတယ်ဆိုတဲ့ ယောကျ်ားတွေအများကြီးထဲက တစ်စုံတစ်ယောက်ကို ခေါ်မလာမိတာ မှားသွားသည်။

သူမ နာနာကြည်းကြည်းနဲ့ ဒီရဲ့မျက်နှာကို ကြည့်မိတယ်။

ဒီရဲ့ကတော့ ဘာကိုမှ ဂရုမစိုက်တဲ့ပုံစံဖြင့် သီချင်းကို ပါးစပ်က လိုက်ဆိုနေသည်။

ဒါပဲလေ၊ ဒီရဲ့နဲ့တွေ့တိုင်း တစ်ခုခုတော့ ဖြစ်သွားရမယ်၊ ဒါမှ ဒီရဲ့ဆိုတဲ့နာမည်တာ ရာဇဝင်မှာ ကျန်ခဲ့ရမှာပေါ့ ။

ဝူးပွင့်ကတော့ အမျက်ဒေါသတွေနဲ့ ကားဆီပြန်သွားပြီး တံခါးကို ဆောင့်ပိတ်လိုက်သည်။

ခဏကြာတော့

ပန်းပြင်လို့ပြီးသွားသဖြင့် ကားတန်းက တစ်ရွေ့ရွေ့နဲ့ ဆီဆိုင်ကို ဦးတည်သွားနေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ခုတော့လည်း ဒီရဲစိတ်တွေ ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီ၊ မိန်းမ မရခင် လူပျိုဘဝနဲ့နေရတဲ့အချိန်ကာလတိုလေးအတွင်းမှာ ပျော်ပျော်ပါးပါး နေပြီး လူတစ်ဖက်သားတို့ စိတ်ကသိကအောက်ဖြစ်အောင် လျှောက်လုပ်နေမိတယ်။

မင်းစိုးက လက်ဖက်ရည်ကို တစ်ငုံသောက်ပြီး လမ်း ဟိုဖက်ကို ငေးကြည့်ကာ . . .

" နှစ်ဆယ့်တစ်ရာစုရဲ့ သမီးပျိုးလေးတွေက တစ်နေ့တခြား လှလာတယ်ကွာ "

" အပုပ်ကောင်တွေပါကွာ "

" ဒါပေမယ့် ချစ်ဖို့ကောင်းတယ် ဒီရဲ "

" မင်း သူတို့အရှေ့ပြားကို ချကြည့်စမ်း၊ သွေးတွေ တစ်စက်စက် စီးလာတာကြည့်ပြီး ဘယ်လိုမှချစ်ချင်မှာ မဟုတ်တော့ဘူး "

" မင်းတော်တော် ဘုကလန့်နိုင်တဲ့ကောင် "

" ဟ "

" ဒါက အမှန်တရားပြောတာ၊ တကျာရမ္မက် ပြင်းထန်တဲ့လူတွေ လက်မခံတာတော့ မတတ်နိုင်ဘူး "

ဒီရဲစကားပြောရင် ဒီလိုပဲ၊ မင်းစိုးကတော့ ဒီရဲအကြောင်းကို သိနေတော့ မထူးဆန်းတော့ဘူး။

" အချစ်ဆိုတာ ဘယ်လိုမြင်လဲ ဒီရဲ "

ဒီရဲ ပြုံးလိုက်တယ်၊ မင်းစိုးမေးတဲ့ မေးခွန်းပေါ်မှာ သူဖြေလိုက်လို့ အမှားပါရင် ပြန်ပြီး နိပ်ကွပ်မှာကို သိနေတယ်လေ။





" ပိရိသေသပ်တဲ့ မာယာတွေနဲ့ ဖွဲ့စည်းထားတာကို အချစ်လို့ ခေါ်တယ်၊ ပြီးတော့ အချစ်ဆိုတဲ့အရာမှာ အပြစ်ဆိုတာ မရှိဘူးကွ၊ အပြစ်ရှိခဲ့ရင်လည်း အချစ်တွေကြောင့် အလိုလိုပျက်သုန်းသွားကြတယ် "

" မင်းစကား နှစ်မျိုးဖြစ်နေတယ် "

" ဇာရှင်းပြမယ်လေ "

" ပိရိသေသပ်တဲ့ မာယာဆိုတာ ချစ်သူတွေထဲမှာ တစ်ယောက်က လိမ်လိုက်၊ တစ်ယောက်က ညာလိုက်နဲ့ ဆက်ဆံတဲ့အချစ်ကိုပြောတာ၊ အဲဒီလို အလိမ်အညာတွေနဲ့မဆက်ဆံရင်လည်း ချစ်သူသက်တမ်းတော ရေရှည်မှာ မဟုတ်ဘူး "

" အချစ်မှာ အပြစ်မရှိဘူးဆိုတာ အချစ်ကိုတကယ် ခံစားမိလို့ ချစ်တတ်သွားရင် အပြစ်တွေက အချစ်တွေပဲလို့ မြင်တတ်ကြတယ် "

ဒီကောင်မဆိုးဘူးတု မင်းစိုးစိတ်ထဲက ချီးကျူးမိတယ်၊

" ဒီရဲ "

" ပြောလေ "

" မင်းအချစ်ကို ခံစားဘူးလား "

" သတ္တဝါမှန်ရင် ချစ်ခြင်းမေတ္တာကို ခံစားတတ်ကြတယ်၊ ငါလည်း ခံစားဖူးတာပေါ့၊ ဒါပေမယ့် ငါ့ခံစားမှုက ရိုးရိုးလေးပါ "

မင်းစိုး ငေးငိုင်သွားတယ်။ ဒီရဲက လူတစ်မျိုး၊ တစ်ခါတစ်လေ သူပြောတဲ့ အကြောင်းအရာတွေက လူတွေလက်မခံနိုင်ပေမယ့် အမှန်တရားတွေ ဖြစ်နေတတ်တယ်။

" သွားကြမယ် မင်းစိုး "

ဒီရဲ လက်ဖက်ရည်ဖိုးရှင်းပြီး ထွက်လာခဲ့တယ်၊ ဒီရဲ တိုက်ခန်း ပြန်ရောက်တော့ ဦးလေးထွန်းက ညှော်ခန်းမှာ ရှိနေတယ်၊

ဒီရက်ပိုင်းမှာ ဒီရဲတစ်ယောက် ဦးလေးနဲ့ မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေတယ်၊ ဒါပေမယ့် ဒီနေ့တော့ ညှော်ခန်းမှာ တည့်တည့်တိုးနေသဖြင့် အခန်းထဲတန်းမဝင်ဘဲ ဦးလေးရှေ့မှာ ထိုင်လိုက်တယ်၊

" မင်းအခုရက်ပိုင်း ဘာတွေအလုပ်ရှုပ်နေတာလဲ "

ဦးလေးက ဖတ်နေတဲ့စာစောင်ကို စားပွဲပေါ်တင်ပြီး မေးလိုက်သည်။

" စီးပွားရေးလုပ်မလားဆိုတဲ့ စိတ်ကူးနဲ့ အပြင်ထွက်ပြီး လေ့လာ နေတာပါ "



www.burmeseclassic.com

www.burmeseclassic.com

" တုတ်လို့လားကွ "

" ဦးလေး မယုံလဲ မတတ်နိုင်ဘူး "

" ယုံတာတော့ ဘယ်လိုမှ ယုံချင်စရာမရှိဘူး "

ဦးလေးက ခပ်ပြတ်ပြတ်ပြောသည်။ ဒီရဲ ပခုံးတစ်ချက်တွန့်ပြီး . . .

" ကျွန်တော့်ကို မိန်းမပေးစားတော့မယ်လို့ ဦးလေးပြောထဲက အလုပ်တစ်ခုလုပ်မှ ဖြစ်တော့မယ်ဆိုတာ နားလည်မိတယ်၊ ဒီကြောင့် မင်္ဂလာမဆောင်ခင် ကျွန်တော် အလုပ်တစ်ခုရှိမှဖြစ်မှာ "

" မင်းဘာလုပ်ချင်တာလဲ "

" ကားအရောင်းအဝယ်လုပ်ချင်တယ် "

အမှန်ဆိုရင် ဒီရဲပါးစပ်ထဲရှိတာ ပြောနေတာပါ၊ ယနေ့အချိန်ထိ အလုပ်လုပ်ဖို့စိတ်ကူး ဒီရဲမှာ မရှိဘူး၊ မိန်းမပေးစားမယ့်ဦးလေးကို အရှုံးပိုက်ချင်တာလည်း ပါတယ်။

" ဒီဆို ငါ့မိတ်ဆွေဆီ မင်းသွားပြီး အရောင်းအဝယ်ကိုလေ့လာပေါ့ "

" ဒေါ်ကြီး မင်းကို တစ်ခါတည်းပြောလိုက်မယ် "

" ဘာစီးပွားရေးပဲလုပ်လုပ် အရှုံးဆိုတဲ့စကားလုံးကြီးကိုတော့ ငါ့ဆီသယ်မလာနဲ့၊ ငါကိုယ်တိုင် ယနေ့အချိန်ထိ အရှုံးမရှိတဲ့ စီးပွားရေးသမားအဖြစ် ရပ်တည်ထားတယ်၊ မင်းလည်း ငါ့လို ဖြစ်အောင် ကြိုးစားပါ"

ဦးလေးထွန်းက ဖြစ်ချင်တာတွေပြောပြီး စာစောင်ကို ကောက်ကိုင်လိုက်သည်။ ဒါတာ မင်းသွားလို့ရပြီဆိုတဲ့ သဘောလေး၊ ဦးလေးအကျင့်က အဲဒီအတိုင်းပဲ၊ သူဖြစ်ချင်တာကိုပြောပြီး တစ်ဖက်သားရဲ့ခံစားချက် ဘယ်သောအခါမှ နားလည်မပေးတတ်ဘူး၊ တကယ်တော့ ဦးလေးထွန်းတာ သဘာဝရဲ့ ဖြစ်ပျက်ခြင်းဆိုတာကို လက်မခံနိုင်တဲ့ အစွန်းရောက်လူ တစ်ယောက် ဖြစ်နေတယ်။ အခုချိန်မှာ ဦးလေးထွန်းနဲ့စကားကို အနည်းဆုံး ပြောပြီး မျက်နှာချင်း မဆိုင်မိအောင်နေတာ အကောင်းဆုံးပဲ၊ ဒါကြောင့် ဦးလေးထွန်းရှေ့က ချက်ချင်းထပြီး အခန်းထဲဝင်လာခဲ့သည်။





ဖူးပွင့်အင်္ဂလိပ်စကားပြော သင်တန်းကဆင်းတော့ သူမ ဘေးနားကို လူတစ်ယောက်ကပ်လာသည်။

" ကိုယ့်အတွက် အဖြေစဉ်းစားပြီးပြီလား "

" ကျွန်မ စိတ်မဝင်စားဘူးလို့ ဘယ်နှစ်ခါပြောရမလဲ နန္ဒ "

ဖူးပွင့်ပြောပြီး ကားဆီကို အမြန်လျှောက်လာသည်။ နန္ဒက ဖူးပွင့်နဲ့ ကပ်ပါလာပြီး . . .

" ကိုယ့်ကို ဒီလိုပြီးစလွယ်မပြောနဲ့လေ ၊ ကိုယ့်မှာ ဖူးပွင့် လက်မခံနိုင်လောက်အောင် ဘာတွေချို့ယွင်းနေလဲ "

ဖူးပွင့်ခြေလှမ်းကိုရပ်ပြီး နန္ဒကို စူးစူးရဲရဲ ကြည့်ပစ်လိုက်တယ်။ အရမ်းကို စိတ်ရှုပ်ဖို့ကောင်းတာ၊ မိန်းကလေးတစ်ယောက်က မချစ်ပါဘူးလို့ အကြိမ်ပေါင်းများစွာ ပြောနေတဲ့ကြားထဲက တောက်တဲ့ တစ်ကောင်လို တွယ်ကပ်နေတဲ့ နန္ဒလိုလူမျိုးတွေ ကမ္ဘာပေါ်မှာ ဘယ်လောက်များရှိနေမလဲ။

" ကိုယ်ဖူးပွင့်ကို တကယ်ချစ်တာပါ "

" ရှင်ဘယ်လိုလုလဲ "

" ကိုယ့်အချစ်တွေကို ဖူးပွင့်ယုံအောင် ဘယ်လိုသက်သေပြရမလဲဟင် "

" ရှင်ကျွန်မအနားက ထွက်သွားပါ "

" ဖူးပွင့် ကိုယ်ပြောတာကို မယုံဘူးလား "

တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ နန္ဒ၊ ခုရက်ပိုင်းမှာ သူမနောက်ကို အရိပ်လိုတောက်လျှောက်လိုက်နေတဲ့ နန္ဒကို ပညာကောင်းကောင်းပေးရန်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်လိုက်တယ်။

“ ကိုယ့်အတွက် ဖူးပွင့်စဉ်းစားနေတာလား ”

ငြိမ်သက်သွားတဲ့ ဖူးပွင့်ကိုကြည့်ပြီး နန္ဒမေးလိုက်သည်။

ဘဝမှာအချစ်ဆိုတာ ဒီကောင်မလေးနဲ့တွေ့မှပဲ လှိုက်လှိုက်လှဲလှဲ ခံစားမိတာပါ၊ နန္ဒအတွက်တော့ ဖူးပွင့်ဘဝမှာ အလိုအပ်ဆုံး အရာတစ်ခု ဖြစ်နေတယ်။ အဲ့ကြောင့်လည်း သူမငြိမ်းနေတဲ့ကြားထဲက လိုချင်တဲ့အဖြေကို ရအောင် ကြိုးစားနေမိတာပေါ့။

“ ရှင် ကျွန်မကို ဘယ်အချိန်ထိ နောက်ယှက်နေမှာလဲ ”

နန္ဒက ဖူးပွင့်မျက်နှာလေးကို မြတ်နိုးစွာနဲ့ကြည့်ပြီး . . .

“ ကိုယ် ဖူးပွင့်အချစ်ကို ရိုးသားစွာနဲ့ တောင်းခံနေတာပါ၊ နှောက်ယှက်သလိုဖြစ်သွားရင် တောင်းပန်ပါတယ်၊ ဒါပေမယ့် ဖူးပွင့်ကို တစ်သက်လုံး ယုယပိုက်ထွေးခွင့်ရဖို့အတွက် ကိုယ်ကြိုးစားနေတာကိုတော့ နားလည်ပေးပါ ”

ဘယ်တော့မှ မမျှော်လင့်နဲ့ နန္ဒ ”

“ ရှင့်ကို ကျွန်မ စကားထပ်ပြောလိုက်မယ်၊ ကျွန်မ ရင်ထဲမှာ ရှင့်အတွက် ရင်ခုန်ဖို့ နှလုံးသားပါမလာဘူး ”

“ အဲဒီ ဖူးပွင့်ရင်ထဲက နှလုံးသားက ”

“ ကျွန်မ အသက်ရှင်ရပ်တည်ဖို့လေ ”

“ နှလုံးမခုန်ရင် ကျွန်မဘဝ ဘယ်လိုလုပ်ပြီး ရှင်သန်မလဲ၊ ရှင့်အတွက် အချိန်တွေ အများကြီးရှိပါတယ်၊ ကျွန်မအစား နောက်တစ်ယောက်ကို ကြိုးစားလိုက်ပါလို့ အကောင်းဆုံး အကြံပေးချင်တယ် ”

“ မင်းကွာ ”

“ တကယ့်ကို အသဲနှလုံးမရှိတဲ့ မိန်းမပဲ၊ ဒါပေမယ့် ကိုယ့်ဘဝမှာ မင်းတစ်ယောက်ထဲကိုပဲ ချစ်တဲ့အတွက် ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမယ် ”

“ စမ်းကြည့်လိုက်လေ ”

“ ကျွန်မအနားမှာ ရှင့်လိုလူမျိုးတစ်ယောက်ကို အချိန်မရွေး လွင့်ထွက်သွားအောင်လုပ်နိုင်တဲ့လူတွေ ရှိတယ်ဆိုတာတော့ မှတ်ထားပါ”





“ ကိုယ်ဘာမှ ဂရုမစိုက်ဘူး ဖူးပွင့်၊ မင်းကို ပိုင်ဆိုင်ခွင့်ရဖို့ အတွက် အရာအားလုံးကို ရင်ဆိုင်ရဲတယ် ”

“ ဟင်း ဟင်း ”

“ ရှင့်စကားက ရယ်ဖို့ကောင်းတယ်၊ တော်ကြာ ကျွန်မကြောင့် နှလုံးသားမှာ အနာတရဖြစ်သွားတာတင် မကဘူး၊ ခန္ဓာကိုယ်လည်း သေရာပါဒဏ်ရာ ထပ်ရသွားလိမ့်မယ် ”

နန္ဒ ကိုယ့်ကိုကိုယ် အပြစ်တင်မိသည်။ ဘာဖြစ်လို့များ သူ့နှလုံးသားဟာ ဒီလောက်ရက်စက်မာကျောတဲ့ မိန်းမတစ်ယောက်ကို အသဲအသန် ချစ်မိသွားတာလဲ၊ အချစ်ဆိုတာ ထူးဆန်းတဲ့အရာတစ်ခုပါ၊ ဦးနှောက်က ဖူးပွင့်ကို မချစ်သင့်မှန်းသိပေမဲ့ နှလုံးသားရဲ့ အလိုဆန္ဒအရ သူမနားကို ရောက်လာခဲ့တယ်။

ပတ်ဝန်းကျင်က လူတစ်ချို့က သူတို့နှစ်ယောက်ကို အကဲခပ်သလို ဝိုင်းကြည့်နေကြသည်။ ဖူးပွင့် ဒီဇာတ်လမ်းကို အမြန်ဆုံးအဆုံးသတ်မှ ဖြစ်မည်ဟု စဉ်းစားလိုက်တယ်၊ သူမတာ သင်တန်းကို နေ့စဉ်လာတက်နေတဲ့လူလေ၊ ဘာမှအရေးမပါတဲ့ လူတစ်ယောက်ကြောင့် သူမဂုဏ်သိက္ခာ ထိခိုက်သွားမှာကို စိုးရိမ်မိတယ်။

“ နန္ဒ ရှင်ဘယ်လိုပဲ ကြိုးစားကြိုးစား ကျွန်မဆီကအချစ်တွေကိုရဖို့ လုံးဝမမျှော်လင့်နဲ့၊ ပွင့်ပွင့်လင်းလင်း ပြောလိုက်မယ်၊ ကျွန်မ ရင်ထဲမှာ ယောကျ်ားတစ်ယောက်ကို ချစ်ခဲ့မိရင်တောင် ရှင်လိုလူမျိုး အတွက် မဖြစ်နိုင်ဘူး၊ ဒါကျွန်မ အယဉ်ကျေးဆုံး ပြောတာပါ၊ ရှင့်ဘက်က ဒီထက်မက လွန်ကဲလာမယ်ဆိုရင် ကျွန်မဆီက ဒီထက် ရိုင်းစိုင်းရင့်သီးတဲ့ စကားလုံးတွေ ရှင်ကြားရလိမ့်မယ် ”

ဖူးပွင့်ပြောပြီး ချာကနဲ လှည့်ထွက်လာခဲ့တယ်။

ကားစထွက်တဲ့အထိ နန္ဒတစ်ယောက် ကျောက်ရုပ်လို ရပ်နေတာ မြင်လိုက်၍ ဖူးပွင့် ခပ်ဖွဖွလေး ရယ်မောမိလေသည်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

နန္ဒစကားတွေကို နားထောင်ပြီး ဒီရဲရယ်မောလိုက်တယ်။

" မင်းကွာ မိန်းမတစ်ယောက်ပြောတဲ့စကားကို ဒီအတိုင်း ခေါင်းငုံ့ခံလာရတယ်လို့ "

" ငါဘာလုပ်ရမလဲ ဒီရဲ "

" နောက်တစ်ယောက်ကို ထပ်လိုက်လေ "

" မင်းရုပ်ရည်နဲ့ဆို တစ်ယောက်မဟုတ်တစ်ယောက် ကြိုက်မှာပါ "

" ငါ ဖူးပွင့်ကိုပဲ ချစ်တာကွ "

" တိုက မင်းကို မချစ်နိုင်ဘူးလို့ အပြတ်ပြောပြီးပြီပဲ၊ မင်း ဘာဆက်လုပ်နိုင်မှာလဲ "

နန္ဒမျက်လုံးတွေ ရီဝေသွားသည်။

" လောကမှာ မိန်းမတွေပေါတယ် နန္ဒ၊ အချစ်ဆိုတာတာ တကယ်တော့ ဘာမှဟုတ်တဲ့အရာ မဟုတ်ဘူး။ တခဏ သာယာမှု အတွက် လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြတာပါ "

" မင်းပြောတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ငါ့ရင်ထဲမှာ ဖူးပွင့်ကို ချစ်မိသွားတဲ့ အချိန်ကစပြီး အချစ်ဆိုတဲ့ လောင်မြိုက်ခြင်းကို အကြီးအကျယ် ခံစားမိခဲ့တယ်၊ သူ့ကို ငါအရမ်းချစ်တယ်၊ တစ်ဘဝလုံးအတွက် တစ်ယောက်ထဲပဲ ချစ်မိတာပါ၊ သူ့ကို ပိုင်ဆိုင်ခွင့်မရရင်တောင် ငါ့နှလုံးသားကို အခြားမိန်းမတစ်ယောက်နဲ့ အစားထိုးဖို့ ဘယ်သောအခါမှ ကြိုးစားမှာ မဟုတ်ဘူး "

ဒီရဲစိတ်ထဲမှာ နန္ဒရဲ့ချစ်တတ်တဲ့ နှလုံးသားကို တော်တော်အံ့ဩ





သွားမိတယ်၊ နန္ဒနေရာမှာ သူသာဆိုရင် မိန်းမတစ်ယောက်အတွက်နဲ့ ဒီလောက်စိတ်ရှုပ်ခံပြီး တွေးမှာမဟုတ်ပေ။ ဒါပေမယ့် နန္ဒဟာ သူမဟုတ်သလို သူကလည်း နန္ဒမဟုတ်ဘူးလေ၊ အဲ့ကြောင့် လူချင်းတူပေမယ့် ခံယူချက်နဲ့ စိတ်ဓါတ်ပိုင်းဆိုင်ရာတော့ ကွဲပြားခြားနားလိမ့်မယ်ဆိုတာတော့ လက်ခံမိပါတယ်၊

" ချစ်ခြင်းမေတ္တာဆိုတာ လုပ်ယူဖန်တီးလို့ မရဘူးဆိုတဲ့ စကားလေးတစ်ခွန်းတော့ ငါကြားဖူးတယ် နန္ဒ "

" ဒါအမှန်တရားပဲ ဒီရဲ "

ဒီရဲ ဖြည်းညင်းစွာ ထပ်မံရယ်မောလိုက်ပြန်တယ်။

" မင်းရူးလွန်းတယ် နန္ဒ၊ မင်းပြောတဲ့ အမှန်တရားဆိုတာ တစ်ဦးတစ်ယောက်အတွက်ပဲ ဖြစ်လိမ့်မယ်၊ လူသားအားလုံး ခံစားမှု အစိတ်အပိုင်းတွေနဲ့သက်ဆိုင်မှာ မဟုတ်ဘူး၊ ငါခုနက စကားကို ပြောတယ်ဆိုတာလည်း တစ်စုံတစ်ယောက်ကပြောလို့ ထပ်ဆင့်ပြောပြတာပါ၊ အမှားအမှန်ကို ခွဲခြားစိတ်ဖြာဖို့ မဟုတ်ဘူး။ နဂိုထဲက လောကကြီးဆိုတာ ဖြစ်တည်မှုတစ်ခုအပေါ်မှာ မှီတင်းပြီး သဘာဝကြီးက ဖန်ဆင်းပေးခဲ့တာ၊ သူ့မှာ လောဘ၊ ဒေါသ၊ ချစ်ခြင်း မုန်းခြင်းဆိုတာ မရှိဘူး၊ လူသားတွေကသာ သူတို့ဖြစ်ချင်တဲ့ ဆန္ဒကို တမင်သက်သက် ဖန်တီးယူနေကြတာ၊ မင်းကိုငါမေးမယ်၊ ဖူးပွင့်ဆိုတဲ့ ကောင်မလေးကို အရမ်းချစ်ပါတယ်ဆိုရင် တကယ်လို့ ဖူးပွင့်သာ လူမဖြစ်ခဲ့ဘူး၊ ဒါမှမဟုတ်မင်းက ဖူးပွင့်နဲ့မဆုံနိုင်တဲ့ တစ်နေရာကို ရောက်နေမယ်ဆိုရင် အချစ်ဆိုတာ ပေါ်မလာဘူးဆိုတဲ့ သဘောလား "

" ငါဘာမှ နားမလည်ဘူး ဒီရဲ "

" အဲ့ကြောင့် မင်းဒီလိုခံရတာ၊ မင်းနေရာမှ ငါသာဆိုရင် ဖူးပွင့် မကလို့ မဖူးလဲပွင့်ပါစေ သနားတယ်လို့ ပြောခဲ့မှာ "

" တော်ပြီကွာ၊ မင်းဆီလာတာ ငါ့အတွက် အကြံဉာဏ်လေးများ ရမလားလို့ မျှော်လင့်မိပါတယ်၊ ဘာတွေပြောမှန်းမသိဘူး "

နန္ဒ တကယ်ပဲ စိတ်ဓါတ်ကျသွားသည်။ သူငယ်ချင်းတွေထဲမှာ ဒီရဲက ဉာဏ်အကောင်းဆုံး၊ ပြဿနာတစ်ခုကို ချက်ချင်းအလွယ်တကူ ဖြေရှင်း နိုင်တဲ့သူ၊ အဲ့ကြောင့် နန္ဒကိုယ်တိုင် အားကိုးတကြီးနဲ့လာခဲ့တာ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ထင်သလို ဖြစ်မလာဘူး။

" ငါပြန်မယ် ဒီရဲ "

" ကောင်းပြီလေ၊ ငါပြောတဲ့ ဘာတွေမှန်းမသိတာကို အိမ်ရောက်တဲ့ အခါ အေးအေးဆေးဆေး ပြန်စဉ်းစားပါ။ နဖူးပေါ်လက်တင်ပြီး မစဉ်းစားနဲ့နော်၊ လက်ပေါ် နဖူးတင်ပြီး စဉ်းစားပါ "

နန္ဒက လေးစားပါတယ်ဆိုတဲ့ အမူအရာနဲ့ ခါးကိုညွတ်ပြီး သုံးကြိမ် အလေးပြုသွားသည်။

နန္ဒပြန်သွားပြီးမှ ဒီရဲလည်း လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့တယ်၊ ဒီရဲစိတ်ထဲမှာ ပျော်နေသည်။ ခုရက်ပိုင်းမှာ သူ့စိတ်တွေ ဘာဖြစ်လို့များ ကြည်နူးပျော်ရွှင်နေပါလိမ့်၊ တကယ်ဆိုရင် သူ့ရဲ့ လွတ်လပ်ခွင့်ကို နောက်ယှက်ဖျက်ဆီးမဲ့ကိစ္စတစ်ခုက မကြာခင်ရက်ပိုင်းမှာ ဖြစ်ပေါ်လာမှန်းသိနေပေမဲ့ အလိုလို ပျော်ရွှင်နေတာ ထူးဆန်းနေသည်။

" အစ်ကို ဘာသောက်မှာလဲ "

" ပုံမှန်တစ်ခွက် "

စားပွဲထိုးလေး လှည့်ထွက်သွားတဲ့အချိန်မှာ ဒီရဲစားပွဲကို လူတစ်ယောက် ရောက်လာသည်။

" ကိုကျော် လက်ဖက်ရည် လာသောက်တာလား "

" အေးကွ "

" ဘာသောက်မလဲ မှာလိုက်လေ၊ ကျွန်တော် တိုက်ပါမယ် "

" ရတယ် ညီလေး၊ အစ်ကို ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ ညီလေးကို တိုက်မယ် "

ခုမှကိုကျော်မျက်နှာကို ဒီရဲသေချာကြည့်မိတယ်၊ အရမ်းဝမ်းသာတဲ့ ပုံစံပါ။ မျက်နှာကြီးက ပြုံးဖြီးနေသည်။ သွားတွေ အကုန်လုံးနီးပါးပေါ်အောင် ရယ်နေသည်။

ကိုကျော်ဆိုတာ ဒီရဲတို့ လမ်းထိပ်က ဆိုက္ကားနင်းတဲ့လူပါ။ ထမင်း တစ်နပ်စားရဖို့အတွက် ခွန်အားတွေစိုက်ထုတ်ပြီး ရုန်းကန်နေရတဲ့ လူတစ်ယောက်ဆီက လက်ဖက်ရည်တစ်ခွက်ကို ဘယ်လိုလုပ် သောက်ရက်မှာလဲ၊

" ကျွန်တော် တိုက်ပါ့မယ် "

" ညီလေး အစ်ကို့မိန်းမ သမီးလေး မွေးတယ်ကွ၊





အဲ့ကြောင့် ညီလေးကို အစ်ကို လက်ဖက်ရည်တိုက်တာပါ "

ခုမှ ကိုကျော်ပျော်ရွှင်မှုကို သဘောပေါက်သွားသည်။

" ကျွန်တော် ဝမ်းသာပါတယ်၊ အဲပေမယ့် ဘယ်လိုပြောရမလဲ ဆိုတော့ "

ဒီရဲစကားကို ရပ်လိုက်ကာ မျက်မှောင်ကုတ်နေသည်။

" ပြောလေ ညီလေး "

ကိုကျော်က ဒီရဲပြောမဲ့စကားကို စိတ်ဝင်စားသွားသည်။

ဒီရဲလည်း ပင့်သက်တစ်ချက်ရှူပြီး . . .

" ကိုကျော့်ကလေးကို သိပ်ပြီးဂရုမစိုက်ပါနဲ့ "

" ဘာဖြစ်လို့လဲ ညီလေး "

" ဒီလိုပါ၊ အနာဂတ်မှာ သူများမိန်းမဖြစ်လာမဲ့ လူတစ်ယောက်ကို ဂရုတစိုက်နဲ့ပြုစုပျိုးထောင်ပေးရင် ကိုကျော်အနေနဲ့ နစ်နာမှာ စိုးလို့ပါ"

" ဘာ "

ကိုကျော်အသံက အကျယ်ကြီးထွက်လာသည်။ ဆိုင်ထဲမှာ ထိုင်နေတဲ့ လူအချို့တောင် ဒီရဲတို့ဝိုင်းကို အလန့်တကြား လှည့်ကြည့်ကြတယ်၊

ဒီရဲကတော့ ဘာကိုမှ ဂရုမစိုက်တဲ့ မျက်နှာဖြင့် . . .

" ကျွန်တော်ပြောတာ မှားလို့လား "

ကိုကျော် ဘာမှဆက်မပြောတော့ဘဲ ဒီရဲနေတဲ့မျက်နှာဖြင့် ဒီရဲကို ကြည့်ကာ လက်ဖက်ရည်ဆိုင်ထဲက ချက်ခြင်းထွက်သွားသည်။

" ဘာဖြစ်တာလဲ ဒီရဲ "

ဆိုင်ပိုင်ရှင် ကိုမျိုးမင်းက ကောင်တာမှထလာပြီး ဒီရဲကို မေးလိုက်တယ်။

" ကျွန်တော်ပြောတဲ့ အမှန်တရားကို သူလက်မခံနိုင်လို့ ထထွက်သွားတာပါ "

" မင်းဘာသွားပြောလို့လဲ "

" ဪ သူက သမီးဦးလေး မွေးတယ်ဆိုလို့ စေတနာနဲ့ သူများမိန်းမဖြစ်မဲ့လူကို သိပ်ပြီး မပြုစု၊ မယုယဖို့ပြောမိတာပါ "

ကိုမျိုးမင်းက ဒီရဲစကားကိုနားထောင်ပြီး ခေါင်းခါယမ်းလိုက်သည်။

" မင်းရဲ့ အတွေးအခေါ်တွေက နဲနဲအစွန်းထွက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်း ဆက်သွားနေမယ်ဆိုရင် တဖြည်းဖြည်း မင်းဟာ လူ့ပတ်ဝန်းကျင် အပြင်ဘက်ကို ရောက်သွားလိမ့်မယ် ”

ဒီရဲက ပရိုးတစ်ဝက်ကို တန်ပါပါ တစ်ချက်တွန့်ပြီး . . .

“ ကိုမျိုးမင်းပြောတာကို ကျွန်တော် စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ဆိုင်ရှင်တစ်ယောက်အနေနဲ့ စားသုံးသူတွေရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးရမဲ့အစား ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝေဖန်အပြစ်တင်တာတော့ မှားတယ်၊ ကိုမျိုးမင်းကို ကျွန်တော် တစ်ခု ပြောလိုက်မယ်၊ အောင်မြင်တဲ့ စီးပွားရေးသမား တစ်ယောက်ဖြစ်ချင်ရင် ကိုယ်နဲ့မဆိုင်တဲ့ အရာအားလုံးကို မျက်စိမှိတ်နားပိတ်ပြီး နေတတ်အောင် ကြိုးစားပါ။ ဒါပဲ၊ နောက်နေ့ကစပြီး ကျွန်တော် ဒီဆိုင်ကို ဘယ်တော့မှ မလာတော့ဘူးဆိုတာ မှတ်ထားပါ”

ဒီရဲ ငါးရာကျပ်တန်တစ်ရွက်ကို စားပွဲပေါ်တင်ခဲ့ပြီး ထပြန်လာခဲ့သည်။ ဒါဟာ ဒီရဲအနေနဲ့ သူ့အပေါ်တင်စီးလာတဲ့ လူတစ်ယောက်ကို အတောင်းဆုံး တုံ့ပြန်လိုက်တာပါ။ ဘာပဲဖြစ်ဖြစ် ဒီနေ့အဖို့ ဒီရဲ ကျေနပ်သွားတယ်။ တစ်ခါတစ်လေ လူတွေဟာ တော်တော်ခက်တယ်၊ မှန်တာပြောရင် လက်မခံချင်တဲ့ လူမျိုးရှိသလို တိုယ်ကဘယ်နေရာနေပြီး ဘယ်လိုစကားမျိုး ပြောရမယ်ဆိုတာကို နားမလည်တဲ့လူမျိုးတွေ အများကြီးရှိသည်၊





ဖူးပွင့်အတွေးထဲတွင် ယောက်ျားပီသပြီး အလှအပကို မခံစားတတ်တဲ့ အေးစက်စက်မျက်ဝန်းတစ်စုံကို ပြန်မြင်ယောင်မိသည်။ သူမဘဝမှာ ဒီလို ယောက်ျားမျိုးကို တွေ့လိမ့်မယ်လို့ ထင်မထားမိတဲ့ အချိန်မှာ ထိုမျက်ဝန်းပိုင်ရှင်က သူမတောင်းဆိုတာကို ပြောင်ပြောင်ကြီး ဆန့်ကျင်သွားခဲ့သည်။

“ ရှင်နဲ့ကျွန်မ ပြန်တွေ့ကြတာပေါ့ ”

ဒါဟာ ဖူးပွင့်စိတ်ထဲက အကြိမ်ပေါင်းများစွာ ကြိမ်းဝါးနေတဲ့ စကားပါ။

“ ဖူးပွင့်ဘာတွေစဉ်းစားနေတာလဲ ”

“ ဆောရီး သီဟ ”

ဖူးပွင့်က သူမရဲ့အတွေးစကို ပြန်ရုပ်သိမ်းပြီး သီဟကို တောင်းပန်လိုက်သည်။

“ နင်ပိုပြီး လှလာတယ်၊ ခုနက နင်ငေးနေတဲ့ပုံစံက တကယ့်ကို အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်လိုပဲ ”

ဖူးပွင့် ပြုံးလိုက်သည်၊ ယောက်ျားတော်တော်များများဟာ သူမရဲ့ အလှကို ခံစားတတ်ပြီး သူမဆီကအချစ်ကို အသဲအသန် မျှော်လင့်နေကြသည်။ အဲဒီထဲမှာ သူဘာလို့ မပါတာလဲ။

“ ငါ နင့်ကို စိတ်မချဘူး ”

“ ဘာဆိုင်လို့လဲ ”

ဖူးပွင့်အမှန်ပြောတာပါ။ တကယ်ဆို သီဟနဲ့သူမ ဘာမှမဆိုင်ဘူး


www.burmeseclassic.com

www.burmeseclassic.com

လေ၊ သီဟက အိုက်စ်ကော်ဖီကို တစ်ငုံသောက်လိုက်ပြီး . . .

" ငါက နင့်ကိုချစ်နေတဲ့လူလေ၊ နင်နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မှုကို အမြဲတမ်း ခံစားနေရတယ် "

" ငါ့အတွက် အဲဒီလောက်ထိ စိုးရိမ်ပူပန်နေတဲ့ နင့်စိတ်တွေကြာရင် ရူးသွားလိမ့်မယ်၊ ငါ့မှာ အတွေးအခေါ်နဲ့ အသိဉာဏ်ရှိတယ်၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့ မိန်းမတစ်ယောက်အပေါ်မှာ ချစ်တဲ့စိတ်တစ်ခုထဲနဲ့ ပူပန်နေတဲ့နင့်ရဲ့အတွေးတွေက ရယ်စရာပြတ်လုံးတစ်ခုလိုပဲ"

" နှနှ နင့်ကိုကင်းနေတယ်လို့ ငါသတင်းကြားတယ် "

" ဂရုမစိုက်ဘူး သီဟ "

" မိန်းမတစ်ယောက်ရဲ့ အချစ်ကိုမရလို့ မိုက်ရူးရဲဆန်ပြီး လုပ်ချင်တာလုပ်တဲ့ခေတ်က နှစ်ဆယ်ရာစုမှာ ကျန်ခဲ့ပြီ "

" ယောက်ျားတွေကို လျှော့မတွက်ပါနဲ့ဟာ၊ ငါတကယ် စိုးရိမ်လို့ နင့်အတွက်ပြောနေတာပါ "

" ကျေးဇူးတင်တယ် သီဟ "

တကယ်လည်း သီဟကို ကျေးဇူးတင်ပါတယ်၊ သူမကို ချစ်ပါတယ်လို့ ပြောတဲ့လူတွေ၊ သူမအနားမှာ အမြဲတမ်းနေခွင့်ရချင်တဲ့ လူတွေထဲမှာ သီဟက စိတ်အရှည်ဆုံးနဲ့ ဂရုတစိုက်အရှိဆုံးပဲ၊ သူမအတွက်ဆိုရင် အသေးအမွှားလေးက အစ လိုအပ်တာမှန်သမျှကို အမြဲတမ်း ဖြည့်ဆည်းစွမ်းဆောင်ချင်တဲ့ စိတ်ဓါတ်ကလည်း အပြည့်ရှိနေသည်။

ဖူးပွင့် ဖန်ခွက်ထဲက အအေးကိုပိုက်တံလေးဖြင့် ကုန်အောင် စုပ်သောက်လိုက်သည်။ သူမဘဝဟာ အအေးတစ်ခွက်ကို လွယ်လွယ်ကူကူ သောက်နိုင်သလို အမြဲတမ်းအရာအားလုံးဟာ လွယ်ကူနိုင်မလား၊ ဖြစ်တည်ခြင်း တစ်ခုရှိခဲ့လျှင် ပျက်စီးခြင်းက နောက်မှာခွန်ကွဲပြီး ပါလာတတ်တယ် မဟုတ်လား။

" နင်တစ်ခုခု စဉ်းစားပါ ဖူးပွင့် "

" ဘာကိုလဲ "

သီဟက ဖန်ခွက်ထဲရှိ ရေခဲတုံးလေးကို ပိုက်တံဖြင့် လှည့်ပတ်ကစားရင်း . . .

" ခုအချိန်မှာ နင့်အတွက် စိတ်ချယုံကြည်ရမဲ့ ပြီးတော့ နင့်ဘဝကို





အကာအကွယ်ပေးနိုင်မဲ့ ချစ်သူတစ်ယောက်တော့ ရှိသင့်နေပြီလို့ ငါထင်တယ် "

" နင့်ကို ငါရွေးရမယ်လို့ ဆိုတာလား "

သီဟအကြည့်တွေက ဖူးပွင့်ဆီရောက်သွားသည်။

" ငါအဲဒီလောက်ထိ အတ္တမကြီးဘူး ဖူးပွင့်၊ နင့်ကို ငါချစ်ကာ ပိုင်ဆိုင်ခြင်း၊ စွန့်လွှတ်ခြင်း ဆိုတာနဲ့လည်း မသက်ဆိုင်ဘူး၊ ငါပြောနေတာ နင့်အတွက်ပါ၊ နင့်ကိုချစ်တဲ့ ငါ့ရဲ့အချစ်တွေက ဖြူစင်သန့်ရှင်းတယ်၊ လိုချင်တပ်မက်မှုဆိုတာ ဘာမှမရှိဘူး၊ အမြဲတည်သက်သက်နဲ့ နင့်ကိုချစ်နေရရင် တစ်ဘဝလုံးအတွက် ငါ့ကိုယ်ငါကျေနပ် တယ်၊ ဒါပေမယ့် တစ်ခုတော့ နင်ယုံထားလိုက်ပါ၊ ဘယ်သူမဆို ချစ်တတ်တဲ့နှလုံးသားပိုင်ရှင်တွေဟာ သူတို့ရဲ့ချစ်သူကို ပိုင်ဆိုင်ချင်ကြတယ်၊ ရယူဖို့လည်း နည်းမျိုးစုံ ကြိုးစားကြပါတယ်၊ ငါကတော့ နင့်ကိုချစ်ပေမယ့် ငါလိုချစ်တဲ့ လူတွေ အများကြီးရှိတဲ့အတွက် သူများတွေလိုတန်းတူ အခွင့်အရေး တစ်ခုပဲလိုချင်တယ်၊ နင့်ရဲ့ အချစ်တွေကို ငါပိုင်ဆိုင်ခဲ့ရင်တောင် ဘယ်သူ့ပယောဂမှမပါတဲ့ ချစ်ခြင်းတစ်ခုပဲ ပိုင်ဆိုင်ချင်တယ်။ ဒါမှမဟုတ် အခြားတစ်ယောက်ကို နင့်ရင်ထဲက တကယ်ခံစားပြီး ချစ်ခဲ့မိရင်တောင် ငါ့အချစ်တွေက ထာဝရ တည်မြဲနေမှာပါ၊ အဓိကတော့ နင်စိတ်ချမ်းသာတာ မြင်ချင်တယ်၊ နင့်ဘဝ ပျော်ရွှင်နေမယ်ဆိုရင် ငါ့ဘဝ၊ ငါ့အသက်တောင် ပေးဆပ်ရဲပါတယ်တာ"

" တော်ပါတော့ သီတရယ် "

" ငါ့ရင်ထဲက စကားတွေပါ ဖူးပွင့် "

" ဟုတ်ပါတယ်၊ နင် ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိပါတယ်၊ ဒါ့ကြောင့် နင့်ကို ပြန်မချစ်နိုင်ရင်တောင် ငါ့ကိုချစ်တဲ့ နင့်ရဲ့ အချစ်တွေကို ဥပက္ခာမပြုမိအောင် ကြိုးစားနေတာပေါ့ "

သူတို့နှစ်ယောက်ရဲ့စကားပိုင်းလေးက တခဏတိတ်ဆိတ်သွားပြီး ကိုယ်စီ[illegible]တွေနဲ့ ခြားနားတဲ့အဖြေတစ်ခုစီကို ဦးတည်နေကြသည်။ အချစ် [illegible]ကိုတဲ့အ[illegible] တစ်ဦးတစ်ယောက်စီရဲ့ ရင်ထဲမှာ အဓိပ္ပါယ်တစ်မျိုးစီနဲ့ [illegible]ရှင်သန်ပေါက်ပွားနေကြသည်။ သီတရဲ့ရင်ထဲမှာ တော့ ဖူးပွင့်နဲ့ပတ်သက်ပြီး


www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတဲ့ အစိုင်အခဲတစ်ခုက ထုထည်ကြီးမားစွာနဲ့ တည်ရှိနေခဲ့ပြီ၊ ရယူခြင်းတွေ၊ စွန့်လွှတ်ခြင်းတွေဆိုတာထက် ဖူးပွင့်ကို မြတ်မြတ်နိုးနိုး တစ်ဘဝလုံး ချစ်နေချင်တာ၊ ပြီးတော့ သီဟတာ လောကသဘာဝကို နားလည်လက်ခံတဲ့ လူတစ်ယောက်လေ၊ ချစ်တိုင်းလည်းမညား၊ ညားတိုင်းလည်း မချစ်ဆိုတဲ့ စကားတာ ကလေးတွေပါးစပ်က ထွက်ပေါ်လာတာမှ မတုတ်တာ၊ ဘာပဲဖြစ်ဖြစ် ဖူးပွင့်နားမှာနေခွင့်ရှိပြီး ဖူးပွင့်မျက်နှာလေးကို တစိမ့်စိမ့် ကြည့်ကာ ရင်ခုန်နေရတာကို ကျေနပ်နေတယ်လေ။

" သွားကြမယ် သီတ "

ဖူးပွင့်က ကားသော့လေးကို ဝှေ့ယမ်းကာပြောပြီး ထလိုက်တယ်၊

" ငါပြောတဲ့စကားတွေကို နင်မမေ့ပါနဲ့ "

" ဘာလဲ ရည်းစားထားဖို့ ကိစ္စလား "

" ဟုတ်တယ် "

" အိုကေ "

" ညကျရင် ငါ့ဆီဖုန်းဆက်လိုက်လေ ၊ အဲဒီကျမှ ငါရည်းစား ထားမယ်၊ မထားဘူးဆိုတာ အဖြေပေးမယ် "

ဖူးပွင့် ခပ်ထွေ့ထွေ့လေး ပြောလိုက်ပေမယ့် သီဟတကာယ် ထင်သွားသည်။ သီတဟာ ရိုးသားတဲ့လူတစ်ယောက်ပါ၊ ချစ်သူကို ချစ်တတ်တာက လွဲပြီး တောင်းဆိုခြင်းဆိုတာကို မေ့လျော့ထားတဲ့ လူလေ၊ ဒါ့ကြောင့်လည်း ဖူးပွင့်က မြူလိုသူတွေ ဝိုင်းဝိုင်းလည်နေတဲ့ ကြားထဲက ချစ်သူမဖြစ်သေးတဲ့ သီဟတစ်ယောက်ထဲကို စွဲစွဲမြဲမြဲနဲ့ တွဲတာပေါ့။



## အခန်း (၄)

ဒီရဲတစ်ယောက် သူငယ်ချင်းမွေးနေ့သွားရန်အတွက် ရေချိုးပြီး သပ်သပ်ရပ်ရပ် ဝတ်ဆင်ကာ အခန်းအပြင်ကိုထွက်လိုက်သည်။

" ဘယ်သွားမှာလဲကွ "

အမှန်အတိုင်းပြောလိုက်ရင် မင်းတို့က အပိုအလုပ်တွေပါကွာဟု ပြောမှာသေချာသည်။

" ကားအရောင်းအဝယ်ကိစ္စ သွားလေ့လာမလို့ ဦးလေး "

ဦးလေးက ညာပြောတာကို နှစ်မြို့က်ပုံရလေသည်။

" လူငယ်ဆိုတာ အဲဒီလို အမြဲတမ်း လန်းဆန်းတက်ကြွနေရမယ်၊ နေရာတကာ လူကြီးက လက်ညှိုးထိုး လိုက်ပြောနေရတဲ့ လူမျိုး မဖြစ်အောင် ကြိုးစားနေဖို့ လိုတယ်ကွ "

" ဟုတ်ကဲ့ ဦးလေး "

" အေး အေး "

" ဒီဆို မင်းအပြင်သွားရင်းနဲ့ တဆွဲပေါ်က အထုပ်ကိုယူပြီး လိပ်စာ အတိုင်း ဝင်ပေးခဲ့ပါ၊ ငါဒီကနေ ဖုန်းကြိုပြီး ဆက်ထားလိုက်မယ်"

" ဒါပဲလား ဦးလေး "

ဒီရဲ စိတ်ထဲမှာ မကျေမနပ်ဖြစ်သွားသည်။ လိပ်စာကို ကြည့်လိုက်တော့ သူသွားမဲ့နေရာနဲ့ တောင်နဲ့မြောက် ဖြစ်နေတယ်၊ မွေးနေ့သွားဖို့ကလည်း အချိန်တော်တော် နီးကပ်နေပြီ၊ ပထမအစီအစဉ်ဆိုရင် သူအိမ်ကထွက်တဲ့ အချိန်နဲ့ မွေးနေ့စချိန်ဟာ ကွက်တိဖြစ်ပေမဲ့ ခုတော့ နောက်ကျတော့မှာ သေချာသည်။


www.burmeseclassic.com

www.burmeseclassic.com

" ဒီက အမြဲတမ်း သတိရတယ်လို့ ပြောလိုက်ပါ "

ဒီရဲ အထုတ်ကို့မပြီး အောက်သို့ ဆင်းလာခဲ့သည်။ မွေးနေ့ပွဲသွားပြီးမှ ဒီအထုတ်ပေးပါက ဒီနေ့ရောက်မှာ မတုတ်ပေ။ ဒါကြောင့် အထုက်ကို အရင်သွားပို့ပြီးမှ မွေးနေ့ပွဲသွားရန် ဆုံးဖြတ်လိုက်သည်။

ဒီရဲ ကားထဲကို အထုတ်ပစ်ထည့်ပြီး တရကြမ်းမောင်းထွက်လာခဲ့၏၊ ကားလေးမှာ သခင်လီဗာနင်းသလောက် ပြေးနေသည်။ လိပ်စာအတိုင်း ခြံ၀ျူ့ကိုရောက်တော့ ခြံ၀န်းတံခါးက ပိတ်ထားသည်။ ပိုက်ဆံရှိ လူတန်းစားတွေသာနေသောကြောင့် ကိုယ်ပိုင်လုံးချင်း တိုက်အိမ်ကြီးများမှာ ကြီးကျယ်လှပနေသည်။ ဒီရဲကားရပ်တဲ့ ခြံ၀န်းမှာ အတော်ကျယ်ပြီး အလယ်ကောင်တွင် နိုင်ငံခြားပုံစံ နှစ်ထပ်တိုက်ပုလေးကို လှပစွာ ဆောက်ထား၏။ ဒီရဲကားပေါ်ကဆင်းပြီး တံခါးထောင့်တွင် တွေ့ရတဲ့ ကြိုးကို ဆွဲလိုက်သည်။ ဆူညံသွားသော ခေါင်းလောင်းသံနှင့်အတူ ဘယ်ချောင်ထဲမှာ အိပ်နေမှန်းမသိတဲ့ အင်းခွေးကြီးနှစ်ကောင် ပြေးထွက်လာပြီး ဒီရဲကို အဆက်မပြတ် ဟာန်ဖီလိုက်တယ်၊ ဒီရဲ စိတ်သိပ်မရှည်ချင်တော့ဘူး။ အပြင်မှာ သာဆိုရင် ဒီခွေးနှစ်ကောင်စလုံးကို ပါးစပ်ဆွဲဖြဲပြီး ကိုင်ပေါက်မိမှာ အမှန်ပဲ။

" ဘာကိစ္စလဲ ညီလေး "

အမေးစကားနဲ့အတူ ကျွဲသိုးတစ်ကောင်လို တုတ်ခိုင်မဲမှောင်နေတဲ့ အသက်လေးဆယ်ခန့် လူတစ်ယောက် ထွက်လာသည်။

" ဒေါ်မိုးစန္ဒာနဲ့ တွေ့ချင်လို့ပါ "

ခြံစောင့်က ဒီရဲကို အသေအချာ အကဲခပ်ပြီး . . .

" ဘယ်ကလာတယ်လို့ ပြောရမလဲ "

" ဦးထွန်းနိုင်ဝိုး လွှတ်လိုက်တာပါ "

" ခဏလေး ညီလေး "

ခြံစောင့်က တံခါးဖွင့်မပေးပဲ ခါးကြားမှာထိုးထားတဲ့ GSM ဖုန်းဖြင့် လှမ်းအကြောင်းကြားလိုက်သည်။ ခဏကြာဟော့ ခြံစောင့်ရဲ့ 'တုတ်ကဲ့' ဆိုတဲ့အသံနဲ့အတူ ရိုကျိုးတဲ့အမူအယာက မျက်နှာပေါ်တွင် ပေါ်လာသည်။

" စိတ်မရှိနဲ့ ညီလေး၊ အစ်ကိုက သေချာအောင် လှမ်းမေးတာပါ၊ ဒီအိမ်က မိန်းမသားတွေပဲ နေတယ်ဆိုတော့ အစစအရာရာ ဂရုစိုက်ရတယ်လေ "





ခြံစောင့်က ပါးစပ်ကပြောရင်း တံခါးသော့ကို ဖွင့်ပေးလိုက်သည်။ ဒီရဲလည်း ကားပေါ်ပြန်တက်ကာ ဆင်ဝင်အောက်အထိကားကို မောင်းသွား၏။

" အန်တီလေး စောင့်နေတယ် "

အိမ်ဖော်မလေး ပြေးထွက်လာပြီး ပြောသည်။ ဒီရဲက ကားထဲမှ အထုတ်ကိုယူကာ အိမ်ဖော်ကောင်မလေးလက်ထဲ ထည့်ပေးပြီး နောက်ကနေ လိုက်ဝင်သွားတယ်၊ ဧည့်ခန်းတစ်ခုလုံး မွှေးကြိုင်သန့်ရှင်းနေသည်။ ဦးလေးထွန်းနဲ့ အသက်တူဟုလောက်ရှိတဲ့ မိန်းမတစ်ယောက်ကိုတွေ့သဖြင့် ဒေါ်မိုးစန္ဒာတု ထင်လိုက်တယ်။

" ကိုထွန်း လွှတ်လိုက်တဲ့ တုလေးလား "

" ဟုတ်ကဲ့ "

" ကျွန်တော့်နာမည် ဒီရဲပါ "

" ကိုထွန်း ဘာမှာလိုက်လဲ "

ခုမှ ဦးလေးပြောခိုင်းတဲ့စကားကို သတိရမိတယ်၊ ဒါပေမယ့် ပြောသင့်မပြောသင့်ကို စဉ်းစားလိုက်တယ်၊ တစ်ခုခုတော့ တစ်ခုမှုပဲ၊ ဦးလေးနဲ့ ဒေါ်မိုးစန္ဒာဟာ ဘယ်လိုပတ်သက်မှုမျိုး ရှိနိုင်သလဲ၊ ဒေါ်မိုးစန္ဒာတာ ကျက်သရေရှိစွာနဲ့ ချောမောခန့်ညားတဲ့ အမျိုးသမီးတစ်ယောက်ပါ၊ အသံကြည်တက်ကလည်း ပြည့်ဝနေတယ်၊ ဒီရဲစဉ်းစားနေရင်း ဦးလေးကို ကလဲ့စားပြန်ချေရန် ဆုံးဖြတ်လိုက်သည်။ သူသွားမဲ့ လမ်းခရီးကို အနှောင့်အယှက်ပေးတဲ့ဦးလေး ဒီတစ်ခါ ခံရပြီမှတ်တော့၊ စိတ်ထဲမှာကျေးပြီး . . .

" ဟို ထမင်းစားပြီးတိုင်း အစာကြေဆေးသောက်ဖို့ မမေ့ပါနဲ့တဲ့ "

" ဟင် "

မမျှော်လင့်တဲ့ စကားကို ကြားလိုက်၍ ဒေါ်မိုးစန္ဒာ အံ့ဩသွားတယ်၊

" ကိုထွန်းက ဒါပဲပြောလိုက်တာလား "

" ကျန်သေးတယ် "

" ဘာလဲဟင် "

" ဆေးသောက်ရင် ရေကျက်အေးနဲ့သောက်ပါတဲ့ "

" အို "

မျှော်လင့်ချက် မကုန်ဆုံးတဲ့ ဒေါ်မိုးစန္ဒာမေးခွန်းကို ဒီရဲက တခုချင်း ရှက်သျှိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

" ပြီးတော့ ဘာထပ်ပြောလဲ "

" ပြောရမှာ အားနာတယ် "

" ပြောပြော ဘာမှ အားမနာနဲ့ "

" ဦးလေးက သေချာထပ်မှာလိုက်တယ် "

အေးမိုးစန္ဒာမျက်လုံးတွေက အရောင်တလက်လက် တောက်လာသည်။ ဒီရဲက ရယ်ချင်စိတ်ကို မျိုသိပ်ပြီး . . .

" ကျွန်တော့်ကို တူတစ်ယောက်လို သဘောထားပြီး မုန့်ဖိုး ပေးလိုက်ပါတဲ့ "

အေးမိုးစန္ဒာ မျက်နှာပျက်သွားသည်။ ဒါပေမယ့် ခဏလေးပါ။ လူကြီးလူကောင်းပီသစွာနှင့် အချိန်မီ ထိန်းသိမ်းနိုင်တယ်။

" ခဏလေးနော် "

အေးမိုးစန္ဒာ အခန်းထဲဝင်သွားပြီး ပိုက်ဆံသွားယူသည်။ ဘယ်ရမလဲ ဒီရဲပါ။ ကိုယ့်ကို စိတ်ဒုက္ခရောက်အောင်လုပ်ရင် တုန့်ပြန်တတ်တယ်၊ ခုအချိန်မှာတော့ ဦးလေးက ပြောခိုင်းတဲ့စကားကို ပြောမယ်ထင်ပြီး ဗီလင်တတ်နေလောက်ပြီ၊

" ရော့ "

အေးမိုးစန္ဒာ အခန်းထဲက ပြန်ထွက်လာပြီး တစ်ထောင်တန် တစ်ထပ်ပေးသည်။ ဒီရဲ ဘာမှမစဉ်းစားတော့ဘဲ ခပ်တည်တည်နှင့်ယူကာ အောင်းဘီထဲကို ထိုးထည့်လိုက်တယ်။ ခန့်မှန်းချေအားဖြင့် ဒီရဲအတွက် တစ်ပတ်စာတော့ လုံလောက်သွားပြီ။

" ကျွန်တော့်ကို ပြန်ခွင့်ပြုပါ "

" အေးကွယ်၊ ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါ "

" တုတ်ကဲ့ "

အေးမိုးစန္ဒာ အိမ်ကကားအမြန်မောင်းထွက်လာခဲ့သည်။





မွေးနေ့ပွဲရောက်တော့ နောက်ကျနေပြီ။ မွေးနေ့ပိုင်ရှင် ဇော်ထက်က ဒီရဲကားဝင်လာတာကိုမြင်၍ အပြေးအလွှားကြိုဆိုပြီး အပြစ်တင်လိုက်သည်။

" မင်းဘာဖြစ်လို့ နောက်ကျတာလဲ၊ ဟိုကောင်တွေကတောင် မင်းမလာတော့ဘူးလို့ ပြောနေကြတယ် "

ဒီရဲက ဇော်ထက်ကိုတောင်းပန်ပြီး မင်းစိုးတို့ဝိုင်းဆီလျှောက်သွားတယ်။

" ခုမှ အိမ်ယာနိုးတာလား "

နန္ဒက ဆီးပြီး ခနဲ့သည်။ ကျန်တဲ့အချိန်ဆိုရင် ချက်ချင်း ပြန်ပြောမှာပါ။ မင်းစိုးကလည်း ဒီရဲဘာပြောမလဲလို့ နားစွင့်လိုက်တယ်။

ဒါပေမယ့် ဒီရဲက နန္ဒစကားကို အပြုံးတစ်ပွင့်ဖြင့် တုံ့ပြန်ပြီး ပိုင်လိုက်တယ်။

" အပူ၊ အအေး ဘာသောက်မှာလဲ "

" အဆင်ပြေတာ ယူလာခဲ့ကွာ၊ တတ်နိုင်ရင် ဘီယာ တစ်လုံးလောက် သောက်ချင်တာ "

" ခွင့်လွှတ်ပါ သူငယ်ချင်း၊ မင်းသောက်ချင်တဲ့ ဘီယာညကျရင် ငါတိုက်ပါ့မယ်၊ ခုအချိန်မှာတော့ အအေးပဲသောက်လိုက်ပါ "

ဇော်ထက်က ဒီရဲသောက်ဖို့ အအေးကို ကိုယ်တိုင် သွားယူသည်။

" ဒီရဲ သီချင်းတစ်ပုဒ်လောက်ဆိုကွာ "

" ဒီလောက်လူတွေအများကြီးထဲမှာ မင်းငါ့ကို အရှက်ခွဲနေတာလား "

" မင်းက အသံကောင်းလို့ ငါပြောတာပါ "


www.burmeseclassic.com

www.burmeseclassic.com



" မင်းစိုးပြောတာမှန်တယ်၊ မင်းသီချင်း တစ်ပုဒ်ဆိုရမယ် "
မွေးနေ့ပိုင်ရှင် ဇော်ထက်က အအေးခွက်ကို ယူလာပြီး ထောက်ခံသည်။
" မလုပ်ပါနဲ့ကွာ . . . လူကြားထဲမှာ ငို့အသံပြကြီးနဲ့ အော်လိုက်ရင် အားလုံးထွက်ပြေးကြလိမ့်မယ် "
" အချင်းချင်း မလိမ်နဲ့ဒီရဲ့ မင်းအသံ ဘယ်လောက်ထိ ကောင်းတယ် ဆိုတာ ငါတို့သိပါတယ် "
နန္ဒကပါ အချှန်နဲ့ဝင်မလိုက်ပြန်တယ်။
ငြင်းလို့မရမှန်း ဒီရဲ့သိလိုက်သည်။ ဒါပေမယ့် စိတ်မပါတဲ့ကိစ္စ တစ်ခုကိုတော့ လွယ်လွယ်ကူကူ လက်မခံချင်ဘူး။
" တီးဝိုင်းမှ မရှိတာ၊ ငါသီချင်းဘယ်လိုဆိုမလဲ "
ဒီရဲ့စကားကို ဇော်ထက်က ဟားတိုက်ရယ်မောပြီး . . .
" ငါတာ တီးဝိုင်းခေါင်းဆောင်တစ်ယောက်လေ၊ မင်းကြိုက်တဲ့ သီချင်းဆိုပါ၊ ငါနောက်ကနေ ကီးဘုတ်တီးပေးမယ် "
" ဇော်ထက် အမြန်စီစဉ်လိုက်တော့၊ တော်ကြာ ဒီကောင် စိတ်ပြောင်းပြီး ထပြန်သွားလိမ့်မယ် "
" နန္ဒပြောတာ မှန်တယ်၊ မင်းချက်ချင်း စီစဉ်လိုက်တော့ "
" စိတ်ချစမ်းပါ၊ ပစ္စည်းတွေက ငါ့အိမ်မှာ အဆင်သင့်ရှိတယ် "
ဇော်ထက် ပြောပြီး လှည့်ထွက်သွားတယ်။
အမြတ်မနိုးသူတစ်ပါးကို စိတ်ကသိကအောင့်ဖြစ်အောင်လုပ်တဲ့ ဒီရဲ့တစ်ယောက် ဇော်ထက်မွေးနေ့ပွဲမှာ အကြီးအကျယ် ဝင်လည်ပြီ။
" နာရီဝက်လောက် ကြာမယ်ထင်တယ် "
သီချင်းဆိုဖို့ အစီအစဉ် အဆင်သင့်ဖြစ်နေပြီဟု ဇော်ထက်လာ ပြောတယ်။
" ငါတစ်ယောက်ထဲ မဆိုချင်ဘူးကွာ "
" အေးပါ၊ ငါတီးဝိုင်းအဖွဲ့သားတွေလည်း ရှိပါတယ်၊ ပြီးတော့ ငါ့မိတ်ဆွေ အဆိုတော်ပေါက်စတွေလည်း မွေးနေ့ပွဲကို လာတယ်လေ၊ အားလုံးစုပေါင်းပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားအောင် လုပ်တဲ့အစီအစဉ်ပါ"
" ဒီလိုမှန်းသိရင် ငါမလာပါဘူးကွာ "
" မင်းမလာရင်လည်း ဒီလိုစိတ်ကူးရမှာ မဟုတ်ဘူးကွ၊





နန္ဒနဲ့မင်းစိုးတို့က မင်းကိုပြောမှရလိုက်တဲ့ စိတ်ကူးပါ "
" ဒါဆို မင်းမိတ်ဆွေတွေကို အရင်ဆိုခိုင်းကွာ၊ သူတို့က တကယ့်အနုပညာသမားအစစ်တွေဆိုတော့ ပရိသတ် စိတ်ဝင်စား မှာပေါ့၊ နောက်မှ ငါသနားရှင်အနေနဲ့ ငါတို့သုံးယောက်ဆိုမယ် "
" ငါမဆိုဘူးနော် "
" ငါလည်း သီချင်းမရဘူး "
နန္ဒနဲ့ မင်းစိုး ပြိုင်တူပြောတယ်။
" ငြင်းလို့မရဘူး၊ မင်းတို့ရေးတဲ့ ဇာတ်ညွှန်းကို မင်းတို့ ကိုယ်တိုင်ဝင်ကတာ ပိုပြီးကောင်းပါတယ် "
" သွားတော့ ဇော်ထက်၊ ငါပြောတဲ့အတိုင်းသာ လုပ်လိုက်ပါ"
ဇော်ထက် ပြန်လှည့်ထွက်သွားသည်။
ခဏကြာတော့ ကီးဘုတ်လက်ကွက် စမ်းသပ်သံနဲ့အတူ ဇော်ထက် အသံက မိုက်မှတဆင့် ပေါ်လာတယ်၊ မွေးနေ့ပွဲလာတဲ့ လူတစ်ရာကျော် လောက်ကလည်း ဇော်ထက်ကြေငြာတဲ့ အစီအစဉ်ကို စိတ်ဝင်တစား နားထောင်လိုက်ကြသည်။
" တဲလို မင်္ဂလာပါ ခင်ဗျာ "
" ကျွန်တော့်ရဲ့မွေးနေ့ပွဲကို လာရောက်ချီးမြှင့်ကြတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ သူငယ်ချင်းမိတ်ဆွေများကို အစီအစဉ်လေး တစ်ခု ပြောပြချင်ပါတယ်၊ အဲဒါကတော့ ကျွန်တော့်မွေးနေ့ပွဲကို လာတဲ့ ဧည့်သည်တော်တွေထဲက မည်သူမဆို ခေတ်ပေါ်တေးဂီတ သီချင်းတစ်ပုဒ်ကို သီဆိုနိုင်ပါကြောင်းနဲ့ သီဆိုမည့်သီချင်းများကို ကျွန်တော်ဂီတမှူး ဇော်ထက်က တီးပေးမည်ဖြစ်ပါသဖြင့် ကျွန်တော့်ညီမလေး စောသန္တာထံတွင် စာရင်းပေးသွင်းပါရန် လေးစားစွာ အသိပေးအပ်ပါသည်၊ ဒီအစီအစဉ်လေးကို မထင်မှတ်ဘဲ လုပ်ဖြစ်အောင်တွန်းအားပေးခဲ့သော ကျွန်တော့်မွေးနေ့မှာ သီချင်းမဆိုရရင် ဘယ်တော့မှ မခေါ်တော့ဘူးဟု ကလေး တစ်ယောက်လို စိတ်ကောက်ပြီးပြောတဲ့ သူငယ်ချင်း ဒီရဲ့ကိုလည်း ကျေးဇူးအထူးတင်ပါတယ် "
" ထင်တော့ ထင်သားပဲ "



www.burmeseclassic.com

www.burmeseclassic.com

စောသန္တာစကားကြောင့် ကေသွယ်က ဘာထင်တာလဲဟု မေးလိုက်သည်။

" မကြားဘူးလား၊ ကိုကိုခုနကပြောတဲ့စကားတွေလေ၊ နဂိုက မွေးနေ့ပွဲမှာ သီချင်းဆိုဖို့ အစီအစဉ်မရှိဘူး၊ ကိုဒီရဲရောက်လာမှ ဖြစ်သွားတာ "

" ကိုဒီရဲဆိုတာ ဘယ်သူလဲ "

" ကိုကို့ သူငယ်ချင်းပါ။ ကိုကို့မှာ သူငယ်ချင်းလေးယောက် ရှိတယ်လေ၊ ကိုဒီရဲရယ်၊ ကိုနန္ဒနဲ့ ကိုမင်းစိုး၊ ပြီးတော့ ကိုကိုပေါ့၊ သူတို့တွေက ငယ်ငယ်လေးထဲက ပေါင်းလာတဲ့ အခင်ဆုံး သူငယ်ချင်းတွေ "

ကေသွယ်နဲ့ပါလာတဲ့ ဖူးပွင့်တစ်ယောက် နန္ဒအမည်ကြောင့် လိုက်လာမိတာ မှားသွားပြီတု စိတ်ထဲမှာ တွေးလိုက်တယ်၊ ဖူးပွင့်နဲ့ ကေသွယ်က အင်္ဂလိပ်စကားပြောသင်တန်းကြမှခင်သွားတဲ့ သူငယ်ချင်းပါ။ တစ်ယောက်ထဲ အဖော်မရှိ၍ ဖူးပွင့်ကို အတင်းခေါ်သဖြင့် အားနာပြီး လိုက်လာခဲ့ပေမယ့် မွေးနေ့ပိုင်ရှင်မိသားစုဆိုတာ ဖူးပွင့်အတွက် အစိမ်း သက်သက်ပဲ၊ ကေသွယ်နဲ့ စောသန္တာက ငယ်သူငယ်ချင်းတွေ၊ စောသန္တာ မိသားစုနဲ့ သာရေး၊ နာရေးကိစ္စတိုင်းမှာ မဖြစ်မနေလာရမဲ့ လူစာရင်းထဲ ကေသွယ်ပါတယ်၊ အဲ့ကြောင့် သင်တန်းကိုဖျက်ပြီး ဖူးပွင့်ကို အကူအညီ တောင်းကာ မွေးနေ့ပွဲကိုလာခဲ့ခြင်း ဖြစ်သည်။

" ကိုဒီရဲဆိုတာ ဘယ်လိုလူစားလဲ "

" လောကရဲ့အပြင်ဘက်ကို ရောက်နေတဲ့လူလို့ ကိုကိုခဏခဏ ပြောဖူးတယ်၊ အဲ့ပေမယ့် သူတို့သူငယ်ချင်းလေးယောက်ထဲမှာတော့ ကိုဒီရဲက ခေါင်းဆောင်လိုဖြစ်နေတယ် "

ထိုအချိန်တွင် ဇော်ထက်က စောသန္တာတို့ စားပွဲဝိုင်းကို ရောက် လာသဖြင့် စကားစက ပြတ်သွားသည်။

" ညီမလေး "

" ကိုကိုကတော့ လုပ်လိုက်ပြန်ပြီ "

ဇော်ထက်က စောသန္တာခေါင်းကို ချစ်စနိုးဖြင့် ပုတ်လိုက်ပြီး . . .

" ဒီရဲလေ၊ ဒီကောင့်ကို ပညာပေးချင်လို့ ကိုကိုတို့သူငယ်ချင်းတွေ စီစဉ်လိုက်တာပါ "





" ကိုကို ဒီလိုလုပ်လို့ ကိုဒီရဲက ဘာဖြစ်သွားမှာလဲ "

" ဖြစ်တာပေါ့ ညီမလေးရဲ့၊ ဒီကောင်က ထင်ပေါ်ကျော်ကြားမှုကို မလိုချင်တဲ့ကောင်၊ လူတွေက ဂရုစိုက်တာကို မနှစ်သက်ဘူး၊ အဲ့ပေမယ့် သူနဲ့တွေ့တဲ့ လူတိုင်းကို နည်းမျိုးစုံနဲ့ စိတ်ဒုက္ခပေး တတ်တယ်။ အဲ့ကြောင့် ကြုံကြိုက်တုန်းလေးမှာ ဒီရဲကို ပညာ ပြန်ပေးတာပါ၊ နန္ဒနဲ့ မင်းစိုးတို့ကပါ သဘောဟုတယ် "

" ညီမလေးက ဝိုင်းတိုင်းကိုသွားပြီး သီချင်းဆိုမဲ့လူနဲ့ ဆိုမဲ့ သီချင်းစာရင်းကို ယူလာခဲ့၊ မသွားခင် ဒီရဲနာမည် ထည့်ထား လိုက်နော်၊ ဒီကောင် အနည်းဆုံး သီချင်းငါးပုဒ်လောက် ဆိုနိုင်း ရမယ် "

" ကိုကိုနဲ့ မိတ်ဆက်ပေးရမယ် "

" စောသန္တာကတော့ ကိုကိုသိပါတယ်၊ ဟိုဘက်က မမနာမည်က ဖူးပွင့်တဲ့၊ ကေသွယ်နဲ့ အင်္ဂလိပ်စကားပြော သင်တန်းမှာ ခင်တဲ့ သူငယ်ချင်းလေ "

ဇော်ထက်စိတ်ထဲမှာ ဖူးပွင့်ကိုကြည့်ပြီး ဆွဲဆောင်မှုရှိတဲ့ ကောင်မလေးတစ်ယောက်ဟု သတ်မှတ်လိုက်သည်။

" ဟုတ်ကဲ့ ကျွန်တော့်နာမည် ဇော်ထက်ပါ "

" ခုလို မွေးနေ့ပွဲကို လာရောက်ချီးမြှင့်တဲ့အတွက် ကျေးဇူး အများကြီးတင်ပါတယ်၊ သီချင်းဆိုချင်ရင်တော့ ညီမလေးဆီမှာ စာရင်းပေးထားပါနော် "

ဇော်ထက်က ညီ့သည်နှစ်ယောက်ကို နှုတ်ဆက်ပြီး လှည့်ပြန် လာခဲ့သည်။

" တော့ကောင် ဇော်ထက် "

" ဘာလဲ ဒီရဲ "

ဒီရဲ လှမ်းခေါ်သံကြောင့် ဇော်ထက်ရောက်လာတယ်၊

" မင်းခုန ဘယ်လိုပုံစံနဲ့ ကြေငြာတာလဲ "

" ဘာဖြစ်လို့လဲ "

ဇော်ထက်ပုံစံက ဘာမှကိုမသိနားမလည်တဲ့ ကလေးတစ်ယောက်ရဲ့ ပုံမှအရာပါ၊ အဲ့ကို ဒီရဲကြည့်ပြီး မထိတထိ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

" အေးပေါ့ကွာ၊ အခုချိန်မှာတော့ ငါတာ ထောင်ချောက်ထဲကို ကြုံးသွင်းခံရတဲ့ လူတစ်ယောက်ဖြစ်နေတယ်၊ မင်းတို့သုံးယောက် အလှည့်ကျမှ လာပြီးမင်္ဂလာနဲ့နော်၊ ဒီရဲ့အကြောင်း မင်းတို့သိပါတယ် "

" အချင်းချင်းတွေပဲကွာ၊ အငြိုးတွေမထားပါနဲ့၊ ပြီးတော့ ငါ့မွေးနေ့မှာ အားလုံးပျော်စေချင်တဲ့ စေတနာနဲ့လုပ်လိုက်တာပါ "

" တာ . . . ပီပြင်တဲ့ သရုပ်ဆောင်ချက်ကွာ၊ ကမ္ဘာကျော် မင်းသားတွေတောင် မင်းလောက် သရုပ်ဆောင်တတ်မှာ မဟုတ်ဘူး။ ထားပါတော့၊ ဒီနေ့အဖို့မှာ မင်းမွေးနေ့အတွက် ငါ့ရဲ့လက်ဆောင်လို့ပဲ သတ်မှတ်လိုက်ပါတယ် "

ဒီရဲ့ ပြောစကားတွေကို နားထောင်ပြီး သူတို့သုံးယောက်ရင်ထဲမှာ စိုးရိမ်မှုပြန်သွားသည်။ တစ်ချိန်ချိန် ဒီရဲ့ပြန်ပြီး ဒုက္ခပေးမှာ သိနေတယ်လေ၊ ဒီရဲ့ဆိုတဲ့ကောင်က မလွယ်ဘူး၊ သူတို့ထက် ကလိမ်ကကျစ်ဉာဏ် ပိုပြီး ကောင်းတယ်၊ နေရာဒေသပေါ်မှာမူတည်ပြီး စကားလုံးကို ရွေးချယ် အသုံးပြုတတ်တယ်၊ မထူးတော့ဘူးလေ၊ ဒီရဲ့ကို ဒုက္ခမပေးလဲ ဒီရဲ့က သူတို့ကို ဒုက္ခပေးနေတာပဲ၊ အနဲဆုံးတော့ စိတ်ဆင်းရဲအောင် လုပ်တယ်၊

" သွား မင်းလုပ်စရာရှိတာ ဆက်လုပ်ပါ "

နန္ဒနဲ့ မင်းစိုးတို့က သူတို့မတုတ်တဲ့အတိုင်း ငြိမ်သက်နေတယ်။

"ပထမဆုံး အလှည့်ကျတဲ့လူကတော့ ကြယ်တာရာ တေးဂီတအဖွဲ့မှ ဒရမ်မာ ကိုသိန်းပဲ ဖြစ်ပါတယ် "

ကိုဟိန်းက ကီးဘုတ်တီးတဲ့ ဇော်ထက်ဘေးထိုင်ခုံမှာ ဝင်ထိုင်ပြီး သီချင်းတစ်ပုဒ်ကို စဆိုသွားသည်။ သီချင်းပြီးသွားတဲ့အချိန်မှာ လက်ခုပ်သံက တဖြောင်းဖြောင်း ပေါ်ထွက်လာ၏။ ကိုဟိန်းပြီးတော့ နောက်တစ်ယောက် မီးရီးတစ်ခွေအတွက် ဇော်ထက်တို့က တီးပေးထားဟဲ့ အဆိုတော်ဟု မင်းစိုးက ပြောလိုက်သည်။ ဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ သီဆိုသွားပြီးတဲ့ အချိန်မှာတော့ ဒီရဲ့အလှည့်ကို ရောက်လာသည်။

" ယခုအလှည့်ကျတဲ့လူကတော့ ဒီရဲ့ပဲ ဖြစ်ပါတယ် "

ဒီရဲ့ နှာခေါင်းတစ်ချက်ရှုံ့ကာ ထိုင်ရာမှ ထသွားတယ်။ နန္ဒနဲ့ မင်းစိုးက ဒီရဲ့ကို ပြုံးစိစိဖြင့်ကြည့်ကာ လက်ခုပ်တီးနေကြ၏။

" ကေသွယ် "



" ဘာလဲ သန္တာ "

" ဟို ကိုဒီရဲ့သီချင်းဆိုပြီးတိုင်း နောက်သီချင်းတစ်ပုဒ် ထပ်ဆိုပါ့မယ်လို့ အော်ကြနော်၊ မွေးနေ့ပွဲလာတဲ့ လူတော်တော်များများပါ ဝိုင်းအော် လိမ့်မယ် "

" ဘာဖြစ်လို့လဲ "

" မသိဘူး၊ ကိုကိုက နင့်သူငယ်ချင်းတွေကိုလည်း အဲဒီလို ပြောလိုက်လို့ မှာထားတယ်၊ အဲ့ကြောင့် ငါနဲ့သိတဲ့လူတွေကို လျှောက်ပြောနေတာ "

" ကိုဒီရဲ့က ဘယ်မှာလဲ "

" ဟိုမှာလေ၊ အခုတိုကိုဘေးနားမှာ ရပ်နေတာ ကိုဒီရဲ့ပေါ့ "

ကေသွယ်နဲ့ ဖူးပွင့် ပြိုင်တူလှမ်းကြည့်တယ်။

" ချောသားပဲ၊ ပြီးတော့ ယောကျ်ားပီသတယ် "

" စိတ်ကူးမယဉ်နဲ့ ကေသွယ်၊ ကိုဒီရဲ့က မိန်းမတွေကို စိတ်ဝင်စားတာ မဟုတ်ဘူး "

စောသန္တာနဲ့ ကေသွယ်စကားပြောနေကြတဲ့အချိန်မှာ ဖူးပွင့်က ဒီရဲ့မျက်နှာကို သေချာထပ်ကြည့်လိုက်တယ်။

တုတ်ပါတယ်၊ ဘယ်လိုမှ မမှားနိုင်တဲ့ မျက်ဝန်းတစ်စုံပါ။ ယောကျ်ား ပီသစွာရှိနေတဲ့ မျက်နှာပေါ်က ခံစားမှုကင်းမဲ့တဲ့ အေးစက်စက် မျက်ဝန်း တစ်စုံကို ဖူးပွင့်အသေအချာ မှတ်မိတာပေါ့။

" မင်းဘာဆိုမှာလဲ "

ဒီရဲ့သီချင်းကိုပြောပြီး စဆိုလိုက်တယ်။

မွေးနေ့ပွဲကို လာကြတဲ့လူတွေအားလုံး ငြိမ်ကျသွား၏။ အဆိုတော် တစ်ယောက် မဟုတ်ပေမယ့် ဒီရဲ့အသံက ဆွဲဆောင်မှုရှိသည်။ ယောကျ်ားတွေကို အထင်မကြီးတတ်တဲ့ ဖူးပွင့်တောင်မှ ဒီရဲ့ကို စိတ်ထဲမှချီးကျူးမိတယ်။ သီချင်း တစ်ပုဒ်ပြီးသွားတဲ့အချိန်မှာ လက်ခုပ်သံတွေနဲ့အတူ နေရာပေါင်းစုံမှ နောက်ထပ်တစ်ပုဒ်ထပ်ဆိုရန် တောင်းတဲ့သံတွေ ထွက်လာသည်။ ဒါဟာ ဇော်ထက်တို့သုံးယောက် ကြံထားတဲ့ အကြံအစည်လေ။

" တော်ပြီ ဇော်ထက် "

" ဆိုလိုက်ပါကွာ၊ ပရိသတ်တွေက တောင်းဆိုနေတာပဲ "

www.burmeseclassic.com

www.burmeseclassic.com

" လုပ်ပေါ့ကွာ "

ဒီရဲပြောပြီး နောက်တစ်ပုဒ် ထပ်ဆိုသည်။

စီးရီးထွက်မဲ့ အဆိုတော်တွေတောင် ဒီရဲအသံကိုကြားပြီး လိုက်လိုက်လှဲလှဲ အားပေးကြသည်။ တကယ်ကောင်းတဲ့အသံပါ၊ ဆိုတဲ့သီချင်းနဲ့ အသံက အလွန်လိုက်ဖက်တယ်။

" နောက်တစ်ပုဒ်ထပ်ဆိုပါ "

ဒီရဲ ဇော်ထက်ကို ကြည့်လိုက်တယ်။

" ဆိုလိုက်ပါကွာ "

တောင်းဆိုသံတွေက မရပ်မနား ပေါ်လာသည်။

မဆိုမချင်း တောင်းနေမဲ့သဘောလေ၊ အဲဒီအထဲမှာ ကေသွယ်က အဆိုးဆုံးပဲ၊ သူမအသံစူးစူးလေးနဲ့ နောက်တစ်ပုဒ်ဆိုရန် တအား အော်ပြောနေသည်။

" လုပ်ပေါ့ကွာ "

ဒီရဲ တစ်ပုဒ်ထပ်ဆိုလိုက်သည်၊ အားလုံးသော အကြည့်တွေက ဒီရဲဆီမှာပါ၊ ဇော်ထက်လိုချင်တာလဲ ဒီလိုပုံစံပဲ၊ တစ်ခါတစ်လေ သူတစ်ပါး မကြိုက်တဲ့ကိစ္စကို အကွက်ဆင်ပြီး လုပ်နိုင်းတဲ့အရသာတာ ဘာနဲ့မှမလဲနိုင်ဘူး၊ ဒီရဲရဲ့သီချင်းသံက အားလုံးကို ဖမ်းစားထားတယ်၊ ဖူးပွင့်တောင်မှ တစ်ချက်တစ်ချက် ဒီရဲအသံပေါ်မှာ စီးမျောသွားခဲ့တယ်၊ ပြီးတော့ ဒီရဲဆိုတဲ့ ဘီချင်းတွေက လူတွေပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ သီချင်းတွေလေ၊ လူအများစု ခံစားလို့ရတာပေါ့။

" နောက်တစ်ပုဒ် "

ဒီရဲစဉ်းစားနေတယ်၊ သူတာ နာမည်ကြီး အဆိုတော်မဟုတ်ဘဲ ဘာဖြစ်လို့ ဆက်တိုက်တောင်းဆိုနေတာလဲ၊

" ဆိုစမ်းပါ၊ မင်းပြီးရင် နောက်လူ မရှိတော့ဘူး "

" လုပ်ပေါ့ကွာ "

ဒီရဲ လေးပုဒ်မြောက် သီချင်းကို ထပ်ဆိုရပြန်သည်။ ဇော်ထက်ကတော့ သူ့အကြံအောင်မြင်နေသဖြင့် ကီးဘုတ်တီးရဟာ အရမ်းတက်ကြွနေတယ်။

ငါးပုဒ်၊ ခြောက်ပုဒ်နဲ့ ခုနစ်ပုဒ်မြောက်သီချင်းကို ဆိုလိုက်တဲ့ အချိန်မှာပင် ဒီရဲ သဘောပေါက်သွားသည်။ သူတို့တောင်းဆိုနေတဲ့





လူတွေထဲမှာ နန္ဒနဲ့ မင်းစိုးအသံက အကျယ်ဆုံးပဲ၊ ဒါဟာ ဇော်ထက်တို့ သုံးယောက်ဆင်တဲ့ အကွက်မှန်းသိပေမဲ့ စိတ်ထဲမှာအောင့်အင်း မျိုသိပ်ထားလိုက်သည်။ ထို့နောက် ဘယ်လိုပဲ တောင်းဆိုသံကြားကြား မိုက်ကို ပြန်တပ်ပြီး နေရာမှာ ပြန်ထိုင်လိုက်သည်။

" သန္တာ ငါ့ကို မိတ်ဆက်ပေးပါလား "

" ပြောကြည့်မယ်လေ၊ ကိုဒီရဲလက်ခံရင်တော့ ဒီဝိုင်းကို ငါခေါ်လာမယ် "

" ကေသွယ် နင်မိတ်ဆက်ချင်ရင် နေခဲ့တော့၊ ငါပြန်တော့မယ်"

" ခဏလေးပါ ဖူးပွင့်ရယ် "

ဖူးပွင့်စိတ်ထဲမှာ ဘာမှန်းမသိပဲ ဒေါသထွက်နေသည်။

" မရဘူးတာ၊ ငါပြန်ချင်နေပြီ "

လေသံက နည်းနည်းမာသွားတယ်၊ ကေသွယ်လည်း ဖူးပွင့်ကို ပေါ်လာတဲ့အတွက် ပြန်ချင်တဲ့ဆန္ဒကို လိုက်လျောလိုက်သည်။

" သန္တာ နောက်နေ့ကျမှပဲ မိတ်ဆက်ပေးတော့တာ၊ အခုငါတို့ ပြန်တော့မယ် "

ကေသွယ်နဲ့ ဖူးပွင့်တို့က သန္တာကိုနှုတ်ဆက်ပြီး ပြန်သွားကြသည်။

" မင်းကို အားပေးကြတယ် "

မင်းစိုးက ထိုင်ထိုင်ခြင်း ပြောခဲ၊ နန္ဒက . . .

" ဇော်ထက်မွေးနေ့မှာ မင်းနာမည်ကြီးသွားပြီ "

သူကပြုံးပြီး . . .

" မင်းတို့နှစ်ယောက် ဘာဖြစ်လို့ အသံဝင်နေတာလဲ "

ဟုမေးလိုက်သည်။

" အမ် "

ဒီရဲစကားကြောင့် နန္ဒနဲ့မင်းစိုး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး နင်သွားကြသည်။

" ဟိုလေ မင်းဆိုတဲ့သီချင်းကို ငါတို့လိုက်ဆိုနေတာ "

ဒီရဲက သူတို့ပြောတဲ့စကားတွေကို ယုံကြည်ဟန်ဖြင့် ငြိမ်နေလိုက်သည်။ ...ဒီကောင်တွေက အဟုတ်မှတ်ပြီး တစ်ယောက်နဲ့တစ်ယောက် မျက်မသာ ...ပေကောင်ပြနေတယ်။


www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ ဇော်ထက်ရောက်လာတယ်။

“ ကျေးဇူးပဲ ဒီရဲ ”

“ ရပါတယ်ကွာ၊ သူငယ်ချင်းတွေပဲ၊ လုပ်ပေးရမှာပေါ့ ”

“ မင်းတို့သုံးယောက် မပြန်ကြနဲ့တော့ကွာ၊ တော်ကြာ ဆိုင်ကို သွားပြီး ဘီယာသောက်ကြမယ် ”

အားလုံး ညီညီညွတ်ညွတ် သဘောတူလိုက်ကြသည်။



## အခန်း (၅)

ဘီယာဝိုင်းက စိုပြေနေပြီ၊ တော်တော်မူးနေကြသည်။ မှာထားတဲ့ အမြည်းတွေက စားပွဲပေါ်တွင် ပြည့်ကြပ်နေ၏။ ဘီယာ သောက်မှာလား၊ အမြည်းစားမှာလားဆိုတဲ့ မေးခွန်းမျိုး မေးရမလို ဖြစ်နေသည်။

တစ်ခါမှာတော့ ဘီယာလေးလုံးနဲ့ ကိုယ့်ပုလင်းကိုယ် တာဝန်ယူပြီး သောက်ရတာ၊ ခုအချိန်မှာတော့ သူတို့တွေ သုံးလုံးစီကုန်သွားသဖြင့် ရီဝေဝေ ဖြစ်ပြီး စကားပြောသွက်နေကြသည်။

“ ငါ့ဘကြီးက ပြောဖူးတယ် ”

“ မင်းဘကြီးလား မင်းစိုး ”

“ အပ် မင်းသိလို့လား ”

ဒီရဲက ကြက်သားဖတ်တစ်ခုကို တူဖြင့်ညှပ်ယူဝါးလိုက်ပြီး . . .

“ ဟိုတုန်းကတော့ အရမ်းရင်းနှီးတယ် ”

“ မဖြစ်နိုင်ပါဘူးကွာ၊ ငါ့ဘကြီးသေတော့ မင်းက ကလေးပဲ ရှိသေးတယ် ”

ဒီရဲက ခေါင်းခါရမ်းလိုက်ကာ . . .

“ မင်းဘကြီးက သေတာမဟုတ်ဘူး၊ ခုခေတ်လူငယ်တွေလို နိုင်ငံခြားကို ထွက်သွားတာ ”

“ သေတာပါကွာ၊ ငါ့အဖွားနဲ့ ငါ့အမေတောင် ငိုကြတာပဲ ”

“ အဲဒါ ခက်တာ၊ ငါပြောတာကို မင်းဘာဖြစ်လို့ မယုံတာလဲ ”

“ သေတာကွ၊ နိုင်ငံခြားကို ထွက်သွားတယ်ဆိုရင် ခုအချိန်မှာ ပြန်လာရမှာပေါ့ ”


www.burmeseclassic.com

www.burmeseclassic.com

သူကိုယ်တိုင် မြေးတစ်ယောက်အနေနဲ့ ယေတာပါလို့ ပြောနေတာကို နိုင်ငံခြားထွက်သွားတာပါဆိုပြီး ဒီရဲက ငြင်းနေသည်။

" နိုင်ငံခြားထွက်သွားတဲ့ လူတွေအကုန်လုံး ပြန်လာတယ်လို့ မင်းကိုဘယ်သူပြောလဲ၊ အချို့ဆိုရင် အခြားနိုင်ငံမှာ အိမ်ထောင်ကျပြီး အပြီးနေတဲ့လူတွေ အများကြီးကွ၊ မင်းဘကြီးလည်း ဟိုမှာ နောက်မိန်းမ ယယ်ယူနေမှာပေါ့ "

" ဒီရဲ ငါ့ဘကြီးသေသွားတာ၊ မင်းပြောသလို ဘယ်နိုင်ငံမှ မသွားဘူး "

မင်းစိုး စိတ်တိုလာသည်။ ကျန်တဲ့နှစ်ယောက်ကလည်း သူ့ဘက်က ဝင်မပြောဘဲ ဘီယာနည်းနည်းသောက်ပြီး အမြည်းကိုပဲ စားနေကြတယ်၊

" သွားတယ်၊ မင်းဘကြီး နိုင်ငံခြားကို တကယ်သွားတာ "

မင်းစိုး ခွက်ထဲက ဘီယာကိုတရှိန်ထိုး မော့သောက်လိုက်သည်။ ဒေါသတွေကို ဘီယာနဲ့ ပြန်မျိုသိပ်တာပါ။

ဒီရဲကတော့ အေးအေးဆေးဆေးပဲ၊ သူပြောတာ မှန်တယ်ဆိုပြီး ဘီယာကို ဖြည်းညင်းစွာ သောက်တယ်။

" အဲဆို ဘယ်နိုင်ငံလဲ "

" မရဏနိုင်ငံလေ "

" တာကွာ "

မင်းစိုး ဖန်ခွက်ကိုကိုင်ပြီး ဆောင့်လိုက်တယ်။

" မင်းဘကြီး တစ်လကို ဘယ်လောက်ပို့လဲ "

" ဒီရဲ တော်တော့ကွာ "

" ငါသာဆိုရင် မသွားဘူး၊ ဘယ်နဲ့ကွာ၊ သွားစရာ နိုင်ငံရှားလို့ ပိုက်ဆံတစ်မက်ပဲ ဗိဇာခကုန်တဲ့ မရဏနိုင်ငံကိုမှား သွားရတယ်၊ ကြားတဲ့လူအဖို့ ရယ်စရာကြီး သွားတဲ့လူကလည်း သိက္ခာကျတယ် "

" တော်တော့လို့ ငါပြောနေတယ်နော် "

ဒီရဲက ဂရုမစိုက်ဘဲ။

" နန္ဒတို့ဆိုရင် ဘယ်လောက်ဂုဏ်ရှိလဲ၊ အစ်ကိုက ဂျပန်ကို သွားတာ သိန်းတွေအများကြီးကုန်တယ်၊ လူတိုင်းက အထင်ကြီးကြတယ်၊ ဟိုရောက်တော့လည်း ပိုက်ဆံတွေ အများကြီးရတယ် "





" မင်းစိုး မင်းတို့မျိုးရိုးက ပေါချောင်ကောင်းလိုက်တဲ့ မျိုးရိုးလား "

" ငါပြန်မယ် "

မင်းစိုးမျက်နှာ နီရဲလာတယ်။

" ဒီရဲ တော်တော့ကွာ၊ ဒီကောင်တကယ် စိတ်ဆိုးနေပြီ "

ဇော်ထက်က ကြားထဲမှဝင်ပြီး ပြောလိုက်သည်။

" ဘကြီးကို အရမ်းချစ်တာကွ "

မင်းစိုးမျက်လုံးထဲက မျက်ရည်တွေ အပြင်ကိုထွက်ကျ လာတယ်၊ ပြီးတော့ ဝမ်းနည်းသံကြီးဖြင့် . . .

" ငါ့ဘကြီးကလည်း ငါ့ကိုအရမ်းချစ်တာ "

ဒါကို ဒီရဲနားထောင်ပြီး . . .

" မင်းအဘွားလောက် မင်းဘကြီးကို မင်းမချစ်ပါဘူးကွာ "

" မင်းဘကြီးကလည်း မင်းအဘွားထက် မင်းကိုပို မချစ်ဘူး "

မင်းစိုး အမူးပြေသွားသည်၊ ဘယ်အချိန်ထဲက ဒီရဲသူ့ကို အမြင်ကပ်နေသလဲ မသိဘူး၊ တိုက်ခိုက်လိုက်တဲ့ စကားလုံးတွေက ရင်ထဲကို ထိသည်။

" တိုမှာ မိန်းမရလို့ မင်းတို့ဆီ ပြန်မလာတာ ဖြစ်မယ် "

" ဝုန်း "

မင်းစိုး စားပွဲခုံကို လက်သီးဖြင့် ထိုးလိုက်သည်၊

" ငါ့ကိုမတားနဲ့၊ ငါပြန်မယ် "

မင်းစိုးက ကမူးရှူးထိုးနဲ့ ဆိုင်ထဲက ထွက်သွားသည်။ နန္ဒနဲ့ ဇော်ထက်က တားပို့ကြိုးစားပေမယ့် နောက်ကျသွားသည်၊

" ဒီကောင် တကယ်ထိသွားဟာ "

" ခင်လို့စဟာကို သီးမခံနိုင်ရင် သွားပေါ့ကွာ၊ မလွမ်းပါဘူး "

ဇိတ်တာလေးက ဒီရဲဖန်ခွက်ထဲကို ဘီယာထည့်ပေးသည်၊

" ပျော်ချင်လို့ ဘီယာသောက်ပါတယ် "

" ဘာဖြစ်လို့လဲ နန္ဒ "

" ခြော် မင်းစိုး ဒီလိုထွက်သွားတော့ စိတ်မကောင်းဘူး ပေါ့ကွာ "

" ဒါဆို မင်းလိုက်သွားလေ "

" ဘာဆိုင်လို့လဲ "


www.burmeseclassic.com

www.burmeseclassic.com



" မဆိုင်ရင် ပါးစပ်ပိတ်ပြီး ဇော်ထက်တိုက်တဲ့ ဘီယာကို
သောက်၊ ကျွေးတဲ့အမြည်းကို အေးအေးဆေးဆေးစားပါ "

နန္ဒ အောင့်သက်သက် ဖြစ်သွားတယ်၊ အတူတူ ကပ်စားတာချင်း ဒီရဲက သူ့ကိုဖဲ့လိုက်တယ် မဟုတ်လား။

" မင်းက ဘယ်သူကျွေးတာစားလဲ "

" ဇော်ထက်ဆိုတဲ့ ငါ့ညီလေးကျွေးတာလေ၊ ဇော်ထက်နဲ့ငါ ဘာတော်လဲဆိုတာ မေးကြည့်လိုက်စမ်းပါ "

" အပိုတွေပြောမနေနဲ့ ဒီရဲ၊ ငါတို့တာ ငယ်ငယ်လေးထဲက ပေါင်းလာတဲ့ သူငယ်ချင်းတွေ တစ်ယောက်အကြောင်းတစ်ယောက် အကုန်သိတယ် "

" ဪ မင်းကမယုံဘူးပေါ့၊ ဒါဆို ငါအမှန်အတိုင်း ပြောလိုက်ပါမယ်၊ ငါ့ကို ခွင့်လွှတ်ပါ။ ငါတို့အနှစ်နှစ် အလလလျှို့ဝှက်လာခဲ့တဲ့ မိသားစု အတွင်းရေးကို ဘီယာသောက်ပြီး ဖွင့်ပြောရတာ တတယ်ဝမ်းနည်းဖို့ ကောင်းပါတယ် "

ဒီရဲစကားကို နားထောင်ပြီး ဇော်ထက်ဇဝေဇဝါ ဖြစ်သွားတယ်၊ နန္ဒကတော့ သူတို့နှစ်ယောက်မျက်နှာကိုကြည့်ပြီး အရမ်းစိတ်ဝင်စားနေသည်။ ဇော်ထက်နဲ့ဒီရဲ အမျိုးတော်တယ်လို့ တစ်ခါမှ မကြားမိဘူး။

" သေချာမှတ်ထား နန္ဒ၊ နောက်ပြီး ဒီစကားတွေကို မင်းရင်ထဲမှာပဲ သိမ်းထားပြီး ဘယ်သူ့မှ လျှောက်မပြောပါဘူးလို့ ကတိပေးပါ "

နန္ဒရင်ထဲမှာ သိချင်စိတ်တွေ ပိုပြီးပြင်းထန်နေတယ်၊ ဒါ့ကြောင့် ဒီရဲတောင်းတဲ့ကတိကို အလွယ်တကူ ပေးလိုက်သည်။

" ငါကတိပေးပါတယ် "

ဒီရဲ ဇော်ထက်မျက်နှာကို တစ်ချက်ကြည့်ပြီး . . .

" ဇော်ထက်က ငါနဲ့ ဖအေမတူမအေကွဲကွ "

" တကယ် "

" မဟုတ်ဘဲ ငါပြောမလား "

" မယုံနိုင်စရာပဲကွာ "

" ဒါ့ကြောင့် ငါပြောတာ၊ စပ်ကြည့်ရင် အမျိုးအရင်းကြီးလေ "

" အေးပေါ့၊ ဖအေမတူ မအေကွဲဆိုတော့ ညီအရင်းလို့တောင်





ပြောလို့ရတယ် "

" ဒါပေါ့ကွာ "

_ ဇော်ထက်က ရယ်ချင်သဖြင့် ဘီယာကို မော့သောက်လိုက်တယ်။ နန္ဒမူးနေပြီ၊ လူလည်တွေ တန်းစီဆိုတဲ့အထဲမှာ နန္ဒပါတယ်၊ နောက်လှည့်ကြည့်တော့ ဖနောင့်ပဲတွေ့ရတယ်ဆိုတာ နန္ဒလိုလူမျိုးကို ပြောတာလေ။

" အေးပေါ့ကွာ၊ မင်းက ဇော်ထက်နဲ့ ညီအစ်ကိုဆိုတော့ ပြောအားရှိတာပေါ့ "

" ငါစေတနာနဲ့ပြောတာ၊ အမြဲတမ်း သူများဆီက အလကား ကပ်စားဖို့ စိတ်မကူးနဲ့၊ ငါ့လို ပိုက်ဆံတွေ ယူလာရတယ် "

ဒီရဲက အေးမိုးစန္ဒာပေးတဲ့ တစ်ထောင်တန်အထပ်လိုက်ကို စားပွဲပေါ် ပစ်တင်ပြသည်။

နန္ဒ ငြိမ်ကျသွားတယ်။

ဒီရဲပဲလေ၊ ဘယ်လိုလူမျိုးက လာကျောလို့ရမှာလဲ၊

" ဒီရဲ ငါ့ကို တစ်ထောင်တန် ဆယ်ရွက်လောက် ငှားပါလား "

" မငှားပါဘူးကွာ၊ အလကားယူသွား "

ဒီရဲ တစ်ထောင်တန်ဆယ်ရွက်ကိုရေပြီး နန္ဒကို ပစ်ပေးလိုက်တယ်၊ နန္ဒက ဝမ်းသာအားရယူလိုက်တဲ့အချိန်မှာပင် ဒီရဲစကားသံက ထွက်ပေါ်လာ၏။

" မင်းအကျင့်ကို ငါမကြိုက်တာ အဲဒါတွေပဲ၊ လူမြင်ရင် ဘယ်လို ကပ်စားရမလဲလို့ စိတ်ကူးပြီး သူများဆီကပိုက်ဆံကို အချောင် လိုချင်တဲ့ စိတ်ဓါတ်ကို ပြုပြင်သင့်နေပြီ "

နန္ဒက ပိုက်ဆံကိုကိုင်ပြီး အိပ်ထဲထည့်ရတော့မလို ပြန်ပေးရ မလိုမလို ဖြစ်သွားတယ်။

" ငါမင်းကို ပြန်ပေးမှာပါ "

" ကောက်ကျစ်တဲ့ဉာဏ်တွေ မသုံးစမ်းပါနဲ့ကွာ၊ ယောက်ျားပဲ၊ ပွင့်ပွင့်လင်းလင်းမရှိလို့ တောင်းတယ်ပြောစမ်းပါ၊ ငါသာဆိုရင် သေသွားပါစေ၊ မင်းလို ဘယ်တော့မှ မတောင်းဘူး "

" တော်ပြီကွာ၊ မင်းပိုက်ဆံ မယူတော့ဘူး "

နန္ဒက ပိုက်ဆံကို စားပွဲပေါ် ပြန်ပစ်တင်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

" မရှိလို့ ခဏငှားပါတယ်၊ အပြောခံရတာ မချိမဆန့်ဘဲ "

" ဒီက စေတနာနဲ့ အလကားပေးတာ၊ မယူလည်း မတတ်နိုင်ဘူး ကွာ "

ဒီရဲ ပိုက်ဆံကိုယူပြီး ဘောင်းဘီထဲပြန်ထည့်လိုက်တယ်။

နန္ဒက ဒီရဲကို လက်သီးဖြင့်ထိုးရမလို လက်အုပ်ချီပြီး ဦးချရမလို ဖြစ်နေသည်။

ဒီညအဖို့ ဒီလောက်နဲ့ပဲ ရပ်တန့်ရန် ဆုံးဖြတ်မိတယ်၊ ဒါပေမယ့် စိတ်ထဲမှာတော့ မကျေနပ်တဲ့ အပိုင်းအခဲလေးတစ်ခုကတော့ တည်ရှိနေသေးတယ်၊ ဇော်ထက်ကိုတော့ ဘီယာတိုက်တဲ့မျက်နှာနဲ့မို့ ခွင့်လွှတ်ထားလိုက်အုံးမယ်။

" ပြန်ကြမယ် "

ဒီရဲ ပြောပြီး 'ဘော'တောင်းလိုက်သည်။

'ဘော'စာရွက် ဒီရဲလက်ထဲရောက်ချိန်မှာ ဘယ်လက်ဖြင့် ဘောင်းဘီအိတ်ကို နှိုက်လိုက်၏။

" ငါရှင်းမယ် ဒီရဲ "

ဇော်ထက်က ဒီရဲရှင်းမယ်ထင်ကာ 'ဘော'စာရွက်ကို လှမ်းယူပြီး ပြောသည်။ 'ဘော' စာရွက် ဇော်ထက်လက်ထဲရောက်သွားချိန်တွင် ဘောင်းဘီထဲနှိုက်ထားတဲ့ ဒီရဲဘယ်လက် ပြန်ထွက်လာသည်။

ဒီရဲလှုပ်ရှားမှုကို မျက်တောင်မခတ် သေချာကြည့်နေတဲ့နန္ဒက ဒီရဲလက်ကိုလှမ်းကြည့်ပြီး မျက်နှာရှုံ့မဲ့သွား၏။

ဒီရဲက လက်ထဲပါတဲ့ စနိုးတာဝါကိုဖောက်ပြီး ခပ်တည်တည်နဲ့ မျက်နှာသုတ်လိုက်တယ်၊ ဇော်ထက် ပိုက်ဆံရှင်းပြီးတဲ့အချိန်မှာတော့ ကားကိုယ်စီဖြင့် ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့ကြသည်။





" ကောင်လေးက မဆိုးဘူး "

အန်တီလေးရဲ့ အစမရှိအဆုံးမရှိ စကားကြောင့် ဖါးစပ်ထဲထည့် ကာနီး ကိတ်မုန့်တစ်ချပ်က တို့လို့တန်းလန်း ဖြစ်သွားတယ်။

" ဘယ်ကောင်လေးလဲ၊ ဒီအသက်အရွယ်ရောက်မှ စိတ်ကူး မယဉ်နဲ့တော့နော် "

" ဘာတွေလျှောက်ပြောနေတာလဲ "

" အန်တီလေးပဲ ကောင်လေးက မဆိုးဘူးဆို "

" ညည်းအတွက်ပြောနေတာ "

" ရှင် ဖူးပွင့်အတွက် "

ဖူးပွင့် မျက်လုံးလေး ဝိုင်းစက်သွားသည်။

" တုတ်တယ် "

" ညည်းနဲ့ပေးစားမဲ့ ကိုထွန်းတူလေးကို ပြောတာ "

" အန်တီလေး ဘယ်တုံးက တွေ့တာလဲ "

" မနေ့က ကိုထွန်းဝိုင်းလိုက်လို့ အိမ်ရောက်လာတယ်လေ၊ ရည်ရည်မွန်မွန်လေးပါ။ ရုပ်ရည်ကလဲ ယောကျ်ားတစ်ယောက် ပီသတယ် "

ဖူးပွင့်စိတ်ထဲမှာ ဒီရဲကို ပြန်မြင်ယောင်မိသည်။ ဒီရဲဆိုတဲ့ ကောင်လေးလဲ ယောကျ်ားပီသတဲ့သူပါ၊ သူ့မကို ဂျစ်ကန်ကန်မပြောရင် သူ့သီချင်းဆိုတဲ့ အချိန်မှာ အားရဝမ်းသာ အားပေးမိမှာ သေချာတယ်။

" စကားပြောကောင်းတယ်၊ သူ့တိုတူအရင်းတစ်ယောက်လို


www.burmeseclassic.com

www.burmeseclassic.com

သဘောကောင်းပါ့လိုပြီး မှန်မှန်ကောင်းလို့ အန်တီလေးပေးလိုက်တယ် ”

“ ဘယ်လောက်လဲ ”

“ ငါးသောင်းထဲပါ ”

“ အများကြီးပဲ ”

“ ညည်းတစ်ခါသုံးတောင် မရှိပါဘူး ”

“ ဒါပေမယ့် အန်တီလေးရယ်၊ ဖူးပွင့်က တူမအရင်းလေ၊ ဟိုက ဘာမှမဆိုင်တဲ့ သူစိမ်း၊ အဲဒီလောက်အထိ ပေးရသလား ”

“ နောက်ဆို ကိုယ့်တူဖြစ်တော့မှာပဲ ”

“ ယောကျ်ားပိုင်းလုံးများလား မသိဘူး ”

“ တဲ့ ကိုယ်နဲ့ယူမဲ့ယောကျ်ားကို ဒီလိုမပြောရဘူးလေ၊ ပြီးတော့ တစ်ချိန်ကသာ ကိုယ်ထွန်းက ဆင်းရဲတာ၊ ခုအချိန်မှာ လုပ်ငန်းရှင် စီးပွားရေးသမား တစ်ယောက်အဖြစ် ရပ်တည်နေပြီ ”

“ အန်တီလေး ဖူးပွင့်ယောကျ်ားမယူချင်သေးဘူး ”

ဒီနေ့အထိ ဖူးပွင့်စိတ်ထဲမှာ ယောကျ်ားတွေကို လုံးဝအထင်မကြီးဘူး။ အချစ်ဆိုတာကို ခဏဘေးဖယ်ထားပြီး တစ်ဘဝလုံး စိတ်ချ ယုံကြည်စွာနဲ့ လက်တွဲရမယ်၊ ဘဝကြင်ဖော်ဆိုတာ ဘယ်လိုတာမျိုးလဲ။

“ လူကြီးချင်းအားလုံးပြောပြီးသွားပြီ ”

“ စာချုပ်ချုပ်ထားတာမှ မတုတ်ဘဲ၊ ပြန်ဖျက်လိုက်ပေါ့ ”

“ လူဆိုတာ ကိုယ်ပြောတဲ့စကားကို ကိုယ်တန်ဖိုးထားရတယ်၊ ပေးထားတဲ့ကတိကိုလည်း တည်အောင်ကြိုးစားရတယ်၊ ငါဟာ မိဘတွေကိုပေးခဲ့တဲ့ ကတိစကားကြောင့် ကိုထွန်းနဲ့မယူခဲ့သလို ကိုထွန်းကိုပေးခဲ့တဲ့ ကတိစကားကြောင့် တခြားယောကျ်ား တစ်ယောက်ကိုလည်း လက်မထပ်ခဲ့ဘူး။ ငါ့ဘဝမှာ ငါပြောတဲ့ စကားကို အသက်နဲ့ထပ်တူတန်ဖိုးထားတယ်၊ ဒါ့ကြောင့် ကိုထွန်း တူလေးနဲ့ ပေးစားမယ့် အစီအစဉ်ကို လုံးဝမဖျက်နိုင်ဘူး ”

အန်တီလေးက စကားကို အကုန်ပြောလိုက်သည်။

“ ဒါဟာ တကယ်တော့ လုံးဝအဓိပ္ပါယ်မရှိဘူး၊ တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဘူးမမြင်ဘူးဘဲနဲ့ တစ်သက်လုံးအတူတူ နေရမဲ့ကိစ္စက တွေးကြည့်ရင် စိတ်ညစ်စရာကြီး၊ နောက်ပြီး





တစ်ယောက်အကြောင်းတစ်ယောက် ဘာမှသိတာမတုတ်ဘူး၊ ညားပြီးကာမှ ဖူးပွင့်အပေါ် အရမ်းဆိုးနေရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ သူလည်းအရွယ်ရောက်တဲ့ ယောကျ်ားတစ်ယောက်ပဲ၊ ချစ်သူမရှိဘူးလို့ အန်တီလေး အာမခံနိုင်လား ”

“ ညည်းက ငါ့ကိုထုံအနေတဲ့ မိန်းမများ ထင်နေသလား။ လူကို မနေ့ကမှ တွေ့ဖူးပေမယ့် သူ့အကြောင်းကို အားလုံးစုံစမ်းပြီးပြီ၊ ဒါ့ကြောင့် ညည်းနဲ့အသင့်တော်ဆုံးလို့ထင်ပြီး စီစဉ်တာပေါ့ ”

ဖူးပွင့် သက်ပြင်းရှည်ကြီးကို လေးလေးပင်ပင်ချလိုက်သည်။ အချစ်မပါတဲ့ အိမ်ထောင်ရေးကို ဖူးပွင့် မတည်ဆောက်ချင်ဘူး၊ ဘဝမှာ ပျော်စရာကောင်းတဲ့ အသိုက်အမြုံလေးဆိုတာ အချစ်ပါမှ ပြီးပြည့်စုံတာလေ၊ ဒါ့ကြောင့်လည်း ဖူးပွင့်ရင်ထဲမှာ နှစ်နှစ်ကာကာမချစ်ဘဲနဲ့ ဘယ်သူ့ကိုမှ အဖြေမပေးဘဲ နေခဲ့တာပေါ့၊

“ ဖူးပွင့် သင်တန်းသွားတော့မယ် ”

အန်တီလေးကိုပြောပြီး ဖူးပွင့်သင်တန်းထွက်လာခဲ့သည်။ ကားပေါ် ရောက်မှပဲ အန်တီလေးရှေ့မှာ မွန်းကြပ်နေတဲ့ ဖူးပွင့်စိတ်တွေ ပြေလျော့ သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

" ဟိုမှာ ဖူးပွင့်ကား ရောက်လာပြီ "

ကားပါကင်ထဲကို ထိုးရပ်လာတဲ့ စပေါ်ဆလွန်းကားအဖြူကို မြင်၍ နန္ဒပြောလိုက်သည်။ သူတို့နှစ်ယောက် ကားပါကင်နဲ့ ခပ်လှမ်းလှမ်းအကွာ အဝေးကနေ ကားရပ်ပြီး ကြည့်နေတာပါ။

" ဖူးပွင့်ဆိုတာ အဲဒီကောင်မလေးပဲ "

ဒီရဲစိတ်ထဲမှာ မြင်ဖူးသလိုရှိသည်ဟု ထင်လိုက်သည်။ ဘယ်နေရာမှာ မြင်လိုက်တာလဲ၊ ဒီရဲဦးနှောက်ကို အလျှင်အမြန်အလုပ်ပေးပြီး စဉ်းစားလိုက်သည်။

" အရမ်းလှတယ်ကွာ၊ လမ်းလျှောက်ပုံကိုက ကဗျာဆန်နေတာ"

" အရေးထဲ အချစ်ရူးကတာမှောင့် "

ဒီရဲ စိတ်ထဲမှာ နန္ဒကို အပြစ်တင်ပြီး ဆက်စဉ်းစားနေ၏။

" ဒီရဲ မင်းသေချာကြည့်စမ်း။ သူ့ပုံစံက တလောကလုံးကို စိန်ခေါ်နေသလိုပဲ၊ မိန်းမတစ်ယောက်ရဲ့ ထက်မြက်ခြင်းတွေ သူ့ဆီမှာ အပြည့်ရှိတယ်ကွ "

နန္ဒပြောနေတဲ့အချိန်မှာပဲ ဖူးပွင့်က သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

" နောက်နေ့ကျရင် လေယာဉ်ကားကနေသွားစောင့်ပြီး အပြတ်မေးရမယ်"

ဒီရဲ အမြင်ကတ်သွားသည်။

" မချစ်ပါဘူးလို့ ပြောပြီးပြီပဲ၊ မင်းကဘာထပ်မေးမှာလဲ "

နန္ဒ မဖြေနိုင်တော့ပေ၊ ဒီရဲပြောတဲ့အတိုင်းပဲ ဖူးပွင့်က အပြတ်





ပြောထားတဲ့အတွက် သူ့မှာမေးစရာ စကားလုံးတွေ မရှိတော့ဘူး။ ဒီရဲက

" ငါသူ့ကို မြင်ဖူးတယ် "

" မဖြစ်နိုင်ပါဘူးကွာ "

" မင်းယုံဖို့ ငါပြောနေတာမဟုတ်ဘူး။ ငါ့ရဲ့အမှန်တရားအတွက် ဘယ်လိုလူမျိုးကမှ ထောက်ခံပေးစရာ မလိုသလို သက်သေလည်း မခေါ်ဘူး "

ဒီရဲလေသံက ပြတ်သားသည်။

" အေးပါကွာ၊ ငါဖူးပွင့်နဲ့တွေ့ရင် ဘယ်လိုစကားမျိုးပြောရမယ် ဆိုတာ အကြံဉာဏ်လေး ပေးစမ်းပါ "

" သူပြောတဲ့စကားက ကျန်နေပြီ၊ တစ်ခုတော့ရှိတယ်၊ ခုရက်ပိုင်းမှာ သူ့ကိုဘာစကားမှမပြောဘဲ မင်းရင်ထဲကအချစ်တွေကို နားလည်အောင် ပြီးတော့ မင်းတကယ်ချစ်တယ်ဆိုတာသိအောင် အမူအယာနဲ့ပြတာ အကောင်းဆုံးပဲ "

" ဒီရဲ မင်းတကယ်တော်တဲ့ကောင်ကွာ၊ မင်းဦးနှောက် အတွေးအခေါ်တွေကို ကမ္ဘာ့ဈေးကွက်မှာ လေလံတင်လိုက်ရင် ဒေါ်လာသန်းချီပြီး ရမှာ "

" ငါသေပေးရမှာလား "

" သဘောပြောတာပါကွာ "

တော်သေးတာပေါ့ဟု စိတ်ထဲက သတ်မှတ်မိသည်။

" ဒီရဲ အချစ်အတွက်နဲ့ သေရမယ်ဆို သေရဲလား "

" သေချင်းတရားဆိုတာ ကြောက်စရာမလိုဘူး နန္ဒ၊ သေပြီးနောက်ပိုင်း ဘာဖြစ်မှန်းမသိမှာကိုတော့ ကြောက်တယ်၊ သေတယ်ဆိုတာလဲ လူကြားကောင်းအောင် သေတတ်ဖို့လိုတယ်၊ အချို့လူတွေ သေသာသွားတယ် လူကြားလို့မကောင်းဘူး "

" ဘယ်လိုလူမျိုးတွေလဲ "

" မင်းပြောတဲ့အချစ်အတွက် ကိုယ့်ကိုကိုယ် သတ်သေတဲ့ လူမျိုးတွေလေ၊ ဘယ်သူက သနားမှာလဲ၊ ကြားတဲ့လူတိုင်း နှာခေါင်းရှုံ့ကြတယ်"

ဒီရဲ ကားစက်နှိုးလိုက်သည်။ နန္ဒနဲ့ စကားပြောနေပေမယ့် ဖူးပွင့်ကို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်မှာတွေ့ဖူးသလဲဆိုတဲ့ အတွေးကတော့ ဦးနှောက်ထဲမှာ မပျောက်ပျက်ပေ၊ အခုအချိန်မှာတော့ ဒီရဲကားလေးက ဖူးပွင့်တို့ သင်တန်းကို ကျော်ခိုင်းပြီး လမ်းမပေါ်မှာ ပြေးနေသည်။

" မင်းဘယ်သွားစရာရှိလဲ "
" ဘာဖြစ်လို့လဲ နန္ဒ "
" ဇော်ထက်ဆီသွားကြမယ် "
" ဒီကောင်အားလို့လား "
" ခုရက်ပိုင်းမှာ အသံသွင်းဖို့မရှိဘူး ပြောတာပဲ "
" အဲဆိုသွားလေ "

ဒီရဲ ကားလေးက ဇော်ထက်ကို အိမ်ဆီကို ဦးတည်လိုက်သည်။

" မင်းဆိုဘာလုပ်နေလဲ မသိဘူး။ ညကမင်းကို စိတ်ဆိုးသွားတယ် "

ဒီရဲဘာမှ ပြန်မပြောဘဲ ကားကို ဂရုတစိုက်မောင်းနေသည်။

" ဇော်ထက် ညီမလေးက လှတယ်၊ ကမ္ဘာကြီးက လုံးတယ် ဆိုတာကို ဘယ်သူက မြေပုံဆွဲကြည့်တာလဲ မသိဘူး။ ငါ့စိတ်ထဲမှာ တစ်ခုစဉ်းစားမိတယ်၊ မိန်းမ,မရဘဲ သေသွားလို့ နောက်ဘဝမှာ 'အမ'ဖြစ်သွားရင် ယောက်ျားဖြစ်ခဲ့တဲ့ လူ့ဘဝကြီးဟာ အရမ်းကို နှမြောစရာကောင်းမှာ "

ဒီရဲကားကို လမ်းဘေးချကာ ဘရိတ်ကိုဖောင့်နင်းလိုက်သည်။

" ကျွိ "
" အမလေး "

နန္ဒ အလန့်တကြား အော်ဟစ်လိုက်တယ်။

" ဖြည်းဖြည်းလုပ်ပါ "
" မင်းပါးစပ်ကို ပိတ်ထားနန္ဒ၊ စကားပြောချင်ရင် ဇော်ထက်အိမ်





ရောက်မှပြောတော့ "

နန္ဒစိတ်ထဲမှာ သိပ်မကျေနပ်ချင်၊ သူ့ပါးစပ် လွတ်လပ်ခွင့်ကို ဒီရဲလိုကောင်မျိုးက တားမြစ်ခွင့်ရှိလား၊ ဒါပေမယ့် ဖွင့်မပြောရဲဘူး၊ သူ့ စကားတစ်လုံးပြောလိုက်ရင် ဆယ်လုံးမကတဲ့စကားတွေက သူ့ဆီကို တရစပ်ပြန်လာမှာသေချာသည်။

ဒီရဲ လီဗာကိုနင်းပြီး ကားကိုပြန်မောင်းလိုက်တယ်၊ နန္ဒစကားများပုံက သာလိကာတောင် အရှုံးပေးရမည်။ ပြီးတော့ ဘာမှရေရေရာရာရှိတာမဟုတ်ဘူး၊ စကားတွေက ဟိုရောက်ဒီရောက်နဲ့ ဒီရဲကလည်း လူတစ်မျိုး၊ အနှစ်သာရမရှိတဲ့စကားတွေဆိုရင် ဦးနှောက်ခြောက်ခံပြီး နားမထောင်ချင်ဘူး၊ ဒါဟာ သူ့ရဲ့စိတ်ပါ၊ သူတို့နှစ်ယောက် ဇော်ထက်အိမ်ရောက်တော့ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။

" ဒီကောင် ဘယ်သွားလဲမသိဘူး "

နန္ဒက တိုးတိုးလေး ငြီးငြူပြီး အသံအကျယ်ကြီးဖြင့် အော်ခေါ်လိုက်သည်။ ဒါပေမယ့် ဘာသံမှ ပြန်ထွက်မလာဘူး။

" မရှိဘူး ထင်တယ် "

နန္ဒက သူ့ထင်မြင်မှုကို ပြောသည်။

" အဲဆို ပြန်မယ်ကွာ "

ဒီရဲကားကို ဇော်ထက်တို့အိမ်ကနေ ပြန်လှည့်မောင်းလာခဲ့သည်။ ပြီးတော့မှ နန္ဒကို အိမ်လိုက်ပို့ပြီး ဒီရဲပြန်လာခဲ့၏။ ဒီရဲ အိမ်ရောက်တော့ မင်းစိုးနဲ့ဇော်ထက်တို့က အဆင်သင့်စောင့်နေသည်။

" မင်းဘယ်တွေ လျှောက်သွားနေတာလဲ "
" တိုကောင် နန္ဒပေါ့ "
" သူ့ကား အင်ဂျင်ကိုင်နေလို့ ငါ့ကိုအကူအညီလာတောင်းတာနဲ့ သူကြိုက်တဲ့ကောင်မလေးဆီ လိုက်ပို့တာပါ၊ ပြီးတော့ မင်းအိမ်ကို သွားတယ်၊ ဘယ်သူမှမရှိလို့ ငါတို့ပြန်လာတာ "
" ဘယ်လိုလဲ အဆင်ပြေလား "
" ဒီကောင်လား အနားတောင် ကပ်လို့မရဘူး၊ သူ့ကိုသာ အသေအလဲကြိုက်တာပါကွာ၊ ဟိုက နန္ဒကို လူ့လောကထဲမှာရှိတဲ့ လူသားတစ်ယောက်လို့တောင် အသိအမှတ်မပြုဘူး "


www.burmeseclassic.com

www.burmeseclassic.com

" ဘော်တော် စန်းပွင့်တာပဲ "

မင်းစိုးက မှတ်ချက်ချလိုက်သည်။

" မင်းတို့နှစ်ယောက် ပေါင်းပြီးလာတယ်ဆိုတော့ ထူးခြားနေပြီ"

" အေးကွာ၊ မင်းစိုးငါ့ဆီလာပြီး မိန်းမခိုးမယ့်ကိစ္စ ပြောပြတာနဲ့ မင်းကိုတိုင်ပင်ရအောင် ထွက်လာတာ "

" ဦးလေးဘယ်သွားလဲ "

စောစောက ငါတို့နဲ့ စကားပြောပြီး အခန်းထဲပြန်ဝင်သွားတယ်။

သူက မင်းစိုးကိုကြည့်ပြီး . . .

" မင်းက မိန်းမခိုးပြီး ဘာလုပ်ကျွေးမှာလဲ "

ဟု မေးလိုက်သည်။

" အဲဒါကို ငါစဉ်းစားနေတာ "

" ကောင်းတွာ "

" မိန်းမပဲယူတော့မယ်၊ ဘာလုပ်ကျွေးမယ်ဆိုတာ ခုအချိန်ထိ စဉ်းစားနေတုံးပဲလား။ မထူးပါဘူး။ ငါ့ဆီသာ ပို့ထားလိုက်တော့ "

" မလုပ်ပါနဲ့ကွာ "

မင်းစိုး မျက်နှာငယ်လေးနဲ့ တောင်းပန်လိုက်သည်။

" အဲဆို မင်းစဉ်းစားလေ၊ မိန်းမတစ်ယောက်ယူပြီးရင်တော့ လမ်းဘေးမှာ ကြိုးချည်ထားလို့ မရဘူး "

မင်းစိုး တွေဝေသွားသည်။

ဒီရဲစိတ်ထဲမှာ မင်းစိုးကို မိန်းမ မယူစေချင်သေးဘူး၊ အလုပ်အကိုင် အတည်တကျမရှိဘဲနဲ့ မိန်းမယူလိုက်ပါက တစ်ဘဝလုံး လျှောက်ရမယ့် လမ်းခရီးတာ ဘယ်လိုလုပ်ပြီး လွယ်ကူချောမွေ့မလဲ၊ သူငယ်ချင်းအတွက် ဒီရဲစိုးရိမ်သည်။ လူ့လောကမှာ တစ်ယောက်ထဲ လွတ်လွတ်လပ်လပ် ရပ်တည်စာ လွယ်ပေမယ့် ဘဝတစ်ခုကို ထူထောင်တဲ့နေရာမှာ အရမ်းခက်ခဲသည်။ ဒါကို မင်းစိုးဘာဖြစ်လို့ မသိပါလိမ့်။

" ငါလည်း သူ့ကိုပြောပါတယ်၊ မိန်းမယူတယ်ဆိုတာ မခဲယဉ်းဘူး။ နောက်ဆုံး မင်္ဂလာဆောင်ဖို့ ပိုက်ဆံမရှိရင်တောင် တရားရုံးမှာ လက်မှတ်ထိုးလို့ရတယ်၊ ဒါပေမယ့် အခြေခံမရှိဘဲ မိန်းမယူတဲ့နောက်ပိုင်း ကိုယ်ပဲခံရမှာလေ၊ မိန်းမဆိုတာ ခေါင်းရှောင်တာတဲ့





မျိုးကွ၊ ယောက်ျားတွေကို အိမ်ထောင်ဦးစီးနေရာမှာ ထားကယ် ဆိုတာ သက်သက်လူ့မိုက်ငွားထားတာ၊ အဲဒါကို အရှုံ ယောက်ျားတွေက နားမလည်ဘဲ အိမ်ဦးနတ်ဆိုပြီး ဘဝင်မြင့်နေကြတယ် "

" ကောင်မလေးက ငါ့ကို အတင်းနိုးနိုင်းနေတယ် "

" မင်းတို့ကြားမှာ လူမှုရေးကိစ္စတွေရှိလား "

" ငါအဲဒီလောက်ထိ မယုတ်မာဘူး ဒီရဲ "

" မသိပါဘူး၊ မင်းက လှတဲ့မိန်းကလေးတွေမြင်ရင် သားရေတွေ တမြားမြားနဲ့ ကြည့်တတ်တဲ့အကျင့်ရှိလို့ မေးကြည့်တာပါ "

" ဒါတော့ ယောက်ျားလေးပဲကွာ၊ ချောတာ၊ လှတာမြင်ရင်တော့ ဘာရယ်မဟုတ်ဘူး ကြည့်မိတာပေါ့ "

" မင်းစိတ်ကလည်း မိန်းမယူချင်နေပြီလား "

" ငါ့ကိုယ်ငါ ဝေခွဲလို့မရဘူး၊ ဒါပေမယ့် သူ့ကိုတစ်ဘဝလုံး အတွက် ရည်ရွယ်ပြီး ချစ်တာပါ "

" ဘယ်လိုပဲချစ်ချစ်လေ၊ ခုအချိန်မှာ မင်းမိန်းမ မယူသင့်သေးဘူး၊ ငါပြောတာ မင်းနားလည်လား။ ဘဝတစ်ခုကို တည်ဆောက်မယ်ဆိုရင် အခြေခံအုတ်မြစ်တစ်ခုကို ခိုင်ခိုင်ခံ့ခံ့ချထားရတယ်၊ ဘာဖြစ်လဲကွာ၊ မိန်းမယူပြီးရင် မိဘအိမ်ကို ခေါ်လာမယ်ဆိုတဲ့ အတွေးမျိုး ယောက်ျားကောင်းတစ်ယောက်ရဲ့ အတွေးမဟုတ်ဘူး၊ လူဆိုတာ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ ဖြစ်ပေါ်လာတဲ့ အကျိုးဆက်ကို ကိုယ်ပဲတာဝန်ယူသင့်တယ်၊ လောကမှာ အိမ်ထောင်ကွဲပြီး ပျက်စီးလေလွင့်နေတဲ့လူတွေကို ကြည့်စမ်း၊ ဘယ်လောက် သံဝေဂရဖို့ကောင်းလဲ၊ အချစ်ကို ဘဝလို့ထင်ပြီး စိတ်ကူးယဉ် တည်ဆောက်လိုက်တဲ့ အိမ်ထောင်ရေးဟာ ကြာရှည်မတည်မြဲဘူး ဆိုတဲ့ ပြယုတ်တစ်ခုပဲ၊ အချစ်က အချစ်ပဲ၊ ဘဝဟာ ဘဝပဲ၊ အချစ်နဲ့ဘဝဟာ ရောထွေးလို့မရသလို ညီမျှခြင်းလည်း မဟုတ်ဘူး . . .

ငါထပ်ပြောမယ် မင်းစိုး၊ တကယ်တော့ မင်းတို့ပြောတဲ့ အချစ်ဆိုတာ ဘာမှမဟုတ်ဘူး၊ အချစ်ကို ကိုးကွယ်မိလို့ အချစ်တစ်ခုအပေါ်မှာ ရူးရူးမိုက်မိုက်ခံစားမိလို့ ဘဝပျက်ပြီး အသက်စွန့်ရတဲ့ သူ့ကောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင္မွာ အမ်ားႀကီးပဲ၊ ဒီထက္ ငါထပ္ေျပာရင္ တစ္သက္လံုး လူပ်ိဳႀကီးလုပ္ခ်င္တဲ့ စိတ္ေပါက္သြားလိမ့္မယ္၊ မင္းကို မိန္းမ မယူရဘူးလို႔ ေျပာတာမဟုတ္ဘူးေနာ္၊ လူဆိုတာ မ်ိဳးဆက္ တစ္ခုေတာ့ ထားခဲ့ရမယ္၊ ငါေျပာေနတာက ကိုယ့္ဘဝကိုယ္ အာမခံခ်က္မရွိေသးတဲ့ အခ်ိန္မွာ မိန္းမယူမိလို႔ ေမြးဖြားလာမဲ့ ကေလးေတြ ေနာင္ေရးအတြက္ စဥ္းစားၿပီးေျပာတာပါ ”

မင္းစိုးတစ္ေယာက္ ဒီရဲရဲ႕ မွန္ကန္တဲ့ စကားလံုးေတြေအာက္မွာ ၿပိဳတ္မိေနတယ္၊ ဒီရဲက ဘဝကို အမွန္တရားဘက္ကသာ ရပ္တည္ၿပီးၾကည့္တဲ့ လူတစ္ေယာက္ေလ၊ ဒီရဲမွာ ရင့္က်က္တဲ့ အေတြးအေခၚေတြ ရွိတယ္၊ ေရွ႕ေရးကို ေမွ်ာ္ျမင္တဲ့ အသိဉာဏ္ရွိတယ္၊ ဒီ႔ေၾကာင့္ ဒီရဲစကားကို မင္းစိုး နားေထာင္ရန္ ဆံုးျဖတ္လိုက္သည္။

“ ငါ သူ႔ကို နားလည္ေအာင္ ေျပာျပမယ္ ”

“ အေကာင္းဆံုးပဲ မင္းစိုး ”

“ သူ႔ဘက္က လက္မခံရင္ေတာ့ ငါ့ဘက္က ကံတရားေပါ့ကြာ ”

ဒီရဲ ေခါင္းကို ခါယမ္းလိုက္ၿပီး . . .

“ မင္းသူ႔ကို စြန္႔ပစ္တာမွ မဟုတ္တာ၊ ႏွစ္ကိုယ္တူ ဘဝတစ္ခုကို သာသာယာယာ ျဖတ္သန္းဖို႔အတြက္ ေတာင္းဆိုတဲ့အခ်ိန္ကာလ တစ္ခုကိုေတာ့ လိုက္ေလ်ာေပးရမွာေပါ့၊ ေျပာၾကည့္စမ္းပါကြာ၊ မင္းခ်စ္သူသာ အသိဉာဏ္ရွိတဲ့ မိန္းကေလးတစ္ေယာက္ဆိုရင္ မင္းေျပာတဲ့စကားကို လက္ခံရမယ္၊ အခ်စ္ဆိုတာ ရင္ထဲမွာပဲ ရွိတာပါ၊ ဘဝကိုတည္ေထာင္တဲ့ေနရာမွာ ဦးေႏွာက္နဲ႔ႏွလံုးကိုယ္က အဓိကက်တယ္ ”

မင္းစိုး စိတ္ထဲမွာ လန္းဆန္းတက္ႂကြသြားတယ္၊ ဒီ့ဟာ ျဖစ္ေနတဲ့ သူ႔ႏွလံုးသားအေျဖတစ္ခုသာ ဒီရဲဆီလာေတာ့မွ သိလိုက္ ရသည္။ မင္းစိုးတာ ခ်စ္သူကို ခ်စ္တတ္တဲ့ လူတစ္ေယာက္ပါ၊ ဘဝမွာ ဘာမွအဆင့္သင့္ မျဖစ္ေသးတဲ့အခ်ိန္မွာ ခ်စ္သူကို ဘယ္လိုလုပ္ၿပီး ဆြဲေခၚရမလဲ။

“ ငါတို႔သြားမယ္ ဒီရဲ ”

“ တစ္ခုေတာ့ မွတ္သြားမင္းစိုး။ ဘဝမွာ မွန္ကန္တဲ့ဆံုးျဖတ္ခ်က္ တစ္ခုကို ရဲရဲဝံ့ဝံ့ခ်တတ္ဖို႔လိုတယ္၊ ဒီမွ ေနာင္တ,မရမွာ ”





မင္းစိုးေခါင္းၿငိမ့္ျပၿပီး ေဇာ္ထက္ကိုေခၚကာ ဒီရဲတိုက္ခန္းကေန ျပန္သြားၾကသည္။

ဖူးပြင့္ မ်က္ႏွာေလး သုန္မႈန္ေနသည္။ သီတတစ္ေယာက္ ဖူးပြင့္ကို သင္တန္းကေန စားေသာက္ဆိုင္ေခၚလာထဲက ဖူးပြင့္မ်က္ႏွာ မေကာင္းမွန္း ရိပ္မိေန၏။

“ ဖူးပြင့္ ဘာျဖစ္ေနလဲ ”

သူမက သီတကို ေတြေတြေလး စိုက္ၾကည့္ၿပီး . . .

“ အန္တီေလးက ငါ့ကို ေယာက္်ားေပးစားဖို႔ စီစဥ္ေနၿပီ ”

သီတ ရင္ေတြ တုန္လႈပ္သြားသည္။ အခ်စ္ဆိုတာကို ဘာမွန္းမသိတဲ့ အခ်ိန္ထဲက ဖူးပြင့္ကို သီတခ်စ္မိသြားတာပါ၊ တကယ္ခ်စ္သူကို စြန္႔လႊတ္ ရေတာ့မယ္ဆိုေတာ့ ခံႏိုင္ရည္စြမ္းအားေတြ အလိုလိုေပ်ာက္ဆံုးကုန္သည္။

“ ဘယ္သူနဲ႔လဲ ”

“ အန္တီေလး မိတ္ေဆြတစ္ေယာက္ရဲ႕ တူပါ ”

“ နင့္မွာ ျငင္းပိုင္ခြင့္ ရွိလား ”

“ မရွိဘူး သီတ၊ အန္တီေလးအေၾကာင္းကို ငါေသခ်ာသိတယ္၊ ေပးၿပီးကဲ့ကတိစကားေပၚမွာ အသက္နဲ႔လဲၿပီး တန္ဖိုးထားတာ ”

သီတ ရင္ေမာသြားသည္။

ေနခ်င္းစာကို ဖူးပြင့္နဲ႔ ေပ်ာ္ေပ်ာ္ပါးပါးစားမယ္ဆိုတဲ့ စိတ္ကူးေတာင္ ယ္ကိုထြက္ေျပးမွန္း မသိေတာ့ဘူး။ စားပြဲေပၚမွာရွိတဲ့ စားစရာေတြေတာင္ ေႏးစက္ကုန္ၿပီ။

“ ငါဘာကူညီေပးရမလဲ ”

“ အခ်စ္ဆိုတာ ဘယ္လိုခံစားခ်က္ဆိုတဲ့ အေျဖတစ္ခုကို ငါသိခ်င္တယ္၊ နင့္ကိုၾကေတာ့ သူငယ္ခ်င္းတစ္ေယာက္သံေယာဇဥ္


www.burmeseclassic.com

www.burmeseclassic.com

ထက်ပိုပြီး စဉ်းစားလို့မရဘူး။ ငါလေ နင့်အတွက် အများကြီး စဉ်းစားခဲ့ဖူးတယ်၊ အဲဒီပေမယ့် နင့်ကိုငါ မချစ်နိုင်တာကိုတော့ နားလည်ပေးပါတာ ”

“ ငါ နားလည်ပေးပြီးသားပါ။ နင့်ကို စပြီးချစ်မိထဲက ပိုင်ဆိုင်ဖို့ ဆိုတဲ့ မျှော်လင့်ချက်တစ်ခုကို အစွမ်းကုန်အထိ တွေးမထားဘူး။ ရယူခြင်းမှ မတွတ်ပါဘူး။ ပေးဆပ်ခြင်းနဲ့ချစ်ခွင့်ရတဲ့ အချစ်ကိုလည်း ငါတန်ဖိုးထားမှာပါ ”

“ အန်တီလေးပုံစံက ငါ့ကို အမြန်ဆုံး ယောက်ျားပေးစားမဲ့ အစီအစဉ်ရှိတယ် ”

“ နင်တို့ လူချင်းတွေပြီးပြီလား ”

“ နာမည်တောင် မသိဘူး။ ယောက်ျားတစ်ယောက်ကို ဘယ်လို ပုံသဏ္ဍာန်မှန်း မသိဘဲယူရပဲ့ ငါ့ရဲ့ဘဝကို နင်တွေးကြည့်စမ်းပါ ”

“ တစ်ခုတော့ ကောင်းတယ် ဖူးပွင့် ”

“ ဘာလဲ ”

“ ဩော် စောစောစီးစီး ယောက်ျားရသွားတော့ နင့်အတွက် အန္တရာယ်ကင်းတာပေါ့ ”

“ ပြဿနာတာ ရှောင်တတ်ရင် လွယ်ပါတယ်၊ အခုက စိတ်ထဲမှာ မတင်မကျဖြစ်နေတာတာ လောကမှာ အချစ်ဆိုတာ တကယ်ရှိလား ဆိုတဲ့ အချက်ပဲ ”

သီတ ဖူးပွင့်ကို ဘယ်လိုပြောရမလဲ၊ အချစ်ဆိုတာ တကယ်ရှိတယ်ဆိုပြီး ရင်ဘက်ထဲကို ဓါးနဲ့ခွဲပြီး နှလုံးသားကို ထုတ်ပြဖို့ ဆိုတာလည်း သတ္တိမရှိဘူး။ ပါးစပ်နဲ့ ပြောရင်လည်း ကိုယ်တိုင် မခံစားဘူးတဲ့ ဖူးပွင့်က ယုံမှာ မတုတ်ပေ။

“ စိတ်ညစ်စရာတွေ ဘေးဖယ်ပြီး ငါတို့စားကြမယ် ”

သီဟပြောမှ ဖူးပွင့်လည်း စားဖို့ သတိရသွားသည်။

ထို့နောက် နှစ်ယောက်စလုံး တိတ်ဆိတ်စွာဖြင့် စားသောက်လိုက်ကြသည်၊ အစားအစာတွေက နှစ်ယောက်စလုံး အကြိုက်တွေပဲ မှာထားပေမဲ့ အတွေးတွေနဲ့ ဗိုက်ထဲပြည့်နေသဖြင့် သိပ်ပြီးမစားနိုင်ပေ။

ဖူးပွင့်စားပြီးသွားသဖြင့် ပါးစပ်ကို တစ်သျှူးစဖြင့်သုတ်ကာ သီဟကို





ကြည့်လိုက်သည်။ သီဟလည်း ဖူးပွင့်ကို ကြည့်နေသဖြင့် အကြည့်ချင်းဆုံကာ ပြုံးတုံ ခပ်တိုးတိုးလေး ရယ်မောလိုက်သည်၊

“ နောက်ဆို နင့်ကို ဒီလိုကျွေးခွင့်ရမှာမဟုတ်တော့ဘူး ”

“ မဆိုင်ပါဘူး သီဟရယ်၊ ငါတို့က ထာဝရ သူငယ်ချင်း မိတ်ဆွေတွေလေ၊ ငါယောက်ျားရတဲ့အချိန်မှာတောင် နင်ကျွေးချင်တဲ့ စေတနာရှိသေးရင် လာခေါ်ပါ ”

“ နင်လိုက်မှာလား ”

“ ယောက်ျားခွင့်ပြုရင်တော့ လိုက်မှာပေါ့ ”

သူတို့နှစ်ယောက် နောက်ထပ် ပြုံးတုံရယ်မောကြသည်။အမှန်တော့ တစ်ယောက်ကိုတစ်ယောက် ဖြေသိမ့်လိုက်တာပါ။ အဲဒါကို နှစ်ယောက်စလုံး နားလည်လိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

အခန်းတံခါးကို တခုန်းခုန်းထုသံကြောင့် ဒီရဲ လန့်နိုးသွားသည်။ အိပ်ချင်စိတ်က မပျောက်သေးဘူး၊ ဒီရဲ မထချင်ဘဲနဲ့ လူးလဲထကာ အခန်းတံခါးဖွင့်လိုက်ချိန်တွင် ဦးလေးရဲ့ အေသမျက်ဝန်းကြီးနဲ့ တန်းတိုးသည်။

" ဘယ်အချိန် ရှိနေပြီလဲ "

" ဦးလေးမှာ နာရီရှိသားပဲ "

" သိတယ်၊ ဒင်းဘယ်အချိန်ထိ ဆက်အိပ်မှာလဲလို့ မေးတာကွ "

" ဘာဖြစ်လို့လဲ ဦးလေး "

" ကျွန်တော် နိုးတဲ့အချိန်ထိတော့ အိပ်မယ် "

ဦးထွန်းနိုင်စိုးက သူ့တူ ဒီရဲအကြောင်းသိသည်။ ဒီရဲကို သူတစ်ခွန်းကိုယ်တစ်ခွန်း စကားအခြေအတင်ပြောနေပါက တစ်သက်လုံး အဆုံးသတ်မှာမဟုတ်ပေ၊ ဒါ့ကြောင့် အတိုဆုံးနဲ့ အထိရောက်ဆုံးသောနည်းကို သုံးလိုက်သည်။

" ဒီနေ့ စန္ဒာတို့အိမ်ကို မင်းပါလိုက်ခဲ့ရမယ် "

" ဘာသွားလုပ်မှာလဲ ဦးလေး "

" မရှည်နဲ့ကွာ၊ မင်းမျက်နှာသစ် ရေချိုးပြီးရင် ညခန်းကို လာခဲ့၊ ငါစောင့်နေမယ် "

ဒီရဲ စိတ်ရှုပ်စွာဖြင့် ခေါင်းကို ကုတ်လိုက်သည်။

ကိုယ့်ဘာသာ နှာဘူးကျတဲ့ကိစ္စ တစ်ယောက်တည်း သွားပါလား။ ဘာကိစ္စ သူ့ကို အဖော်ခေါ်နေတာလဲ။

" မြန်မြန်လာခဲ့နော် "

ဦးလေးထွန်း သတိပေးပြီး အခန်းရှေ့ကနေ ပြန်ထွက်သွားသည်။





" မလာဘူး ဘာဖြစ်လဲ "

ဒီရဲက ဦးလေးထွန်းနောက်ကျောကိုကြည့်ကာ မဲ့ရွဲ့ပြီး စိတ်ထဲက ပြောလိုက်တယ်။ ဒါကို ဦးလေးထွန်း မကြားဘူး။

ဒီရဲ ရေချိုးပြီးထွက်လာတော့ ဦးလေးထွန်းက ညခန်းမှာ စောင့်နေသည်။

" ကျွန်တော် ဘာမှ မစားရသေးဘူး "

ဒီရဲ ဗိုက်လေးပွတ်ကာ ပြောသည်။

" တိုကျိုမှ စားစမ်းပါ၊ သူတို့ အဆင်သင့် လုပ်ထားတယ် "

ထိုအချိန်တွင် ဦးလေးထွန်း ဟန်းဖုန်းက အသံမြည်လာသည်။

" ဟဲလို "

" ဪ စန္ဒာလား "

" ကိုထွန်းအခု လာနေပြီ "

" ဟုတ်တယ်၊ လမ်းမှာ မီးပွိုင့်မိလို့ ကြာနေတာလေ "

" အေးကွာ၊ ယာဉ်ကြောတွေကလဲ ဒီနေ့မှ ပိုပြီး ရှုပ်နေသလိုပဲ"

" အဲ့ဒါပဲနော် "

ဦးလေးထွန်း ဟန်းဖုန်းကို ခါးမှာ ပြန်တပ်လိုက်တယ်။

" ဘယ်မီးပွိုင့် မိတာလဲ "

" ဒီလိုပေါ့ကွာ၊ ကိုယ့်ဘက်က နောက်ကျတော့လဲ အဆင်ပြေသလို လိမ်ရမယ်လေ "

" သွားမယ် ဒီရဲ "

" ဘယ်ကားယူရမှာလဲ "

" ငါ့ကားယူခဲ့ကွာ "

ဦးလေးထွန်း ကားသော့ကို ဒီရဲ့ယူပြီး နောက်ကနေ လိုက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ ထိုးရပ်လာသော ကားသံကြောင့် အေမိုးစန္ဒာနှင့်ဖူးပွင့်တို့ ခေါင်းထောင်သွားကြသည်။

“ သူတို့လာပြီ ”

“ ဖူးပွင့် ပုန်းနေရမလား ”

“ သေတော့မယ် ”

အေမိုးစန္ဒာက ဖူးပွင့်ကိုကြိမ်းပြီး ကလေးတစ်ယောက်လို အိမ်ရှေ့ကို ပြေးထွက်သွားသည်။ အချစ်က လူတွေရဲ့စိတ်ကို နုပျိုလန်းဆန်းစေတယ် မဟုတ်ပါလား။

ဦးလေးထွန်းကိုတော့ ဖူးပွင့်မြင်ဖူးပါတယ်၊ သူမနဲ့ပေးစားမယ့် ဦးလေးထွန်းတူကိုသာ မမြင်ဘူးတာ။

“ အန်တီလေးက မမကို အပြင်ထွက်ခဲ့ပါတဲ့ ”

အိမ်မှာခေါ်ထားတဲ့ အေးမိလာပြောသဖြင့် မှန်ရှေ့မှာ မျက်နှာကို အနည်းငယ်ပြုပြင်ပြီး အိမ်ရှေ့ကို ထွက်လိုက်သည်။

“ ဟင် ”

ဖူးပွင့် လှမ်းနေတဲ့ခြေလှမ်းနေတဲ့ ခြေလှမ်းတွေ ရပ်တန့်သွားတယ်။ ဦးလေးထွန်းဘေးမှာ ထိုင်နေတာ ဒီရဲပါလား၊ ဒါဆို သူမနဲ့ပေးစားမယ့် ဦးလေးထွန်းတူဟာ ဒီရဲပေါ့။

ဒီလိုခံစားမှုမျိုးဟာ ဖူးပွင့်တစ်ယောက်ထဲ မဟုတ်ဘူး၊ ဒီရဲလည်း တအံ့တသြဖြစ်သွားတယ်၊ ဒီရဲစိတ်ထဲမှာ ဖူးပွင့်ကို မြင်မြင်ချင်း နန္ဒ အသေအလဲကြိုက်နေတဲ့ ကောင်မလေးမှန်း ချက်ချင်းသိလိုက်တယ်။





“ ဖူးပွင့် လာလေ ”

အန်တီလေး လှမ်းခေါ်လိုက်မှ ဒီရဲနဲ့ မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

တွေ့ကြသေးတာပေါ့ ဒီရဲရယ်၊ နင်သာ ငါနဲ့ပေးစားမယ့်သူ အစစ် အမှန်သာဆိုရင် ငါပေးမယ့်ဒုက္ခကို နင်ကောင်းကောင်းကြီး ခံစားရမယ်မှတ်ပါ။

“ မောင်ဒီရဲ ဒီအန်တီလေးတူမ ဖူးပွင့်တဲ့၊ အီကိုနဲ့ကျောင်းပြီးလို့ အင်္ဂလိပ်စကားပြောကာက်နေတယ် ”

“ ကျွန်တော့်သူငယ်ချင်း နန္ဒပြလို့ ဖူးပွင့်ကို သိနေပါတယ် ”

ဒီရဲ မြှားဦးကို ဖွင့်ပြီးတိုက်လိုက်တယ်၊ သူမဟာ ဘယ်လို မိန်းမလဲ ဆိုတာ သူသိတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ပါ။

ဒါပေမယ့် ဖူးပွင့်က လုံးဝမတုန်လှုပ်ဘူး၊ နန္ဒနဲ့ ဒီရဲတို့ အခင်ဆုံး သူငယ်ချင်းတွေမှန်းကို ဇော်ထက်မွေးနေ့ပွဲထဲက သိနေတယ်၊ ပြီးတော့ သူမနဲ့ နန္ဒက ချစ်သူတွေမှ မဟုတ်တာ။

“ ဒီဆို အန်တီလေး တွေတွေထူးထူး ပြောစရာမလိုတော့ဘူးပေါ့ ”

“ အန်တီလေး ဖူးပွင့်တစ်ခါပြောဖူးတယ်လေ၊ ဆီထုတ်ရင်း ပြဿနာတက်တယ်ဆိုတဲ့လူက ဒီရဲပေါ့ ”

“ တုတ်လား ”

အန်တီလေး လေးသံက ခပ်ပေါ့ပေါ့လေးပါ။

ဒီရဲလည်း သူမကို ဘယ်မှာတွေ့ဖူးသလဲဆိုတဲ့အဖြေကို ရလိုက် တယ်၊ ဆီထုတ်တဲ့နေ့က လေသံမာမာနဲ့ သူ့ကားကို နောက်ဆုတ်ခိုင်းတာ ဖူးပွင့်ပါလား။

“ ဦးလေးတို့ဘက်က လူငယ်ချင်း တွေ့ဆုံပေးတဲ့အ[illegible] တာဝန်တစ်ခုကျေသွားပြီ၊ ကျန်တာတော့ ကိုယ့်အချင်းချင်း ညှိကြပေါ့ ”

ဒုက္ခပဲ ဒီလိုမျိုး ပေကပ်ကပ်နိုင်ပြီး ခံစားချက်ကင်းမဲ့တဲ့ လူမျိုးကို[illegible] ဖူးပွင့်ယူရရင် စိတ်ညစ်တာနဲ့ အမြန်ဆုံးသေမှာပဲ၊ ဘယ်လိုနည်းနဲ့မှ ဒီရဲ[illegible] မယူနိုင်ဘူး၊ ဒါကြောင့် ဒီရဲ သူမအနားက ထွက်ပြေးအောင် နည်းမျိုး[illegible] [illegible]တွေ အကုန်လုံးသုံးရမယ်။

ဒီရဲ ရယ်ချင်နေသည်။

မာန်မာနတွေ ပြင်းထန်ပြီး စကားပြောရင် အထက်စီး[illegible]ပြောတတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်လို မိန်းကလေးမျိုးကို ဘယ်လိုလုပ်ပြီး ညှိလို့ရမှာလဲ၊

" ကိုထွန်း . . . စန္ဒာကတော့ အကြီးကျယ်ဆုံးနဲ့ အခမ်းအနားဆုံး မင်္ဂလာပွဲကြီးတစ်ခု ဖြစ်ချင်တယ် "

" ကိုထွန်းတာဝန်ထားပါ၊ ကိုယ်တို့ဘဝမှာ ဖြစ်မလာခဲ့တဲ့ မင်္ဂလာပွဲကို တူလေးနဲ့တူမလေးတို့ကြမှ အကောင်းဆုံးဖြစ်အောင် လုပ်ပြမယ် "

" ကုန်ချင်သလောက် ကုန်စေ ကိုထွန်း စန္ဒာတစ်ဝက်ပေးမယ် "

" မလိုပါဘူးစန္ဒာရယ်၊ ကိုထွန်းရှာတဲ့ ပိုက်ဆံတွေအားလုံးဟာ တစ်ဦးတည်းသော တူလေး ဒီရဲအတွက်ပါ "

လူကြီးနှစ်ယောက်ကတော့ ပီကိလွှမ်းတဲ့စကားတွေနဲ့ ကြည်နူး နေကြသည်။

" ကိုထွန်း စန္ဒာတစ်ခုပြောမယ် "

" ပြောလေ "

" တူမလေးက အင်္ဂလိပ်စကားပြောသင်တန်း မပြီးသေးဘူး ဆိုတော့ လူငယ်ချင်းရင်းနှီးအောင် မောင်ဒီရဲကို အကြိုအပို့ လုပ်ပေးစေချင်တယ် "

ဒီရဲ ဘုရား . ပိုက်မိတယ်၊ ပြဿနာက မီးထွန်းမရှာဘဲ သူ့ဆီ ရောက်လာပါလား။

ဖူးပွင့် အန်တီလေးကို ကြည့်ပြီး . . .

" သမီးသင်တန်းက တစ်နေကုန်တာ၊ ဒီရဲကို အားနာဖို့ ကောင်းပါတယ် "

ဖူးပွင့်က ဘယ်ကိုပဲသွားသွား လွတ်လွတ်လပ်လပ် သွားချင်တာ။

" ဦးလေး [illegible] နှန်းကော့ အလုပ်ကိစ္စ "

" မကြာခင် ဒီရဲ စန္ဒာပြောတဲ့အတိုင်း တူမလေးကို အကြိုအပို့ လုပ်ပေးလိုက်ပါ၊ နောက်ပြီး စိတ်ရှည်ရှည်နဲ့ ကြင်ကြင်နာနာ ဆက်ဆံပါ "

ဦးလေးထွန်းရဲ့ တစ်ချက်လွှတ် အမိန့်တော်ရှေ့မှာ ဒီရဲ အယူခံဟာ ရှုံးနိမ့်သွားသည်။

ကောင်းကျိုးမပေးတဲ့မိန်းမ၊ သူ့ရဲ့ လွတ်လပ်စွာ ပျံသန်းခွင့်တွေကို





ဒီမိန်းမ သိမ်းပိုက်သွားပြီ။

" တူမလေး ဒီရဲကို ဘာမှ အားနာစရာမလိုဘူး "

ဖူးပွင့်က လူကြီးတွေမမြင်အောင် ဒီရဲကို မျက်စောင်းထိုး လိုက်သည်။ ဒီရဲက ဖူးပွင့်မျက်စောင်းထိုးကို မထိတထိအပြုံးဖြင့် တုံ့ပြန် လိုက်၏။ စတွေ့ထဲက အဆင်မပြေမှုများနဲ့စခဲ့တဲ့ သူ့တို့နှစ်ယောက်အဖို့ ပြဿနာက ရှေ့မှာအဆင်သင့် ဆီးကြိုနေသည်။

" စကားပြောပြီးရင် ပျော်ပျော်ပါးပါး စားကြမယ် "

ဒေါ်မိုးစန္ဒာက ဦးဆောင်ပြီး ထမင်းစားခန်းထဲကို ခေါ်သွားသည်။ စားပွဲပေါ်မှာရှိတဲ့ ဟင်းစရာတွေက ဒီရဲကြိုက်တဲ့အစားတွေလေ၊ ဒါပေမယ့် ဟန်ခဲမရှေ့မှာ ဒီရဲ သိပ်မစားရဲဘူး၊ တော်ကြာ အစားကျူးတဲ့ ဘီလူးဆိုပြီး ကွယ်ရာမှာ အကင်းပြောနေလိမ့်မယ်။

" မောင်ဒီရဲ စားလေ "

" တုတ်ကဲ့ အန်တီလေး "

ဖူးပွင့် ဒီရဲ စားတာကြည့်ပြီး ကြိတ်ပြုံးလိုက်သည်၊ ဟန်ဆောင် နေတဲ့ လူတစ်ယောက်ရဲ့ပုံစံကို ဖူးပွင့်သိတာပေါ့၊ စားချင်ပေမယ့် မဝံ့မရဲ ဖြစ်နေတယ်၊ ဖူးပွင့်လည်း ဒီရဲကို အရေးမလုပ်ဘဲ ကိုယ့်ဗိုက်ဝအောင် စားလိုက်သည်။

" လက်ရာက အရမ်းကောင်းတာပဲ "

ဦးလေးထွန်း စကားကြောင့် ဒေါ်မိုးစန္ဒာ မျက်နှာမှာ ပြုံးရွှင်သွားသည်။

" စန္ဒာချက်ကာလေ "

" ကိုထွန်းဘဝမှာတော့ ကမ္ဘာပေါ်က အကောင်းဆုံးစားဖိုမှူး လက်ရာကို စားရသလိုပဲ "

" ကိုထွန်းကလဲ "

ဒေါ်မိုးစန္ဒာ ရှက်သွားသည်။

" အဲဒီဖူးပွင့်လုပ်ထားတဲ့ ကျောက်ကျောလေ "

ဖူးပွင့်က ကျောက်ကျောပန်းကန်ကို ဦးလေးထွန်းရှေ့ ချပေး လိုက်သည်။

" စားကြည့်ပါ ဦးလေး "

ဦးလေးထွန်း တစ်တုံးယူစားလိုက်သည်။



www.burmeseclassic.com

 www.burmeseclassic.com

" ကောင်းလား ဦးလေး "

ဦးလေးထွန်းက ပလုတ်ပလောင်းဖြင့် ခေါင်းညိမ့်ပြပြီး ရေအမြန်သောက်လိုက်သည်။ ဘဝမှာ ဒီလောက်ငန်တဲ့ ကျောက်ကျောကို ခုဒါမှ စားဖူးတာပါ၊ အားလုံးစားသောက်ပြီးတဲ့အချိန်မှာတော့ ဒီရဲတို့ ပြန်လာခဲ့သည်။

ဇာတ်လမ်းက အချမှစတာပါ
သူနဲ့ သူမဟာ
ဘယ်ဘဝက အပြိုင်းတွေနဲ့
ဒီဘဝမှာ လာဆုံတာလဲ မသိဘူး
မျက်နှာမြင်ကြတာနဲ့
တစ်ယောက်နဲ့တစ်ယောက်
ပြဿနာ တတ်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



" ကားကို ဖြည်းဖြည်းမောင်းလို့ ပြောနေတာ မကြားဘူးလား"

" ဖြည်းဖြည်းဆိုတဲ့ စကားလုံးတ ဘာလဲ၊ ငါကားမောင်းရင် ဒီလိုပဲ မောင်းတတ်တယ် "

ဒီရဲ့ လီဗာကို ထပ်နင်းလိုက်တယ်။

" ဒီရဲ ရှင်လူပါးမဝနဲ့နော် "

" မင်းကိုငါ ဘာတွေစော်ကားနေလို့လဲ "

ဒီရဲ ရှေ့ကကားကို ကပ်ကျော်လိုက်ချိန်တွင် တစ်ဘက်ခြမ်းက ကားတစ်စီးဝင်လာသည်။ ဒီ့ကြောင့် လီဗာကို ထပ်နင်းပြီး နောက်ကား လွတ်ယုံ ရှောင်လိုက်သည်။

" ဘုရား ဘုရား "

ဖူးပွင့် ရင်ဘတ်ကလေးကို ဖိပြီး ဘုရားတသွားသည်။

" ငါ ကားမောင်းတော်တယ်ဆိုတာ ယုံလား "

ဒီရဲစကားကြောင့် ဖူးပွင့် အံတစ်ချက်ကြိတ်ပြီး . . .

" ရှင်သေချင်ပေမယ့် ကျွန်မ လူ့လောကကြီးမှာ နေချင်သေးတယ် "

" စိတ်ချစမ်းပါကွာ "

" မင်းယူမယ့် ယောက်ျားက ခပ်ညံ့ညံ့လူ မဟုတ်ပါဘူး "

" ဘာမင်းယူမှာလဲ "

" ရှင်သာ ကျွန်မကိုလိုချင်လို့ ဦးလေးထွန်းကို အတင်းအပူ ကပ်တာလေ "

" ရယ်စရာပဲကွာ၊ မင်းဟာ ရင်ခုန်စရာကောင်းတဲ့ မိန်းမ





တစ်ယောက်မှ မဟုတ်တာ၊ ငါက ဘာလို့ လိုချင်ရမှာလဲ "

ဖူးပွင့်ဒေါသတွေ အထွဋ်အထိပ်ကို ရောက်သွားသည်။ ဒီရဲနဲ့ တွေ့တိုင်း သူမပဲ ဒေါသထွက်ရတယ်၊ ဒီ လုံးဝမတရားဘူး၊ ဒီရဲကို ဒေါသ ထွက်အောင် ပြန်ပြောရမယ်။

" ကျွန်မအနားမှာ ရှင့်ထက်သာတဲ့ ယောက်ျားတွေ အများကြီးပဲ ကျွန်မလှုပ်ပစ်ထားတဲ့ ရှင့်သူငယ်ချင်းနန္ဒတောင် ရှင့်ထက် အများကြီးသာတယ်။

" ထပ်လို့ပါကွာ၊ မင်းကိုကြိုက်တဲ့ လူတွေဆိုတာလဲ အသိဉာဏ်မရှိတဲ့ ခပ်တုံးတုံးကောင်တွေပါ "

" တောက် ရှင်နော် "

" ဒေါသမထွက်နဲ့ ဖူးပွင့်၊ ငါပြောတာမယုံဘူးဆိုရင် လက်တွေ့ စမ်းသပ်လိုက်လေ "

ဒီရဲကပြောပြီး ကားကို ဖူးပွင့်တို့သင်တန်းရှေ့ကို ထိုးရပ်လိုက်တယ်။

" သင်တန်းဆင်းရင် လျှောက်မသွားနဲ့၊ ပြန်လာခဲ့မယ် "

ဖူးပွင့်ကားပေါ်ကဆင်းပြီး တံခါးကို စောင့်ပိတ်လိုက်တယ်။

ဒီရဲက ဖူးပွင့်ပုံစံကို သဘောကျသွားပြီး ရယ်မောကာ ကားမောင်း ထွက်သွားသည်။

" ဘယ်သူလဲ ဖူးပွင့် "

သီဟက ဖူးပွင့်ဆီလာတဲ့အချိန်မှာ ဒီရဲလိုက်ပို့တာမြင်၍ မေးသည်။

" ငါပြောတဲ့ နတ်ဆိုးကောင်လေ "

" နင်နဲ့ပေးစားမယ်ဆိုတာ သူလား "

" ဟုတ်တယ် ငါ့ဘဝမှာ ဘယ်လိုလူမျိုးနဲ့လာပြီး ရေစက်ဆုံ နေတယ် မသိပါဘူး။ တော်တော့်ကို စိတ်ပျက်ဖို့ကောင်းတာ "

" သူက နင့်ကို ချစ်မှာပါ "

ဖူးပွင့် ဆတ်ခနဲ ကြည့်လိုက်သည်။ သီဟ နင့်ကိုငါတစ်ခု မေးချင်တယ်။

" ပြောလေ "

ဖူးပွင့်မျက်နှာမှာ မခံချင်တဲ့ အရိပ်အရောင်များ ဖြတ်သန်းသွားပြီး

" အလှအပကို မခံစားတတ်တဲ့ လူမျိုးကို နင်တွေ့ဖူးလား "

" အများကြီး တွေ့ဖူးတာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com

" ဘယ်လို လူမျိုးတွေလဲ "

" မွေးထဲက မျက်စိမမြင်တဲ့ လူတွေလေ "

" ဟာ မဟုတ်ပါဘူး၊ ငါပြောတာက အလှအပကို မြင်ရက်သားနဲ့ မခံစားတတ်တဲ့ လူမျိုးကိုပြောတာ "

" မရှိလောက်ပါဘူး "

" ရှိတယ်လို့ ငါပြောရင် နင်ယုံလား "

" ပုထုဇဉ် လူသားတိုင်းဟာ ခံစားတတ်တဲ့နှလုံးသားရှိကြတယ်၊ နင့်တွေ့ဖူးတဲ့လူဟာ အလှအပကို မခံစားတတ်ဘူးဆိုရင် သူ့စိတ်ကိုသူ လိမ်နေတာ၊ ဒါမှမဟုတ် ပတ်ဝန်းကျင်ကိုလိမ်ချင်လို့ ဟန်ဆောင်နေတာပဲ ဖြစ်မယ် "

" နင်ပြောတာ တကယ်လား သီတာ "

" မဟုတ်ဘဲ ငါမပြောဘူး ဖူးပွင့် "

" ကျေးဇူးတင်တယ် သီတာ "

ဟန်ဆောင်တယ်ဆိုတာ ခံစားချက်ကို မျိုသိပ်ဖုံးကွယ်ထားတာပဲ၊ ဘယ်လောက်ဟန်ဆောင်ကောင်းတဲ့ လူဖြစ်ပါစေ၊ သူတို့ရဲ့ ခံစားချက်ကို ပွင့်ထွက်လာအောင် လုပ်နိုင်ရင် ဘီလူးခေါင်းလား၊ လူခေါင်းလား ဆိုတာတော့ အဖြေပေါ်လာမှာပါ ။

ဒီရဲ့ ရှင်ဘယ်လောက်အထိ ဟန်ဆောင် ထိန်းချုပ်နိုင်မလဲဆိုတာ ကျွန်မစောင့်ကြည့်နေပါမယ်၊ ရှင်ဟာ ကျွန်မအတွက် အမုန်းတီးဆုံးသော လူတစ်ယောက်ပါ၊ ကျွန်မအလှအပတွေကို ဥပက္ခာပြုပြီး ကျွန်မဖြစ်ချင်တဲ့ ဆန္ဒကို မလိုက်လျောခဲ့တဲ့ ရှင့်လိုယောက်ျားတစ်ယောက် တစ်နေ့ကျရင် ကျွန်မရှေ့မှာ ဒူးထောက်ကျဆုံးသွားရေစေရမယ်။

" သီတာ အကန်းချိန်နီးနေလို့ ငါသွားမယ် "

" အပြန် ငါလိုက်ပို့ပေးမယ်လေ "

ဖူးပွင့်ခေါင်းထဲ ဒီရဲ့ကိုပြန်ဂလဲ့စားချေဖို့ အကြံတစ်ခု ရသွားသည်၊

" အိုကေ ငါစောင့်နေမယ် "

ဖူးပွင့် လှေကားအတိုင်း တက်သွားတာကိုကြည့်ပြီးမှ သီတာ ပြန်လာခဲ့သည်။



# အခန်း (၈)

" ဘယ်လိုမိန်းမလည်း မသိပါဘူးကွာ "

" ဘယ်သူ့ကို ပြောတာလဲ "

" ဘယ်သူပြောပြော မင်းအလုပ်လား "

နန္ဒ ပါးစပ်ပိတ်သွားသည်။ ဇော်ထက်က . . .

" ဒီရဲ့ မင်းအလုပ်ရသွားပြီဆို "

" ဟုတ်တယ်၊ ကိုယ့်ကားနဲ့ကိုယ် အကြိုအပို့လုပ်ရတဲ့ ဒရိုင်ဘာ အလုပ်ပါ "

ဇော်ထက်က ဆက်မေးသည်။

" တစ်လဘယ်လောက်ရလဲ "

" ငါ့အလုပ်ရှင်တွေက ထူးဆန်းတယ်၊ ပိုက်ဆံမပေးဘူး၊ လူပဲ ပေးတယ် "

" စကားကောင်းကောင်းပြောကွာ "

" လူတောင်မှ ယောက်ျားမဟုတ်ဘူး၊ မိန်းမကွ "

မင်းစိုးက . . .

" အဲဒီမိန်းမက လှလား "

" နန္ဒကို မေးကြည့်လေ၊ ဒီကောင်ကတော့ လှတယ်လို့ပြောဖူးတယ် "

" ငါမသိဘူး ဒီရဲ့ "

" ဖူးပွင့်ကို မင်းရင်ထဲမှာ ဘယ်အချိန်ထဲက မေ့ပစ်လိုက်တာလဲ "

" တစ်သက်လုံးမမေ့ဘူး၊ ငါသေတဲ့အထိ ဖူးပွင့်က ငါ့ရင်ထဲမှာရှိနေမှာ "

" နန္ဒ မင်းကြိုက်တဲ့ကောင်မလေးနာမည်က ဖူးပွင့်လား "


www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် "

" ငါ့မွေးနေ့ကို လာတဲ့ဖူးပွင့်နဲ့ မင်းဖူးပွင့်က အတူတူလား မသိဘူး "

" မင်းတွေ့တဲ့ ဖူးပွင့်က လှလား "

" ပြစ်ချက်မရှိအောင်ကို လှတာ "

" အဲဒီ ငါ့ရဲ့ဖူးပွင့်ဆိုတာ သေချာတယ် "

နန္ဒက ဂုဏ်ယူပြီးပြောသည်။

" မင်းနဲ့ကြိုက်တာ ကြာပြီလား "

ဒီရဲက သိသိကြီးနဲ့ ဖဲ့လိုက်သည်။

" ငါပြန်မှာနော် "

မင်းစိုးက ဝင်ကလိသည်။

" ဘာဖြစ်လဲကွာ၊ အမှန်အတိုင်းပြောလိုက်ပေါ့ "

ဇော်ထက်ကလည်း သူ့ဆန္ဒကို ရင်ဖွင့်သည်။

" မင်းနဲ့မကြိုက်သေးရင် ငါလိုက်မယ် "

နန္ဒ ဘေးကျပ်နံကျပ် ဖြစ်သွားသည်။ ဒီရဲစလို့ ဇာတ်လမ်းက ဒီလိုဖြစ်သွားတာ၊ သူပါသာထားရင် ဒီကောင်တွေကြိတ်ပြီး အထင်ကြီးနေမှာ။

" မင်းတို့အားလုံး စိတ်လျှော့လိုက်တော့ "

" ဘာဖြစ်လို့လဲ "

" တဲ တဲ ဖူးပွင့်ဆိုတာ ငါ့ဦးလေးပေးစားမယ့် မိန်းမကွ "

" မယုံဘူးကွာ "

" မတတ်နိုင်ဘူးလေ၊ ဖူးပွင့်ဟာ ငါလက်ထပ်ရမယ့် ဇနီးလောင်း ဆိုတဲ့ စကားကတော့ အတိအကျပဲ "

နန္ဒစဉ်းစားနေသည်။ ဒီရဲက တစ်ခါတစ်လေ ခပ်တည်တည်ဖြင့် နောက်တတ်တယ်၊ သူတို့အားလုံးဟာ နောက်ပြောင်ခြင်းကို အကြိမ်ပေါင်းများစွာ ခံလာရတဲ့လူတွေလေ။

" အစောကြီးထဲက ဘာလို့မပြောတာလဲ "

" မနေ့ကမှ ဦးလေးနဲ့ လိုက်သွားရင် သိတာ "

" ငါသူ့ကိုချစ်တာ မင်းသိရဲ့သားနဲ့ကွာ "

နန္ဒရဲ့အသံက ကြေကွဲနေသလိုပဲ။





"ငါနဲ့မှမယူသေးတာ၊ မင်းမှာကြိုးစားဖို့အချိန်တွေ အများကြီးရှိတယ်"

" ဇော်ထက် မင်းလည်းကြိုက်ရင် ကြိုးစားလို့ရတယ်နော်၊ ငါ့ကို ဘာမှအားမနာနဲ့ "

" ဘယ်ကောင်းမလဲကွ "

" ဘာမကောင်းတာလဲ၊ အရွယ်ရောက်လာတဲ့အပျိုစင်၊ မိန်းမ တစ်ယောက်ကို လူပျိုယောကျ်ားလေးတွေအားလုံးချစ်ကြိုက် ပိုင်ခွင့်ရှိတယ်၊ ရည်းစားရှိတဲ့ မိန်းမကိုတောင် ကြိုက်ချင်ရင် ကြိုက်လို့ရတယ် "

" မင်းမျက်နှာကို ဘယ်နေရာသွားထားမလဲ "

" မင်းညံ့တယ် နန္ဒ၊ ငါနဲ့ဖူးပွင့်ဆိုတာ လူကြီးတွေ သဘောတူထားတဲ့ အဆင့်ပဲရှိတာ၊ မင်းတကယ်ချစ်ရင် ဘယ်သူ့မျက်နှာကိုမှ ကြည့်စရာ မလိုဘူး "

" ငါကတော့ နုတ်ထွက်မယ် "

ဇော်ယက်က မပြိုင်ခင်ထဲက အရှုံးပေးသွားသည်။

" နောက်မှ ငါ့ကို အပြစ်မပြောနဲ့နော် "

" သွားစမ်းပါ၊ ခပ်ကြောင်ကြောင်အတွေးအခေါ်တွေ ဒီရဲ ဦးနှောက်မှာလုံးဝမရှိဘူး။ လူဆိုတာ ကိုယ့်ဘဝနဲ့ကိုယ်ရပ်တည် နေကြတာ၊ ဒါ့ကြောင့် ကိုယ့်စိတ်နဲ့ကိုယ်လုပ်ပိုင်ခွင့်ရှိတယ် "

" ဒီရဲကို ယုံတယ် နန္ဒ "

မင်းစိုးက ထပ်ဆင့် ထောက်ခံသည်။

" အဖြင့် ငါလှမ်းနေတဲ့ခြေလှမ်းကို ဆက်ပြီး လှမ်းရမှာပေါ့ "

ဒီရဲ နာရီကို ကြည့်လိုက်သည်။

" သင်တန်းဆင်းကာနီးပြီ၊ ငါသွားတော့မယ်၊ နန္ဒ မယုံရင် လိုက်ကြည့်လို့ရတယ်နော် "

" ငါနောက်က လိုက်လာခဲ့မယ် "

ဒီရဲ လက်ဖက်ရည်ဆိုင်က ထွက်လာပြီး ဖူးပွင့်တို့ သင်တန်းဆီကို ကားမောင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီရဲကားလေး သင်တန်းရောက်တော့ ဖူးပွင့်ဘေးမှာ ယောကျ်ားလေး တစ်ယောက် ရပ်နေတာကို တွေ့လိုက်သည်။

ဖူးပွင့်ကလည်း ဒီရဲကားဝင်လာတာကို မြင်သည်။ ထို့ကြောင့် သာမာန်ပုံစံမျိုးမှ ချစ်သူစုံတွဲအသွင်ပြောင်းပြီး ရယ်မောကာ စကားပြော လိုက်သည်။ ဒီရဲလည်း ကားပေါ်က မဆင်းဘဲ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေချိန်တွင် နန္ဒရဲ့ကားက ဒီရဲဘေးနားရောက်လာတယ်။

" ဖူးပွင့် ဘယ်မှာလဲ ဒီရဲ "

" ဟိုမှာလေ "

နန္ဒဒေါကန်သွားပြီး ကားတံခါးဖွင့် ဆင်းသွားသည်။

ဒီရဲကတော့ သူနဲ့မဆိုင်သလို အေးအေးဆေးဆေးပဲ။

ဒီရဲဆင်းလာမယောင်လို့ စောင့်နေတဲ့ ဖူးပွင့်ကတော့ နန္ဒကို မြင် လိုက်၍ သီဟအတွက် စိတ်ပူသွားသည်။

" ရှင်ဘာလာလုပ်တာလဲ "

ဖူးပွင့်စကားကို နန္ဒပြန်မဖြေဘဲ သီဟဘက်လှည့်ကာ . . .

" မင်းကိုငါကြည့်မရတာ ကြာပြီ၊ ဖူးပွင့်နားမှာ ပလီပလာ စကားတွေနဲ့ မိန်းမလျှာလို ချွဲနွဲ့နေတာ ယောကျ်ားတစ်ယောက်ရဲ့ အလုပ်မဟုတ်ဘူးကွ "

" မင်းစကားပြောတာ ရိုင်းတယ် "

" ရိုင်းတော့ ဘာလုပ်ချင်လဲ "

နန္ဒရှေ့တိုးသွားတဲ့အချိန်မှာ ဖူးပွင့်က နှစ်ယောက်ကြားထဲ ဝင်ရပ်





[..]က်တယ်။

"နန္ဒ သီဟကို ပြဿနာမရှာနဲ့နော်၊ ရှင့်ကိုကျွန်မ မချစ်တဲ့ ကိစ္စက သီဟနဲ့ဘာမှမဆိုင်ဘူး။ ကျွန်မ နှလုံးသားနဲ့ပဲ ဆိုင်တယ် "

" ဘာမှလာမပြောနဲ့ ဖူးပွင့်၊ မင်းနားမှာရှိတဲ့ ယောကျ်ားတိုင်းဟာ ကိုယ့်အတွက် ရန်သူပဲ "

" နန္ဒ မင်းပြန်တော့ကွာ၊ ဖူးပွင့်ရှေ့မှာ ဘာပြဿနာမှ မတတ်ချင် ဘူး "

" ယောကျ်ားတွေပဲကွာ၊ ဘယ်သူ့ရှေ့မှာပဲဖြစ်ဖြစ် စိန်ခေါ်တဲ့ သူရှိရင် ယှဉ်ရဲရမှာပေါ့၊ မင်းနဲ့ငါ တစ်ယောက်ချင်းထိုးမယ် "

" နန္ဒ တော်တော့နော် "

" ဖူးပွင့် ဝင်မပါနဲ့ကွာ၊ ဒီကိစ္စက ကိုယ်တို့ယောကျ်ားအချင်းချင်း ရှင်းရမှာပါ "

" ငါယောကျ်ားတစ်ယောက်ဆိုတာ မင်းမမေ့ပါနဲ့၊ မင်းကို ကြောက်လို့ မဟုတ်ဘူး၊ ဖူးပွင့်ကြောင့် ရန်ဖြစ်တယ်ဆိုတဲ့ စကားကို လက်မခံချင်လို့ကွ "

ဖူးပွင့်စိတ်ထဲမှာ ဒီရဲကို ကြိမ်ဆဲနေမိသည်။ ပြဿနာတတ်နေတာကို မြင်[..]ရဲ့သားနဲ့ ကိုယ်တော်ချောက ကားပေါ်မှာ ထိုင်နေတ[..]၊

" ရှင်သွားတော့ "

" မသွားနိုင်ဘူး ဖူးပွင့် "

" မင်းဒီလောက် ငါ့ကို ရန်ရှာချင်ရင်လည်း တစ်ယောက်[..] ထိုးမယ်ကွာ "

" ငါက ဒါမျိုးမှ ကြိုက်တာ "

နန္ဒက လက်သီးဆုတ်ပြီး သီဟမျက်နှာကို လျှပ်တပြက်ထိုးမ[..] [..]က်သည်။ သီဟကလည်း လျှင်သည်။ နန္ဒလက်သီးကို နောက်ဆုတ်ပြီး [..]ာင်တိမ်းကာ ပြန်ထိုးဖို့အားယူချိန်တွင် သူတို့နားကို ဒီရဲရောက်လာသည်။

" နန္ဒ မင်းပြန်တော့ "

" ဒီရဲ ဒီကောင်က ငါ့ရဲ့ပြိုင်ဘက်ကွ "

ဒီရဲ အေးစက်နေတဲ့ မျက်လုံးဖြင့် နန္ဒကို ကြည့်ပြီး . . .

" မင်းပြန်တော့လို့ ငါပြောနေတယ် "


www.burmeseclassic.com

www.burmeseclassic.com

ဖူးပွင့်ကောင်မှ ဒီရဲ့မျက်လုံးတွေကိုမြင်ပြီး ကျောချမ်းသွားတယ်၊ ဒီရဲ့စိတ်ကိုသိတဲ့ နန္ဒက ဘာမှထပ်မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားကာ ကားပေါ်တက်ပြီး တရှိန်ထိုး မောင်းထွက်သွားတယ်။

" ဖူးပွင့် မင်းတို့ကိစ္စပြီးရင် သွားမယ် "

" သီဟက ကျွန်မရဲ့ မိတ်ဆွေပါ "

" မိတ်ဆွေဖြစ်ဖြစ်၊ ချစ်သူဖြစ်ဖြစ် ငါ့အလုပ်မဟုတ်ဘူး၊ ငါ့အလုပ်က မင်းသွားချင်တဲ့နေရာကို ပို့ပေးပြီး အန်တီလေး လက်ထဲအပ်ရမယ့် အလုပ်ပဲ "

" သီဟ ငါသွားမယ် "

ဖူးပွင့်က သီဟကို နှုတ်ဆက်ပြီး ဆောင့်အောင့်ကာ ဒီရဲ့ကားပေါ် တက်လေသည်။

ဖူးပွင့်မျက်နှာလေး စူပုပ်နေတယ်၊ သူမစိတ်ကူးထားတဲ့ အကြံအစည်ဟာ နန္ဒကြောင့် ပျက်စီးသွားသည်။ နန္ဒသာ သူမဆီကို ရောက်မလာရင် ဒီရဲ့ ရဲ့ခံစားချက်ကို အနည်းနဲ့အများ ဖော်ထုတ်နိုင်မှာ၊

ဒီရဲ့ ကားမောင်းနေရင်း ဖူးပွင့်မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး

" မင်းဘယ်သွားစရာရှိလဲ "

" ရှင်လိုက်ပို့မှာလား "

" မင်းကြည့်ရတာ စိတ်တွေ ရှုပ်ထွေးနေသလိုပဲ၊ လန်းဆန်းသွားအောင် ရုပ်ရှင်သွားကြည့်ကြမယ် "

" မှောင်ထဲမှာ ထိုင်နေရတဲ့အချိန်ကို ကျွန်မ မလိုချင်ဘူး။ တစ်ခုခုသွားစားကြမယ် "

" ပြောလေ ငါလိုက်ပို့ပေးမယ် "

ဖူးပွင့်က ဆိုင်နာမည်ကို ပြောပြလိုက်သည်။ ဒီရဲ့က ခေါင်းညိမ့်ပြကာ





" ဒီနေ့တော့ မင်းဆန္ဒတွေအားလုံး လိုက်လျောပေးဖို့ ငါဆုံးဖြတ်ထားတယ် "

ဒီလိုကျတော့လည်း မဆိုးဘူးလို့ ဖူးပွင့်တွေးလိုက်တယ်။

" မင်းဘာတွေ ဖြစ်ခဲ့ပါစေ၊ ငါစိတ်မဝင်စားဘူး၊ ဒါပေမယ့် ငါနဲ့ယှဉ်ပြီးရင်တော့ အကောင်းဆုံးနေထိုင်ပါ "

ဖူးပွင့်မှာနတွေ ပါးပြင်ထောင်သွားတယ်။ သူမကို ဒါမျိုး ချုပ်ချယ်လို့ရမှာလား။

" ရှင် ကျွန်မကို အခုထဲက ငြင်းလို့ရတယ်၊ မွေးထဲကပါလာတဲ့ အကျင့်ကိုတော့ လုံးဝမဖျောက်ပစ်နိုင်ဘူး။ ယောက်ျားတစ်ယောက်ရဲ့ ထိန်းချုပ်မှုအောက်မှာ လိပ်တစ်ကောင်လို ခေါင်းဝှက်ပြီးနေတတ်တဲ့ မိန်းမစာရင်းထဲမှာ ကျွန်မ မပါဘူးဆိုတာ ရှင်မှတ်ထားပါ "

" သိပ်ဘဝင်မမြင့်နဲ့ ဖူးပွင့်၊ မင်းကိုငါ မတွေ့ခင်ထဲက ငြင်းလာတဲ့ ကောင်ပါ၊ ဒါပေမယ့် ဦးလေးရဲ့စကားတစ်ခွန်း အောက်မှာ ငါ့ရဲ့ငြင်းဆိုချက်တွေက ဘာမှအရာ မထင်ခဲ့ဘူး၊ ငါ့နာမည် ဒီရဲ့လေ၊ မိန်းမတစ်ယောက်ကိုချစ်ဖို့ တစ်ခါမှ စိတ်မကူးခဲ့ဘူး၊ ခုနက ငါပြောတဲ့စကားတွေက မင်းကို ချုပ်ကိုင်တဲ့ စကားလုံးတွေ မဟုတ်ဘူး၊ ငါဟာ လူသားတစ်ယောက်ပါ၊ အကောင်းဆုံးဆိုတဲ့ မျှော်လင့်ချက်တစ်ခုကတော့ လူတိုင်းရင်ထဲမှာ ရှိကြပါတယ် "

" မျှော်လင့်တဲ့အတိုင်း ဖြစ်မလာခဲ့ရင် ရှင်ခံစားရမှာပေါ့နော် "

" ငါအဲဒီလောက်ထိ မတွေးဘူး၊ ဘဝဆိုတာ ရှင်းရှင်းလေးပါ၊ ပြုလုပ်ခြင်းပေါ်မှာ တန်ပြန်အကျိုးသက်ရောက်မှုတော့ရှိတယ် "

ဖူးပွင့်စိတ်ထဲမှာ ဒီရဲ့ကို ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်အဖြစ် သတ်မှတ်လိုက်မိတယ်၊ ဘယ်လိုအတွေးအခေါ် ပိုင်ရှင်လဲ၊ ဒါပေမယ့် ဒီရဲ့မှာ ပုတွေအပေါ် စိုးမိုးနိုင်တဲ့ စွမ်းအင်တစ်ခုရှိနေတယ်ဆိုတာကိုတော့ မငြင်းနိုင်ဘူး။

" သီဟက ကျွန်မကို သိပ်ချစ်တာ "

" နန္ဒလည်း မင်းကို ချစ်ပါတယ်ကွာ "

" ရှင့် သူငယ်ချင်းကို ကျွန်မ စိတ်မဝင်စားဘူး "

" ငါသိပါတယ် "

" ကျွန်မဟာ ရှင်နဲ့လက်ထပ်ရမယ့် မိန်းကလေးဆိုတာ နန္ဒကို



www.burmeseclassic.com

www.burmeseclassic.com

ပြောမပြဘူးလား ”

“ ငါဟာ မင်းတို့လူမှုရေး ပြဿနာကွေကြားမှာ ခုတုံးလုပ်ဖို့ မွေးဖွားလာတာ မဟုတ်သလို သူငယ်ချင်းဆိုတဲ့ ခင်မင်မှုနဲ့ သိသင့်သိထိုက်တာကို အသိပေးတာကလွဲပြီး သူ့စိတ်ကို ငါမပိုင်ဘူး ”

“ ဒီရဲ့ ရှင်ကျွန်မကို ဘယ်အချိန်ထဲက မုန်းနေတာလဲ

“ မင်းအထင်လွဲနေတာပါ ”

“ အို ဘာမှအထင်မလွဲဘူး၊ ရှင်ကျွန်မကို စတွေ့ထဲက ဘုကလန့်နဲ့ ဆက်ဆံတယ်၊ ပြီးတော့ ကျွန်မရဲ့ဆန္ဒတွေ အကုန်လုံးကို ပြောင်ပြောင်ကြီး ဆန့်ကျင်တယ်၊ ရှင်လည်း ဦးနှောက်ရှိတဲ့ လူသားတစ်ယောက်ပဲ၊ ရှင့်ကိုယ်ရှင် ဘာတွေလုပ်နေတယ်ဆိုတာ သိမှာပေါ့ ”

“ ငါဘာမှ မဖြေရှင်းချင်ဘူး၊ တစ်ခုတော့ မင်းသိအောင် ပြောလိုက်မယ်၊ ငယ်ငယ်တုန်းက ငါတို့ဟာ ဆင်းရဲခဲ့တယ်၊ ငါ့မိဘတွေဟာ သာမာန်လူတန်းစားဘဝနဲ့ ထမင်းတစ်လုပ် စားရဖို့ကို ရုန်းကန်ခဲ့ရတယ်၊ ဆင်းရဲနိမ့်ကျတဲ့ ဘဝမှာ ငါဟာ သူများနဲ့ရန်ဖြစ်တိုင်း ငါ့ဘက်မှန်ပါတယ် ဆိုတဲ့အကြောင်းပြချက်နဲ့ ဖြေရှင်းဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ငါ့ရဲ့စကားကို ဘယ်သူမှ မယုံကြည်ကြသလို ငါ့ရဲ့အမှန်တရားကျောကိုလည်း နည်းမျိုးစုံနဲ့ နင်းခြေပစ်ကြတယ်၊ ငယ်ငယ်က ဒဏ်ရာတွေ ခုအချိန်ထိ ငါ့ရင်ထဲမှာ ရှိနေတုန်းပဲ၊ ဒါ့ကြောင့် ဖြေရှင်းခြင်းဆိုတာကို မေ့ထားခဲ့တာ၊ ဘယ်သူတွေ ဘာပြောပြော ငါမှန်တယ်ဆိုတာကို ငါ့ရင်ထဲကသိရင် ကျေနပ်တယ် ”

“ ဦးလေးက ရှင့်ကို ဘယ်အချိန်က မွေးစားတာလဲ ”

“ ငါလေးတန်းအောင်တဲ့ နှစ်မှာပါ၊ မိဘနှစ်ပါးစလုံး ပင်လယ်မှာ ငါးရှာရင်း မုန်တိုင်းမိပြီးသေသွားတယ်၊ ဒါ့ကြောင့် ဦးလေးထွန်းက လာခေါ်ပြီး မွေးစားခဲ့တာ ”

“ ရှင် ကံကောင်းတာပေါ့ ”

“ ငါမသိဘူး ”

“ ဟုတ်ပါတယ် ရှင်တာတကယ့်ကို လူ့လောက အမြင်ဘက်ကို





ရောက်နေတဲ့လူပါ ”

“ ဒီလိုလူမျိုးကို မင်းရတဲ့အတွက် ဂုဏ်ယူလိုက်စမ်းပါ ”

“ ရှင်သေလိုက်ပါလား ”

ဒီရဲဘာမှပြန်မပြောတော့ဘဲ ဇူးပွင့်ပြောတဲ့ ဆိုင်ရှေ့ကို ကားထိုး ရပ်လိုက်သည်။

ဆိုင်လေးဟာ သပ်သပ်ရပ်ရပ် ... နှင့် ကားချင်စရာလေးပါ၊ မြန်မာ ထမင်းဟင်းများကိုသာ ရောင်းတဲ့ဆိုင် ... အတွက် ဆိုင်ထဲမှာ စားတဲ့ လူတွေနှင့် ပြည့်နေသည်။

“ ဘာဟင်းနဲ့စားမှာလဲ ဒီရဲ ”

“ မင်းကြိုက်တာမှာပါ၊ ငါက အကုန်လုံးစားတယ် ”

ဇူးပွင့်က ကြိုက်နှစ်သက်တဲ့ ဟင်းလေးမျိုးမှာလိုက်တယ်။

“ ဒီနေရာမှာ ဒီလိုဆိုင်ရှိမှန်း ငါမသိဘူး ”

“ ကျွန်မလည်း သီတာခေါ်လာလို့ ရောက်ဖူးတာ၊ နောက်ပိုင်း မြန်မာထမင်းဟင်းစားချင်ရင် သီတာနဲ့ပဲ လာစားတယ်၊ ဒီဆိုင်က ဟင်းချက်ကောင်းတော့ ကားရတာ အဆင်ပြေပါတယ် ”

“ သီတာက မင်းအပေါ် ယွမ်းပိုးတယ်နော်၊ ဒါကြောင့် နှင့် ... တိုတာဖြစ်မယ် ”

... ကလည်း သဝန်မတိုဘူးလားဟု ... ချင်တာ ပါးစပ်ကို ... နေတာပဲ၊ ကိုယ်နဲ့လက်ထပ်ရမယ့် မိန်းမတစ်ယောက်ရဲ့ ပါးစပ်က ယောကျ်ားတစ်ယောက်ရဲ့နာမည်ကို ထပ်ခါတလဲလဲပြောနေတာကို ... အမှုအရာမပြတ်ဘဲ နားအရသာခံနေတဲ့ ဒီရဲစိတ်ဓါတ်ကို အံ့ဩမိတယ်။

“ သီတာက ကျွန်မအပေါ်မှာ အရမ်းကောင်းတာ၊ သီတာရဲ့ အကြင်နာဂရုစိုက်မှုတွေကို ကျွန်မတစ်သက်လုံး မမေ့ပျောက်မှာ


www.burmeseclassic.com

မဟုတ်ဘူး ”

“ မင်းသီတာကို ချစ်နေလား ”

ဒီရဲကို မခံချင်အောင် ပြောနေတဲ့ ဖူးပွင့်တစ်ယောက် ဒီရဲရဲ့ မေးခွန်းကို ရုတ်တရက်မဖြေနိုင်ပေ။

“ မင်းမှာ ချစ်ရမယ့်သူရှိရင် ကြိုပြောထားနော်၊ မင်းတို့ နှစ်ယောက်ကြားမှာ ငါဟာ လူကြမ်းကြီး အဖြစ်မခံနိုင်ဘူး ”

ဖူးပွင့် အခုချိန်မှာ မုန်ကြည့်ချင်တဲ့စိတ်ပေါ်လာတယ်။ သူမလှတယ်ဆိုတာ တကယ်တုတ်လို့လား။ သူမဟာ အမှန်တကယ်လှတယ် ဆိုရင် ဒီရဲက ဘာဖြစ်လို့ အသိအမှတ်မပြုတာလဲ၊ သီတာပြောသလို ဒီရဲတာ ကိုယ့်စိတ်ကို ကိုယ်လိမ်နေတာဆိုရင်တော့ အမှုအရာမပျက်အောင် ထိန်းသိမ်းနိုင်တဲ့ ဒီရဲစိတ်ကို ချီးကျူးမိတယ်။

ဟင်းတွေ စားပွဲပေါ်ရောက်လာသည်။ သူတို့နှစ်ယောက်ရဲ့ အာရုံက ထမင်းစားတဲ့ဆီကို ရောက်သွားကာ ကိုယ်စားချင်တာ ကိုယ်ခပ်ပြီး တိတ်ဆိတ်စွာဖြင့် စားသောက်လိုက်တော့သည်။





“ ညနေက နန္ဒာငါ့ဆီလာပြီး ရင်ဖွင့်တယ်၊ မင်းကို ဒီကောင် ပေါက်ကွဲနေပုံပဲ ”

ဒီရဲ ဘီယာခွက်ကို မော့သောက်ပြီး မင်းစိုးစကားကို ဆုံးအောင် နားထောင်လိုက်တယ်၊

“ သူနဲ့သီတာ ရန်ဖြစ်တာကို မင်းကသူ့ဘက်က မပါဘဲ တောက်လွှတ်လိုက်တယ်တဲ့ ”

“ ငါကတော့ မင်းစိတ်ဓါတ်ကို သိနေတော့ နန္ဒာမှားတယ်ဆိုတာ ရိပ်မိပါတယ် ”

“ နန္ဒာ အမှားကြီးမှားတယ်၊ အဲ့ကြောင့်ကြားထဲက ငါဝင်ပါခဲ့တာ”

“ ငါယုံပါတယ်၊ နန္ဒာမှာ တဇွတ်ထိုးလုပ်တတ်တဲ့စိတ်ရှိမှန်း သိနေတယ်လေ ”

မင်းစိုးလည်း လက်ကျန်ဘီယာခွက်ကို မော့သောက်လိုက်တယ်။

“ခုခေတ်မှာယူမိုက်ဆိုတာမရှိဘူး၊ မိန်းမတစ်ယောက်ရဲ့ ရှေ့မှာ မိုက်ရူးရဲဆန်ပြလို့ ဘယ်သူက အထင်ကြီးမှာလဲ၊ ဒီကောင် အဲတွေကို နားမလည်ဘဲ ဂိုဏ်ထင်ရာ လျှောက်လုပ်တော့ ငါပဲ ဝင်ရှင်းရတာပေါ့ ”

“ မင်းနဲ့ဖူးပွင့် အဆင်ပြေလား၊ ငါသတင်းကြားရသလောက်တော့ ဒီကောင်မလေးဟာ ရုပ်ကလေးလှပချောမွေ့ပြီး မာနကြီးတယ်ဆို ”

“ အလကား . . .ကျွဲခြေရာခွက်ကို ပင်လယ်ထင်နေတဲ့မိန်းမပါ၊

www.burmeseclassic.com

နန္ဒကို့လို လူမျိုးတွေရှိနေသ၍ သူကိုယ်သူ ဘဝင်မြင့်နေမှာပဲ ”

“ ဖူးပွင့်ကို မင်းချစ်လား ”

“ သူ့ရဲ့အလှဆိုတာကြီးကို ငါလုံးဝ ခံကားလို့မရဘူးကွာ၊ သူ့မျက်နှာကိုမြင်တိုင်း ပူပြင်းတောက်လောင်တဲ့ ကန္တာရအလယ်ကို ရောက်နေသလိုပဲ ”

“ မင်းယူရမယ့် မိန်းမနော်၊ အဲဒီလောက်အထိ ပြောဖို့မကောင်းဘူး ”

“မဆိုင်ဘူး မင်းစိုး၊ ငါတာ အမှန်တရားတစ်ခုကို မြတ်နိုးတယ်၊ ဘယ်သူဘယ်ဝါလို့ လူမျိုးခွဲခြားတဲ့စိတ်ငါ့မှာ မရှိဘူး ”

ဒီရဲ ဘီယာနောက်တစ်ခွက် ထပ်သောက်သည်။ သူ့စိတ်ထဲမှာ ဒီနေ့ နည်းနည်းထွေပြားနေတယ်၊ စိတ်ညစ်တဲ့ဒဏ်ကို ဒီရဲ မခံနိုင်ဘူး၊ အဲ့ကြောင့် ဘယ်လိုအရာမျိုးမဆို ခေါင်းထဲအရောက်မခံဘဲ ဥပက္ခာပြုပစ်လေ့ရှိသည်။

“ နန္ဒကိစ္စကို မင်းဘယ်လိုရှင်းမလဲ ”

“ ဒီအတိုင်း ထားလိုက်ပါ။ မကျေနပ်ရင် ငါ့ကိုလာတွေ့လိမ့်မယ် ”

“ နန္ဒကတော့ ဖူးပွင့်ကို ရအောင် ယူပြမယ်ဆိုပြီး ငါ့ရှေ့မှာ ကြိမ်းသွားတယ် ”

“ မှန်ကန်တဲ့နည်းလမ်းဆိုရင်တော့ ငါမတားဘူး၊ အဲပေမယ့် ဘောင်မဝင်တဲ့ အကြံအစည်တွေပါလာရင်တော့ တစ်ဘဝလုံး မှတ်သွားအောင် ငါထိုးရလိမ့်မယ် ”

“ ငါကတော့ အခုမှတွေ့တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ငယ်သူငယ်ချင်းတွေ ပြဿနာအကြီးအကျယ် မတတ်စေချင်ဘူး ”

“ ငါ့စိတ်ထဲမှာလည်း ဒီအတိုင်းရှိပါတယ်၊ အဲ့ကြောင့် ဒီကောင်ကို ကြိုးစားခွင့် အချိန်ပေးထားတာပေါ့ ”

ဒီတစ်ခါတော့ သူတို့နှစ်ယောက် စိတ်တာင့်ပေးတဲ့ ဘီယာကို မြိုင်တူမော့သောက်ကြသည်။ မော့သောက်ပြီးမှ မင်းစိုးက . . .

“ကောင်မလေးကိုသေချာရှင်းပြလိုက်တယ်၊ ပထမတော့ ငါ့ကို အထင်လွဲတာပေါ့ကွာ၊ နောက်မှ သဘောပေါက်ပြီး လက်ခံခဲ့တာ၊ အဲဒီအတွက် မင်းကိုငါ ကျေးဇူးအများကြီးတင်တယ် ဒီရဲ ”

“ ငါ့ကို ကျေးဇူးတင်တာထက် ဘဝရပ်တည်ဖို့အတွက် သေချာ နိုင်မာတဲ့အလုပ်တစ်ခု စဉ်းစားပါ။ ဘဝမှာ အချိန်ဆိုတာ သိပ်မရှိဘူး။





နေရတဲ့ သက်တမ်းတိုတိုလေးထဲမှာ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒကို ဦးတည်ပြီး လုပ်သင့်လုပ်ထိုက်တာကို အမြန်ဆုံးအကောင်အထည် ဖော်သင့်တယ်”

“ အိမ်နဲ့ငါ တိုင်ပင်ပြီးသွားပြီ၊ လိုအပ်တဲ့ငွေကြေးကို ဖေဖေက ထုတ်ပေးမယ်လို့တော့ ပြောတာပဲ၊ ခုလောလောဆယ်တော့ အကြီးအကျယ်ကြီးမဟုတ်တောင် အလယ်အလတ်တန်းစားလောက် ရှိတဲ့ စီးပွားရေးတစ်ခု လုပ်မယ်ကွာ၊ နောက်ဆို မင်းနဲ့ငါ ဒီလို တွေ့ရမှာ မဟုတ်ဘူး ”

“ သေရင်တောင် ခွဲကြရတာပဲကွာ၊ ကိုယ့်ဘဝရပ်တည်ဖို့ အတွက် လျှောက်နေတဲ့ လမ်းခရီးမှာ သံယောဇဉ်ဆိုတာ စွန့်လွှတ်သင့်ရင် စွန့်လွှတ်ရမှာပေါ့ ”

“ တုတ်တယ် ဒီရဲ၊ ဘယ်လိုတိုက်ပွဲမျိုးကိုပဲ တိုက်တိုက် နောက်လှည့်ကြည့်တာ မကောင်းဘူးကွ ”

“ မင်းတောင်မှ အတွေးအခေါ်တွေ တိုးတက်လာပြီ ”

“ ဒီရဲသူငယ်ချင်းပဲ၊ ဒီလောက်တော့ ရှိမှာပေါ့ ”

ဒီရဲမဲ့ပြုံး ပြုံးပြလိုက်တယ်၊ အဲကို မင်းစိုးကမြင်ပြီး ဒီရဲလက်မောင်း ကိုမနာအောင် လက်သီးဖြင့် ထိုးလိုက်တယ်၊ ထို့နောက် သူတို့နှစ်ယောက် မူးမူးနဲ့ စကားတွေအများကြီးပြောပြီး ဘီယာဝိုင်းကို ရုတ်သိမ်းလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဒီနေ့တော့ ဖူးပွင့်တစ်ယောက် ဒီရဲဘေးနားမှာ ငြိမ်ငြိမ်သက်သက်ဖေ
လိုက်ပါလာသည်၊ ဒီရဲလည်း ပထမနေ့ကလို ကားကိုအမြန်မမောင်းဘ
ခပ်မှန်မှန် မောင်းလာတယ်။

" ဇော်ထက်မွေးနေ့မှာ မင်းရှိတယ်ဆို "

" ဘယ်သူပြောတာလဲ "

" ဇော်ထက်ပြောတာပါ "

" တုတ်တယ်၊ ရှင်သိချင်းဆိုတာပြီးမှ ကျွန်မတို့ ပြန်လာခဲ့တာ

ဒီရဲ ကားကို ဇရီးလမ်းကြောင်းအတိုင်း ညာဘက်ကို ချိုးဖေ
လိုက်တယ်။

" ဒါမဆို ချင်ပါဘူးကွာ၊ ဒီကောင်တွေရဲ့ ပိရိသေသပ်စ
ထောင်ချောက်ထဲကို ရောက်သွားလို့ ဆိုလိုက်ရတာ "

" ကိုဇော်ထက်ညီမ ပြောပြလို့ ကျွန်မသိပါတယ် "

" ဦးလေးက မင်းနဲ့ငါ့ကို စေ့စပ်ပေးထားချင်တယ်လို့ ပြောတယ်
မင်းဘက်က ဘယ်လိုသဘောရလဲ "

" ငြင်းခွင့်မရှိတဲ့ဘဝမှာ ကျွန်မဘာမှ မစဉ်းစားချင်ဘူး "

ဖူးပွင့်ရင်ထဲမှာ ခံပြင်းမှုတွေ ပြည့်ကျပ်နေတယ်။ လူတစ်ယောက်ဖြစ်ပြီ
ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်မရှိတဲ့ဘဝကို တစ်ခါတစ်လေ အရမ်းကို ငြီးငွေ့မိတယ်

" ငါကတော့ ဦးလေးဆန္ဒကို လက်မခံချင်ဘူး။ စေ့စပ်ထားပြီဆိုရင်
မင်းနဲ့ပတ်သက်တဲ့ကိစ္စတိုင်းကို ဝင်ပါရတော့မယ်၊ အဲဒီဆိုရင်
မင်းရဲ့ဂုဏ်သိက္ခာလည်း အများကြီး ထိခိုက်သွားနိုင်တယ်၊ မင်းကို





ချစ်ပါတယ်ဆိုတဲ့ လူတွေလည်း မင်းနားမှာရှိမှာမဟုတ်တော့ဘူး "

စေတနာနဲ့ပြောတာလား၊ ရွဲ့နေတာလားဆိုတဲ့အဖြေကို ဖူးပွင့်
မခွဲခြားချင်ဘူး။ အရင်ကုန်းက ဒီရဲကို ကောင်းကောင်းဒုက္ခပေးပြီး နည်းမျိုးစုံနဲ့
စိတ်ဆင်းရဲအောင် လုပ်ဖို့စဉ်းစားခဲ့ဖူးပေမယ့် တဖြည်းဖြည်းနဲ့ဒီရဲခံယူချက်
စိတ်ဓါတ်ကိုသိလာရတဲ့အချိန်မှာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်မှန်း ယုံကြည်
လိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရဲလို ခံစားချက်ကင်းမဲ့ပြီး သဝန်တိုစိတ်
မရှိတဲ့ လူမျိုးတစ်ယောက်ဟာ အလှအပဆိုတာကို နားလည်မှာ မဟုတ်ဘူး။

" ဒီနေ့ မင်းငြိမ်နေတယ်၊ ငါ့ကို ထိုးနက်ဖို့စကားလုံးတွေ
ရှာနေတာလား၊ စိတ်ကူးမယဉ်ပါနဲ့ကွာ၊ ဒီကမ္ဘာလောကကြီးမှာ
ငါ့အရှုံးပေးရမယ့်လူ မရှိသေးဘူး "

ဒီရဲ ပြောပြီး မဆိုးမခန့် ရယ်မောလိုက်တယ်။ ဖူးပွင့် နှလုံးသား
ထဲကွဲတဆတ်ဆတ်နဲ့နာကျင်သွား၏။ ဒီရဲဆိုတဲ့လူရဲ့ရှေ့မှာသူမရဲ့ မာန်၊ မာနတွေ
အကြိမ်ကြိမ်ကျရှုံးနေတယ်။ သူမဘာလုပ်ရမလဲ၊ ဒီအကြောင်းကို အလျှင်အမြန်
တွေးစားပြီးတော့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်၊ သူမဘဝ သူမရဲ့
ဂုဏ်သိက္ခာတွေအတွက် ဒီရဲဆီက တစ်စုံတစ်ခုကိုရအောင် ပြန်ယူရမယ်။

" မင်းငါ့အပေါ်မှာရှိတဲ့ မကျေနပ်တဲ့စိတ်တွေကို ခဏလျှော့ထား
လိုက်စမ်းပါကွာ၊ ဖြစ်ချင်တာက ဆန္ဒ၊ ရောက်နေတာက ဘဝလေ၊
လူတွေဟာ ဘဝနဲ့ဆန္ဒကို တစ်ထပ်တည်းကျအောင် ကြိုးစား
နေကြပေမယ့် ဂြိုဟ်မလာတဲ့အခါ အမျက်ဒေါသတွေနဲ့ ဖြေသိမ့်
တတ်ကြတယ်၊ မင်းကို အဲဒီအထဲမှာမပါစေချင်ဘူး "

" ရှင်ကားကို မြန်မြန်မောင်းလို့ မရဘူးလား "

" ဟောဗျာ အမျိုးမျိုးပဲ၊ မနေ့ကပြောတော့ ဖြည်းဖြည်းမောင်းဆို"

" လူ့စိတ်ဆိုတာ အမြဲတမ်း တစ်သက်မှတ်ထဲရှိကြတယ်လို့ ရှင့်ကို
ဘယ်သူပြောလဲ၊ ကျွန်မ နားတွေငြီးလွန်းလို့ သင်တန်းကို
အမြန်ရောက်ချင်ပြီ "

" ငါစကားများတယ်ဆိုတဲ့ သဘောပေါ့ "

" ကိုယ်ကိုကိုယ် နားလည်ရင် ပြီးတာပဲ "

ဒီရဲပါးစပ်ပိတ်ထားပြီး၊ လီဗာကိုနင်းလိုက်သည်၊ အပြောင်းအလဲ
မြန်တဲ့အထဲမှာ မိန်းမတွေဟာ ရှေ့ဆုံးကပါမှန်း ဒီရဲလက်တွေ့သိလိုက်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဖူးပွင့်စိတ်တွေ ဝေဝါးနေတယ်။ ဆရာသင်တဲ့ အင်္ဂလိပ်အသံ ထွက်တာ ပထမအချိန်သာပြီးသွားတယ်၊ ဘာမှန်း မသိလိုက်ဘူး။

"ဖူးပွင့် ဘာဖြစ်နေတာလဲ"

ပထမအချိန်ပြီးတော့ အားလပ်ချိန် ငါးမိနစ်မှာ ကေသွယ်က မေးတယ်။

"ဘာမှမဖြစ်ပါဘူးဟာ"

"မဟုတ်ဘူး။ အမြဲတမ်း လန်းဆန်းတက်ကြွနေတဲ့ နင့်ရဲ့စိတ်တွေ လေးလံထိုင်းမှိုင်းသွားသလိုပဲ"

"နင်စိတ်ထင်လို့ပါ"

"ဖူးပွင့် ငါ့ကို ပွင့်ပွင့်လင်းလင်းပြောပါ၊ နင့်မှာ ဘာအခက်အခဲ ရှိလို့လဲ၊ ငါ့ဘက်က ကူညီဖို့ အဆင်သင့်ပဲ"

"ရပါတယ်၊ ငါ့ဘဝကို သူတစ်ပါးအကူအညီတွေနဲ့ မတည် ဆောက်ချင်ဘူး၊ အခက်အခဲကတော့ရှိတယ် ကေသွယ်၊ ဒါပေမယ့် ငါ့အခက်အခဲကို ငါ့ဘာသာရအောင် ဖြေရှင်းမယ်"

ကေသွယ်က တအံ့တဩဖြစ်သွားတယ်၊ ဖူးပွင့်ဆိုတာ မိန်းမ အချင်းချင်းတောင် အားကျငေးမောရတဲ့ ဘဝတစ်ခုနဲ့အလှတွေကို ပိုင်ဆိုင် ထားသူလေ၊ ဒီလိုလူမျိုးတစ်ယောက်မှာ ကြီးမားတဲ့ အခက်အခဲတစ်ခု ရှိလိမ့်မယ်လို့ ဘယ်သူထင်မှာလည်း၊ သူမတောင် ဖူးပွင့်မှိုင်နေတာ တွေ့ရ သာမန် အဆင်မပြေမှုတစ်ခုဘဲထင်ပြီး မေးမိတာပါ။

"ငါသိခွင့်မရှိဘူးလား၊ စပ်စုတာ မဟုတ်ပါဘူး"

"ဒီရဲကို နင်သိတယ်နော်"





"ဟို ကိုဇော်ထက်မွေးနေ့မှာ သီချင်းဆိုတဲ့ ကိုဒီရဲလား"

"ဟုတ်တယ်၊ သူ့ကို နင်ဘယ်လိုမြင်လဲ"

"မိန်းမတွေအတွက်တော့ ရင်ခုန်စရာကောင်းတဲ့ လူတစ်ယောက်ပါ၊ တည်ကြည်ခန့်ညားတဲ့ ဥပဓိရုပ်က မိန်းမတစ်ယောက်ရဲ့ နှလုံးသားကို စွဲကိုင်လှုပ်ခါနိုင်စွမ်းရှိတယ်၊ ဒါပေမယ့် သူကိုယ်တိုင် မိန်းမတွေကို စိတ်မဝင်စားတာ ခက်တယ်"

"ကိုဒီရဲဟာ နင့်ဘဝနဲ့ ဘယ်လိုပတ်သက်နေလဲ"

သူမနာကျင်စွာ ပြုံးလိုက်တယ်။

"အတိတ်ဘဝက ဝဋ်ကြွေးတစ်ခုကြောင့် ခုဘဝမှာ သူ့ကို ငါယူရလိမ့်မယ်၊ မယူလို့မရဘူး ကေသွယ်၊ မလွန်ဆန်နိုင်တဲ့ ကျေးဇူးတရားတွေနဲ့ ငါ့ဘဝကို ချုပ်နှောင်ထားတဲ့အတွက် သူ့ကို မယူချင်ဘဲ ယူရတော့မယ်"

"နင်ကံကောင်းမယ်လို့ ငါထင်တယ်၊ ကိုဒီရဲလို လူမျိုးတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရဖို့ မလွယ်ဘူး၊ ငါသာဆိုရင် ဘယ်လိုနည်းနဲ့ပဲ ပိုင်ဆိုင်ရပါစေ၊ မြတ်မြတ်နိုးနိုးနဲ့ ပိုင်ဆိုင်ချင်တယ်"

ကေသွယ်က ဒီရဲစိတ်ဓါတ်ကို မသိဘဲနဲ့ အထင်ကြီးနေတယ်၊ အမြဲတမ်း အေးစက်တဲ့မျက်ဝန်းနဲ့ ပတ်ဝန်းကျင်မှာ လိုက်လျောညီထွေမှု မရှိတဲ့လူတစ်ယောက်ရဲ့ ဘဝထဲကို ဘယ်လိုမိန်းမမျိုးက ဝင်ချင်မလဲ။

"ခုအချိန်မှာ ငါကံဆိုးနေတယ်၊ သူနဲ့ငါ တွေ့တဲ့အချိန်တိုင်း ငါဟာ ဘာမှမဟုတ်သလို ဖြစ်သွားတော့တာပဲ၊ ယောက်ျား တစ်ယောက်ရဲ့ လှောင်ပြောင်ရယ်မောမှုတွေ၊ မယိလေးစား ဆက်ဆံခံရတာတွေ၊ အရှုံတိုက်မှုတွေကို သူနဲ့တွေ့မှ ဆက်တိုက် ခံနေရတယ်"

ပြီးတော့....

ဖူးပွင့် ဆရာဝင်လာသဖြင့် စကားကိုရပ်ထားလိုက်သည်။ ထို့နောက် ဆရာသင်တဲ့ သင်ခန်းစာအပေါ်မှာ အာရုံစိုက်ပြီး ဂရုတစိုက် နားထောင် နေတော့တယ်၊ တတ်နိုင်ရင် အချိန်ဆိုတာကို ဖူးပွင့် ရပ်ထားချင်တယ်။ ဒီရဲဆိုတဲ့ လူတစ်ယောက်သာ ဦးထွန်းနိုင်စိုးရဲ့တူတစ်ယောက် မဖြစ်ခဲ့ရင် ခုအချိန်မှာ သူမဘဝက လွတ်လပ်ခြင်းတွေနဲ့ ပျံသွားချင်သလို သွားနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

ခုတော့ မကြာခင်အချိန်မှာ ဒီရဲနဲ့ သူမပြန်ဆုံပြီး မမြင်ချင်တဲ့ အမူအယာ၊ မကြားချင်တဲ့ စကားလုံးများကို ကြားရတော့မည်။

ဖူးပွင့်သင်တန်းက ဆင်းလာတော့ ဒီရဲအောက်မှာ အဆင်သင့် စောင့်နေသည်။ ကေသွယ်က သူမဘေးမှာပါလာသဖြင့် အတတ်နိုင်ဆုံး မျက်နှာကိုတင်းထားပြီး ဒီရဲကားဆီကို လျှောက်သွားလိုက်တယ်။

" ဖူးပွင့် ငါသွားမယ်နော် "

" ငါနဲ့လိုက်ခဲ့ပါလား၊ တက္ကစီငှားရင် ပိုက်ဆံအပိုကုန်တာပေါ့"

" အားနာပါတယ် ဖူးပွင့်ရယ် "

" မလိုဘူးကေသွယ်၊ ငါ့အရှိန်ဘာကို လိုက်ပို့နိုင်းရင် ရပါတယ်"

ကေသွယ်အကြည့်တွေက ဒီရဲဆီ ရောက်သွားသည်။

ဒီရဲက မျက်နှာတစ်ချက်မပျက်ဘဲ ဖူးပွင့်တို့ပြောတာကို နားထောင်ပြီး

" လမ်းကြုံရင်တော့ ကစ်ခါထဲလိုက်ခဲ့ပါလား၊ မကြုံရင်လည်း တကူးတက လိုက်ပို့ပေးပါမယ်၊ အုံနာက စိတ်ကြီးတယ်၊ သူပြောတဲ့ စကားကို ငြင်းလို့ရှိရင် မည်းမည်းမြင်ရာ လိုက်ကိုက်တော့တာပဲ "

" ရှင်ဘာစကားပြောတာလဲ "

" လူစကားလေ၊ မင်းဘယ်နားလည်မလဲ "

ဖူးပွင့်အသားတွေတုန်အောင် ဒေါသထွက်သွားသည်။ နှစ်ယောက်ထဲဆိုရင် ပြဿနာမရှိဘူး၊ ကေသွယ်ရှေ့မှာဆိုတော့ အရှက်နဲ့ဒေါသက ရောထွေးသွား၏။

" ရှင်စကားပြောတာ ရိုင်းစိုင်းတယ်၊ အင်းပေါ့လေ၊ မိဘဆုံးမခြင်းကိုမခံရတဲ့ သားသမီးဆိုတော့ ဒီလောက်ရိုင်းမှာပေါ့ "

" ဘာ "

ဒီရဲဘဝမှာ ပထမအဆုံးအကြိမ် ဒေါသထွက်သွားသည်။ ပြီးတော့





ပျောက်ဆုံးနေတဲ့ သူ့ရဲ့ဒေါသတွေကို ဖူးပွင့်ပေါ် သွန်ချ လိုက်တယ်။

" ဖူးပွင့် ငါ့ကို ကြိုက်သလိုပြောလို့ရတယ်၊ ဒါပေမယ့် လူ့လောကမှာ မရှိတော့တဲ့ ငါ့ရဲ့မိဘနှစ်ပါးကိုတော့ ထိပါး ပုတ်ခတ်စရာမလိုဘူးကွ၊ ငါတာ ရိုင်းစိုင်းတဲ့ လူတစ်ယောက် ဖြစ်ပေမယ့် ငါ့မိဘတွေက ယဉ်ကျေးတယ်၊ သေသွားတဲ့အထိ ' ဆဲတယ် 'ဆိုတဲ့စကားလုံးကို မသုံးသွားခဲ့ဘူး၊ မင်းကိုငါ မုန်းသွားပြီ ဖူးပွင့်၊ အရင်တုန်းက ဘဝလက်တွဲဖော်အဖြစ် မင်းဆန္ဒကို အတောင်းဆုံး လိုက်လျောမယ်ဆိုတဲ့ စိတ်ကူးတွေ ခုတော့ မရှိတော့ဘူး၊ မင်းမှတ်ထားလိုက်ပါ၊ ဒီရဲဆိုတဲ့ကောင်က မိဘနဲ့ပတ်သက်လာရင် တစ်လောကလုံးကို စိန်ခေါ်ရဲတယ် "

" ငါသွားမယ် ဖူးပွင့်၊ မင်းဘက်က ကြိုက်သလို ဆုံးဖြတ် ပိုင်ခွင့်ရှိတယ် "

ဒီရဲက ထုံးစံအတိုင်း ကားကို ဝေါခနဲ မောင်းထွက်သွားသည်။

" နင်ပြောတာ လွန်သွားပြီ "

" ငါပြောတာ မလွန်ဘူး ကေသွယ်၊ ငါတွေးတာ မှားသွားတာပါ၊ သူ့မှာ ဒီလိုခံစားတတ်တဲ့ နှလုံးသားရှိမယ်လို့ ငါမထင်ခဲ့မိဘူး၊ အပြောင်းအလဲ အားစက်စက်နဲ့ တုန်လှုပ်မှုကင်းမဲ့တဲ့ လူတစ်ယောက်လို့ ငါသတ်မှတ်ထားတာ၊ ကစ်ခုတော့ကောင်းပါတယ်၊ သူ့ရဲ့စိတ်ကို ငါမြင်လိုက်ရတယ် "

" ဒါပေမယ့် ဇာတ်လမ်းက ပြီးသွားပြီလေ "

" မထင်ပါနဲ့ဟာ သူလည်း ငါ့လိုပဲ၊ မလွန်ဆန်နိုင်တဲ့ ကျေးဇူးမဲ့ အချုပ်နှောင်ခံရတဲ့ ဘဝပါ၊ သူ့လမ်းသူ ရွေးခွင့်ရှိရင် မကောင်း ကျေးဇူးရှင်ဆိုတဲ့ အသိတရားကြောင့် ရွေးချယ်မှာ မဟုတ်ဘူး၊ ငါဘာလို့သိလဲဆိုရင် ငါကိုယ်တိုင် အဲဒီလိုမျိုး ခံစားနေရလို့ပဲ "

" နင်တို့နှစ်ယောက်ဘဝကလည်း မလွယ်ပါဘူး၊ လူကြီးမ...ရဲ့ ကြိုးဆွဲမှုအောက်မှာ ဖျော်ဖြေနေတဲ့ ရုပ်သေးရုပ်ဘဝတွေ..."

ကေသွယ်က တွေးတွေးဆဆလေးနဲ့ ပြောလိုက်သည်။ ...ပြည်း ဟုတ်ပါတယ်၊ မတူညီတဲ့ စိတ်ဓါတ်ပိုင်ရှင်နှစ်ယောက်ကိုမှ ဖူး... နတ်မင်းကြီးက ပေါင်းစုံအောင် ဖန်တီးပေးခဲ့တာမဟုတ်လား၊ ရှိပါ၊ မျိုးမြင်းမို

www.burmeseclassic.com

www.burmeseclassic.com

ချိတ်တယ်ဆိုပေမယ့် ဘယ်သူကမှအလျှော့ပေးရန် စဉ်းစားကြမည်မဟုတ်ပေ။

" ကားငှားပြီး ပြန်ကြမယ် "

ကေသွယ်အိမ်က ဖူးပွင့်လမ်းကြောတွင်ရှိနေသဖြင့် နှစ်ယောက်စလုံး ကားတစ်စီးငှားကာ ပြန်လာခဲ့သည်။

" အဲဒါပါပဲ သီဟရယ် "

ဖူးပွင့်က သီတဆီဖုန်းဆက်ပြီး ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်၊

" သူမိတ်ခဲ့ပတ်သက်ပြီး ရင်ထဲမှာ ခံစားချက်ရှိလို့ စိတ်ဆိုးသွားတာ ဖြစ်မှာပေါ့၊ ငါသတင်းကြားသလောက်ဆိုရင် ဒီရဲမှာ စိတ်ဆိုးတတ်တဲ့ ဗီဇမရှိဘူး။ သူ့စိတ်ထဲမှာ မှန်တယ်ထင်ရင် အားမနာတမ်းပြောတတ်တဲ့ အကျင့်နဲ့ စကားလေးတစ်ခွန်းတောင် အတင်မခံတဲ့ ချက်ချင်းလဲ့စားပြန်ချေတတ်တဲ့ စိတ်ဓါတ်တော့ရှိတယ်။ နောက်ပြီး မိန်းမတွေနဲ့ ဘယ်သောအခါမှ ရောရောယှက်ယှက်မနေသလို အချစ်ဆိုတဲ့စကားကိုလည်း အမြဲတမ်း ရှောင်ပြောင်ရယ်မောတတ်တယ် "

" နင် ဒီသတင်းကို ဘယ်က ကြားတာလဲ "

" ဒီလိုပဲပေါ့၊ နင့်အတွက် ငါစုံစမ်းတာပါ၊ ကိုယ်ချစ်တဲ့ချစ်သူတစ်ယောက်ယူမယ့် ယောကျ်ားတစ်ယောက် အကြောင်းကို အဆိုးအကောင်း သိထားသင့်တယ်လေ "

" ဒီရဲက ငါ့ကိုမုန်းတယ်လို့ ပြောတယ်၊ ငါလည်း သူ့ကို မချစ်ပါဘူးဟာ၊ သူလိုလူမျိုးတစ်ယောက်နဲ့သာ အတူတူနေရရင် မကြာပါဘူး။ သူ့ရဲ့ စကားလုံးတွေအောက်မှာ ငါအပြန်ဆုံး သေသွားနိုင်တယ် "

" ဖူးပွင့် ဒီရဲတာ ငါ့ရဲ့ချစ်သူကို လုယူတဲ့လူတစ်ယောက် ဖြစ်ပေမယ့် သူ့ကိုငါလေးစားတယ်၊ နန္ဒနဲ့ဖြစ်တဲ့ကိစ္စမှာ သူဝင်ပါလာထဲက မမှန်ရင် လက်မခံဘူးဆိုတဲ့ သူ့စိတ်ဓါတ်ကိုပြလိုက်တာ၊ ဒါဟာ ယောကျ်ားတိုင်းမှာ မရှိတဲ့ အရည်အချင်းတစ်ခုပဲ "

ဖူးပွင့် တိတ်ဆိတ်သွားသည်။ ဒီရဲလိုလူမျိုးမှာ လူလေးစား အထင်ကြီးစရာဆိုတော့ ဘာတစ်ခုမှ မတွေ့မိဘူး။ သီတက ဘာဖြစ်လို့ အထင်ကြီးနေတာလဲ။

" နင်ဘာဖြစ်သွားတာလဲ ဖူးပွင့် "

" သီဟ ဒီရဲမှာ ဘယ်လိုအားနည်းချက်တွေရှိလဲဆိုတာ စုံစမ်းပေးဟာ "

" ဘာလုပ်မလို့လဲ၊ ငါစိုးရိမ်လို့ မေးတာနော် "

" ကိုယ့်ပြိုင်ဘက်ရဲ့ အားနည်းချက်ကို သိထားတော့ တိုက်ခိုက်ရတာ ပိုပြီးလွယ်တာပေါ့ "

" ဒီလိုစိတ်ထားမျိုး မထားပါနဲ့ဟာ၊ ဒီရဲဆိုတာ တစ်ချိန်ကျရင် နင်ကြိမ်းသေလက်ထပ်ရမယ့် ယောကျ်ားတစ်ယောက်ပါ၊ ရန်သူလို သဘောထားရင် နင်မှားသွားလိမ့်မယ် "

' နောက်ဆို မသေချာဘူး သီတ၊ သူ့ဘဝမှာ ငါနဲ့ပတ်သက်ပြီး ကြီးကျယ်တဲ့ဒဏ်ရာတစ်ခု ရသွားစေချင်တယ်၊ ဖူးပွင့်ဆိုတဲ့ မိန်းမဟာ သူ့ဘဝနဲ့ထက်ဆိုးတယ်ဆိုတာ သူသိသွားနိုင် ငါကျေနပ်တယ်၊ သူ့သာအဲဒီလိုဖြစ်မယ်ဆိုရင် ငါ့ဘဝတစ်ခုလုံး ဘာပဲပေးဆပ်ပါရစေ ဂရုမစိုက်ဘူး"

" ငါဘယ်လို ပြောရမလဲ "

" ဘာမှမပြောနဲ့တော့၊ ပါတောင်းတဲ့အကူအညီသာ နင်လုပ်ပေးစမ်းပါ "

" ကောင်းပြီလေ၊ ဒါဆို ဖုန်းချလိုက်တော့မယ် "

" အိုကေ ဂွတ်လပ် "

ဘာမဟုတ်တဲ့ အဖြစ်အပျက်လေးက အဲဒီအချိန်ကစပြီး လုထည့်ကျိုးများလာတော့သည်။






www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဒီရဲစိတ်ထဲမှာ စကားတစ်ခွန်းကို ပြန်ကြားယောင်မိတိုင်း ဦးခေါင်း တစ်ခုလုံး ကိုက်ခဲလာသည်။ ဒီရဲတစ်နေရာသွားဖို့ အချိန်ကျလာပြီ၊ မနေ့ထဲက အကြိုအပို့မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တဲ့နောက်ပိုင်း သွားချင်တဲ့ နေရာကို သွားလို့ရပြီလေ။

ဒါကို ဦးလေးထွန်း မသိသေးဘူး၊ သိစရာမလိုဘူးတု ဒီရဲထင်တယ်၊ ဦးလေးထွန်းသိသွားလို့ အပြစ်ပြောရင်တောင် မိဘနှစ်ပါးကို တော်ကားတဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ဒီရဲခေါင်းငုံ့ခံမှာ မဟုတ်ဘူး၊ ထို့နောက် ဒီရဲ ဘာမှမစဉ်းစားတော့ဘဲ ကားသော့ယူကာ အောက်ကိုဆင်းလာခဲ့ပြီး ဦးတည်တဲ့နေရာကို ထွက်လာကော့သည်။

ဒီရဲကားလေး လမ်းမကြီးပေါ်တွင် တရိပ်ရိပ်နဲ့ပြေးနေသည်၊ ခုမှကားကို စိတ်တိုင်းကျ အမြန်မောင်းရပြီ၊အနားမှာ ဗျစ်တောက်၊ ဗျစ် တောက်ပြောမဲ့သူလည်း မရှိဘူး၊ ဒီရဲလိုချင်တာ ဒီလိုဘဝလေ၊ နှောင်ကြိုး မဲ့စွာနဲ့ ကိုယ်သွားချင်တဲ့နေရာကို သွားပစ်လိုက်ချင်တာ။

ဒီရဲ ကားမောင်းနေရင် ရှေ့မှကားတစ်စီးပျက်တာကို လှမ်းမြင် လိုက်သည်။ ကားသမားတစ်ယောက်ရဲ့ ဒုက္ခက အဲဒါပါပဲ၊ ပြီးတော့ လူအများစုက ကားမောင်းနေတဲ့အချိန်သာ အထင်ကြီးအားကျပေမယ့် ကားပျက်သွားတဲ့အချိန်မှာကော့ သူတို့စိတ်ထဲမှာ ကဲ့ရဲ့ရှုံ့ချပြီး အကူအညီ မပေးချင်ကော့ဘူး။

ဒီရဲရဲ့ကားလေးက ပျက်နေတဲ့ကားနောက်ကို ရပ်လိုက်တယ်။

" ဘာဖြစ်တာလဲ "





" တာ ကိုဒီရဲ ကျွန်တော့်ကား ဆီကုန်သွားလို့ ထိုးရပ်သွားတာ "

" သိတာပါလား "

ဒီရဲ တိတ်တိတ်လေး ရေရွတ်မိတယ်။

" မနက်က အလောတကြီးနဲ့ထွက်လာတာ ဆီဂိတ်ကို မကြည့်မိဘူး၊ မောင်းနေရင်းနဲ့ ထိုးရပ်သွားကာမှ ဆီကုန်မှန်းသိတာ "

" ဒီပတ်ဝန်းကျင် နီးနီးနားနားမှာ လမ်းဘေးဆီဆိုင်မရှိဘူး "

" ဟုတ်တယ်၊ အဲ့ကြောင့် ကျွန်တော် စိတ်ညစ်သွားတာပေါ့ "

ဒီရဲ ဘာမှဆက်မပြောတော့ဘဲ နောက်ထဲက ဆီပုံးနဲ့ပိုက်ကိုယူပြီး ဆီတိုင်ကီအဖုံးကိုဖွင့်ကာ တစ်ဂါလံနီးပါးခန့်ဆီကို စုပ်ထုတ်လိုက်သည်။

" ရော့ လောလောဆယ် ခင်ဗျား အဆင်ပြေမှာပါ "

" ကျေးဇူးပဲ ကိုဒီရဲ "

သိတာက ဆီပုံးကိုယူကာ သူ့ကားထဲ လောင်းထည့်လိုက်သည်။

" အချိန်ရရင် ကျွန်တော်နဲ့လိုက်ခဲ့ပါလား၊ ဆီပြန်ဝယ်ပေးချင်လို့ပါ "

ဒီရဲက သိတတို ပြုံးပြပြီး . . .

" ကျွန်တော် လူတစ်ယောက်ကို ကူညီရင် မျှော်လင့်ချက်ဆိုတာ မထားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မျှော်လင့်ချက်ဆိုတာ လိုချင် တပ်မက်ခြင်း အာရုံထဲကနေ ခွဲထွက်လာတဲ့ အစိတ်အပိုင်းတစ်ခုလေ "

ဒီရဲရဲ့စကားလုံးတွေကို သိတနားမလည်ဘူး၊ သိတဆိုတာ အရာရာကို ရိုးရိုးလေးတွေးပြီး ရိုးရိုးလေးလုပ်တဲ့လူလေ။

" ဒါဆို တစ်ခုခုလိုက်စားပါလား၊ ကျွန်တော် တကယ့်ကို ကျေးဇူးတင်လွန်းအားကြီးလို့ ကျွေးချင်တာပါ "

ဒီရဲခေါင်းညိမ့်လိုက်တယ်၊ မနက်ထဲက သူလည်း ဘာမှမစားရ သေးဘူး။

သိတမျက်နှာပြုံးရွှင်သွားကာ . . .

" ကိုဒီရဲ ဘယ်ဆိုင်သွားမလဲ "

" တစ်ခုခု စားလို့ရတဲ့ဆိုင်ဆို တော်ပါပြီ "

သိတာက ဦးဆောင်ပြီး ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော့်ကို ကူညီတာ နှစ်ခါရှိပြီနော် "

သီဟက လက်ဖက်ရည်ခွက်ကို မွှေရင်း ပြောတယ်၊ ဒီရဲက ဘာမှပြန်မပြောဘဲ ကော်ဖီမစ်ထုက်ကို ညီညီညာညာဖြစ်အောင် ဖောက်နေတယ်။

" အမှန်အတိုင်းပြောရင် နန္ဒနဲ့ ကျွန်တော် ပြဿနာ မဖြစ်ချင်ဘူး၊ အဲဒီနေ့ကလည်း ကျွန်တော့်ဘက်က ရှောင်ပါတယ်၊ ပြီးတော့ သူက ကျွန်တော့်ကို အရင်ထိုးတာလေ "

" နန္ဒကို နားလည်ပေးလိုက်စမ်းပါ။ သူ့ဘဝမှာ ဖူးပွင့်ကို ပထမဆုံးအချစ်တွေနဲ့ ချစ်မိတာဆိုတော့ ပေါက်ကွဲသွားတာ ဖြစ်မှာပေါ့ "

" ကျွန်တော်လည်း ဖူးပွင့်ကို ချစ်တာပဲ၊ နန္ဒက ဒီတစ်ခါထဲ မဟုတ်ဘူး ကိုဒီရဲ၊ အရင်ထဲက ဖူးပွင့်နောက်ကို လိုက်တဲ့ လူတွေဆိုရင် နည်းမျိုးစုံနဲ့ ရန်ရှာတော့တာပဲ၊ အဲ့ကြောင့် ဖူးပွင့် အနားမှာ ဘယ်သူမှ မရှိတော့တာပေါ့ "

သီဟပြောမှ နန္ဒဟာ ဖူးပွင့်နဲ့ပတ်သက်ပြီး တော်တော်ဆိုးတာပဲ၊

" ကိုဒီရဲ ကံကောင်းပါတယ်၊ ဖူးပွင့်ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ မိန်းမတစ်ယောက်ပါ။ သူ့ရင်ထဲမှာရှိတဲ့ အချစ်နဲ့ကိုယ်ကျင့် သိက္ခာကို ခုအချိန်ထိ ထိန်းသိမ်းနိုင်ခဲ့တယ် "

" ခင်ဗျားက ဖူးပွင့်ငှားထားတဲ့ ရှေ့နေလား "

" မဟုတ်ဘူး ကိုဒီရဲ၊ ကျွန်တော်နဲ့ပတ်သက်ပြီး ဖူးပွင့်အပေါ်မှာ အထင်မလွဲပါနဲ့၊ ကိုဒီရဲကို ကျွန်တော့်ဘာသာပြောတာ "





" ကိုသီဟ ကျွန်တော်ဟာ အရာရာကို နားလည်သဘော ပေါက်ထားတဲ့ လူတစ်ယောက်ပါ။ ဘယ်ကိစ္စမဆို ကျွန်တော့်ကို အောက်ခြေသိမ်းကအစ သေချာမရှင်းပြနဲ့၊ နန္ဒကို ပြောသလို ကိုသီဟကိုလည်း ကျွန်တော် ထပ်ပြောမယ် "

" ဖူးပွင့်တာ အခုအချိန်ထိ ပိုင်ဆိုင်မှုကင်းမဲ့တဲ့ မိန်းကလေး တစ်ယောက်ပါ။ သူ့ရဲ့အချစ်ကိုရရှိဖို့အတွက် မည်သူမဆို ကြိုးစား ပိုင်ခွင့်ရှိတယ်၊ တစ်ချိန်မှာ ကျွန်တော်နဲ့ လက်ထပ်ရမယ့် မိန်းကလေးဆိုတာ သတ်မှတ်ချက်တစ်ခု အပေါ်မှာပဲရှိသေးတာ၊ တကယ်ဖြစ်နေတာ မဟုတ်သေးတဲ့အတွက် ဖူးပွင့်နဲ့ပတ်သက်ပြီး ဘာမှဝင်ပြောစရာ မလိုဘူး၊ သူ့နှလုံးသားမှာရှိတဲ့ အချစ်ကို သူကြိုက်တဲ့လူ ပေးပိုင်ခွင့်ရှိတယ် "

" အချစ် ဟုတ်လား၊ ဖူးပွင့်မှာ အချစ်မရှိဘူး ကိုဒီရဲ "

" ခင်ဗျား ဘယ်လိုလုပ်သိလဲ "

" ကျွန်တော်က ဖူးပွင့်ကိုချစ်တဲ့ လူလေ၊ ဖူးပွင့်နှလုံးသားမှာ ဘာတွေရှိလဲဆိုတာ ကျွန်တော် လေ့လာရတာပေါ့၊ နောက်ပြီး ဖူးပွင့်ဟာ ကျွန်တော့်ကို ပြန်မချစ်နိုင်ပေမယ့် မိတ်ဆွေတစ်ယောက်လို ဆက်ဆံပြီး သူ့ရင်ထဲက ခံစားချက်ကို ထုတ်ဖော်ပြောလေ့ရှိတယ် "

" ကျွန်တော့်ကို သူတစ်ခါက မေးခွန်းတစ်ခု မေးဖူးတယ် "

" လောကမှာ အချစ်ဆိုတာ တကယ်ရှိလားတဲ့ "

ဒီရဲစိတ်ထဲမှာ ဖူးပွင့်လည်း သူ့လိုပါလားဆိုတဲ့ အတွေးက ချက်ချင်း ဝင်ရောက်လာတယ်။

" ဖူးပွင့်မေးတဲ့စကားကို ဘယ်လိုဖြေရှင်းမှန်းမသိလို့ ကျွန်တော် စကားလွှဲခဲ့တယ်၊ အဲဒီလောက်ထိ ဖူးပွင့်ဟာ အချစ်နဲ့ပတ်သက်ပြီး မကြုံဘူးတဲ့ လူတစ်ယောက်ပါ "

" ကိုဒီရဲ ဖူးပွင့်ကို ဘယ်လိုမြင်ထားလဲ "

ဒီရဲ မျက်မှောင်ကြုံ့သွားသည်။

" လူတစ်ယောက်ကို ဘယ်လိုမြင်လဲဆိုတဲ့ အတွေးမျိုးနဲ့ စဉ်းစားကြည့်ဖို့ တစ်ခါမှစိတ်ကူး မရှိခဲ့ဘူး၊ ကျွန်တော်ကတော့ လူတစ်ယောက်လေ၊ လူကို လူလို့ပဲ မြင်တယ်၊ ပြီးတော့ လူဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

နေဖို့နဲ့သေဖို့အတွက် မွေးဖွားလာကြတာ မဟုတ်လား၊ ဒါပေမယ့် ဖူးပွင့်တာ ပျောက်ဆုံးနေတဲ့ ကျွန်တော့်ခံစားချက်တွေကို ပြန်ပြီး ဟူးပွ လိုက်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ သူနဲ့ပတ်သက်ပြီး အကြောင်းတွေက အသာစိပြုံးမိခဲ့တယ်၊ အတိတ်က ရင်နင့်စရာတွေကို ကျွန်တော်မေ့ပျောက်ထားတာ ကြာပြီ၊ ကျွန်တော်ဟာ ခံစားချက် ကင်းမဲ့နေတဲ့ လူတစ်ယောက်မဟုတ်ဘူး၊ ဘယ်လောက်ပဲ သတ္တိရှိပြီး မိုက်တယ်ပြောပြော၊ မီးနဲ့ထိုးရင်တော့ နာကျင်မှုကို ခံစားရတာပါပဲ၊ ဒါပေမယ့် နာကျင်မှုကို ကြိတ်မှိတ်မျိုသိပ်ပြီး အံကြိတ်ခံနေတဲ့လူမျိုးနဲ့ ငိုကြွေးပြီးအပြင်ထုတ်တဲ့ လူမျိုးဆိုတာသာ ကွဲပြားခြားနားလိမ့်မယ်၊ ကျွန်တော်ဟာ ပထမအမျိုးအစားထဲမှာ ပါတယ်၊ ကိုယ့်ဘဝကို ကြီးကြီးမားမား ထိခိုက်တဲ့အရာမျိုး မတွေ့သရွေ့ ဘဝတစ်ခုကိုမှ ဦးနှောက်ထဲကို အရောက်မခံဘူး ”

“ ကျွန်တော် မေးခွန်းတစ်ခု မေးမယ်နော် ”

“ ပြောလေ၊ ကျွန်တော် ဖြေနိုင်တဲ့ကိစ္စဆိုရင် ဖြေပါ့မယ် ”

“ ကိုဒီရဲမို့လို့ ကျွန်တော်ဒီလို မေးတာပါ ၊ တစ်ခြားလူဆိုရင် ဒီစကားကို မေးမှာမဟုတ်ဘူး ”

“ သွယ်ဝိုက်မနေနဲ့ ကိုသီတ ”

“ ဆောရီး ကိုဒီရဲ ”

သီဟက အပြုံးဖြင့် တောင်းပန်လိုက်ပြီး . . .

“ ကိုဒီရဲ ဖူးပွင့်ကို မချစ်ဘူးလား ”

ဒီရဲက အေးစက်နေတဲ့ ကော်ဖီမစ်ကို အကုန်လုံးမော့လိုက်တယ်၊

“ အချစ်ဆိုတာကို ကျွန်တော်မယုံဘူး၊ လောကမှာ ချစ်တယ်လို့ ပြောပြီး အမုန်းတွေနဲ့ လမ်းခွဲသွားကြတဲ့ စုံတွဲတွေ အများကြီးပဲ၊ ကျွန်တော်ဟာ ဘဝတစ်ခုကို နားလည်မှုတွေနဲ့ပဲ တည်ဆောက်ချင်တာ မိသားစုတစ်ခုရဲ့ သာယာချမ်းမြေ့တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ဖို့ အတွက် အချစ်ဆိုတာ မလိုအပ်ဘူး ”

“ ကျွန်တော်ကတော့ ကိုဒီရဲအတွေးအခေါ်ကို လိုက်မမီတော့ဘူး ”

“ ဒီလိုပါပဲ၊ အချို့ဆိုရင် ကျွန်တော့်ကို ‘ ကျပ် ’ မပြည့်ဘူးလို့တောင် ကွယ်ရာမှာ ပြောကြတယ် ”





“ ကိုဒီရဲ ကျွန်တော့်ကို အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက် အဖြစ် အသိအမှတ်ပြုပါ ”

“ ဖူးပွင့်သိသွားရင် ခင်ဗျားကို စိတ်ဆိုးမှာပဲ ”

“ ဖူးပွင့်ကို ကျွန်တော် သိပ်ချစ်တယ်၊ အမြဲတမ်း သူစိတ်ချမ်းသာ နေတာကိုပဲ ကျွန်တော်မြင်ချင်တယ်၊ ကိုဒီရဲကို ကျွန်တော် တောင်းပန်ချင်ပါတယ်၊ ဖူးပွင့်ကို မချစ်နိုင်ရင်တောင် တစ်သက်လုံး စိတ်ချမ်းသာအောင် ထားပေးပါ၊ သူဟာပျော်ရွှင်မှုကိုပဲလိုလား နှစ်သက်တဲ့ မိန်းကလေးတစ်ယောက်လေ ”

ဒီရဲမျက်လုံးထဲမှာ သီဟရဲ့ စိတ်ဓါတ်ကို မြင်လိုက်ရသည်။ ရယူ ပိုင်ဆိုင်ခွင့် နည်းသွားမှန်းသိလျက် ကျောခိုင်းထွက်မသွားပဲ ဖူးပွင့် အပေါ်မှာ အကောင်းဆုံးပျော်ရွှင်မှုတွေကို ရှာဖွေပေးခဲ့ချင်သူဟာ သီဟပါ။

“ တကယ်ဆိုရင် ဖူးပွင့်ဟာ ခင်ဗျားနဲ့ထိုက်တန်တဲ့ မိန်းကလေး တစ်ယောက်ပါ၊ သူ့ရင်ထဲက အချစ်တွေသာ ခင်ဗျားကို ပေးအပ် လိုက်မယ်ဆိုရင် ကျွန်တော် မဖြစ်မြစ်တဲ့နည်းနဲ့ ကျကြီးတွေရဲ့ သဘောထားကို ဆန့်ကျင်တိုက်ခိုက်မှာ ”

သီတမျက်လုံးထဲတွင် ဒီရဲကို ကျေးဇူးတင်လေးစားကဲ့ အရိပ် အရောင်များ ပေါ်ထွက်လာတယ်၊ သီဟယင်တာထက် ဒီရဲဟာပိုပြီး လေးစားစရာ ကောင်းတယ်၊ ဘယ်အရာကိုမဆို ငါသာပိုင်ဆိုင်ရပါစေဆိုတဲ့အတ္တ ဒီရဲမှာ ကင်းမဲ့နေတယ်၊ ဒါဟာ ယောက်ျားပေါင်းတစ်သန်းမှာ မရှိနိုင်တဲ့ ဒီရဲရဲ့ စိတ်ဓါတ်တွေပဲ။ ဒီရဲက ဆက်ပြောတယ်။

“ ကျွန်တော်နဲ့တရင် ခင်ဗျားဟာ ဖူးပွင့်ဘဝကို စိတ်ချမ်းသာ ပျော်ရွှင်အောင် ထားနိုင်မယ်လို့ ယုံကြည်တယ် ”

သီဟက ဒီရဲရဲ့ နောက်ဆက်တွဲ စကားလုံးကို နားယောင်ပြီး . .

“ ကျွန်တော့်ကို ဖူးပွင့်က မချစ်ဘူး ကိုဒီရဲ ”

“ ဒါ ခင်ဗျားရဲ့ ကံတရားလေ ”

“ ဟုတ်တယ်၊ ကျွန်တော်ဟာ ဖူးပွင့်ကို ချစ်ယုံကလွဲပြီး ပိုင်ဆိုင်ခွင့် ဆိုတာ မမျှော်လင့်နိုင်တဲ့လူပါ၊ ဒါပေမယ့် ကျွန်တော် ကျေနပ်တယ်၊ ကိုဒီရဲလိုလူမျိုးတစ်ယောက် ရင်ခွင်ထဲကို ဖူးပွင့်ရောက်သွားတာ ဆိုတော့ ဘာမှပြောစရာမလိုဘူး ”



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို အထင်ကြီးနေတဲ့ သီတာကို ပြုံးကြည့်ပြီး . . .

" သွားကြမယ် ကိုသီတာ၊ ခင်ဗျားနဲ့စကားပြောရတာ အဆင်ပြေပါတယ်၊ ကျွန်တော်ဟာ မြွေပွေးတစ်ကောင်လို ကိုယ့်ကိုထိရင် မလွတ်တမ်း ပြန်ပေါက်တတ်ပေမယ့် ကျန်တဲ့အချိန်တွေမှာ သိုးတစ်ကောင်လို နူးညံ့သိမ်မွေ့စွာနဲ့ နေတတ်တယ် "

ကိုဒီရဲပြောပြီး ကားပေါ်တက် စက်နှိုးကာ ဦးတည်ရာကို မောင်းထွက်သွားတော့သည်။ ခုအချိန်မှာတော့ ဒီရဲခေါင်းထဲမှာ ဘာမှမရှိဘဲ အရာအားလုံး ဗလာဖြစ်နေသည်၊ တကယ်လည်း ဟုတ်ပါတယ်၊ ဒီရဲဆိုတာ တန်ဖိုးရှိတဲ့အချိန်တွေကို မရေရာတဲ့ စိတ်ကူးအတွေးတွေနဲ့ အကုန်မခံတဲ့ လူတစ်ယောက်မှ မဟုတ်ခဲ့ဟာ။





" မနက်က ဘာဖြစ်လို့ မလာတာလဲ "

ဖူးပွင့်က တွေ့တွေ့ချင်း သီတာကို မေးလိုက်သည်။

" ငါလာပါတယ်၊ လမ်းမှာ ကားဆီကုန်သွားလို့ အချိန်ကြာသွားတာပါ "

ဖူးပွင့် ငြိမ်သက်သွားပြီးမှ . . .

" မနက်က နန္ဒတို့အုပ်စုကို တွေ့မိတယ်၊ ဒါပေမယ့် ငါ့နားကို ရောက်မလာပါဘူးဟာ၊ ငါ့စိတ်ထင်တော့ ဟိုနေ့ကကိစ္စကို မကျေနပ်လို့ နင့်ဆီလာတာဖြစ်မယ် "

" နန္ဒက ဒီရဲသူငယ်ချင်းလေ၊ နန္ဒတို့အုပ်စုဆိုတော့ ဒီရဲတို့အဖွဲ့ ဖြစ်မှာပေါ့ "

" မဟုတ်ဘူးဟ "

" နန္ဒနဲ့ပါလာတဲ့လူတွေကို ငါမသိဘူး၊ ပုံစံတွေက ထောင့်မကျိုးပါဘူးဟာ၊ မိုက်တိမိုက်ကန်းနဲ့ ဂျစ်တစ်တစ်ရုပ်ပေါ့ပါ "

" နင်ဘာဖြစ်လို့ ဒီရဲကို အကောင်းမမြင်တာလဲ "

ဖူးပွင့်က ထုံးစံအတိုင်း ဆတ်ခနဲကြည့်ပြီး . . .

" သူ့မှာ ကောင်းတာဆိုလို့ ဘာတွေရှိလို့လဲ၊ မိန်းမတစ်ယောက်နဲ့ အပြိုင်စကားနိုင်လုတတ်တဲ့ သူ့ရဲ့စိတ်ဓါတ်က အောက်တန်းကျတယ် "

" နင်မှားနေပြီထင်တယ် "

" သီတာ နင့်ကိုငါ အရမ်းအံ့သြတယ်၊ ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို လုယူမယ့်လူတစ်ယောက်ကို ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



စေတနာတွေ ထားနေဘာလဲ၊ နင်ငါ့ကို တကယ်ချစ်တယ်ဆိုတာ ပိုပြီးသေချာအောင် နင့်ကိုယ်နင် ပြန်မေးကြည့်စမ်းပါ ”

သီတာက နားမလည်နိုင်တဲ့ မျက်လုံးတွေနဲ့ ဖူးပွင့်ကိုကြည့်ပြီး

“ ငါနင့်ကို သိပ်ချစ်တယ်၊ နင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်တော့ဘူးလို့ ငါကိုယ်တိုင် ငါ့ကိုယ်ငါ ကတိပေးထားပါတယ်၊ နင်က အချစ်ကိုမှ မခံစားဘူးတာ၊ အချစ်ရဲ့ထူးဆန်းနက်နဲတဲ့ ဝေါဟာရကို ဘယ်နားလည်ပါ့မလဲ၊ ဒီရဲ့တာ စိတ်သဘောထား ဖြူစင်မြင့်မြတ်တဲ့ ယောကျ်ားတစ်ယောက်ပါ၊ ဟန်ဆောင်ပြီး ကောက်ကျစ်တဲ့လူတွေနဲ့ တရင် ရိုးသားပြီးပွင့်လင်းတဲ့ ဒီရဲလိုလူမျိုးကို လေးစားသင့်တယ်၊ ငါ့ကိုနင် နားလည်ပေးပါ၊ နောက်ပြီး ငါ့ရဲ့အချစ်တွေကိုလည်း ယုံကြည်ပါ၊ မိန်းမတစ်ယောက်ကိုပိုင်ဆိုင်ခွင့်ရမှ ချစ်ရမယ်ဆိုတဲ့ အဓိပ္ပါယ်က လုံးဝမှားယွင်းတယ်၊ ချစ်ခြင်းမေတ္တာဆိုတာ သူ့ဘာသာ သီးသီးသန့်သန့် ရှိနေကာ၊ ရယူပိုင်ဆိုင်ခြင်းဆိုတာက လူတွေရဲ့ အတ္တပေါ်မှာမှီပြီး ပေါ်လာတာပါ၊ ဒါကို လူတွေက နားမလည်ဘဲ အချစ်နဲ့ပိုင်ဆိုင်ခြင်းကို ရောထွေးပြီး ကိုယ့်ရဲ့ အတ္တတွေကို အချစ်ဆိုတဲ့ ခံစားမှုအပေါ် ပုံချနေကြတယ်၊ ငါထပ်ပြောမယ် ဖူးပွင့်၊ ဒီကမ္ဘာ လောကကြီးတည်မြဲနေသ၍ နင့်ကိုငါချစ်နေမယ်၊ အဲဒါ ငါ့ရဲ့သစ္စာစကားပဲ ”

သီတာ စကားပြောနေရင်း ရင်ထဲမှာ ဆို့တက်လာတယ်၊ ဝမ်းနည်းနေခြင်းထက် မချိတင်ကဲဖြစ်နေခြင်းကို ပိုပြီးခံစားနေရတာပါ။

သီတာ စကားတွေကို နားထောင်နေတဲ့ ဖူးပွင့်ရင်ထဲမှာ အမည်မဖော်နိုင်တဲ့ လှိုင်းတစ်ခု ရိုက်ခပ်သွားတယ်၊ သူမဟာ ယောကျ်ားတွေရဲ့ ချစ်ခြင်းမေတ္တာကိုရရှိတဲ့ လူတစ်ယောက်ဖြစ်ပေမယ့် သူမကိုယ်တိုင် အချစ်ကို မခံစားဘူးခဲ့ပေ၊ ချစ်ခြင်းတရားရဲ့ ထူးဆန်းနက်ရှိုင်းတာကို သူမသိချင်နေတယ်၊ ဒါပေမယ့် ဘယ်သူကမှ သူမသိချင်တဲ့အဖြေကို ပေးနိုင်စွမ်းမရှိခဲ့၊ သူမလည်းလူတစ်ယောက်ပါ ရင်ထဲကအချစ်တွေကို တစ်စုံတစ်ယောက်ကို ပြန်ပေးချင်တာပေါ့၊ သူမကိုချစ်တယ်လို့ပြောတဲ့ လူတွေကြပြန်တော့ သာမန်ခင်မင်မှုကလွဲပြီး ဘယ်လိုခံစားမှုမျိုးမှ မရှိတော့ ဘယ်လိုပေးရမှာလဲ။

“ စိတ်ညစ်တယ်တာ၊ ခုရက်ပိုင်းတွေမှာ ငါ့ဦးနှောက်တွေ





တော်တော်ရှုပ်ထွေးနေတယ် သီတာ၊ တစ်ခါတစ်ခါ တစ်ယောက်ထဲ လူတွေနဲ့အဝေးဆုံးနေရာကိုသွားပြီး တစ်ယောက်ထဲ အေးအေးဆေးဆေးနေရင် ကောင်းမယ်လို့တောင် စဉ်းစားမိတယ် ”

သီတာနားလည်ပါတယ်၊ ဖူးပွင့်နေရာမှာ သူဆိုရင်လည်း ဒီလိုပဲ ခံစားရမှာပါ၊ လူ့ဘဝဆိုတာ ပျော်ရွှင်မှုတစ်ခုအောက်မှာ အမြဲတမ်းတည်ရှိနေတာမှ မဟုတ်တာ။

“ ဖူးပွင့် တစ်ရက်၊ နှစ်ရက်လောက် ခွင့်ယူပြီး အနားယူလိုက်ပါလား၊ မတရားမွန်းကြပ်လာတဲ့အခါ ထွက်ပေါက်တစ်ခုကို ပေးသင့်တယ်လေ၊ နင့်ဦးနှောက်ထဲမှာ ဘာမှထည့်မထားဘဲ ပေါ့ပေါ့ပါးပါး နေလိုက်ရင် စိတ်ချမ်းသာလာမှာပါ ”

“ မဖြစ်ပါဘူးဟာ၊ အိမ်မှာဆို ဒီထက်ပိုဆိုးလိမ့်မယ်၊ ဒီရဲနဲ့ ပတ်သက်ပြီး အန်တီလေးက ငါ့ကို ဖိအားတွေ ပေးနေတယ်၊ ကျေးဇူးတရားက အလွန်ကြောက်ဖို့ကောင်းတယ် သီတာ၊ တစ်ခါတစ်လေ ဟင်္သာတိုးလုပ်ချင်ပေမယ့် ကျေးဇူးဆိုတဲ့ စကားတစ်ခွန်းကြောင့် ရည်ရွယ်ချက်တွေအားလုံး ပျက်စီးသွားခဲ့ရတယ် ”

သီတာ ပင့်သက်ရှိုက်လိုက်သည်။ သူတို့ရပ်နေတာ တော်တော် ကြာနေပြီ၊ ခံစားချက်အဂတိအပိုင်းတွေကြောင့် ညောင်းနေတာကို သတိမထားမိပေမယ့် ခြေထောက်တွေက ကျင်တက်လာတယ်။

“ နင်ဘယ်သွားချင်လဲ၊ ဘယ်နေရာမဆို ငါလိုက်ပို့ပေးမယ်”

“ မသွားတော့ဘူး သီတာ၊ အိမ်ပြန်ပြီး အခန်းထဲမှာပဲ နေတော့မယ် ”

“ ဒါဆို မနက်ကြမှပဲ တွေ့ကြတာပေါ့ ”

ဖူးပွင့်ခေါင်းညိတ်ပြီး သူမကားပေါ်တက်သွားသည်။

ကားစက်နှိုးကာမှ ဒီရဲကို အမှတ်တမဲ့ သတိရသွားတယ်၊ ပထမနေ့တွေ ဒီအချိန်ဆိုရင် ဒီရဲနဲ့သူမ အခြေတင်စကားများကြပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ပင်လယ်ပြင်ကြီးကို လှမ်းကြည့်ပြီး ဒီရဲစိတ်ထဲမှာ ဝမ်းနည်းလာသည်။ အချိန်သည် ကုန်ဆုံးမြန်တယ်ဟု ထင်ရပေမယ့် မမေ့နိုင်တဲ့ အဖြစ်အပျက်က ခုအချိန်ထိ ရင်ထဲမှာရှိနေတယ်၊ ဒီပင်လယ်ပြင်ကြီးက သူ့ရဲ့ မိဘနှစ်ပါးကို ဝါးမျိုသွားသော မရဏာသချိုင်းတစ်ခုဖြစ်သည်။ သူသာ အကျီအသစ် တစ်ထည်ကို လိုချင်တပ်မက်စွာ မပူစာမိရင် ဒီမှမတုတ် မိဘနှစ်ပါးစလုံး သူ့ဆန္ဒကို ဖြည့်ဆည်းမပေးဘဲ ငြင်းဆန် ခဲ့ပါက ခုအချိန်ထိ မိဘမေတ္တာကို ခံစားရမှာအမှန်ပင်။

" ရှစ်စကားပြောတာ ရိုင်းစိုင်းတယ်၊ အင်းပေါ့လေ၊ မိဘသုံးမခြင်းကို မခံရတဲ့ သားသမီးဆိုတော့ ဒီလောက်ရိုင်းမှာပေါ့ "

ဖူးပွင့်ပြောတဲ့စကားများကို အကြိမ်ကြိမ်ပြန်ကြားယောင်မိသဖြင့် ခေါင်းကို ဘယ်ညာခါထုတ်မိတယ်။

ဒီရဲဆိုတာ ဘယ်အရာကိုမှ ဦးနှောက်ထဲကို ထည့်မထားသူလေ၊ ဒါတာ သူကိုယ်သူ ပြုပြင်ထားတဲ့ အကျင့်ပဲ၊ နောက်လည်း ဒီအတိုင်းပဲ ရှိနေရမယ်၊ ငယ်ငယ်လေးထဲက စနက်တာကျန့် မွေးမြူခဲ့တဲ့ သူ့ရဲ့စိတ်ဓါတ်တွေ ဘယ်သောအခါမှ မပြောင်းလဲစေရဘူး။

" လှလေး "

အသံကြောင့် ဒီရဲလှည့်ကြည့်လိုက်တယ်၊ အဘိုးအိုတစ်ယောက်ပါ။ တုတ်ကောက်တစ်ချောင်းကို အဖော်ပြုပြီး ဒီရဲဆီကို လာနေတယ်။

" အဘ ဘာဖြစ်လို့ လာတာလဲ၊ ကျွန်တော် အိမ်ကိုလာမှာပေါ့"

ဒီရဲ အဘိုးအိုဆီ ပြေးသွားပြီး ဖေးကူလိုက်တယ်။





" မနက်ထဲက အဘတဲကနေ လှမ်းကြည့်နေတာ "

" ဟုတ်တယ်အဘ၊ လမ်းမှာကိစ္စတစ်ခုကြောင့် နည်းနည်းကြာသွား လို့ပါ၊ ဒါတောင် ကျွန်တော်တစ်ညလုံး မအိပ်ဘဲ မောင်းလာတာ "

" အဘစိတ်ထဲမှာ လှလေး ကြိမ်းသေလာမယ်ဆိုတာ သိနေတယ် "

ဒီနေရာလေးကို ဒီရဲ တစ်နှစ်တစ်ခေါက် အမြဲတမ်း လာနေကျလေ၊ ဦးလေးထွန်း သူ့ကို မွေးစားဖို့လာခေါ်တဲ့နှစ်ကစပြီး ဒီနေ့အထိ တစ်နှစ်မှ မပျက်ကွက်သေးဘူး။

" လှလေး ဦးလေး ကျန်းမာရေးကောင်းလား "

" ကောင်းတယ် အဘ "

" အေးကွယ်၊ အဘတို့က အသက်ကြီးပြီဆိုတော့ လှလေးတို့ သတင်းကိုပဲ စောင့်မျှော်နေရတာပေါ့ လှလေးနဲ့မောင်ထွန်းနိုင်စိုးတို့ နှစ်ယောက် ကျန်းမာပါစေလို့အဘဘုရားမှာ ညတိုင်းဆုတောင်းပါတယ်"

" အဘ ကျွန်တော် ဒီနေရာကိုရောက်တိုင်း မိဘတွေကို အရမ်း သတိရတယ်၊ ပြီးတော့ ကျွန်တော်ဟာ မိဘနှစ်ပါးကို သေတွင်းထဲ ပို့လိုက်တဲ့ သားအဖြစ် ကိုယ့်ကိုကိုယ် ယူကြုံးမရ ဖြစ်မိတယ်၊ ကျွန်တော့်ကြောင့် ဖေဖေနဲ့မေမေ သေရတာ၊ ကျွန်တော်သာ အကျီအသစ်တစ်ထည်ကို မလိုချင်ဘူးဆိုရင် ခုအချိန်လေ ကျွန်တော့် အတွက် အလွန်ပျော်စရာကောင်းတဲ့ မိသားစုသုံးယောက် ဘဝကို ပိုင်ဆိုင်ရမှာ အဘရဲ့ "

ဒီရဲမျက်ဝန်းထဲမှာ မျက်ရည်တွေ စီးကျလာတယ်၊ ဒီနေရာကို ရောက်တိုင်း ဒီရဲဟာ စိတ်လွတ်ကိုယ်လွတ် ငိုရှိုက်တတ်တယ်၊ တစ်နှစ်တာ ကာလပတ်လုံး မျိုသိပ်ထားတဲ့ ခံစားချက်အားလုံးကို ဒီနေရာမှာလာပြီး ဖွင့်ဟ အန်ထုတ်လေ့ရှိတယ်။

" လှလေး စိတ်ကို အဲဒီလောက်ထိ အစွဲအလမ်းမထားပါနဲ့လို့ အဘနှစ်တိုင်းပြောခဲ့တယ်မဟုတ်လား။ ဘယ်သူ့ကြောင့် ဘယ်သူ သေတယ်ဆိုတာထက် သေချိန်တန်ရင် လူတွေသေကြမှာပါ "

အဘိုးရဲ့အသံက အနိမ့်အမြင့် ညီညာနေသလို မျက်လုံးတွေကလည်း ရင့်ကျက်တည်ငြိမ်မှုကို ဖော်ပြနေတယ်။

" သမီးလေးဟာ ကုသိုလ်ကံနည်းပါးလို့ စောစောစီးစီး



www.burmeseclassic.com

www.burmeseclassic.com

သေရပေမယ့် လူ့လောကအလယ်မှာ မိဘကို သိပ်ချစ်တတ်တဲ့ သားတစ်ယောက်ကို မွေးထုတ်ထားခဲ့နိုင်တဲ့အတွက် ရောက်လေရာ ဘဝကနေ ဂုဏ်ယူနေမှာပါ။ လူလေးစိတ်ကို ငြိမ်ငြိမ်လေးထားပြီး အဘပြောတာတွေကို နားထောင်နော်၊ အရွယ်ရောက်တဲ့ ယောကျ်ား တစ်ယောက်ဟာ လူ့လောကမှာ ရပ်တည်မယ်ဆိုရင် မျက်ရည် မကျရဘူး။ သေချင်းတရားဆိုတာ လူတိုင်းရင်ဆိုင်ရမဲ့ အရာပါ ”

“ ကျွန်တော်သိတယ် အဘ၊ ဒါပေမယ့် မိဘနှစ်ပါးစလုံးဟာ ရိုးရိုးတန်းတန်း သေသွားတယ်ဆိုရင် ကျွန်တော်ဒီလောက် အထိ ကြေကွဲမိမှာမဟုတ်ဘူး၊ ခုတော့အဘရယ် ကျွန်တော် ကျောင်းတက်ဖို့အတွက် အင်္ကျီအသစ်ဝယ်ပေးချင်တဲ့ မေတ္တာပေါ့ ကြောင့် မုန်တိုင်းကျနေမှန်းသိလျက်နဲ့ ပင်လယ်ထဲကို ထွက်သွား ခဲ့တယ်၊ အဲဒီအချိန်မှာ ကျွန်တော်ဟာ ကလေးတစ်ယောက်ဆိုတော့ လိုချင်တာတစ်ခုပဲ သိတယ်၊ ခုတော့ အဘရဲ့သမီးတစ်ယောက် ဆုံးရှုံးခဲ့သလို အကားယိုးမရတဲ့ မိဘနှစ်ပါးကို ကျွန်တော်စွန့်လွှတ် လိုက်ရတယ်၊ ဒါဟာ ကျွန်တော့်ကြောင့်ပါ။ ပစ္စည်းတစ်ခု အပေါ်မှာ လိုချင်တဲ့အတ္တကြောင့် ဒီလိုဖြစ်သွားတာ ”

ဒီရဲမျက်ဝန်းမှာ မျက်ရည်တွေခန်းခြောက်သွားပေမယ့် အသံက တုန်ရီလို့ကယောနေ၏။

အဘိုးအိုက ဒီရဲ ပခုံးကို ကြင်နာစွာ ဖက်လိုက်ပြီး . . .

“ သွားကြမယ် လူလေး၊ အဘတဲမှာ လူလေးလာရင်စားဖို့ အဘ လုပ်ထားတယ် ”

ဒီရဲလည်း အဘိုးအိုကို ပြန်လည်ဖေးကူရင်း တဲလေးဆီကို တရွေ့ရွေ့ သွားကြသည်။





တဲအိမ်ကိုရောက်တဲ့အချိန်မှာတော့ ဒီရဲရင်ထဲ နင့်ခနဲနေအောင် ခံစားရသည်။ သူဟာ ဒီတဲထဲမှာ မွေးဖွားကြီးပြင်းလာတဲ့လူလေ၊ ကျောင်းက ပြန်လာတိုင်း ပင်လယ်ကြီးကိုကြည့်ပြီး ဟာ်ဇီသည်ဘဝကို အားကျနေတဲ့ ကလေးတစ်ယောက်ပေါ့၊ ဒါပေမယ့် လူ့ဘဝဆိုတာ ကိုယ်ဖြစ်ချင်တာကို ဖြစ်ခွင့်ပေးတာမှ မဟုတ်တာ၊ မထင်မှတ်ဘဲ မိဘနှစ်ပါးစလုံး သေသွားပြီးတဲ့ နောက်ပိုင်း သူ့ဘဝဟာ အကြီးအကျယ်ပြောင်းလဲသွားတယ်၊ ဘဝတင် မဟုတ်ပါဘူး၊ စိတ်ဓါတ်ပါ ပြောင်းလဲသွားခဲ့တာပါ။

ငယ်ငယ်က သူအိပ်တဲ့နေရာလေးဟာ ခုအချိန်ထိ ရှိနေတယ်၊ ဒီရဲက အိပ်ယာလေးဆီသွားပြီး လှဲအိပ်လိုက်တယ်၊ လွတ်လပ်ခြင်းရဲ့အရ သာကို အခုမှ ပီပီပြင်ပြင်ခံစားရတာ၊ ဝါးကွပ်ပြစ်ပေါ်မှာ ဖျာကြမ်းခင်းထားတဲ့ အိပ်ယာက ခန္ဓာကိုယ်ရဲ့ အကြောအချဉ်တွေအားလုံးကို ပြေလျော့စေတယ်။ တစ်ထွာလောက်ရှိတဲ့ မွေ့ယာပေါ်မှာ အိပ်စက်ခြင်းထက် ဒီလိုနေရာမျိုးက လူတစ်ယောက်ရဲ့ ကျန်းမာရေးကို ပိုပြီးအထောက်အကူပြုတယ်လို့ ဒီရဲ ထင်သည်။

“ လူလေး ထမင်းစားမယ်လေ ”

“ အဘ ဆာနေပြီလား ”

အဘိုးက ဒီရဲမျက်နှာကို အပေါ်စီးမှ ငုံကြည့်ပြီး . . .

“ လူလေးဆာမှာစိုးလို့ အဘပြောတာပါ ”

“ ဘာချက်လဲ အဘ ”


www.burmeseclassic.com

www.burmeseclassic.com



" လူလေးကြိုက်တဲ့ ဝါးဘက်သားကို ဆီပြန်ချက်ပြီး ပင်လယ်ခရုသုပ်ထားတယ် "

" အား ဒီနေ့တော့ အရသာအရှိဆုံးထမင်းကို စားရတော့မှာပေါ့ "

ဒီရဲ့ အိပ်ယာမှပြန်ထပြီး ထမင်းစားပွဲဝိုင်းထိုင်လိုက်တယ်။ နှာခေါင်းထဲကို အဘရဲ့လက်ရာ ဟင်းနံ့က မွှေးကြိုင်စွာ တိုးဝင်လာသည်။

" ဒီနေ့ လူလေးလာမယ်မှန်းသိလို့ ဟင်းတွေအများကြီးပို၍ချက်ထားတယ်၊ အားရအောင်စားပါ "

ဒီရဲ့ လက်ဆေးပြီး ထမင်းကို အားရပါးရ စားတော့သည်။ အဘိုးအိုက ထမင်းတစ်လုပ်ကို ပြည်းညက်စွာပါးပြီး ဒီရဲစားနေတာကို ပီတိလွှမ်းတဲ့ မျက်နှာဖြင့် ကြည့်နေတယ်။

အဘက ဟင်းချက်ကောင်းတယ်၊ မိဘတွေရှိစဉ်ထဲက အိမ်မှာ ထမင်းနဲ့ဟင်းကို အဘပဲချက်တာ၊ ငယ်ငယ်က ဒီရဲ့ကျောင်းက ပြန်လာရင် ထမင်းအိုးဆီကိုတန်းပြေးပြီး ကိုယ့်ဘာသာ ခူးစားတယ်၊ အဲဒီလို စားတိုင်း အဘက ခုလိုပြုံးပြီး ကြည့်နေတတ်တယ်။

" စားလို့ကောင်းလိုက်တာ "

ဒီရဲ့ မိုက်ကလေးကို ပွတ်သပ်ပြီးပြောပုံမှာ ကလေးတစ်ယောက်လို ဖြစ်နေတယ်။

" လူလေး အေးအေးဆေးဆေး နေမှာလား "

ဒီရဲ့ ခေါင်းညိမ့်ပြပြီး အဘိုးအိုရင်ခွင်ထဲ တိုးဝင်လိုက်သည်။

" အဘ ကျွန်တော်ပြန်ရင် လိုက်ခဲ့ပါလား "

အဘိုးအိုက ဒီရဲ့ခေါင်းကို ပွတ်သပ်ပေးရင်း

" မဖြစ်ပါဘူး လူလေးရယ်၊ ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြီး ဒီမြေမှာပဲ ခေါင်းချဖို့ အဘဆုံးဖြတ်ထားတယ် "

အဘက ဆုံးဖြတ်ချက်ချပြီးရင် ဘယ်တော့မှ မပြင်တတ်မှန်း ဒီရဲ့သိသည်။

" ကျွန်တော် အဘကို စိတ်မချဘူး "

" ဘာမှစိတ်မပူနဲ့ လူလေး၊ ပင်လယ်ကိုလာတဲ့ တံငါသည်တွေ အားလုံး အဘတဲကိုဝင်လာပြီး နှုတ်ဆက်ကြပါတယ်၊ အဘ နေမကောင်းဖြစ်တောင်မှ သူတို့ပဲ ပြုစုကြတာလေ "





" အဘကျန်းမာရေးကို ဂရုစိုက်ပါ၊ နောင်နှစ် ကျွန်တော်ပြန်လာတဲ့အခါ ခုလိုပုံစံမျိုးပဲ ကျွန်တော် မြင်ချင်တယ် "

" ကျွန်တော် အိပ်ချင်တယ် အဘ "

ဒီရဲ့ပြောပြီး ငယ်ငယ်က အိပ်ယာလေးဆီသွားက နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်တော့သည်။

" မိပွင့် ငါ့ကို မှန်မှန်ပြောစမ်း "

" ဘာကို ပြောရမှာလဲ အန်တီလေး "

" မိပွင့် ခုမှ တိုလိုလို ဒီလိုလို မလုပ်နဲ့၊ ညည်းနဲ့ မောင်ဒီရဲ့ ဘာဖြစ်တယ်ဆိုတာ အမှန်အတိုင်း ငါသိချင်တယ် "

" ဖူးပွင့်ပြောပြီးပြီလေ၊ သူ့ကားမျက်နေလို့မလာတာ ဖြစ်မှာပေါ့ "

" ညည်းမလိမ်နဲ့နော် "

" အန်တီလေး ကိုယ့်တူမ အရင်းခေါက်ခေါက်ကြို… စကားကို မပ…ဘူးလား "

" မယုံလို့မေးတာ၊ ညည်းအကြောင်းကို ငါအကုန်သိတယ်၊ မောင်ဒီရဲ့စိတ်ဆိုးလောက်တဲ့ စကားတစ်ခွန်း သွားပြောလို့ မလာတာဘဲ ဖြစ်မယ် "

ဖူးပွင့် အိမ်မှာမနေချင်တာ အဲဒါတွေပါတယ်၊ ကိုယ့်တူမထက် သူစိမ်းတစ်ယောက်အပေါ်မှာ အဖြစ်သည်းလိုက်တာ လွန်ပါတယ်။

" ဖူးပွင့်ဘာမှမပြောဘူး အန်တီလေး "

" မဖြစ်နိုင်ဘူး၊ အခုမောင်ဒီရဲ့ ပျောက်နေတာ နှစ်ရက်ရှိပြီ၊ ကိုကိုထွန်းက ငါ့ဆီဖုန်းဆက်တယ် "

" သူ့ဘာသာ အလည်လွန်နေလို့ ဖြစ်မှာပေါ့ "

ပြောသာပြောရတယ်၊ ဖူးပွင့်ရင်ထဲမှာ ရက်တရက် စိုးရိမ်စိတ်လေး



www.burmeseclassic.com

www.burmeseclassic.com

ပါလာတယ်။

" သူဘယ်သွားလဲဆိုတာ ညည်းသိလား "

" ဘယ်လိုလုပ်သိမှာလဲ၊ သူနဲ့ဖူးပွင့်က ချစ်သူတွေမှမဟုတ်တာ"

" ကိုကိုထွန်းလည်း အရမ်းစိုးရိမ်နေတယ်၊ ခုဟာက ကားနဲ့လုပါပျောက်နေတော့ ရဲစခန်းတိုင်ရင် ကောင်းမလားလို့ ဒို့ဆီအကြံတောင်းတယ် "

" ဒီရဲကလည်း ဆက်သွယ်ရေးတွေ ဒီလောက်ကောင်းနေတဲ့ အချိန်မှာ ဘယ်နေရာရောက်ရောက် ဖုန်းဆက်ပြောပေါ့ "

" ရဲစခန်းတိုင်ရင် ကောင်းမလား ဖူးပွင့် "

" အန်တီလေးတို့ သဘောပဲလေ "

" ဖိပွင့် "

" တိုးတိုးခေါ်ပါ အန်တီလေးရယ်၊ ဖူးပွင့်နားကြားပါတယ် "

" ညည်းဒို့ကို အမှုအယာတွေနဲ့ ဆန့်ကျင်နေတာလား "

" ဖူးပွင့် ဘာလုပ်လို့လဲ "

တကယ်လည်း သူမမှာ ဘာအပြစ်မှမရှိဘဲ အသားလွတ်ကြီး လာဟောက်နေတယ်၊ အဲဒီ ဒီရဲကြောင့်၊ သူ့ဘာသာ သွားချင်တဲ့နေရာ လျှောက်သွားနေတာကို ကြားထဲက အဆူခံနေရတယ်။

" မောင်ဒီရဲတာ ညည်းယူရမယ့် ယောက်ျားနော် "

" ဖူးပွင့်သိပါတယ် "

" သိရဲ့သားနဲ့ မောင်ဒီရဲပျောက်တဲ့ကိစ္စကို ဂရုမစိုက်ဘဲ အေးတိအေးစက်ထိုင်နေတော့ ဒို့ကိုအရွဲ့တိုက်ကာပေါ့ "

" မဆိုင်ပါဘူး၊ ဒီရဲဟာ အရွယ်ရောက်ပြီး အသိဉာဏ်ရှိတဲ့ လူတစ်ယောက်ပါ၊ သူ့ရဲ့အန္တရာယ်ကို သူရှောင်နိုင်ပါတယ်၊ ဦးလေးထွန်းကို ပြောလိုက်ပါ၊ ဘာမှ စိတ်မပူပါနဲ့လို့၊ အချိန်တန်ရင် ပြန်လာလိမ့်မယ် "

ဒီရဲမှာ ဘာအန္တရာယ်မှ မရှိဘူးဆိုတာ ဖူးပွင့်စိတ်ထဲမှာ အလိုလို သိနေတယ်။

" ညည်းသတိထားပြီးနေပါ၊ မောင်ဒီရဲကလွဲပြီး ဘယ်သူ့ကိုမှ ယူဖို့ စိတ်မကူးနဲ့ "





" ဖူးပွင့်ဘဝမှာ ယောက်ျား အဲဒီလောက် ရှားနေလို့လား "

မခံချင်စိတ်ဖြင့် အန်တီလေးကို ပြန်မေးမိတယ်၊ ဒီရဲဆိုတဲ့ လူတစ်ယောက်ကိုမယူရင် ချွတ်ချင်းသေဆုံးတော့မတတ် ပြောနေတဲ့ အန်တီလေး စကားကိုလည်း မစဉ်းစားတတ်ပေ။

" ညည်းဘဝမှာ ချစ်တဲ့သူတွေ အများကြီးရှိနေမှန်း ငါသိတယ်၊ ဒါပေမယ့် မောင်ဒီရဲကလွဲပြီး ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး "

" အန်တီလေး ဖူးပွင့် ဘယ်လိုနားလည်ရမလဲ၊ ဒီရဲနဲ့ပတ်သက် လာတိုင်း ဖူးပွင့်အပေါ်မှာဆက်ဆံကဲ့ အန်တီလေးရဲ့ အပြုအမူတွေက မတရားကို တင်းကြပ်လွန်းတယ် "

" ညည်းထင်တာ မမှားပါဘူး၊ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးတစ်ခုကို ငါနဲ့ကိုထွန်းအတူ ယှဉ်တွဲပြီးတက်ဖို့ဆိုကာ ဒီတစ်နည်းပဲရှိတယ်၊ ညည်းစဉ်းစားကြည့်စမ်းပါ၊ ငါနဲ့ကိုထွန်းဟာ သိပ်ချစ်ကြတဲ့ချစ်သူတွေလေ၊ ငါတို့အချစ်တွေက အခုအချိန်ထိ နုပျိုနေတုန်းပဲ၊ ငါတာ ကိုထွန်းနဲ့ချစ်ကြတဲ့အချိန်တုန်းက အရမ်းကြီးကို မျှော်လင့်ခဲ့တယ်၊ ကိုထွန်းဟာ ဆင်းရဲပေမယ့် အရည်အချင်းရှိတဲ့ လူတစ်ယောက်ပါ၊ သူ့ရဲ့ ကြိုးစားနိုင်မှု စွမ်းအားတွေကို အကုန်ထုတ်ပြီး ကြိုးစားနေတဲ့အချိန်မှာ ငါတို့ နှစ်ယောက်အကြောင်းကို မိဘတွေသိသွားပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့တယ်၊ နောက်ဆုံးမရှုန်းသာတဲ့ စကားတွေကြားထဲမှာ မပေးချင်တဲ့ ကတိကိုပေးခဲ့ရတယ်၊ အဲဒီကတိကြောင့် ကိုထွန်းနဲ့ငါတာ ဝေးခဲ့ကြသလို ကိုထွန်းအတူလက်တွဲပြီး ဆင်နွှဲမယ်ဆိုတဲ့ ခမ်းနားထယ်ဝါတဲ့ မင်္ဂလာပွဲအိပ်မက်ကလည်း ပျောက်ဆုံး ပျက်စီးခဲ့တယ်၊ အခုညည်းနဲ့ မောင်ဒီရဲကို ပေးစားတာလည်း ပျောက်ဆုံးသွားတဲ့ ငါတို့အိပ်မက်တွေကို အကောင်အထည် ပြန်ဖော်တာ၊ ပွင့်ပွင့်လင်းလင်းပြောမယ်၊ ငါအရမ်းမျှော်လင့် ထားတဲ့ကိစ္စတစ်ခု အောင်မြင်သွားပြီးရင် သာသနာ့ဘောင်ကို အပြီးဝင်တော့မယ်၊ ကိုထွန်းနဲ့ငါလေ ပြုံးရွှင်နေတဲ့ မျက်နှာတွေနဲ့ မင်္ဂလာပွဲကိုလာတဲ့ ဧည့်သည်တွေကို အရမ်းဧည့်ခံချင်တာ၊ မကြာခင် ငါ့ရဲ့ဆန္ဒတွေ ပြည့်ဝသွားမယ်လို့ ယုံကြည်တယ် "


www.burmeseclassic.com

www.burmeseclassic.com

အန်တီလေးက စကားတွေအများကြီး ပြောလိုက်ရသဖြင့် မောပန်းသွားသလို မောဟိုက်ရယူလိုက်တယ်၊ အန်ပါလေးပုံစံက ယဥ်ယဥ်လေးနဲ့ ရှုးနေသလားလို့ ဟူးပွင့်ထင်မိတယ်၊ အန်တီလေး ခံစားချက်ကို ဟူးပွင့်နားလည်ပေမယ့် သူတို့ဖြစ်ချင်ကဲ့ကိစ္စကို ဖြစ်မလာတဲ့အခါမှာတော့ အပြစ်မရှိတဲ့ လူနှစ်ယောက်ရဲ့ နှလုံးသားနဲ့ဘဝကို အသုံးချပြီး သူတို့ဆန္ဒကို အာသာပြေတာတော့ မှန်ကန်တဲ့ နည်းလမ်းမဟုတ်ဘူးလို့ ဟူးပွင့် သတ်မှတ်မိသည်။ အန်တီလေးကတော့ ခုံပေါ်မှာထိုင်နေရင်းနဲ့ အိပ်ပျော်သွားပြီ။ ဟူးပွင့်မှာသာ ပျော်ရွှင်မှုဆိုတာ ပျောက်ဆုံးနေတာပါ။

# အခန်း (၁၂)

ပင်လယ်မျက်နှာပြင်ပေါ်မှာရှိတဲ့ လှိုင်းတွေတာ ကမ်းခြေကို ပြေးရိုက်သည်။ ဒီရဲက ကမ်းစပ်တွင် မတ်တပ်ရပ်ပြီး ပြေးလွှားနေတဲ့လှိုင်းတွေကို ငေးမော ကြည့်နေတယ်။ မိဘနှစ်ပါးစလုံးတာ ပင်လယ်ပြင်ကို ထွက်ရှာထွက်ရင်း လှိုင်းတွေ အောက်ကို ရောက်သွားခဲ့တယ်၊ ဒါတာ သူ့ရဲ့အမှားပါ။ ဒီရဲအတိတ်တွေကို ပြန်လည်ဖွေရင်း မျက်ဝန်းထဲက မျက်ရည်ကြည်ဥလေးတွေတာ ပါးပြင်ပေါ်ကို စီးဆင်းလာခဲ့တယ်၊ ဒီပင်လယ်ပြင်ကြီးထဲမှာ ဖေဖေနဲ့ မေမေ ဝိညာဉ်ရှိရမယ်၊ ဒါ့ကြောင့် ဒီရဲပါးစပ်က စကားလုံးတွေ ထွက်ကျလာခဲ့တယ်။

" ဖေဖေနဲ့မေမေ သားကို ခွင့်လွှတ်ပါနော်၊ သားကြောင့် ဖေဖေနဲ့မေမေ သေဆုံးရတာကို ဘယ်သောအခါမှ မမေ့ပါဘူး၊ ဟူးပွင့်က သားကို ပြောတယ်၊ မိဘဆုံးမခြင်းကို မခံစားရတဲ့ သားသမီးဆိုတော့ ဒီလောက်ရိုင်းမှာပေါ့တဲ့၊ သားမရိုင်းဘူး ဖေဖေနဲ့မေမေ၊ သားစိတ်ဓါတ်ကို သိပါတယ်၊ ဟူးပွင့်ကို သား အရမ်းမုန်းတယ်၊ ဦးလေးက ဟူးပွင့်နဲ့သားကိုပေးစားဖို့ စီစဉ်ထားတယ်၊ သူ့ကို သားမယူချင်ဘူး၊ နောက်တစ်ခါ ဟူးပွင့်ဆီက ဒီလို စကားမျိုးထပ်ကြားရရင် သူ့ကိုသားသတ်မိလိမ့်မယ်၊ ဟူးပွင့် အရမ်းရက်စက်တယ်၊ မိဘဆုံးမခြင်းကို မခံစားရတဲ့ သားသမီးတဲ့၊ သားကြောင့် ဖေဖေနဲ့မေမေသာ မသေခဲ့ရင် အခုလို အပြောခံရမှာ မဟုတ်ဘူး သားကြောင့် ဖေဖေနဲ့မေမေသေရတာ

ဒီရဲ မျက်ဝန်းထဲမှ မျက်ရည်တွေ အဆက်မပြတ် စီးကျနေသလို ပါးစပ်ကလည်း တတွတ်တွတ်နဲ့ပြောနေသည်။ ခုအချိန်မှာ ဒီရဲ့ကိုကို ဟူးပွင့်နဲ့




www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေသာမြင်ပါက အံ့ဩတုန်လှုပ်သွားမှာ သေချာသည်၊ ဒီရဲ့ အကြည့်အာရုံတွေ တဖြည်းဖြည်း ဝေဝါးလာတယ်၊ မသိစိတ်က ခန္ဓာကိုယ်တစ်ခုလုံးကို ပင်လယ်ကမ်းစပ်အထိ ခေါ်ဆောင်နေတယ်။

" တင် "

ဒီရဲ့ပါးစပ်မှ အာမေဋိတ်အသံထွက်သွားပြီး ပိုပြီးသေချာအောင် ထပ်ကြည့်လိုက်တယ်၊ ဖေဖေနဲ့မေမေဟာ ပင်လယ်ထဲကနေ သူ့ကို လှမ်းခေါ်နေပါလား၊ သူပြောတာတွေကို ဖေဖေနဲ့မေမေ ကြားသွားပြီ၊ တံငါရွာမှာ မွေးလာတဲ့ လူကစ်ယောက်အတွက် ရေကူးခြင်းဆိုတာ ထူးဆန်းတာမှ မဟုတ်တာ၊ ဒါကြောင့် သူဟာ မိဘတွေရှိတဲ့ ပင်လယ်ပြင်ကို ရေကူးပြီး သွားမတော့သည်၊ ဒီရဲ့ ရေကူးနေတယ်၊

ကမ်းခြေနဲ့ ဝေး ... ဝေး ... လာခဲ့ပြီ။

မောင်ဒီရဲ့ မျက်လုံးအစုံဖွင့်လိုက်တဲ့အချိန်မှာတော့ စိုးရိမ်စိတ်နဲ့ ကြည့်နေတဲ့ အဘရဲ့မျက်ဝန်းတွေကို မြင်တွေ့လိုက်ရသည်။

" လူလေး သတိရလာပြီလား "

" ကျွန်တော် ဘာဖြစ်လို့လဲ အဘ "

" မသေကောင်း မပျောက်ကောင်း လူလေးရယ်၊ ငါးဖမ်းစက်လှေတွေသာ လူလေးကိုမတွေ့ရင် ခုအချိန်မှာ လူလေး ပင်လယ်ထဲမှာ သေနေပြီ "

ဒီရဲ့ ခေါင်းတစ်ခုလုံး အုံခဲနေသည်။

" ကျွန်တော် ဘာမှနားမလည်ဘူး အဘ၊ မနက်က လေကောင်းလေသန့်ရှူချင်လို့ ကျွန်တော်ပင်လယ်ကမ်းခြေကို သွားတာပဲ သိတယ် "

အဘိုးအိုက ဂရုဏာမျက်လုံးများဖြင့် ဒီရဲ့ကိုကြည့်ပြီး . . .





" လူလေးကို အဘခဏ ခဏပြောတယ်၊ မိဘတွေနဲ့ပတ်သက်ပြီး အစွဲအလန်းကို မေ့ပစ်လိုက်စမ်းပါ၊ လူသားအားလုံးဟာ ကံ,ကံ၏ အကျိုးကို ဘယ်သူမှ လွန်ဆန်လို့မရဘူး လူလေး "

ဒီရဲ့ အိပ်ယာကနေ ထထိုင်လိုက်တယ်။

" လူလေးအားရှိသွားအောင် ဆန်ပြုတ်လေး သောက်လိုက်နော်"

အဘိုးအိုက ပူပူနွေးနွေး ဆန်ပြုတ်တစ်ပန်းကန် ခပ်ပေးလိုက်တယ်။

" ခုရက်ပိုင်းမှာ ကျွန်တော် မကြာခဏ ခေါင်းတွေမြန်ကိုက်တယ်၊ ငယ်ငယ်က အဲဒီလိုကိုက်လို့ ဆေးကုရသေးတယ် "

" လူလေး မြို့ရောက်ရင် ဆရာဝန်နဲ့ပြပြီး အေးအေးဆေးဆေး အနားယူလိုက်ပါ၊ ဦးနှောက်ထဲမှာ ဘာမှမတွေးနဲ့ အရာအားလုံးဟာ ဖြစ်ပြီးရင် ပျက်တတ်တယ်ဆိုတာ လူလေးမှတ်ထားပါ "

ဒီရဲ့ ဆန်ပြုတ်တစ်ပန်းကန်လုံး ကုန်အောင်သောက်လိုက်သည်၊ ခုမှ မနလို့ကောင်းသွားတယ်။

" လူလေး ဘယ်တော့ပြန်မလဲ "

" မနက်ဖြန်ပြန်မယ် အဘ "

" အဲဒီ ပြန်အိပ်ပြီး အားမွေးလိုက်ပါ "

ဒီရဲ့ အိပ်ယာပေါ် ပြန်လဲပြီး မျက်လုံးကိုမှိတ်ထားကာ ဘာမှ မစဉ်းစားတော့ပေ။

အချိန်အနည်းငယ်ကြာတော့ ဒီရဲ့ဦးနှောက်တွေ ပြန်ကြည်လင်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



" မောင်ဒီရဲ ပြန်ရောက်နေပြီ "

အန်တီလေးက အားရဝမ်းသာဖြင့် ဖူးပွင့်အခန်းထဲကို လာပြောသည်။

" သေရွာသွားတာမှ မဟုတ်တာ၊ အချိန်တန်တော့ ပြန်လာမှာပေါ့ "

" မိပွင့်၊ ညည်းဘယ်လိုစကားမျိုး ပြောတာလဲ "

အန်တီလေးတာ ဒီရဲ့နဲ့ပတ်သက်လာရင် လိုတာထက်ပိုပြီး အဖြစ်သည်းနေသည်၊ အဲ့ကြောင့် ဖူးပွင့်လည်း ခပ်ရွဲ့ရွဲ့လေး ပြောလိုက်တာပါ။

" ညည်းနော် ထပ်မပြောလိုက်ချင်ဘူး "

" မပြောနဲ့ပေါ့ "

ဖူးပွင့်စိတ်ထဲကပြောပြီး မှန်တင်ခုံရှေ့မှာ ထိုင်လိုက်တယ်။ မှန်ထဲမှာ ပေါ်နေတဲ့ ဖူးပွင့်ပုံရိပ်က အရမ်းကို လှပနေတယ်၊ သူမဘဝမှာ ဒီရဲ့နဲ့ ပတ်သက်ပြီး လုပ်စရာတွေရှိသေးတယ်လေ၊ မပြီးပြတ်သေးတဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ အများကြီး လုပ်ထားရမယ်။

" နောက်နေ့ကစပြီး မောင်ဒီရဲမပါဘဲ အပြင်မထွက်ရဘူး "

" အန်တီလေးလှက ဖူးပွင့်အပြင်ထွက်တိုင်း လိုက်ပို့မယ်လို့ အာမခံထားလား "

" မလိုပါဘူး၊ ကိုထွန်းကို ထပ်ပြောရင် အားလုံးပြစ်သွားလိမ့်မယ် "

ဖူးပွင့်မျက်နှာ ရှုံ့မဲ့သွားတယ်၊ အန်တီလေးဟာ သူဖြစ်ချင်တာ တစ်ခုပဲကြည့်ပြီး လျှောက်လုပ်နေတာ၊ တစ်ဖက်လူ ဘာဖြစ်သွားမလဲဆိုတဲ့ အတွေးမျိုး အန်တီလေးမှာ ရှိပုံမပေါ်ဘူး၊

" အလှူမှင့် အပြင်သွားမလို့ အဲဒီ ဒီရဲကိုလှမ်းခေါ်ပြီး ပို့ခိုင်းမှာလား "





အန်တီလေး စဉ်းစားသွားသည်။ နဂိုက ဖူးပွင့်မှာအပြင်သွားဖို့ ကိစ္စကြီး မရှိပါဘူး၊ ဒီရဲနဲ့ ပတ်သက်ပြီး သူမကို ချုပ်ချယ်လွန်းအားကြီးလို့ ပြုံ့ပိုက်တာ။

" ဒီနေ့တော့ မပို့နိုင်းတော့ဘူး၊ ဒီရဲလည်း ခရီးပန်းလာတယ် ဆိုတော့ အိမ်မှာ အနားယူပါစေ "

ဖူးပွင့် အမြန်ဆုံးအလျှော့ပြင်လိုက်သည်။ စိတ်ထဲမှာတော့ အန်တီလေးနဲ့ စေးရရင် ကျေနပ်တယ်၊ ထို့ကြောင့် အန်တီလေး အခန်းအပြင် ပြန်ထွက်သွားတဲ့ အချိန်မှာ ဟန်းဖုန်းဖြင့် သီဟဆီလှမ်းဆက်ပြီး ဆုံနေကြနေရာမှာ ပြုံ့နိုင်းလိုက်သည်။

ဦးလေးထွန်းရဲ့ အပြစ်ပြောတဲ့စကားတွေကို နားထောင်ပြီး ဒီရဲ အခန်းထဲဝင်ကာ အနားယူလိုက်သည်။ ဦးလေးထွန်းကတော့ သူပြန်ရောက်တဲ့ အကြောင်းကို အသိမိတ်ဆွေများနှင့် သူငယ်ချင်းတွေဆီဖုန်းဖြင့် လှမ်းပြောနေတယ်။ ဒီရဲ မျက်လုံးမှိတ်လိုက်တဲ့အချိန်မှာ ဖူးပွင့်မျက်နှာပေါ်လာပြီး သူ့ကိုပြောတဲ့စကားများကို ပြန်ကြားယောင်မိ၏။

" အင်းပေါ့လေ၊ မိဘဆုံးမခြင်းကို မခံရတဲ့ သားသမီးဆိုတော့ ဒီလောက်ရိုင်းမှာပေါ့ "

ဒီရဲ နားနှစ်ဖက်ကို ယောင်ယမ်းကပိတ်ပြီး မျက်လုံးကို ပြန်ဖွင့်လိုက်သည်။ ဒီရဲမျက်လုံးမှိတ်ထားရမှာ အရမ်းကြောက်နေတယ်၊ ဒီရဲ မျက်လုံးမှိတ်တိုင်း ဖူးပွင့်မျက်နှာပေါ်လာပြီး ဒီစကားကို ပြန်ကြားမိတယ်။

" သားလိုချင်တဲ့ အကျီလေးကို ဖေဖေတို့ပြန်လာရင် ဝယ်ပေးမယ်နော် "

ဖေဖေက သူ့ရဲ့ညာဘက်ပါးလေးကို နမ်းပြီးချိန်မှာ မေမေကလဲ

" သားဘဘနဲ့ ငြိမ်ငြိမ်နေနော်၊ မေမေတို့ပြန်လာရင် သားအတွက် အကျီလှလှလေး ဝယ်ပေးမယ် "



www.burmeseclassic.com

www.burmeseclassic.com



“ မုန့်တိုင်းကျနေတယ်၊ လေနည်းနည်းငြိမ်သွားမှ သွားပါလား သမီး ”

“ ရပါတယ် အဖေ၊ မုန့်တိုင်းဆိုတာ သမီးတို့ ပင်လယ်ကမ်းခြေမှာ ဖွေးဟောတဲ့လူတွေအတွက် ကြုံနေကြပါ၊ သားအတွက် အကျိုး အရေးကြီးတယ် ”

ဒီရဲ့ ခေါင်းတွေ မတရားကိုက်လာသည်။ ဒါ့ကြောင့် ကုတင်ပေါ်ကနေ ဆင်းပြီး ရေချိုးခန်းထဲပြေးသွားကာ ခေါင်းကို ရေလောင်းလိုက်သည်။ ခေါင်းတစ်ခုလုံး ရေရွဲသွားတဲ့အချိန်မှာ ခေါင်းကိုက်ခြင်းက အနည်းငယ် ပြေလျော့သွား၏။ ဒီပဲ့အခန်းထဲ ပြန်ဝင်ရမှာ ထိတ်လန့်နေသလိုပဲ၊ ဒါ့ကြောင့် ငါ ပြေလက်လျော့ သူငယ်ချင်းတွေဆီသွားရန် ဆုံးဖြတ်လိုက်တယ်။ ခေါင်းကို သဘက်ဖြင့် သုတ်ကာ နံရံမှာချိတ်ထားတဲ့ ကားသော့ကိုယူပြီး ဒီရဲ့အပြင်ကို ထွက်လာခဲ့သည်။





“ မင်းနည်းနည်း ပိန်သွားတယ် ”

ဇော်ထက်က တွေ့တွေ့ချင်း ဝေဖန်ခြင်းဖြင့် စတင်လိုက်သည်။

“ မင်းရော အလုပ်လုပ်နေပြီလား ”

“ ငါနဲ့ အဆက်အသွယ်မရဘူးကွ၊ ခုရက်တွေမှာ ဗီစီဒီတွေအတွက် ဆက်တိုက်အသံသွင်းနေရတော့ ဘယ်လိုမှလည်း မရောက်ဖြစ်ဘူး။ ခုတောင် အသံသွင်းပြီးပြန်လာလို့ မင်းနဲ့တွေ့တာ ”

“ ဘာသောက်မလဲ ဒီရဲ ”

“ ကော်ဖီပဲ လုပ်ပါ ”

ဇော်ထက် မီးဖိုချောင်ထဲ ကိုယ်တိုင်သွားကာ ကော်ဖီတစ်ခွက်ကို ဖျော်ပြီးယူလာသည်။

“ နန္ဒ ပျောက်နေတယ် ”

ဒီရဲ ကော်ဖီကို တစ်ငုံသောက်လိုက်ပြီး . . .

“ ငါ့ခေါင်းတွေ ပြန်ကိုက်နေတယ်၊ အရင်ကထက် ပိုဆိုးလာသလိုပဲ ”

“ မင်းသောက်နေကျဆေးကို ပြန်သောက်လေ၊ ပြီးတော့ ဆရာဝန်နဲ့ပြန်စစ်ဆေးပြီး အနားယူလိုက်ပေါ့ ”

“ မဖြစ်သေးပါဘူးကွာ၊ အနားယူလိုက်ရင် စိတ်က ပိုတွေး ပိုတွေးနဲ့ ခေါင်းပိုကိုက်လာလိမ့်မယ်၊ ငါ့ဘာသာ ဒီအတိုင်းထားတာမှ မေ့မေ့ပျောက်ပျောက် ဖြစ်သွားနိုင်တယ် ”

“ သဘောပဲလေ၊ ငါက မင်းအတွက် စိုးရိမ်လို့ပြောတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ အပ်နဲ့ထွင်းရမဲ့ကိစ္စကို ပုဆိန်နဲ့ပေါက်နေရမယ် ”

“ ကျေးဇူးတင်ပါတယ် ”

“ ဒီရဲ့ မင်းနဲ့ရှုးပွင့် အခြေအနေ ဘယ်လိုလဲ ”

“ ဒီအတိုင်းပဲ ဇော်ထက်၊ သူလည်း မာနရှိတဲ့ လူတစ်ယောက်လေ၊ သူ့ဘဝကို ငါ့ယှဉ်တဲ့နေရာမှာလည်း အကောင်းဆုံး တည်ဆောက်နိုင်ပါတယ် ”

“ မဟုတ်ဘူးကွ၊ ငါပြောတဲ့သဘောက လူကြီးချင်းပြောထားတဲ့ ဒီဇူကို ဘယ်တော့လောက် အကောင်အထည်ဖော်မှာလဲလို့ မေးတာ ”

“ ငါမသိဘူး၊ ဦးလေးထွန်းက ဒီနေ့ယူရမယ်ဆိုရင် ငါယူမယ်၊ ဘာမှ မတွေးချင်ဘူး၊ မမြင်နိုင်တဲ့အနာဂတ်ကို ကြိုတွေးတာဟာ စိတ်ပင်ပန်းခြင်းတစ်မျိုးပဲ၊ ငါ ဦးနှောက်ကို ရှင်းရှင်းလေး ထားချင်တယ် ”

ဒီရဲ့အကြောင်းကို သိနေသဖြင့် ဇော်ထက်ဆက်မမေးတော့ပေ၊ ဒီရဲ့ဆိုတာ အပူအပင်ရှာချင်တဲ့ လူမဟုတ်ဘူးလေ၊ ယနေ့ဖြစ်သွားတဲ့ကိစ္စတိုင်းကို နောက်နေ့အထိ တကူးတက သယ်ဆောင်သွားပြီး ခံစားနေတတ်တာမှ မဟုတ်တာ၊ ဒါပေမယ့် ဇော်ထက်စိတ်ထဲမှာ ဒီရဲကို ကြည့်ရတာ အရင်က ဒီရဲ့ပုံစံနဲ့ နည်းနည်းကွဲပြားခြားနားနေသလိုတော့ ထင်မိတယ်၊ ဘာလဲဆိုတာသာ တိတိကျကျ မသိပေမယ့် အနည်းငယ်တော့လွဲနေမှန်း မသိစိတ်က ခံစားမိကယ်။

“ မင်းဘာဖြစ်သွားတာလဲ၊ ငါ့ကို ပြူးကြောင်ကြောင်ကြည့်ပြီး မဟုတ်တာတွေ မတွေးနဲ့နော် ”

ဒီရဲ့ဟာ အဲဒီလိုတော်တာ၊ လူတစ်ဝက်သားရဲ့ မျက်လုံးတွေကို ကြည့်ပြီး အတွင်းစိတ်ကို အနီးစပ်ဆုံး ခန့်မှန်းနိုင်တယ်။

ဇော်ထက်က ဒီရဲ့ကိုရယ်ပြပြီး . . .

“ ငါတွေးတာ ရိုးရိုးပါကွာ၊ မနက်ဖြန်တီးရမယ့် သီချင်းအကြောင်း ခေါင်းထဲရောက်လာလို့ ‘နုတ်’ တွေကို ပြန်စဉ်းစားမိနေတာပါ”

“ ဒီ့အမှားပဲ ထားပါတော့ကွာ ”

“ ဒီရဲ့ မင်းအဆိုတော် လုပ်ပါလား၊ မင်းအသံနဲ့ဆို အောင်မြင်မှာ သေချာတယ် ”





“ လောကမှာ သေချာတယ်ဆိုတာ ဘာမှမရှိဘူး၊ မင်းတို့ အနုပညာလောကမှာ ပိုပြီးဆိုးပါတယ်၊ တကယ်တော့ အနုပညာဆိုတာ အမြင်လွယ်သလောက် လက်တွေ့မှာ ခက်ခဲတယ်၊ ဈေးကွက်ဝင် အနုပညာသမားဖြစ်ဖို့အတွက် အရည်အချင်း၊ ငွေ၊ လုံ့လ၊ ကံကောင်းမှုတွေအပြင် ဝေဖန်တိုက်ခိုက်မှုတွေကို ခံနိုင်တဲ့ စွမ်းအား ရှိရမယ်၊ ပြီးတော့ အနုပညာဆိုတာ ရေပုံလုပ်ငန်း မဟုတ်ဘူး၊ မအောင်မြင်ခင်မှာ အောင်မြင်ဖို့ကြိုးစားရသလို အောင်မြင်သွားတော့လည်း ကိုယ့်နာမည်ကိုယ် ထိန်းသိမ်းရတဲ့ တာဝန်ရှိလာပြန်တယ်၊ ငါအဲဒီလောက်ထိ စိတ်မရှည်ဘူး၊ လူတစ်ယောက် ဖြစ်ပြီး သွားတာလာဟာကအစ ပတ်ဝန်းကျင်ကိုပြန်ပြီး ဂရုစိုက်နေရတဲ့ဘဝကို မလိုချင်ပါဘူးကွာ ”

“ မင်းအတွက်ပြောတာပါ၊ ကိုယ့်ရဲ့သူငယ်ချင်းတစ်ယောက် အနေနဲ့ လူ့လောကအလယ်မှာ အောင်မြင်ကျော်ကြားတဲ့ လူတစ်ယောက်အဖြစ် မြင်တယ် ”

သူ့အပေါ်မှာထားတဲ့ ဇော်ထက်ရဲ့စေတနာကို သိပါတယ်၊ ဒါပေမယ့် သူကိုယ်တိုင် အောင်မြင်မှုဆိုတာကို မလိုချင်တာ၊ ပြီးတော့ ဘယ်လို အရာမျိုးကိုမဆို အများကြီးလိုချင်ရင် အများကြီးပေးဆပ်ရတယ်၊ ဒီရဲ့ရင်ထဲမှာ ဘာမှမလိုချင်ဘူး၊ လိုချင်မှုကြောင့် ပေးဆပ်ရတဲ့ တန်ဖိုးကို သူ့လောက် ဘယ်သူနားလည်နိုင်မှာလဲ၊ ဒီအကြောင်းအရာတွေကို ပြန်သတိရတိုင်း ခေါင်းတစ်ခုလုံး ချာချာလည်အောင် မူးသွားတတ်သည်။

“ ငါပြန်မယ် ဇော်ထက် ”

“ ဒီရဲ့ မင်းကြည့်ရတာ အတွင်းမှာ ဝေဒနာတစ်ခုခု ကပ်ငြိနေပြီ ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ဆရာဝန်ဆီကိုတော့ သွားသင့်တယ် ”

ဒီရဲက ဇော်ထက်စကားကို ဘာမှပြန်မပြောတော့ဘဲ ပြန်လာခဲ့သည်။ ဇော်ထက်ကတော့ ဒီရဲ့နောက်ကျောကို နားမလည်နိုင်တဲ့ မျက်လုံးများဖြင့် ငေးကြည့်ရင်း ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

" ငါ့ရဲ့အစီအစဉ်တွေကို အမြန်ဆုံးအကောင်အထည် ဖော်ချင်တယ် "

သီတာ သက်ပြင်းချမိတယ်၊ ဖူးပွင့်ရင်ထဲမှာရှိတဲ့ အငြိုးအတေးကို ပြေပျောက်အောင် ဘယ်လိုလုပ်ပေးရမလဲ။

" ဖူးပွင့် ဒီရဲကို နားလည်ပေးဖို့ မရှာဘူးလား၊ အတတ်နိုင်ဆုံးပေါ့၊ ကိုယ်နဲ့တစ်ချိန်မှာ လက်ထပ်ရမယ့် လူတစ်ယောက်အပေါ် သီးခံလိုက်စမ်းပါ "

ဖူးပွင့်မျက်လုံးအေ့ ချက်ချင်းစူးရှတောက်ပလာတယ်၊ ခုအချိန်မှာ သူမရင်ထဲမှာ ဖြစ်ချင်တဲ့ဆန္ဒကလွဲပြီး ဘာမှမလိုချင်ဘူး၊ ဒီရဲကို သူမ ဘယ်လိုနည်းနဲ့ ဘဝတစ်ခုလုံးရစရာမရှိအောင် လုပ်နိုင်မလဲ၊ သူမ အဲဒါပဲသိချင်တယ်။

" သီတာ နင်ငါ့ကို ချစ်လား "

" ဘယ်လိုမေးတာလဲ ဖူးပွင့်ရယ်၊ ဒီကမ္ဘာပေါ်မှာ ငါအချစ်ရဆုံး မိန်းမတစ်ယောက်တာ နင်ပဲ၊ ငါဘယ်လိုသက်သေပြရမလဲ၊ နင်ဘာလိုချင်ရင် ငါ့အသက်ကိုတောင် ကြည်ကြည်ဖြူဖြူနဲ့ ပေးရဲ့ပါတယ် "

ဖူးပွင့်မျက်နှာမှာ ကြည်နူးရိပ်ကလေး ဖြတ်သန်းသွားတယ်၊ သူမ လိုချင်တာ အဲဒါပဲလေ၊ သူမကို ချစ်တယ်ဆိုတဲ့ ယောက်ျားတိုင်းဟာ သူမသာ ဆန္ဒရှိရင် အရာအားလုံးကို ပေးဆပ်ရဲတဲ့လူမျိုးဖြစ်လိမ့်မယ်။ ဒီရဲ သူကရော မပါနိုင်ဘူး[illegible]၊ [illegible]မတန်နိုင်ခဲ့ပါတယ်ဆိုတဲ့ ချောက်ကမ်းပါးတော့[illegible] ရောက်[illegible]ပြီး[illegible]ရဲ့ နှလုံးသားက ဘာနဲ့ထုထားလို့လဲ။





" သီတာ ငါ့ဒီရဲ့အချစ်ကို ရအောင်ကြိုးစားမယ်၊ သူ့ပါးစပ်က ငါ့ကို ချစ်ပါတယ်လို့ ပြောတဲ့တစ်နေ့တာ ငါ့အတွက် အောင်ပွဲပဲ "

သီတာ ပါးစပ်လေး အဟောင်းသားလေးနဲ့ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

" ဖူးပွင့် နင်အရမ်းပြောင်းလဲသွားတယ်၊ ကိုတုန်းက ဖူးပွင့်ဆိုတာ ယောက်ျားတစ်ယောက်ရဲ့အချစ်ကို လိမ်ညာယူဖို့ စဉ်းစားတာမှ မဟုတ်တာ "

" ဟုတ်တယ်၊ ငါတာ အရမ်းကို ပြောင်းလဲသွားတဲ့ မိန်းမ တစ်ယောက်ပါ၊ ငါ့ရဲ့ ဂုဏ်သိက္ခာ၊ ငါ့ရဲ့အလှတွေကို ဥပက္ခာပြုပြီး ငါ့အပေါ် အပြတ်အနိုင်ယူနေတဲ့ လူတစ်ယောက်ကြောင့်လေ၊ ပြန်တွေးတိုင်း ငါ့ရင်ထဲမှာ နာကျင်နေတယ်၊ နင်ပြောသလို နားလည်ပေးဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ သူဟာ ငါ့ရဲ့နားလည်မှုနဲ့ မထိုက်တန်တဲ့ ယောက်ျားတစ်ယောက်ပါ၊ ကိုယ့်ကိုကိုယ် အဘဝိုကြီး နေတဲ့လူတစ်ယောက်ဆီမှာ ငါလိုချင်တဲ့အချစ်ကို ရအောင်ယူပြမယ် "

" ဖူးပွင့် ငါတစ်ခုတော့ ပြောချင်တယ်၊ အချစ်ဆိုတာ ကစားလို့ ကောင်းတဲ့အရာ မဟုတ်ဘူး၊ အချစ်ကို မရိုသေ၊ မလေးစား၊ တန်ဖိုးမထားတတ်တဲ့လူဟာ တစ်နေ့ကျရင် အချစ်ရဲ့ဒဏ်ခတ်ခြင်းကို ခံရတတ်တယ်၊ မယုံမရှိနဲ့နော်၊ ဝဋ်ဆိုတာ ဘယ်သောအခါမှ နောင်ဘဝမကူးဘူး "

ဖူးပွင့်က သီတာစကားတွေကိုနားထောင်ပြီး နှုတ်ခမ်းကို မဲ့ပြလိုက် တယ်၊ ဒါပေမယ့် သီတာစိတ်ထဲမှာ ဘယ်လိုအပြုအမူပဲဖြစ်ဖြစ် ဖူးပွင့်ဟာ လှနေတာပဲ။

" နင့်ကို ငါ အရမ်းချစ်တယ် "

ဖူးပွင့် စိတ်ထဲမှာ ဒီရဲသာ အဲဒီလိုပြောရင် ဘယ်လောက်ကောင်း မလဲလို့ တွေးမိတယ်၊ မဖြစ်နိုင်ပါဘူး၊ ဒီရဲလိုလူမျိုးဟာ သူ့ရဲ့ခံစားချက်ကို တော်ရုံတန်ရုံနဲ့ အပြင်ထုတ်မှာမဟုတ်ဘူး။

" သီတာ ငါပြောထားတဲ့ကိစ္စကို ကူညီပေးပါ "

" အေးပါ၊ ငါလည်း ဒီရဲ့အကြောင်း စုံစမ်းနေတယ် "

" အမြန်ဆုံးနော်၊ ငါ့အတွက် အချိန်ဆိုတာ [illegible]ထက်တောင်



www.burmeseclassic.com

www.burmeseclassic.com

ရှားပါးနေတယ် ”

“ နင်ဖြစ်ချင်တာ ဖြစ်သွားရင် ကျေနပ်ပြီပေါ့ ”

“ အိုပေါ့တာ၊ ငါလိုချင်တာရဖို့ဆိုရင် ဘယ်လို ပေးဆပ်မှုမျိုးကိုမှ မမှုဘူး ”

သီဟ ခေါင်းညိမ့်လိုက်တယ်၊ သူချစ်တဲ့မိန်းမတစ်ယောက်ရဲ့ ရင်ထဲမှာ ဖြစ်ချင်တာတစ်ခုထဲကလွဲပြီး ဘာမှမရှိဘူးဆိုတာ သေချာသိသွားပြီ၊ ဒါ့ကြောင့် ချစ်သူစိတ်ချမ်းသာအောင် လုပ်ပေးရုံကလွဲပြီး ဘာများရှိတော့မှာလဲ။

“ ဒီနေ့ကစပြီး သင်တန်းအကြိုအပို့တင်မကတော့ဘူး။ သွားချင်တဲ့ နေရာအားလုံးကို လိုက်ပို့ပေးရမယ် ”

ဦးလေးထွန်း စကားလုံးတွေက ဒီရဲ့ရင်ထဲကို မြွှားတစ်စင်းလို စူးနစ်ဝင်သွားသည်။

“ ကျွန်တော် ကျန်းမာရေးမကောင်းဘူး။ ဒါ့ကြောင့် ခုရက်ပိုင်းမှာ ဝူးပွင့်ဆိုတဲ့ နာမည်ကြီးကို မေ့ထားပြီး အာရုံတစ်ခုပြောင်းချင်တယ် ဦးလေး ”

ဦးထွန်းနိုင်ဗိုးက ဒီရဲ့တစ်ကိုယ်လုံးကို ဖြုံကြည့်ပြီး . . .

“ ကျန်းမာရေး မကောင်းတဲ့လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကလည်း ခြင်္သေ့ကစ်ကောင်နဲ့ နပန်းလုံးလို့ရတယ်၊ ဒီရဲ့ ငါ့ရဲ့ဆန္ဒတွေကို ဆန့်ကျင်ဖို့ မကြိုးစားနဲ့နော်၊ မင်းစကားတတ်တာ၊ မှယာမာယာများတာတွေဟာ အပြင်မှာပဲ အသုံးပြုပါ၊ မင်းကိုငါ ထယ်ထယ်လေးထဲက လိုချင်တာမှန်သမျှကို ဖြည့်ဆည်းပေးခဲ့တယ်၊ မင်းနဲ့ပတ်သက်သမျှ အငြင်းဆိုတဲ့ဖါကျ ငါ့မှာရှိခဲ့လား၊ ခုအချိန်မှာတော့ မင်းဘာပဲ ဖြစ်ချင်ဖြစ်ချင်အရာအားလုံးကို ဘေးဖယ်ပြီး ငါ့စကားတွေပဲ နားထောင်ရမယ်ဆိုတာ ဦးနှောက်ထဲမှာ မြဲမြဲမှတ်ထားပါ ”





ဒီရဲ့ ဘာဆက်ပြောရမလဲ၊ ဦးလေးရဲ့ တဇွတ်ထိုးဆန်တဲ့ စိတ်ဓါတ်ကို သူကောင်းကောင်းသိတာပေါ့၊ ဦးလေး အခုလို ချမ်းသာလာတာလဲ အဲဒီလို မဖြစ်ဖြစ်အောင်လုပ်တတ်တဲ့ စိတ်ဓါတ်တွေကြောင့်ပဲ။

“ ကျွန်တော် ဦးလေးစကားကို ငြင်းပယ်နေတာမဟုတ်ဘူး၊ တကယ် ကျန်းမာရေးမကောင်းလို့ပါ၊ ငယ်ငယ်တုန်းက ကုလို့ ပျောက်ပြီထင်တဲ့ ခေါင်းကိုက်ဝေဒနာက ကျွန်တော့်ကို ပြန်နှိပ်စက်နေတယ် ”

ဦးထွန်းနိုင်ဗိုးစိတ်ထဲမှာ ဒီရဲ့စကားကို အပြည့်အဝယုံကြည်မှု မရှိပေ၊ ဒီရဲ့ဆိုတာ ပေါ်သေးသေးကောင်မှ မဟုတ်တာ၊ လူတစ်ယောက်စိတ်ကို လတ်တလော လှည့်စားနိုင်ကဲ့ အစွမ်းတွေရှိတယ်။

“ အပိုတွေ မပြောစမ်းနဲ့ကွာ၊ တကယ်ခေါင်းပြန်ကိုက်နေရင်လည်း မိသားစုဆရာဝန်ကို ပင့်ပြီးပြပေါ့၊ ဒါတွေဟာ မင်းက လေကချေ ပျောက်သွားလို့ဖြစ်တာ ”

“ ဦးလေး ”

ဒီရဲ့ လေသံနည်းနည်းမာသွားကယ်၊ ဦးထွန်းနိုင်ဗိုးက တအံ့တသြ ဖြစ်သွားတဲ့ ပုံစံဖြင့်ကြည့်ချိန်မှာ ချက်ချင်းသတိပြန်ဝင်လာပြီး ဦးလေးကို တောင်းပန်လိုက်သည်။

“ ဆောရီး ဦးလေး ”

“ ကျွန်တော် ကလေကချေသွားတာ မဟုတ်ဘူး၊ ဖေဖေနဲ့ မေမေ ကွယ်လွန်သွားတဲ့နေ့ရောက်တိုင်း ကျွန်တော် ရှာမြန်တာ ဦးလေးသိသားပဲ ”

ဒီရဲ့ပြောရင်း သူ့ကြောင့်မိဘနှစ်ပါးစလုံး သေဆုံးရတာကို ပြန်သတိရကာ ခေါင်းတစ်ခုလုံးကိုက်ခဲလာပြီး အမြင်တွေ ဝေဝါးလာသည်။ ဒါပေမယ့် ဦးလေးရှေ့မှာ အတတ်နိုင်ဆုံး ဣန္ဒြေမပျက်အောင် ထိန်းထားပေမယ့် ခေါင်းကိုက်တဲ့ ဝေဒနာက အရမ်းပြင်းထန်နေသဖြင့် မျက်လုံးကို မှိတ်ထားသည်။

“ မင်းဘာဖြစ်သွားတာလဲ ”

ဒီရဲ့ အသက်ကို ခပ်မြင်းမြင်းရှူပြီး . . .

“ ဦးလေးနားလည်အောင်ပြောဖို့ စကားတွေ စဉ်းစားနေတာပါ”


www.burmeseclassic.com

www.burmeseclassic.com

တကယ်ဆို ကိုယ့်ဝေဒနာ ကိုယ်ပဲသိတယ်၊ ခုအချိန်မှာ သူဘာပဲပြောပြော ဦးလေးက ယုံမှာမဟုတ်ဘူး၊ ဒီရဲကလည်း လူတစ်မျိုးလေ၊ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ တကူးတက ရှင်းမပြချင်ဘူး၊ လူတွေဟာ ရှင်းပြရင် ပိုပြီး အထင်လွဲတတ်တယ်။

" ငါပြောတဲ့ စကားကလွဲပြီး မင်းမှာ ဘာမှရှင်းပြပိုင်ခွင့် မရှိဘူး၊ အဲ့ကြောင့် မနက်ဖြန်ကစပြီး ဇူးပွင့်ဆီကို သွားပါ "

ဦးလေးကွန်းက ဒီရဲရှေ့မှပါကြီး အခန်းထဲဝင်သွားတယ်၊ ဒီရဲလည်း မတ်တတ်ရပ်နိုင်တဲ့ အင်အားမရှိသဖြင့် ဆိုဖာခုံမှာပဲ ခေါင်းတင်၍ မှေးနေလိုက်တော့သည်။

ဇူးပွင့်မျက်နှာလေးက ကြည်လင်နေသဖြင့် သူမရဲ့ မာနရိပ်တွေဟာ ဘယ်အချိန်ထဲက လွင့်ပြေးပျောက်ကွယ်သွားတာလဲဆိုတာ ဒီရဲ စဉ်းစားနေတယ်။

" ကျွန်မအတွက် ရှင်နှင့်ကွဲခဲ့ရတာ စိတ်မကောင်းပါဘူး "

ဇူးပွင့်လေးသံက နူးညံ့ပျော့ပျောင်းနေသည်။ ဒီမိန်းမ ဘာကြောင့် ဒီလောက်ပြောင်းလဲသွားတာလဲ၊ မျက်နှာသွင်ပြင်ပါမဟုတ် လေယူလေသိမ်းနဲ့ အသုံးအနှုန်းပါ ပြောင်းလဲသွားတာ၊ ဒီအရပ်းကို ထူးဆန်းတယ်။

" ကျွန်မပြောတာ ရှင်ကြားလား "

ဘာမှပြန်မပြောသော ဒီရဲကို ဇူးပွင့်ထပ်မေးလိုက်တယ်။

" လူဆိုတာ မွေးထဲက ဒုက္ခဆိုတာ ပါလာတာပဲ၊ လူ့ဘဝကြီးမှာ လူတစ်ယောက်အဖြစ် ရပ်တည်ချင်ရင်တော့ မင်းပြောတဲ့ ဒုက္ခဆိုတာကို ရှောင်လွှဲလို့မရဘူး "

" ကျွန်မက စေတနာနဲ့ပြောတာပါ "

" ငါလည်း အမှန်အတိုင်းပြောတာ "

" ရှင် သူတစ်ပါးနားဝင်ချိုအောင် စကားမပြောတတ်ဘူးလား၊ ဥပမာ ကျွန်မစိတ်ထဲမှာ ကြည်နူးပျော်ရွှင်စေမယ့် စကားမျိုးပေါ့ "

" မင်းနားထောင်ချင်ရင် ငါပြောပြပါမယ်၊ ဒါပေမယ့် ငါ့ရဲ့ စကားတွေအားလုံးဟာ ရင်ထဲကလာတဲ့စကားတွေ မဟုတ်ဘူး၊ မင်းဆီက တစ်ခုခုလိုချင်လို့ မင်းအကြိုက်ကိုက်ပြီး တမင်ထောင် ပြောတဲ့ စကားတွေဆိုရင် မင်းလက်ခံမလား "

" ကျွန်မက လိမ်ပြောတာကို မုန်းတယ် "

" ဒါဆို ဘာဖြစ်လို့ အလိမ်ခံချင်တာလဲ၊ လူတိုင်းလူ့ဟန်ဆောင်းဟာ ကိုယ့်အကြောင်းနဲ့ကိုယ် စိတ်သောကရှိကြတယ်၊ ကိုယ့်ဆီမှာ ရှိနေတဲ့ သောကကိုဖယ်ပြီး သူများပျော်ရွှင်အောင်ပြောပြီဆိုသေက အနည်းနဲ့အများ လိမ်ရတော့တာပဲ၊ အချို့ လူတွေက အလိမ်ခံနေမှန်းသိနေရက်နဲ့ ဝမ်းသာလို့ ကျေနပ်နေကြတယ်၊ အဲဒီအထဲမှာ မင်းပါချင်လား "

ဒီရဲပြောပုံကို တကယ်ကို အမြင်ကပ်စရာကောင်းတယ်၊ ဆရာကြီးလုပ်ချင်တဲ့လေသံနဲ့ သူမကို ရန်စသွားတာ ဒါတိုင်းဆို ဇူးပွင့် တစ်ခွန်းမခံ ပြန်ပြောမိမှာပဲ၊ အခုတော့ ဒီရဲဘာပြောပြောသိုးခံရန် ဆုံးဖြတ်ထားတယ်၊ ဒီရဲဆီက သူမလိုချင်တာ မရမချင်း သူမရဲ့အမျက်ဒေါသတွေကို အပြင်မထွက်စေရဘူး။

" ရှင်လိမ်ပြောတတ်လား၊ ကျွန်မက လိမ်ပြောတာ မုန်းတယ် ဆိုပေမယ့် ရှင့်ကိုတော့ ခြွင်းချက်အနေနဲ့ ခွင့်လွှတ်လိုက်မယ်၊ ကျွန်မ ယုံအောင် ရှင်လိမ်ကြည့်လေ "

သူ့အတွက် ဒါတာအသေးအဖွဲ့ပဲဆိုတာ ဇူးပွင့်ဘာကြောင့် မသိတာလဲ၊ လိမ်တယ်ဆိုတာ ထူးဆန်းတဲ့အရာမှမဟုတ်တာ။

" မင်းကို လိမ်မယ်၊ ဘယ်လိုလိမ်မယ်ဆိုတာ မင်း သေချာဂရုစိုက်ပါ၊ အချိန်က တစ်မိနစ်ပဲကြာမှာ၊ ကဲ မင်းကိုငါစပြီး လိမ်ပြောမယ် "

ဒီရဲသတိပေးလိုက်ပြီး ဇူးပွင့်ကို ဘာမှဆက်မပြောတော့ဘဲ နာရီကိုသာ ဂရုတစိုက်နဲ့ မောင်းနေတော့သည်၊ ဇူးပွင့်မှာသာ မရိုးမရွ ဖြစ်နေတယ်၊ နာရီကို ကြည့်လိုက်၊ ဒီရဲမျက်နှာကို ကြည့်လိုက်နဲ့ တစ်ယောက်ထဲ အလုပ်ရှုပ်နေချိန်တွင် တစ်မိနစ်က ပြည့်သွားသည်။

" မင်းယုံပြီလား "




www.burmeseclassic.com

www.burmeseclassic.com

" ရှင်ဘာမှ မပြောရသေးဘူးလေ "

" တော်တော်ညံ့တာပဲ၊ ကိုယ်အလိမ်ခံလိုက်ရတာကိုတောင် မသိအောင် ညံ့ချင်းလွန်းတယ် "

ဖူးပွင့် ပြန်ပြောချင်ပေမယ့် မျိုသိပ်ထားလိုက်သည်။

" ရှင် ကျွန်မကို ဘာလိမ်လို့လဲ "

ဒီရဲက မခိုးမခန့် ပြုံးလိုက်ပြီး . . .

" မင်းကိုလိမ်ပြောမယ်ဆိုပြီး ဘာမှမပြောတာဟာ လိမ်တာပေါ့ကွ "

" ဟင် "

ကြည့်စမ်းပါ၊ ဒီရဲဟာ သူမ မထင်မှတ်တဲ့ထောင့်ကနေ သူ့ရဲ့ အချည်အချင်းကို ဖွင့်ဟပြလိုက်တယ်။

ဒီရဲကို မျှော်မတွက်နဲ့။

ဖူးပွင့်စိတ်ထဲမှာ ကိုယ့်ကိုကိုယ် သတိပြန်ပေးပြီး . . .

" ရှင်တော်တယ် "

ဒီရဲက ကားမောင်းနေရင်း ပခုံးတစ်ဖက် တွန့်လိုက်သည်။

" အငိုက်မိသွားလို့ပါ၊ မင်းစိတ်ထဲမှာ ငါဘာပြောမလဲဆိုတဲ့ အကြောင်းအရာတစ်ခုကို အာရုံရောက်သွားတော့ လှည့်ကွက်ကို မေ့သွားတာပေါ့၊ ဒီလို လူတိုင်းဖြစ်တတ်ပါတယ်၊ အဲ့ကြောင့် လိမ်တဲ့လူတွေ ပေါ်လာသလို အလိမ်ခံရတဲ့သူတွေလည်း အများကြီး ရှိနေတာ "

ဒီရဲက ကားကို သင်တန်းရှေ့ထိုးရပ်လိုက်တယ်၊

" ကျွန်မသွားမယ် "

သူမအတွက် ဒီရဲကို ပထမဆုံးအကြိမ် ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ပြီး ကားပေါ်ကနေ ဆင်းသွားခြင်းဖြစ်သည်။





" ပြန်အဆင်ပြေသွားပြီလား "

ကေသွယ်က တံခါးဝအဝင်ကနေ စောင့်ပြီးမေးတာကို ဖူးပွင့်က မသိချင်ယောင်ဆောင်ပြီး ခုံမှာ သွားထိုင်သည်။

" အပေါ်ထပ်ကနေ လှမ်းကြည့်နေတာ၊ ငါ့အကုန်မြင်တယ် "

ကေသွယ်က ဖူးပွင့်နား ကပ်ထိုင်ပြီး ထပ်ပြောတယ်။

" ငါတို့နှစ်ယောက်ကြားမှာ အဆင်ပြေမှုဆိုတာ ဘယ်သော အခါမှ ရှိမှာမဟုတ်ဘူး "

" အဲ့ဆို ကိုဒီရဲက နင့်ကို ဘာဖြစ်လို့လိုက်ပို့လဲ၊ ဟိုနေ့ကတော့ စကားကြီးစကားကျယ်ပြောသွားပြီးတော့ "

" တကယ်တော့ ငါတို့နှစ်ယောက်က သရုပ်ဆောင်တွေပါ၊ အိုက်တာနဲ့ ဇာတ်ညွှန်းရေးဆရာတွေထားတဲ့ ဇာတ်ရုပ်ပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်ကြတဲ့ အဆင့်ပဲရှိတယ်၊ ဘယ်သူမှ ကိုယ့်စိတ်နဲ့ကိုယ် လုပ်ခွင့်မရှိဘူး "

ဖူးပွင့်နဲ့ကေသွယ် စကားပြောနေကြတဲ့အချိန်မှာပင် သင်တန်းသူတွေတစ်ယောက်ပြီးတစ်ယောက် ဝင်လာကြသည်။ ဖူးပွင့်မျက်လုံးတွေက အေးစက်နေပြီး မျက်နှာတစ်ခုလုံးမှာ တင်းမာနေတယ်၊ ဒါဟာ ဖူးပွင့်ရဲ့ ပင်ကိုယ်ဘာန်ပါ။

" ကိုဒီရဲ စိတ်ဓါတ်ကို ငါကြိုက်တယ်၊ ဟိုနေ့က နင့်ကိုဆက်ဆံ လိုက်တဲ့ပုံစံက တကယ့်ကို ယောကျ်ားတစ်ယောက် ပီသတယ် ဆိုတာ ပြလိုက်တာပဲ "


www.burmeseclassic.com

www.burmeseclassic.com

“ ကေသွယ် ယောကျ်ားတစ်ယောက်ဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေတစ်ခုရဖို့အတွက် မိန်းမတစ်ယောက်ဟာ ဘာလုပ်သင့်သလဲ ”

ကေသွယ် စဉ်းစားသွားသည်။

“ ခက်တယ်ဟာ၊ နင့်မေးခွန်းကြီးက ဘယ်လိုဖြေရမှန်းတောင် မသိဘူး။ ငါတို့မိန်းမတွေဘဝက တော်တော်ဆိုးပါတယ်၊ ဘယ်သူက သတ်မှတ်မှန်းမသိတဲ့ ပညတ်ချက်တွေက ထုံးစံကြီးတစ်ခုလို ဖြစ်နေတယ်၊ ကိုယ်ချစ်တဲ့ချစ်သူကို လက်ညှိုးထိုးပြီး ရွေးချယ်ခွင့် ဆိုတာ ငါတို့မိန်းကလေးဘဝမှာ မရှိဘူး။ ကိုယ့်ကိုချစ်တယ်လို့ လာပြောတဲ့ သူတွေထဲကသာ ချစ်လို့ရမယ်ထင်တဲ့ လူတစ်ယောက်ကို ရွေးချယ်ရတာလေ ”

“ ဒါဟာ ဝမ်းနည်းစရာမှ မဟုတ်တာ၊ ငါတို့မိန်းကလေးတွေ ဘက်ကလည်း ကိုယ့်ကိုသေလောက်အောင် ချစ်တယ်ဆိုလည်း မကြိုက်ရင် ငြင်းပယ်ခွင့်ရှိတယ်လေ ”

“ ဖူးပွင့် ကိုဒီရဲနဲ့ပတ်သတ်ပြီး နင့်ရင်ထဲမှာ အရမ်းနာကြည်း နေလား။ တစ်ခုတော့ ငါပြောချင်တယ်ဟာ၊ ကိုဒီရဲရဲ့ အပြစ်တွေ ဆိုတာ နင့်ဘဝတစ်ခုလုံးကို ထိခိုက်သွားစေတဲ့အထိ ပြင်းထန်တာမှ မဟုတ်တာ၊ ခွင့်လွှတ်လို့ရရင် ခွင့်လွှတ်လိုက်ပါ။ မကျေနပ်တဲ့ စိတ်တွေကို နင့်ရင်ထဲမှာ သိမ်းထားပြီး အချိန်တိုင်းကို ဒီရဲ အပေါ်မှာ အမုန်းပွားနေမယ်ဆိုရင် လောလောဆယ် နင်ပဲ ပင်ပန်းမှာပေါ့ ”

“ ရတယ်ကေသွယ်၊ ငါဆုံးဖြတ်ပြီးသွားပြီ၊ အဲဒီအတွက်လည်း ဘာမဆို ရင်ဆိုင်ဖို့အသင့်ပဲ ”

“ နင့်ကိုလည်း ငါမပြောတော့ပါဘူး ”

ကေသွယ်ပါးစပ် ပိတ်သွားတယ်၊ ဖူးပွင့်ကတော့ ရှေ့လျှောက်ရမယ့် လမ်းခရီးအတွက် အကောင်းဆုံးထင်တဲ့အရာကို ရွေးနေတော့သည်။



# အခန်း (၁၄)

“ အင်းပေါ့မလေ၊ မိဘဆိုဆုံးမမှုကို မခံရတဲ့ သားသမီးဆိုတော့ ဒီလောက် ရိုင်းမှာပေါ့ ”

အိပ်မက်ထဲကနေ ဒီရဲ လန့်နိုးသွားတယ်၊ ဖူးပွင့်ပြောတဲ့ စကားက သူ့ကို တစ္ဆေတစ်ကောင်လို အိပ်မက်ထဲထိအောင် ဒုက္ခလိုက်ပေးနေသည်။ သူ့ရင်တွေ အရမ်းတုန်ပြီး မျက်နှာတစ်ခုလုံး ချွေးတွေ ပြန်လာတယ်၊ ခုတလော သူ့ရဲ့ စိတ်ဓါတ်ကြံ့ခိုင်မှုအင်အားတွေ သိသိသာသာ လျော့နည်းလာမှန်း သတိထားမိတယ်၊ ဟန်ဆောင်ရတာ ပင်ပန်းနေပြီ၊ ကလေးဘဝထဲကရခဲ့တဲ့ စိတ်ဒဏ်ရာတွေဟာ ရင်နဲ့ မမျှခဲ့ဘူး။ တစ်ခါတစ်လေ ထိန်းချုပ်လွန်းအားကြီးလို့ ရင်တစ်ခုလုံး ပွင့်ထွက် မတတ်ဖြစ်ခဲ့တဲ့ရက်တွေလည်း အများကြီးရှိခဲ့တယ်။ ဒီရဲဘဝမှာ အရာအားလုံးကို မေ့ပျောက်ထားချင်သည်။ ဘယ်အရာကိုမှ မခံစားတတ်တဲ့ လူတစ်ယောက်လို သူ့ကိုယ်သူ သတ်မှတ်ထားတယ်၊ ဒီရဲ အိပ်ဆေးတစ်လုံးယူပြီး ရေနဲ့သောက်လိုက်၏။ မနက်ဖြန်တိုင်းကို ဟန်ဆောင်ထိန်းချုပ်မှုတွေနဲ့ လူ့ဘဝကြီးမှာ ရပ်တည် ရမယ်လေ၊ ဒီအတွက် အိပ်ရေးဝဖို့လိုအပ်တယ်၊ ဒီရဲဆိုရင် အမြဲတမ်း လန်းဆန်း တက်ကြွနေတဲ့လူတစ်ယောက် ခံစားမှုဆိုတာ ကင်းမဲ့နေတဲ့လူ၊ သူများစိတ် ကသိကအောက်ဖြစ်အောင် ပြောတတ်လုပ်တတ်တဲ့ ဒီရဲအဖြစ် ပတ်ဝန်းကျင်က မြင်နေရမယ်၊ အဲမှ ဒီရဲအစစ်ဖြစ်မှာ၊ ဒီရဲ မျက်လုံးကို ပြန်မှိတ်ပြီး အတွေးထဲကို ဝင်လာတဲ့ အရာအားလုံးကို မောင်းထုတ်ပစ်လိုက်တယ်၊ ဒီရဲစိတ်ထဲမှာ ဘာမှမရှိချင်ဘူး၊ ဒါပေမယ့် ဒီရဲလုံးဝ အိပ်လို့မပျော်ဘူး၊ အတွေးတွေက ဝိုပြီး ရှုပ်ယှက် ခပ်လာသလိုပဲ၊ ဦးခေါင်းတစ်ခုလုံးကလည်း တဖြည်းဖြည်း နာကျင် ကိုက်ခဲလာတယ်၊ နောက်ဆုံး ဒီရဲရဲ့ ပင်ကိုယ်အသိစိတ်ပျောက်ဆုံးပြီး ‘အား’ ကနဲတစ်ချက်အော်ကာ သတိလစ် မေ့မျောသွားခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

နန္ဒစိတ်ထဲမှာ ပနစ်ဟာကျဆွဲထားတဲ့ အစီအပဥ်အပေါ်မှာ ကျေနပ် ပီတိ ဖြစ်နေတယ်။ သူဆွဲထားတဲ့ အစီအစဉ်အတိုင်းဆို တာကွက်မရှိသလို မအောင်မြင်နိုင်အကြောင်းလည်း မရှိပေ။ သူ့အတွက်တော့ ဒါတာရောမ ဇွန့်စားမှုကြီးတစ်ခုပေါ့၊ ဒီရဲကို ဦးနှောက်ထဲမှာထည့်ပြီး စဉ်းစားစရာမလိုဘူး။ သူလုပ်တဲ့ကိစ္စကို ဒီရဲသိသွားရင်တောင် မှားတယ်မှန်တယ်ဆိုပြီး လေအကုန်ခံ ပြော ၍ မယုတ်ပေ၊ ဒီရဲဟာ ခံစားချက်ဆိုတာကို သိမ်းထားတတ်တဲ့ လူတစ်ယောက် မဟုတ်ဘူးလေ။

ဖူးပွင့်ဆိုတာလည်း ဒီရဲရင်ထဲမှာရှိတဲ့ မိန်းမမှ မဟုတ်တာ၊ တကယ်လို့ သူ့လုပ်ရပ်အောင်မြင်ပါက ဒီရဲအတွက် လွတ်လပ်ခွင့်တောင် ရသွားလိမ့်မယ်၊ မင်းစိုးနဲ့ဇော်ထက် ဒီကောင်တွေက သူ့ကိုဘာပြောမလဲ၊ အရေးကြီးတာက သူချစ်တဲ့ချစ်သူကို ရယူပိုင်ဆိုင်ဖို့ပဲလေ၊ တကယ်လည်း အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းကိုခေါ်တယ်၊ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ ပေးဆပ်ခြင်းဆိုတဲ့စကားတွေဟာ ချစ်သူတစ်ယောက် ရယူမပိုင်ဆိုင်နိုင်လို့ ခပ်ညံ့ညံ့ယောကျ်ားတွေရဲ့ ထွက်ပေါက်တစ်ခုကို ရှာရင်းတွေ့ခဲ့တဲ့ စိတ်ဖြေ စကားတွေပါ၊ နန္ဒဘဝမှာ ဒါမျိုးမရှိစေရဘူး။ ဖူးပွင့်ဆိုတာ သူ့အတွက် ဘယ်တော့မှရိုးမသွားတဲ့ ချစ်ခြင်းရဲ့ ကဗျာတစ်ပုဒ်လေ၊ ဖူးပွင့်ကြောင့် သူ့ရင်ထဲမှာ ပွင့်နေတဲ့အချစ်ပန်းလေး တွေဟာ ထာဝရလန်းစွင့်နေတယ်၊ နန္ဒစဉ်းစားရင်းနဲ့ ဖတ်ဖူးတဲ့ ကဗျာတစ်ပုဒ်ကို သတိ ရသွား၏။





အရှုံးဆိုတဲ့အရာ
ငါမုန်းခဲ့တာပေါ့
အနိုင်ဆိုတာထက်
ရယူခြင်းအပေါ်မှာသာ
အချစ်တစ်ခုကို
ပိုင်ဆိုင်လို့ပြီး
ပေးဆပ်ကြေကွဲခြင်း
စွန့်လွှတ်အနစ်နာခံခြင်းဆိုတာ
ငါ့ဘဝမှာ မရှိစေရ။

နန္ဒအရမ်းကို သဘောကျတဲ့ကဗျာလေးပါ၊ ကဗျာမှာပါတဲ့ အကြောင်းအရာတိုင်း ဖြစ်အောင်လုပ်နိုင်မယ်လို့ ယုံကြည်ထားတယ်၊

“ ဖူးပွင့် မင်းဟာ ငါ့နှလုံးသားရဲ့ အရှင်သခင်မပဲ ဖြစ်ရမယ်၊ ငါမင်းကိုချစ်တာ စွန့်လွှတ်ဖို့မဟုတ်ဘူး၊ နောက်ပြီး ငါအသက်ရှင် နေစဉ် ကာလပတ်လုံး ငါမဟုတ်တဲ့ အခြားယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို မင်းရောက်သွားမှာ မလိုလားဘူး၊ မင်းကိုရအောင် ယူပြမယ်၊ နန္ဒဆိုတာ အချစ်နဲ့ပတ်သက်လာရင် နောက်ဆုတ် အရှုံးမပေးဘူးဆိုတာ မင်းသိရလိမ့်မယ် ”

နန္ဒ တစ်ယောက်ထဲပြောပြီး ခပ်တိုးတိုးလေး ရယ်မောနေသည်။ သူ့စိတ်ထဲမှာတော့ . . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီရဲ့မျက်လုံးပွင့်လိုက်ချိန်တွင် သူ့ဘေးနားမှာ လူတွေဝိုင်းနေတာကို တွေ့လိုက်သည်။ သူ့ကိုယ်သူ ဘာဖြစ်သွားသလဲဆိုတာ စဉ်းစားလိုက်ချိန်တွင် ခေါင်းလေးမူးလာသဖြင့် မျက်လုံးကို ပြန်ပိတ်ထားမိတယ်၊ ခဏကြာတော့မှ ခေါင်းမူးသက်သာလာသဖြင့် မျက်လုံးကို ပြန်ဖွင့်ကာ အနားမှာရှိတဲ့လူတွေကို ကြည့်လိုက်သည်။

“ ကျွန်တော် ဘယ်ရောက်နေတာလဲ ”

“ ရှင် ဆေးရုံရောက်နေတာ ”

ဖူးပွင့်အသံထဲမှာ စိုးရိမ်တဲ့ အငွေ့အသက်များ ပါလာသည်။

“ ဆေးရုံ .... ဘာဖြစ်လို့လဲ .... ”

ဦးထွန်းနိုင်ရိုးက နားလည်ရခက်တဲ့အပြုံးဖြင့်

“ ညက မင်းအလန့်တကြားအော်သံကြောင့် ငါလာကြည့်တော့ မေ့နေတာတွေ့ရတယ်၊ အဲဒါနဲ့ ဆေးရုံကို ညတွင်းချင်း တင်လိုက်တာ ”

“ ကျွန်တော်ဘာမှမဖြစ်ဘူး ဦးလေး ”

“ ငါလည်းထင်ပါတယ်၊ ခရီးပန်းလာတဲ့အတွက် အားနည်းသွားတာပါ။ ဆရာဝန်ကလည်း မစိုးရိမ်ရဘူးလို့ ပြောထားတယ် ”

ခန္ဓာကိုယ်နဲ့ပတ်သက်ရင် ဒီရဲမှာ ဘာရောဂါမှမရှိမှန်း သူ့ကိုယ်သူသိထားသည်။ လက်ရှိအချိန်မှာ ဆေးရုံရောက်နေတယ်ဆိုပေမယ့် သူဟာ သာမာန်လူတစ်ယောက်လိုပဲ။

“ ဒီနေ့ ကျွန်တော် ဆေးရုံဆင်းချင်တယ် ”

“ ဆရာဝန်ကြီးလာရင် ငါပြောပြပါ့မယ် ”





ဒီရဲ မျက်စိကို ပြန်မှိတ်ထားမိတယ်၊ မကြာခင် ဆရာဝန်ကြီးကို [illegible] ဆိုတော့ အားလုံးက ဆေးရုံအပြင်ဘက်ကို ခဏထွက်ပေး[illegible]

မင်းစိုး မျက်မှောင်ကုတ်ပြီး စဉ်းစားနေ၏၊ ဒါ[illegible]ပြီး မမြင်ချင်ယောင်ဆောင်ကာ လမ်းမဘက်ကို မျှော်ကြည့်[illegible]တယ်၊

ဖူးပွင့်ကတော့ သူတို့နှစ်ယောက်နားမှာရပ်[illegible] ဦးလေးထွန်းနဲ့ အန်တီလေးတို့ထွက်သွားတဲ့ဘက်ကို ငေးမောနေတယ်။

“ ဇော်ထက် ဒီရဲနဲ့ပတ်သက်ပြီး စဉ်းစားမ[illegible]”

ဖူးပွင့်မျက်လုံးတွေက မင်းစိုးဆီရောက်သွားတယ်၊ [illegible] ကတော့ မင်းစိုးစကားတွေကို မထူးဆန်းသလို နားထောင်ပြီး . . .

“ မင်းပေါက်ကရတွေနဲ့ ဘာတွေတွေးနေတာလဲ ”

“ မနောက်နဲ့ကွာ၊ ခုအချိန်ဟာ ဒီရဲနဲ့ပတ်သက်လို့ အလေးအနက်ထားပြီး စဉ်းစားရမယ့်အချိန် ”

“ မင်းအယူအဆကို ပြောစမ်းပါ ”

“ ဒီရဲအခုလိုဖြစ်တာ သာမာန်အားနည်းမှုကြောင့် မဟုတ်ဘူး။ ဒီရဲဆိုတာ အမြဲတမ်း ကျန်းမာသန်စွမ်းနေတဲ့လူလေ၊ ဇော်ရဲ့ တန်ရဲလောက်နဲ့တော့ ဒီရဲရဲ့ ခွန်အားတွေက အလွယ်တကူ မဆုတ်ယုတ်နိုင်ဘူး။

“ ပွင့်ပွင့်လင်းလင်းပြောကွာ ”

တကယ်ပေရှည်တဲ့ကောင်၊ စကားလုံးတွေက အများကြီး၊ လိုရင်းက ဘာမှန်းမသိသေးဘူး၊ ဇော်ထက်က အမြန်သိချင်နေပြီ။

“ ဒီရဲမှာ ငါတို့မမြင်တွေ့နိုင်တဲ့ ရောဂါတစ်ခုခု ရှိနေတယ်လို့ ထင်တယ် ”

မင်းစိုးစကားကို ဇော်ထက်သဘောက်ခံလိုက်တယ်။

“ ဖြစ်နိုင်တယ် မင်းစိုး၊ အဲဒီကစ္စနဲ့ပတ်သက်ပြီး ဒီရဲနဲ့ငါ စကားပြောကြည့်ဦးမယ် ”

မင်းစိုးမျက်လုံးထဲမှာ စိတ်ဝင်စားတဲ့ အရိပ်များပေါ်လာတယ်။

“ ဒီရဲ ဘာပြောလဲ ”

“ သူ့မှာ ခေါင်းကိုက်ဝေဒနာ ပြန်ပေါ်နေတယ်တဲ့၊ ငါတောင်မှ သောက်နေကျဆေးကိုသောက်ပြီး ဦးနှောက်အထူးကု ဆရာဝန်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြကြည့်ဖို့ ပြောမိတယ် ''

'' တော်တော်စဉ်းစားရပါ၊ သာမာန်နဲ့တော့ ဒီရဲဟာ ဒီလို မေ့လဲမှာမဟုတ်ဘူး။ အဲဒါကို ငါအသေအချာ ယုံကြည်တယ် ''

'' တစ်နေ့တော့ အကြွေပေါ်မှာပေါ့ကွာ၊ အဲမှမဟုတ် ဒီရဲဆေးရုံက ဆင်းတဲ့အခါမှပဲ မေးကြည့်ကြမယ် ''

မင်းမိုးနဲ့ ဇော်ထက်မျက်နှာမှာ ဝေ့ဲရခတ်တဲ့ အတွေးလှိုင်းများ ပေါ်နေတယ်၊ ဖူးပွင့်ကတော့ ဘာထင်မြင်ချက်မှမပေးဘဲ သူတို့နှစ်ယောက် ပြောတဲ့စကားများကိုသာ နားထောင်နေသည်၊

သီဟက ဖူးပွင့်ဖုန်းဆက်ပြီး ပြန်ပြောပြတဲ့ စကားများကို နားထောင်ကော့မှ ဆေးရုံတက်ရတာကို သိသွားသည်။

'' ခုဘယ်လိုနေလဲ ''

'' ကောင်းသွားပါပြီ ''

'' ငါသိရင် ချက်ချင်းလာပါတယ် ''

'' အေးဟယ်၊ အန်တီလေးက မြူးတူးပြာတာဖြစ်ပြီး အတင်းခေါ်လို့ ငါတောင်အိမ်နေရင်း အဝတ်အစားနဲ့ အမြန်လိုက်သွားရတာ ''

'' နင့်စိတ်ထဲမှာ ဒီရဲဆေးရုံတက်တာ မသနားဘူးလား ''

'' ဘာဆိုင်လို့လဲ၊ သူနဲ့ငါ့ကြားမှာ နူးညံ့ပျော့ပျောင်းတဲ့ စိတ်ခံစားမှုဆိုတာ မရှိဘူး၊ အန်တီလေးခေါ်လို့ လူမှုရေးအရ ငါလိုက်သွားတာပဲရှိတယ်၊ ပြန်လာတော့လည်း ငါ့ရင်ထဲမှာ ဘာမှကျန်ခဲ့တာ မဟုတ်ဘူး ''

'' နင်ဟာအရမ်းလှသလောက် မာနကြီးတယ်၊ ဒီရဲအပေါ်မှာထားတဲ့ နင့်ရဲ့စိတ်ဓါတ်တွေကို ပြောင်းလဲပေးလို့ရရင် ပြောင်းလဲပေးချင်ပါတယ်''

'' ငါ့ကို ဝေဖန်နေတာလား ''





'' မဟုတ်ဘူး၊ ငါတာနင့်ကို ချစ်နေတဲ့သူပါ၊ ကိုယ်ချစ်တဲ့ ချစ်သူ အပေါ်မှာ အပြစ်တင်ဝေဖန်တဲ့ အသုံးအနှုန်းမျိုးကို မသုံးပါဘူး၊ ခုတာက အမှန်အတိုင်းပြောတာလေ၊ အဲဒီအတွက် နင်မုန်းတယ် ဆိုရင်လည်း ကျေကျေနပ်နပ်ကြီးခံယူပါ့မယ် ''

ဖူးပွင့်အေးသွက်သွားတယ်၊ ဒီရဲနဲ့ပတ်သက်ပြီး သီဟလိုလူမျိုးတောင် သူ့မဘက်မှာ မရှိတော့ပါလား၊ အဲပေမယ့် ကိစ္စမရှိပါဘူးလေ၊ ဖူးပွင့်ဆိုတာ ဘယ်သူမှမရှိလဲ တစ်ယောက်ထဲ နေတတ်တဲ့လူပါ။

'' သီဟ ငါတစ်ခုပြောမယ်၊ ဒီရဲနဲ့ပတ်သက်ပြီး ငါလုပ်တဲ့ကိစ္စတွေကို နင်ဘာမှဝင်ပြောစရာမလိုဘူး။ ရှင်းရှင်းပြောမယ်၊ ငါ့ကို သူငယ်ချင်း မိတ်ဆွေတစ်ယောက် အနေအထားကလွဲပြီး ကိုယ်ရေးကိုယ်တာကို ဝင်ရောက် မစွက်ဖက်ပါနဲ့၊ ဒီထက်ပိုပြီး နင့်ကို ဘာအခွင့်အရေးမှ မပေးနိုင်ဘူး ''

'' ရတယ်၊ နင်ပြောတဲ့စကားတွေကို တစ်လုံးမကျန် ငါမှတ်ထား ပါ့မယ်၊ အဲပေမယ့် နင့်ကိုချစ်ပဲ့ ငါ့အချစ်တွေက ဖြူစင်သန့်ရှင်းတယ်၊ နင့်စိတ်ထဲမှာ အချစ်ဆိုတာကို မခံစားဘူးတရွေ့ ငါဘယ်လောက် ချစ်တယ်ဆိုတာ ကိုယ်ချင်းစာမိမှာ မဟုတ်ဘူး၊ တစ်နေ့နေ့ပေါ့တာ၊ နင့်ရင်ထဲက ချစ်ခြင်းတရားကို ရှာဖွေတွေ့ရှိပြီး ယောက်ျား တစ်ယောက်ကို ချစ်မိသွားပြီဆိုရင် အရာအားလုံးဟာ နောက် မကျပါစေနဲ့လို့ ဆုတောင်းလိုက်ပါမယ်၊ အဲဒါပဲ ''

'' ဒွတ်လပ် ဖူးပွင့် ''

သီဟ ဖုန်းချသွားသည်။ ဒီရဲ သီဟကိုသားဖြစ်တဲ့ လူမျိုးတစ်ယောက်ကို ဘယ်လိုကမဝအတတ်ပညာတွေနဲ့ စည်းရုံးဆွဲဆောင်ထားတာလဲ၊ နင်ကြိမ်းသေ ကျဆုံးရမှာပါ။ ငါ့ကို အရမ်းမုန်းတယ်လို့ပြောတဲ့ နင့်ပါးစပ်ကနေ ချစ်တယ်ဆိုတဲ့ စကားလုံးတွေ ပြန်ထွက်လာအောင် ငါလုပ်ပြမယ်၊ မကြာပါဘူး ဒီရဲ၊ ငါတို့နှစ်ယောက် ပြိုင်ကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အခန်းထဲထိ ရောက်လာတဲ့ဖူးပွင့်ကိုကြည့်ပြီး ဒီရဲ့အထိတ်တလန့်ဖြစ်သွားတယ်။ တံခါးလော့ မချထားမိတာ ဒီရဲ့အမှားပါ၊ ဖူးပွင့်ရဲ့ လက်ဖဝါးနုနုလေးဖြင့် သူ့နဖူးပေါ်ရောက်လာမှာလန့်နိုးပြီး ဖူးပွင့်ကိုတွေ့ကာ ထိတ်လန့်သွားခြင်းဖြစ်သည်။

" မင်း ဘာလာလုပ်တာလဲ "

" လူနာလာကြည့်တာလေ၊ ရှင်က ကျွန်မကိုမြင်ပြီး ဘာဖြစ်သွားတာလဲ "

" ဒီထို ညှော်ခန်းမှ စောင့်နေပါ၊ ငါထွက်လာခဲ့မယ် "

ဖူးပွင့် ချစ်စဖွယ်ပြုံးပြီး ဒီရဲ့စကားကို ရယ်မောလိုက်သည်။

" ရှင်က တော်တော်ရယ်ရတယ် "

" အပြင်မှာ ဦးလေးထွန်းနဲ့ အန်တီလေးတို့ စကားပြောနေတယ်၊ လူကြီးတွေပြောတဲ့စကားကို လူငယ်တွေ နားထောင်လို့မကောင်းဘူး။ ဒါကြောင့် ဦးလေးထွန်းကိုနှုတ်ဆက်ပြီး ရှင့်အခန်းထဲ ဝင်လာတာ "

" [illegible] "

ဒီရဲ့ စိတ်ပျက်သွားတယ်၊ သူ့ဘဝမှာ ဘယ်လိုမိန်းမနဲ့ လာတွေ့နေတာလဲ၊

" ယောက်ျားလေးနေတဲ့ အခန်းကို မိန်းကလေးမဝင်သင့်ဘူးဆိုတာ မင်းမသိဘူးလား "

" အဲဒီအယူအဆက တိုးအဝေးကြီးမှာ ကျန်ခဲ့ပြီ၊ ကျွန်မက ရှင်ရဲ့သိက္ခာနဲ့ ကိုယ်ကျင့်တရားကို ယုံတယ်လေ၊ နောက်ပြီး





ရှင်တာ ကျွန်မနဲ့ လက်ထပ်ရမယ့် ယောကျ်ားတစ်ယောက် မဟုတ်ဘူးလား "

" ဖူးပွင့် မင်းစိတ်ထဲမှာ မြဲမြဲမှတ်ထား၊ ကျားဆိုတဲ့သတ္တဝါဟာ သက်သက်လွတ်စားပြီး ဥပုပ်မစောင့်ဘူးကွ၊ အနာဂါတ်ဟာ ပစ္စုပ္ပန်လောက် မသေချာဘူး။ ဒီလို စိတ်ထဲမှာရှိတဲ့အတိုင်း ဦးတည်းရမဲ့ လျှောက်လုပ်နေမယ်ဆိုရင် ဘာမဟုတ်တဲ့ ယောကျ်ားတစ်ယောက်ကြောင့် ဘဝပျက်သွားလိမ့်မယ် "

" သွားစမ်းကွာ၊ အခန်းအပြင်ကနေ စောင့်နေ၊ ငါချက်ချင်းထွက်လာခဲ့မယ် "

" ရှင် အရမ်းကြီးကျယ်တာပဲ "

ဖူးပွင့်က ဆောင့်ဆောင့်အောက်အောက်နဲ့ အခန်းအပြင်ကို ထွက်သွားသည်။ ဒီရဲ့အခုမှ အသက်ရှူချောင်သွားတယ်၊ ထို့နောက် သင့်တော်မယ်ထင်တဲ့ အဝတ်အစားကိုအမြန်လဲပြီး အခန်းအပြင်ကို ထွက်လိုက်တယ်။ ဖူးပွင့်ပြောတဲ့အတိုင်းပါပဲ၊ ညှော်ခန်းမှာ ဦးလေးထွန်းနဲ့ အန်တီလေးတို့ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနေကြတယ်။

" ကျွန်မဗိုက်ဆာတယ်၊ အပြင်မှာတစ်ခုခု သွားစားကြမယ် "

" အိမ်မှာ ဘာရှိလဲမသိဘူး "

" လာစမ်းပါ၊ အပြင်မှာပဲ စားမယ် "

ဖူးပွင့်က ဒီရဲ့လက်ကို လှမ်းကိုင်ပြီး ဆွဲခေါ်တယ်။ ဒီရဲ့ရင်တွေ ပုပ်ခနဲ တုန်သွားသည်။

" ရှင်မလိုက်ဘူးလား "

ဖူးပွင့် ခန္ဓာကိုယ်လေးက ဒီရဲ့ရင်ခွင်ထဲကို ရောက်တော့မယ်လို့ ထင်ရအောင် နီးကပ်လာသည်။ ဒီရဲ့တာ အသိဉာဏ်ကို ချုပ်ထိန်းနိုင်တဲ့ လူတစ်ယောက်လေ၊ မျက်ချင်းပဲ နောက်ကိုခြေတစ်လှမ်းဆုတ်သွားပြီး မပ်ခွာခွာနေလိုက်တယ်၊ ဒါပေမယ့် သူ့ရဲ့နှာခေါင်းထဲမှာတော့ ဖူးပွင့်ရဲ့ ကိုယ်သင်းနံ့လေးက ဆွဲထင်ကျန်ခဲ့တယ်။

" မင်းအောက်က စောင့်နေပါ၊ ပိုက်ဆံအိတ်ယူပြီး ငါလိုက်လာခဲ့မယ် "

ဖူးပွင့်က ဒီရဲ့မျက်နှာလေးကို ဝင့်ကာကြည့်ပြီး လူကြီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းက အောက်ကိုဆင်းသွားတယ်။

ဒီရဲလည်း အခန်းထဲက ပိုက်ဆံအိတ်ကိုယူပြီး ဖူးပွင့် နောက်ကို လိုက်ကာ မျိုးမင်းလက်ဖက်ရည်ဆိုင်မတုတ်တဲ့ အခြားဆိုင်ကို ခေါ်သွားသည်။

" ကမ္ဘာကြီးက ကျဉ်းတယ်ပြောရင် ရှင်ယုံလား "

" မင်းက ဘာနဲ့နှိုင်းယှဉ်ပြီးမှာလဲ၊ စကောနဲ့နှိုင်းယှဉ် ပြောရင်တော့ ငါလက်မခံဘူး "

" ရှင်စကားအကောင်းပြောနော် "

" အတည်ပြောတာလေ၊ မင်းက ဘယ်လိုရည်ရွယ်ချက်နဲ့ မေးတာလဲ "

" ရှင့်ရဲ့ အတွေးအခေါ်ကို စမ်းကြည့်တာပါ "

ဒီရဲက အသီးသံပုရာရည်ကို မော့သောက်လိုက်ပြီး . . .

" စကြာဝဠာနဲ့စာရင် ကမ္ဘာကြီးက၊ ကျဉ်းတာပေါ့၊ စကြာဝဠာ ဆိုတာ အဆုံးအစမရှိဘူးလေ၊ ဂြိုဟ်ကြီးတွေအကုန်လုံးတာ စကြာဝဠာထဲက သေးငယ်တဲ့အစိုင်အခဲလေးတွေပါ "

" ဒါဆို သံသရာတာ လည်တယ်ဆိုတာ ယုံလား "

" သံသရာတင် မဟုတ်ပါဘူး၊ ပွဲဈေးတွေမှာလှည့်တဲ့ ရဟတ် တွေကလည်း လှည့်ရင် လည်တာပါပဲ "

" ရှင်နော် "

" မဟုတ်ဘူးလား "

ဖူးပွင့် ဘာမှထပ်မပြောတော့ဘဲ ပါးစပ်ပိတ်သွားတယ်။ ဒီရဲဟာ ထော်လော်ကန့်လန့်ကောင်ဆိုတာ ဖူးပွင့်သိသွားပြီ။

" ဖူးပွင့် ကြက်တင်းခါးသီးကို မခါးအောင် ဘယ်လိုစားရမလဲ ဆိုတာ သိလား "

" ရှင်ရူးနေသလား၊ ကြက်တင်းခါးသီးဆိုတာ နဂိုထဲက ခါးတဲ့





အမျိုးလေ "

" တုတ်ပါတယ်၊ အဲဒါကို မခါးအောင် ဘယ်လိုစားရမယ်ဆိုတာ ငါပြောပြမလို့ပါ "

ဖူးပွင့် စိတ်ဝင်စားသွားမိတယ်၊ ကြက်တင်းခါးသီးကို မခါး အောင်စားတဲ့နည်းဆိုတာ တစ်ခါမှ မကြားဖူးဘူး။

" မှတ်ထား ဖူးပွင့်၊ ကြက်ဟင်းခါးသီးဟာလို့ ခါးမှာကြောက်ရင် မျှစ်ကြော်နဲ့လဲစားရတယ်၊ အဲဒီ မခါးတော့ဘူးလေ "

ဖူးပွင့် ဒီရဲစကားကိုကြားပြီး နှစ်နှစ်ကာကာ ရယ်မောလိုက်သည်၊ သူမဘဝမှာ ဒီရဲနဲ့ပတ်သက်ပြီး ဒီတစ်ခါပဲ ပျော်ရွှင်ခဲ့ဖူးတာပါ။

" ဒီရဲ ရှင်တော်တော်နောက်တာပဲ၊ ကျွန်မက တကယ်ထင်ပြီး နားထောင်နေတာ "

" ငါနဲ့ပတ်သက်ပြီး မင်းစိတ်ညစ်နေတာ များနေပြီလေ၊ ဒါ့ကြောင့် ပျော်ရွှင်မှုတစ်ခု ငါပြန်ပေးတာပါ "

ဖူးပွင့်ရင်ထဲမှာ လိုက်လိုက်လှဲလှဲ ခံစားလိုက်ရတယ်၊ စတွေ့ထဲက ဒီရဲသာသူမကို ဒီလိုဆက်ဆံခဲ့မယ်ဆိုရင် နာကြည်းစရာ ခံစားချက်ဆိုတာ ပေါ်လာမှာ မဟုတ်ပေ။ ခုတော့ အချိန်နှောင်းသွားပြီ၊ ဒီရဲက သူမကို ဘယ်လောက်ပဲ သိမ်မွေ့ နူးညံ့စွာနဲ့ လိုက်ပျောနေပါစေ၊ သူမဖြစ်ချင်တဲ့ ဆန္ဒကိုတော့ ဖျက်ဆီးပစ်မှာ မဟုတ်ဘူး။

ထိုအချိန်တွင် ဒီရဲက လမ်းမှာဖြတ်သွားတဲ့ လူတစ်ယောက်ကို လှမ်းခေါ်တယ်၊ အခေါ်ခံရသူက ငိုက်စိုက်ငိုက်စိုက်နဲ့ ဆိုင်ထဲဝင်လာပြီး ဒီရဲတို့စားပွဲဝိုင်းမှာ ထိုင်ပြီး ဒီရဲကို ကြည့်တယ်။

" ကိုမိုး ဒါက ကျွန်တော့်ရဲ့ မိတ်ဆွေသူငယ်ချင်း ဖူးပွင့်တဲ့၊ လမ်းမှာတွေ့ရင်ခေါ်ပါ လိုအပ်တာရှိရင်လည်း အကူအညီပေးပါ "

ဒီရဲ မိတ်ဆက်ပေးတဲ့လူကို ဖူးပွင့်ကြည့်ပြီး မသိမသာ နှာခေါင်း ရှုံ့လိုက်တယ်၊ တကယ့်ကို စုတ်ပြတ်မွဲတေနေတဲ့ ပုံစံလေ၊ ဒီရဲမို့လို့ ဒီလို ယုတန်းစားမျိုးကို အရေးတယူလုပ်ပြီး ဆက်ဆံတာ၊ သူမသာဆိုရင် လှည့်တောင်ကြည့်မှာမဟုတ်ဘူး၊ ခုလည်း ဒီရဲ မိတ်ဆက်ပေးပေမယ့် ဖူးပွင့်က ခပ်တည်တည်ဖြင့် နေလိုက်တော့ ကိုမိုးအမ်းသွားတယ်။

" ကိုမိုး ဘာသောက်မလဲ "



www.burmeseclassic.com

www.burmeseclassic.com



“ ရတယ် ဒီရဲ၊ ကိုယ်အရေးကြီးလို့ သွားတော့မယ် ”

“ ကိုမိုးမိန်းမ အသဲအသန် ဖြစ်နေတယ်ဆို ”

“ ဟုတ်တယ်၊ အဲ့ဒါကြောင့် ဒီရဲ ဆေးရုံတက်တာသိပေမယ့် မလာနိုင်တာ ”

“ ရပါတယ်၊ ဆရာဝန်က ဘာရောဂါလို့ပြောလဲ ”

“ နှလုံးသွေးကြောကျဉ်းတာ၊ သေသေချာချာ ကုရင်တော့ ပျောက်ပါတယ်၊ ဒါပေမယ့် ပိုက်ဆံက အရမ်းကုန်မှာ၊ ဟိုတစ်ခါ ဒီရဲပေးတဲ့ပိုက်ဆံတစ်သိန်းတောင်မှ နှစ်ရက်ပဲခံတယ်၊ ခုမနက်လည်း ပေဖုံကီသွားပြီး အောက်ကျခံတာ မရပါဘူးကွာ၊ ကိုယ့်မိန်းမ သေတဲ့အနိုင် အိမ်ပြန်လာခဲ့တဲ့၊ အချိန်မရွေး ပြန်လက်ခံမယ်လို့ ပြောလိုက်တယ် ”

“ ကျွန်တော် စိတ်မကောင်းပါဘူး၊ ခုလောလောဆယ် ကိုမိုးအတွက် အဆင်ပြေသွားအောင် ကျွန်တော်ပေးတဲ့ အကူအညီကို ယူပါ ”

ဒီရဲက လည်ပင်းမှာဆွဲထားတဲ့ ဆွဲကြိုးနဲ့လက်စွပ်ကို ချွတ်ပြီး ပေးလိုက်တယ်။

“ ဒီရဲ ကိုယ်တောင်းပန်ပါတယ်ကွာ၊ ဒီပစ္စည်းတွေကို မယူပါရစေနဲ့ ”

ကိုမိုးငြင်းပြီး ချက်ချင်းထပြေးတော့မှန်းသိသဖြင့် ဒီရဲက လက်ဆွဲထားလိုက်သည်။

“ ကိုမိုး ငြိမ်ငြိမ်ထိုင်ပြီး ကျွန်တော်ပြောတာ သေချာနားထောင်ပါ၊ လူအသက်တစ်ချောင်းဟာ အရမ်းကိုတန်ဖိုးကြီးတယ်၊ ခုအချိန်မှာ ကိုမိုးမိန်းမရဲ့အသက်ကိုကယ်ဖို့အတွက် ငွေလိုတယ်လေ၊ မိန်းမသာ တစ်စုံတစ်ခုဖြစ်သွားရင် မွေးထားတဲ့သားလေးဟာ လောကမှာ အမိမဲ့သားအဖြစ် ရင်သန့်ရတော့မှာ၊ ဒါကို နားလည်စမ်းပါ၊ မာနဆိုတာ လူတိုင်းမှာရှိတယ်၊ ဘယ်သူမှသူများဆီကို အောက်မကျချင်ကြဘူး၊ ဒါပေမယ့် တစ်ခါတစ်လေဖြစ်ပေါ်လာတဲ့ အခက်အခဲပေါ်မူတည်ပြီး သူတစ်ပါးဆီက အကူအညီကို မယူချင်ပေမယ့် ယူကြရတယ်၊ ကျွန်တော့်အတွက် ဒီပစ္စည်းတွေက အပိုတွေပါ၊ ခန္ဓာကိုယ်မှာမရှိလို့လဲ ဘာမှဖြစ်မသွားဘူး၊ ကိုမိုးအတွက်





တကယ်လိုအပ်နေတာပဲ၊ မငြင်းသင့်ပါဘူး ”

“ ဒီရဲ ကျေးဇူးတွေ ကိုယ့်အပေါ် အရမ်းများနေပြီ ”

“ ကျွန်တော့်စိတ်ထဲမှာ ဘာမှမရှိဘူး၊ ကျွန်တော့်ဘဝမှာ လုပ်သင့်လုပ်ထိုက်တယ်ထင်တဲ့ ကိစ္စတစ်ခုကို လုပ်လိုက်တာပါ၊ အဲဒီအတွက် ခံစားပြီး ပီတိမဖြစ်ဘူး ”

“ ရော့ အန်တီမြတို့ဆိုင်မှာ ကျွန်တော့်ပစ္စည်းလို့ပြောပြီး ရောင်းလိုက်ပါ ”

ဒီရဲ အတင်းပေးနေသဖြင့် ကိုမိုး ယူလိုက်သည်။

“ သွားတော့ စိတ်ပူစရာရှိတာအမြန်ဆုံးသိကြပြီး ဆေးရုံသွားလိုက်ဦး ”

ကိုမိုး ဒီရဲနဲ့ဖူးပွင့်ကို နှုတ်ဆက်ပြီး အမြန်ပြန်ထွက်သွားသည်။

“ ရှင်က တော်တော်ချမ်းသာတာပဲ ”

“ အမေ မွေးပေးလိုက်တဲ့ အသက်တစ်ချောင်းကလွဲပြီး ဒီမှာ ဘာမှမရှိဘူး ဖူးပွင့် ”

“ ဒါဆိုရှင်က စေတနာရှင်ကြီးပေါ့ ”

“ ကိုမိုးနဲ့ပတ်သက်ပြီး ဒီအပေါ်မှာ အမြင်မကြည်လင်သလိုပဲ၊ ငါ ပြောပြမယ်၊ ပိုက်ဆံချမ်းသာတဲ့ လူတစ်ယောက်ဆီမှာရှိတဲ့ ငွေတစ်ထောင်ဟာ ဘာမှအရေးမပါပေမယ့် ထမင်းနပ်မှန်အောင် မစားနိုင်တဲ့ လူတန်းစားတွေအတွက် ငွေတစ်ထောင်ဟာ တန်ဖိုးရှိတယ် မင်းလည်း လူတစ်ယောက်ပဲကွာ၊ လူသားအချင်းချင်း စာနာမှုမဲ့ လူတွေဟာ ကိုယ့်အလွှာနဲ့ကိုယ်ကိုင်းပြီး လူတိုင်းကို တန်ဖိုး ဖြတ်လေ့ရှိတယ်၊ နိမ့်ကျတဲ့ လူတန်းစားတွေကို ဖိနှိပ်ဖို့ ဝန်မလေးသလို ကိုယ့်အပေါ်မှာရှိတဲ့ လူတန်းစားကြတော့ မနာလိုမုန်းတီးကြတယ်၊ စိတ်ဓါတ်ပိုင်းဆိုင်ရာ အားနည်းကြတာ လေ၊ လူ့ဘဝဆိုတာ ဘာမှကိုမဟုတ်ဘူး၊ လောဘ၊ ဒေါသ၊ ချစ်ခြင်း မုန်းခြင်း၊ သံယောဇဉ်၊ အနှောင်အဖွဲ့၊ ပိုင်ဆိုင်ခြင်း စတဲ့တာတွေကို ဖယ်လိုက်ရင် လူ့ဘဝဆိုတာ တကယ့်ကို ဗလာပဲ၊ ငါပေးလိုက်တဲ့ ဆွဲကြိုးနဲ့လက်စွပ်ဆိုတာ ခန္ဓာကိုယ်ရဲ့ အပိုပစ္စည်းတစ်ခုပါ၊ ငါ့ရဲ့အပိုပစ္စည်းတွေကို လူ့အသက်တစ်ချောင်းကယ်ဖို့အတွက် ပေးလှူလိုက်တာပဲ၊ ကိုမိုးနေရာမှာ မင်းဆိုရင် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာမလဲ၊ လူ့လောကမှာ ကိုမိုးထက် အဆပေါင်းများစွာ ဆိုးရွားတဲ့လူတန်းစားတွေ အများကြီးရှိတယ်၊ လူ့လောကကြီးကို တကယ်လေ့လာကြည့်ပါ။ ကိုယ်ချင်းစာတဲ့စိတ်တွေ မင်းရင်ထဲမှာ ရှိလာတဲ့တစ်နေ့ လူ့လောကအကျိုးအတွက် ပေးဆပ်ချင်တဲ့ စေတနာတွေ ပေါ်လာလိမ့်မယ် ”

“ ကျွန်မကို မဆွယ်နဲ့ကိုဒီရဲ၊ လူတိုင်းဟာ ကိုယ့်ရဲ့ အတွေးအခေါ် အယူအဆတွေနဲ့ ရှင်သန်ခွင့်ရှိတယ် ”

“ ဖူးပွင့် မင်းမှားနေပြီ၊ အတွေးအခေါ်အယူအဆဆိုတာ ပြုပြင်ပြောင်းလဲလို့ ရတယ် ”

“ တော်ပြီ ကိုဒီရဲ ”

ဒီရဲ ပိုက်ဆံရှင်းလိုက်တယ်၊ ဖူးပွင့်နဲ့ပတ်သက်ပြီး ဘုမသိဘမသိ ကျေနပ်ခြင်းမရှိပေမဲ့ စိတ်ထဲမှာ ဒွိဟဖြစ်နေတယ်၊ သူတော့ သူ့ဘက်က ကြိုးစားရမယ်လို့ ဆုံးဖြတ်ထားတယ်။







“ ညည်းတို့ရဲ့ စေ့စပ်ပွဲကို ရေ့လထဲမှာ လုပ်မယ်လို့ ငါနဲ့ကိုထွန်း တိုင်ပင်ခဲ့တယ် ”

“ ခုပဲ လက ကုန်ခါနီးပြီ ”

“ အေးလေ၊ ဒါ့ကြောင့် ရေ့လထဲကို ရွှေ့လိုက်တာပေါ့ ”

ဒေါ်မရဲ့ ရည်မှန်းချက်တွေ မအောင်မြင်ခင် စေ့စပ်ပွဲလုပ်လိုက်ပါက ဖြစ်ချင်တာတွေအားလုံး ပျက်ဆီးသွားမှာ သေချာသည်။ သူမ လိုချင်တာက ဒီရဲနဲ့ဘာမှမဆိုင်ခင်အချိန်မှာ ‘ချစ်ပါတယ်’ ဆိုတဲ့ စကားကိုနားထောင်ပြီး သူ့ရဲ့ရှေ့မှာ လှောင်ပြောင်ရယ်မော ပစ်လိုက်ချင်တာ၊ အဲ့မှ ဖူးပွင့်ဆိုတဲ့ မိန်းမဟာ ဘာလဲဆိုတာ ဒီရဲသိသွားမှာလေ။

“ အန်တီလေး ဖူးပွင့်သင်တန်းပြီးမှ စေ့စပ်ပါလား။ သင်တန်းက နောက်နှစ်လလောက်ဆိုရင် ပြီးပြီ ”

“ ညည်းပို့ကို ဆင်ခြေမပေးနဲ့နော်၊ မောင်ဒီရဲကို ဒီလောက် ခါးခါးသီးသီး ဖြစ်နေလောက်အောင် ‘နှ’ နေလို့လား။ ငါ့အမြင်တော့ မောင်ဒီရဲလောက် ယောကျ်ားပီသပြီး တည်ကြည်ခန့်ညားတဲ့ လူမျိုးရှိမယ်တောင် မထင်ဘူး ”

ဒီရဲသာ ဒီစကားတွေကြားရင် ဘာဖြစ်သွားမလဲ မသိဘူး၊ ဖူးပွင့် နားထဲမှာတော့ သံပုရည်လောင်းချသလို ဖြစ်သွားတယ် ။

“ ကိုထွန်းက ပိုင်ဆိုင်သမျှအရာအားလုံးကို လက်ဖွဲ့မယ်တဲ့၊ ငါ့သက်ကလည်း ညည်းကိုပြောထားတဲ့ စကားအတိုင်းပဲ ”

“ ဘယ်လောက်ရှိရှိ ကုန်မှာပါ ”



www.burmeseclassic.com

 www.burmeseclassic.com

" ဘာဖြစ်လို့လဲ "

ဗူးပွင့်က ဒီရဲ့လုပ်ပုံကို ပြောပြလိုက်သည်။ ဗူးပွင့်စကား အဆုံးမှာတော့ အန်တီလေးရဲ့ ချီးကျူးသံထွက်လာသည်။

" ဟယ်တော်လိုက်တာ၊ ဒီကြောင့် ကိုယ့်နှမကျေးဇူးကို ဘယ်သူနဲ့မှမတူတဲ့ ကောင်လေးတဲ့၊ ညည်းတော့ ယောက်ျားရ ကံကောင်းပါတယ်၊ အဲဒါ ငါ့ရဲ့ ကျေးဇူးကြောင့်နော် "

ဗူးပွင့်ခေါင်းကို အုတ်နံရံနဲ့ ပြေးဆောင့်ချင်တယ်၊ ဘယ်လိုပဲ ပြောပြော ဒီရဲ့ကောင်းတာကကို မလွတ်နိုင်ဘူး။ အမျိုးမျိုးလှည့်ပတ် ချီးကျူးနေတာ လွန်ပါတယ်။

" ညည်းတို့နှစ်ယောက်သာ မင်္ဂလာဆောင်မယ်လာတဲ့ လူတိုင်း အားကျမှာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နှစ်ယောက်စလုံးဟာ ထိပ်တန်းအချော အလှပိုင်ရှင်တွေလေ "

အန်တီလေး ဘာပဲပြောပြော ဗူးပွင့်စိတ်မဝင်စားဘူး၊ အတွေးထဲမှာတော့ ဒီရဲ့အချစ်ကို ဘယ်လိုရအောင်ယူရမလဲဆိုတာပဲ စဉ်းစားနေမိတယ်၊ သီတာကလည်း ခုအချိန်မှာ သူမအတွက် အားကိုးရမှာမဟုတ်ဘူး။ ဒီရဲ့နဲ့ ပတ်သတ်ပြီး သူမအမုန်းကိုတောင်ခံနိုင်တယ်ဆိုတဲ့ သီတာစကားတွေကို ပြန်ကြားယောင်ကာ သီတာအချစ်တွေကို သံသယဝင်လာသည်၊ အန်တီလေးကတော့ အနှစ်နှစ်အလလ စိတ်ကူးယဉ်ခဲ့တဲ့ ကိစ္စတစ်ခုကို မကြာခင်မှာ အကောင်အထည်ဖော်တော့မယ်ဆိုတော့ ပျော်ရွှင်နေတယ်။

တင်း .... သူမကသာ ... ... ...

# အခန်း (၁၆)

ဒီရဲ့မောင်းလာတဲ့ ကားလေးက ဗူးပွင့်သင်တန်းကို ပို့ပြီးပြန်အလှည့်မှာ၊ သီတာက တစ်နေရာမှ ထွက်လာပြီး တားလိုက်သည်။

" ခင်ဗျား ခုမှလာတာလား "

" မဟုတ်ဘူး ကိုဒီရဲ၊ အစောကြီးထဲက ရောက်နေတာပါ၊ ဗူးပွင့် မြင်မှာစိုးလို့ ဟိုဘက်နားမှာ သွားနေတာ "

" ဘာဖြစ်လို့လဲ "

" ကျွန်တော် ကိုဒီရဲနဲ့ စကားပြောချင်တယ် "

" ရပါတယ်၊ ကျွန်တော်လည်း အားနေတာပဲ "

ဒီရဲက ကားကိုလွတ်တဲ့နေရာမှာရပ်ပြီး စက်သတ်လိုက်သည်။ ကိုနောက် သူတို့နှစ်ယောက် သင်တန်းနဲ့နီးတဲ့ဆိုင်မှာ သွားထိုင်ကြတယ်။

" ဗူးပွင့်ဟာ အရမ်းပြောင်းလဲသွားတယ် ကိုဒီရဲ "

ဒီလိုပါပဲ၊ မိန်းမဆိုတာ လိုလားတဲ့အခါ အသွင်ကတစ်မျိုးဖြစ်ပြီး၊ မလိုလားတဲ့အခါကြတော့ ချက်ချင်းအသွင်ပြောင်းသွားတတ်ကြပါတယ်၊ အင်းလေ သတ္တဝါတွေဟောင် အချိန်အခါလိုက်ပြီး အရောင်ပြောင်းလဲသေးတယ်။

" ကျွန်တော် ခုပြောမယ့်စကားတွေဟာ အမှန်ဆိုရင် ကိုဒီရဲကို မပြောသင့်ပါဘူး၊ ကိုဒီရဲအနေနဲ့လည်း ကျွန်တော့်စကားတွေကို နားထောင်ပြီး ဗူးပွင့်ကို ခွင့်လွှတ်စေချင်တယ် "

ဒီရဲ ပြုံးလိုက်သည်၊ သီတာစကားတွေက လျှို့ဝှက်ချက်တစ်ခုကို ဖော်ထုတ်တော့မှန်း သူသိနေတယ်၊ ဘယ်လိုအကြောင်းအရာပဲ ညီးဆိုတာ မခန့်မှန်းနိုင်ပေမယ့် သူနဲ့အနီးစပ်ဆုံး သက်ဆိုင်နေလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



သီတာက ဒီရဲမျက်နှာကိုကြည့်ကာ စကားကို ဆက်ပြောသည်။

" ဖူးပွင့်ရင်ထဲမှာ ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုအပေါ်မှာ အခြေခံပြီး အတ္တ၊ မာနတွေ ပြင်းထန်နေတယ်၊ ကျွန်တော်လည်း အတတ်နိုင်ဆုံး သူ့ရဲ့မှားယွင်းနေတဲ့ လမ်းကြောင်းကို တည့်မတ်ပေးဖို့ ကြိုးစားခဲ့တယ်"

" ကိုသီတ ဖူးပွင့်လို မိန်းကလေးကို ခင်များပြုပြင်ဖို့ မကြိုးစားနဲ့ ပြုပြင်ခံ လူတန်းစားထဲမှာ ဖူးပွင့်ဆိုတာ မပါဘူး၊ သူ့ဘဝကို သူ့စိတ်တစ်ခုထဲနဲ့ဦးဆောင်ပြီး လူတွေကို အပေါ်စီးကဆက်ဆံချင်တာ သူ့ရဲ့ မွေးရာပါ ဗီဇပဲ "

သီတာက ဒီရဲစကားကို ခေါင်းငြိမ့်ပြီး ထောက်ခံလိုက်တယ်။

" တုတ်တယ်၊ ဖူးပွင့်စိတ်ထဲမှာ ကိုဒီရဲပြောတဲ့အတိုင်းရှိနေတာ၊ အဲ့ကြောင့်လည်း ဖူးပွင့်က ကိုဒီရဲနဲ့ပတ်သက်ပြီး အရမ်းနာကြည်းနေတာပေါ့၊ သူ့စိတ်ထဲမှာ ကိုဒီရဲက သူ့ရဲ့ဂုဏ်သိက္ခာနဲ့အလှမာနတွေကို အကြိမ်ကြိမ် ရိုက်ချိုးနေတယ်၊ အဲ့ကြောင့် ကိုဒီရဲဆီက တစ်စုံတစ်ခုကို ရအောင်ယူပြီး ကလဲ့စားပြန်ချေဖို့ ဆုံးဖြတ်ထားတယ် "

" တစ်စုံတစ်ခု ဟုတ်လား၊ ကျွန်တော့်ဆီက ဘာလိုချင်လို့လဲ"

" အချစ်ပါ၊ ကိုဒီရဲဆီက ချစ်တယ်ဆိုတဲ့စကားကို ကြားချင်နေတယ်၊ အဲဒါပေမယ့် လွယ်လွယ်နဲ့မရမှန်းလည်း သူသိထားတယ် "

ဒီရဲစိတ်ထဲမှာ ဖူးပွင့်ရဲ့ ပြောင်းလဲသွားတဲ့ အမူအယာနဲ့ စကားတွေကို ပြန်မြင်ယောင်မိသည်၊ သေးငယ်တဲ့ အသိဉာဏ်လေးနဲ့ သူ့ဆီက အချစ်ကို လိမ်ညာယူဖို့ကြိုးစားနေတာ ရယ်စရာတော့ ကောင်းတယ်။

" ကျွန်တော်သဘောပေါက်ပြီ၊ အဲဒီအတွက်လည်း ကိုသီတာကို ကျေးဇူးအများကြီးတင်ပါတယ် "

" ကိုဒီရဲ ဖူးပွင့်ကို စိတ်မဆိုးနဲ့နော် "

" အဓိပ္ပါယ်မရှိတာ၊ ကျွန်တော် သူ့ကို ဘာမှစိတ်ဆိုးစရာမလိုဘူး"

သီတာက သက်ပြင်းချကာ . . .

" ကျွန်တော် ဖူးပွင့်ကို သိပ်ချစ်တယ်၊ သူ့ရဲ့အတ္တတွေကြောင့် လမ်းမှားရောက်သွားမှာစိုးလို့ ကိုဒီရဲကို ဖွင့်ပြောတာပါ၊ ဘယ်သူပဲ ဖြစ်ဖြစ် ကိုယ်ချစ်တဲ့ချစ်သူဟာ လူ့လောကအလယ်မှာ တန်ဖိုးရှိတဲ့





လူတစ်ယောက်ပဲ ဖြစ်စေချင်တယ် "

" ခင်များနဲ့ ဖူးပွင့် ပြဿနာတတ်ထားလား "

" စကားများတာပါ၊ ကိုဒီရဲနဲ့ပတ်သက်ပြီး ကျွန်တော်တားတာကို လက်မခံလို့ အခြေတင်ဖြစ်မိကြတယ် "

" ကျွန်တော်စိတ်မကောင်းဘူး ကိုသီတ၊ တကယ်ဆိုရင် ဖူးပွင့်ဆိုတာ ခင်များနောက်မှ ကျွန်တော်တွေ့တာ၊ ပိုင်ဆိုင်စရာရှိရင် ကိုသီတပဲ ပိုင်ဆိုင်ရမှာပါ "

ဒီရဲကိုသီတာလေးစားတာ ဒီလိုစိတ်ဓါတ်မျိုးတွေ ရှိလို့ပဲ၊ ဘယ်တော့မှ ဇွတ်ပိုင်ဆိုင်ရမယ်ဆိုတဲ့စိတ်မျိုး ဒီရဲမှာမရှိဘူး၊ ပြီးတော့ လောကအမြင်ဘက်က ကြည့်ရင် ဒီရဲရဲ့ အတွေးအခေါ်က ဖူးရှ ထက်မြက်နေတယ်။

" ကျွန်တော် နိုင်ငံခြားထွက်ဖို့ ဆုံးဖြတ်ထားတယ် "

" ဖူးပွင့်ကို ခင်များထားခဲ့မှာလား "

" ကျွန်တော် သူ့ကို အစွမ်းကုန်ပေးဆပ်ခဲ့ပြီးပြီလေ၊ သူ့ဆီက ကျွန်တော်လိုချင်တဲ့ အချစ်ဆိုတာကို မရခဲ့ပေမယ့် အမြဲတမ်းချစ်နေမယ့် ချစ်သူတစ်ယောက်အဖြစ် နှလုံးသားထဲမှာ ထာဝရ ရှိနေမှာပါ၊ ပြီးတော့ အချစ်အတွက်နဲ့ရခဲ့တဲ့ ဒဏ်ရာတွေကို ကုစားဖို့အတွက် အချိန်ကာလတစ်ခုတော့ လိုအပ်တယ်လေ၊ အဲဒီအတွက်လည်း ဖူးပွင့်နဲ့ဝေးတဲ့နေရာကို သွားမှဖြစ်မှာ "

ဖူးပွင့်တာ အဲဒီလောက်ထိ စွမ်းသလား၊ သူ့ကိုချစ်တယ်ဆိုတဲ့ ယောက်ျားတစ်ယောက်ရဲ့ နှလုံးသားကို တစ်သက်လုံးအမှတ်ရစေအောင် လုပ်နိုင်တဲ့အရည်အချင်းကိုတော့ ဒီရဲလေးစားမိတယ်၊ အဲပေမယ့် မိန်းမဟာ မိန်းမပါပဲ၊ ဘယ်လိုမိန်းမမျိုးပဲဖြစ်ဖြစ် တစ်ချိန်ကြရင် သူတို့ရဲ့ မသိစိတ်က ယောက်ျားတစ်ယောက်ရဲ့ရှေ့မှာ ကျရှုံးရမှာပဲ။

" ကိုဒီရဲ ဖူးပွင့်ကို အကောင်းဆုံး စောင့်ရှောက်ပါနော်၊ သူ့ရဲ့ အမျက်ဒေါသတွေကို သီးခံပြီး ဖြစ်ချင်တာကို အတတ်နိုင်ဆုံး လိုက်လျောပေးပါ "

" ကျွန်တော် ဖူးပွင့်ကို မချစ်ဘူး ကိုသီတ၊ အဲပေမယ့် သူဟာ ကျွန်တော်နဲ့ပေါင်းရမယ့် မိန်းမတစ်ယောက်ပါ၊ သူ့ရဲ့အပြုအမူတွေဟာ ကျွန်တော့်ကို ပြင်းပြင်းထန်ထန် တိုက်ရိုက် မစော်ကားသမျှ ...



www.burmeseclassic.com

www.burmeseclassic.com

ထားလိုက်ပါ့မယ်၊ ကျွန်တော်တာ သဘောထားသေးသိမ်တဲ့ လူမဟုတ်ဘူး။ သေးမွှားတဲ့ ပြဿနာတစ်ခုကို အမိကထားပြီး ယောက်ျားတစ်ယောက်ရဲ့ မာနကို ပြစရာအကြောင်းမရှိဘူး သူဟာဖြစ်ချင်တယ်၊ သူသဘောကျ လုပ်ပိုင်ခွင့်ရှိတယ်၊ ကျွန်တော်နဲ့ ပတ်သက်ပြီး သူ့ဘဝမှာ ချုပ်နှောင်မှုဆိုတာ မရှိစေရဘူးလို့ ကတိပေးပါတယ် ”

သီတက ဒီရဲ့ကို လက်ဆွဲနှုတ်ဆက်လေသည်။ ဖူးပွင့်အတွက် စိတ်ချ သွားပြီ၊ ဒီရဲကြောင့်အနာဂတ်မှာ ဖူးပွင့်ဘဝလေးတာ လန်းဆန်းလှပနေမှာပါ၊ ယောက်ျားပီသတဲ့⸢စိတ်⸣ဓါတ် ဒီရဲမှာရှိနေတယ်၊ ဖူးပွင့်ကို မချစ်ပေမယ့် မိန်းမ တစ်ယောက်ကို ဘယ်လိုထားရမယ်ဆိုတာ ဒီရဲသိနေတဲ့အတွက် သီတ ⸢ဝမ်း⸣သာသွားတယ် ။

“ ⸢ကျေးဇူးတင်⸣ပါတယ် ကိုဒီရဲ၊ ကျွန်တော့်ဘဝမှာ ဒီရဲလိုလူမျိုး တစ်ယောက်ကို မိတ်ဆွေဖြစ်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိတယ်၊ ကျွန်တော့်ရင်ထဲမှာ ကိုဒီရဲကို အမြဲအမှတ်ရနေမှာပါ ”

ထို့နောက် သူတို့နှစ်ယောက်လမ်းခွဲပြီး ထွက်ခွာလာခဲ့တယ်။ ဒီရဲအတွက်တော့ ဖူးပွင့်နဲ့ပတ်သက်ပြီး လုပ်စရာတစ်ခု ပေါ်လာသည်။ အဲဒီလုပ်စရာကတော့ ... ... ...





“ ရှင်ဘယ်ကို မောင်းနေတာလဲ ”

“ လူရှင်းတဲ့ ကစ်နေရာ⸢ကို⸣ ”

“ ကျွန်မ အရေးတကြီး သွားစရာရှိတယ် ”

“ ဖယ်ထားလိုက်စမ်းပါ ”

“ ရှင်ဘယ်လိုလုလဲ ”

“ မင်းလက်ထပ်ရမယ့်လူလေ ”

ဖူးပွင့်မျက်နှာ ရှုံ့မဲ့သွားတယ်၊

“ ကျွန်မလက်ထပ်ရမယ့်လူဟာမပြောတယ်၊ ကစ်ခါမှ ⸢ကျွန်မ⸣ ဆန္ဒတွေကို ဦးစားပေး မလိုက်လျောခဲ့ဘူး ”

“ စိတ်ချပါ၊ မကြာခင်မှာ မင်းဆန္ဒတွေအားလုံး ပြည့်ဝစေရမယ်လို့ ငါအာမခံတယ် ”

“ ဘာကြောင့်လဲ ”

“ မင်းပါးစပ်ပိတ်ပြီး စောင့်ကြည့်လိုက်လေ ”

ဒီရဲက လူရှင်းတဲ့နေရာကိုရောက်ချိန်တွင် ကားကို လမ်းဘေး ထိုးရပ်ကာ ဖူးပွင့်ဘက်ကို လှည့်ကြည့်ပြီး

“ မင်းဘဝအတွက် အရမ်းအရေးကြီးမယ့်စကားတစ်ခွန်း ငါပြောချင်တယ်၊ ဒါ့ကြောင့် သေသေချာချာနားထောင်ပေးပါ ”

“ ရှင်ဘာတွေ ကြောင်နေတာလဲ ”

ဖူးပွင့်မျက်လုံးထဲတွင် ဒီရဲရဲ့ အပြုအမူကို နားမလည်နိုင်တဲ့အရိပ် အရောင်များ ထင်ထင်ရှားရှား ပေါ်နေတယ်၊


www.burmeseclassic.com

www.burmeseclassic.com



ဒီရဲက ဘာမှမထူးဆန်းသလို 'တက်' ခနဲ တစ်ချက်ရယ် မောလိုက်သည်။

" ငါ့ဘဝမှာ ဘယ်သူ့ကိုမှ မပြောဘူးတဲ့စကားတစ်ခွန်း မင်းကို ပြောချင်တယ် "

ဖူးပွင့် ဒီရဲမျက်နှာကို ကြည့်လိုက်တယ်၊ လေးနက်တည်ကြည်ပြီး ဖူးရှတောက်ပနေတဲ့ မျက်လုံးနဲ့ သူမကို စိုက်ကြည့်နေတာတွေ့မိတော့ အကြည့်ချင်း ရင်မဆိုင်ရဲသဖြင့် မျက်လွှာချမိ၏။

" ငါမင်းကို ချစ်တယ် "

" ရှင် "

ဖူးပွင့် အငိုက်မိသွားသည်။ မထင်မှတ်တဲ့အချိန်မှာ ဒီရဲဆီက ဒီလို စကားမျိုးကြားရတော့ ပြန်ပြောဖို့ စကားလုံးတွေတောင် လည်ချောင်းဝမှာ ပျောက်ကွယ်နေသည်။ ဒါပေမယ့် ဖူးပွင့်ဆိုတာ ဒီလောက်ညံ့တဲ့ မိန်းမမှ မဟုတ်တာ၊ သူမဘာလုပ်သင့်တယ်ဆိုတာ ဦးနှောက်မှာပေါ်လာပြီ၊ စိတ်ထဲမှာ ပြောပြလို့မရလောက်အောင် ဝမ်းသာသွားသည်။

" ရှင် မနောက်နဲ့နော် "

ခုအချိန်မှာ ဖူးပွင့်တာ ရေမြွေလေးတစ်ကောင်လို အရောင် ပြောင်းထားတယ်၊ ညို့ကွင်းဖဲကိုဝင်လာတဲ့သားကောင်ကို သေချာသထက် သေချာအောင် ညို့မျက်ပြင်းပြင်းတွေကို အသုံးပြုတော့တယ်။

" ငါတကယ်ပြောတာ၊ သူများတွေလို အချစ်ကို ဖွဲ့နွဲ့တင်စားပြီး မပြောတတ်တာကို မင်းနားလည်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ် "

ဖူးပွင့်နှုတ်ခမ်းလေးက တွန့်သွားတယ်၊ ဘယ်လောက်ပဲ မာနကြီးပြီး ခံစားမှုကင်းမဲ့နေတဲ့ ယောကျာ်းဖြစ်ပါစေ၊ နောက်ဆုံး သူမရဲ့အလှတွေ အောက်မှာ ကျရှုံးသွားရတာပဲလေ၊ ဒီရဲကို အမြန်ဆုံး တိုက်ခိုက်ဖို့အတွက် ဦးနှောက်ကို အလုပ်ပေးလိုက်သည်၊ အခွင့်အရေးဆိုတာ တစ်ခါပဲရမှာ၊ နောက်တစ်ကြိမ် သူမချောင်းနေတဲ့သားကောင်တာ လိမ်မာပါးနပ်စွာနဲ့ ရှောင်တိမ်းသွားလိမ့်မယ်။

" ဒီရဲ ရှင်ကျွန်မကို အထင်သေးတာလား၊ တစ်နေ့ ငါပိုင်ဆိုင်ရမဲ့ မိန်းမဆိုပြီး ကျွန်မအချစ်တွေကို အလွယ်တကူရလိမ့်မယ်လို့ထင်ရင် မှားသွားလိမ့်မယ်၊ ရှင့်ထက် အဆပေါင်းများစွာသာတဲ့ ယောကျာ်းမျိုး တွေကိုတောင် ကျွန်မအကြိမ်ပေါင်းများစွာ ငြင်းခဲ့တာပဲ၊ ရှင့်ကိုချစ်ဖို့





ဆိုတာအဝေးကြီးပါ။ ကျွန်မအချစ်တွေကို ရှင်မမျှော်လင့်နဲ့၊ ဘဝ တစ်ခုကို အချစ်နဲ့တည်ဆောက်မယ်ဆိုတဲ့ စိတ်ကူး ဘယ်သောအခါမှ မရှိခဲ့ဘူး၊ ဝမ်းနည်းပါတယ် ဒီရဲ၊ ရှင်ကျွန်မ ခန္ဓာကိုယ်သာ ပိုင်ဆိုင်လို့ရမယ်၊ အချစ်တွေကတော့ ဘယ်တော့မှရမှာမဟုတ်ဘူး "

" ငါလိုချင်တာ အဲဒီအဖြေမဟုတ်ဘူး၊ မင်းမှာ ဒီထက်ပြင်းထန်တဲ့ စကားလုံးတွေရှိရင် ထပ်ပြောလိုက်ပါ။ တစ်ခါတစ်လေမွန်းကြပ်နေတဲ့ စိတ်တွေကို ထွက်ပေါက်တစ်ခုပေးကဲ့အခါမှာ ကိုယ်ပြောချင်တဲ့ လူရှေ့မှာ ပြောရတာ ပိုပြီးကောင်းပါတယ် "

ဒီရဲအမူအယာတွေက တည်ငြိမ်အေးစက်နေသည်။ ဖူးပွင့်ရင်ထဲမှာ တစ်မျိုးတော့ခံစားလိုက်ရတယ်၊ သူမတာ အရိုင်းအစိုင်းမျိုးနွယ်စုက ပေါက်ဖွားတာ မဟုတ်ပေမယ့် ဒီထက်ရိုင်းစိုင်းတဲ့ စကားလုံးတွေကိုသုံးဖို့ ဝန်မလေးပေ၊ ရင်ထဲမှာရှိတဲ့ နာကြည်းချက်တွေက သူမလိုချင်တာရခဲ့ပြီးနောက် ဒီရဲကို ပြောလိုက်ရသဖြင့် ပြေလျော့သွားတာမှန်ပေမယ့် ဒီရဲပြောတဲ့စကားများကို ကြားရကဲ့အချိန်မှာ ဇဝေဇဝါ ပြန်ဖြစ်သွားတယ်။

" ရှင်မို့လို့ ကျွန်မကို ချစ်တယ်လို့ပြောရက်တယ်၊ ရှင့်ကိုယ်ရှင် အားမနာပေမယ့် ကျွန်မကိုတော့ အားနာသင့်တယ်၊ သူတောင်းစားဟာ ဘုရင့်သမီးတော်ကို ကံကောင်းထောက်မပြီး ရခဲ့ရင်တောင် ရှင်ဘုရင် မဖြစ်ဘူး ဒီရဲ၊ ဒီသဘောတရားကို ရှင်နားလည်မှာပါ၊ ကျွန်မ တစ်ခုတော့ အကြံပေးမယ်၊ ကိုယ့်ကိုကိုယ် ဘာကောင်လဲဆိုတာ အရင်ပြန်မေးကြည့်ပါ၊ ပြီးမှ ကျွန်မကို ချစ်တယ်လို့ပြောတဲ့စကားဟာ မှားသွားတယ်ဆိုတာသိပြီး လာတောင်းပန်ပေါ့ "

" လေးစားတယ်ဖူးပွင့် မင်းဦးနှောက်ထဲမှာ ယောကျာ်းတစ်ယောက်ကို ဘယ်လိုနှိပ်ကွပ်ရမယ်ဆိုတဲ့ စကားလုံးတွေ အဆင်သင့်ရှိတဲ့ အတွက် လေးစားပါတယ်၊ ဒီအချိန်ဟာ အငြင်းအခုံ စကားနိုင်လုရမှာ မဟုတ်တဲ့အတွက် ငါဘာမှအချေပြန်ပါဘူး၊ တစ်ခုတော့ မှတ်ထားပါ၊ ငါဟာမင်းကိုချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းသာ လွှဲပြီး မင်းရဲ့အချစ်တွေကို မတောင်းဆိုခဲ့ဘူး မင်းစဉ်းစားကြည့်ပါ၊ မတောင်းဆိုတဲ့အရာတစ်ခုကို ဘယ်ပိုင်ရှင် တစ်ဦးတစ်ယောက်ကမှ ငြင်းပိုင်ခွင့်မရှိဘူး၊ ခုတော့ ငါမတောင်းဆိုတဲ့ ကိစ္စတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



မင်းအရမ်းငြင်းနေတယ် . . . အဲဒီ ဘာကြောင့်လည်းဆိုတော့ မင်းနှလုံးသားက ငါ့ကိုပြန်ချစ်မိမှာစိုးလို့ ဦးနှောက်ကနေ ကြိုတင်ထိန်းချုပ်ကာ တွယ်လိုက်တာ၊ ရည်သည်လာတဲ့အခါ ထမင်းကျွေးရမှာစိုးလို့ ဒီနေ့ဘာမှမချက်ဘူးဆိုပြီး ဘယ်သူမှမမေးဘဲပြောတဲ့စကားလိုပေါ့ ”

အမျက်ဒေါသတွေပြည့်လျှံတဲ့ ဖူးပွင့်အကြည့်တွေက ဒီရဲဆီ တရစပ်ရောက်သွားသည်။ သူမကိုချစ်ပါတယ်လို့ပြောတဲ့ယောကျ်ားတစ်ယောက်က သူမကို ဝေဝေနစ်တိုက်ခိုတ်နေတာ တော်တော့်ကို မုန်းစရာကောင်းတယ်၊ သူမကလည်း ဒီရဲထင်မြင်ချက်တွေ မှားယွင်းကြောင်းကို သက်သေပြရမ ဒ်မှဒီရဲဆိုတဲ့လူတစ်ယောက်ရဲ့စိတ်ထဲမှာ ယုံကြည်မှုလွန်ကဲပြီး ဘဝင်မြင့်တဲ့စိတ်ပျောက်မှာ။

“ ရှင်သေလို့ရကယ်၊ ခုချက်ချင်း လဲကျသေဆုံးလို့လဲ ကျွန်မ ဝမ်းမနည်းဘူး။ ကျွန်မဘဝအတွက် ရှင်ဟာဘာမှကို အရေးမပါတဲ့ လူတစ်ယောက်ပါ။ ရှင်သိအောင် ကျွန်မထပ်ပြောလိုက်မယ်၊ လူကြီးတွေရဲ့သဘောဆန္ဒကို မလွန်ဆန်နိုင်လို့သာ ရှင့်ကို လက်ထပ်ရပေမယ့် ရှင့်ကို ခင်ပွန်းတစ်ယောက်အနေနဲ့ တစ်သက်လုံး အသိအမှတ်မပြုဘူး၊ ဒါကိုမှ ရှင်ကဝမ်းနည်းလို့ ကျွန်မရှေ့မှာ အူထောက် တောင်းပန်ရင်တောင် သနားလိမ့်မယ် မထင်နဲ့နော် ”

ဖူးပွင့်ပြောရင်း ဒီရဲမျက်နှာကိုစေ့စေ့ကြည့်ကာ လျှောင်ပြောင်ရယ်မောလိုက်တယ်၊ သူမဘဝအတွက် ဒီနေ့ဟာ မင်္ဂလာအရှိဆုံး နေ့ထူးနေ့မြတ်ဖြစ်သွားပြီ၊ သူမကိုသာအမြဲတမ်း အထက်စီးကနေ လှောင်ပြောင်ရယ်မောနေတဲ့ လူတစ်ယောက်ကို အခုလိုကလဲ့စားချေခွင့်ရတာဟာ နည်းနည်းနောနော အခွင့်အရေးမှ မဟုတ်တာ၊ ဖူးပွင့်ရဲ့ရယ်သံက တဖြည်းဖြည်းကျယ်လောင်လာတယ်၊ ဒီရဲကတော့ ဖူးပွင့်ရယ်သံဆုံးတဲ့အထိ စိတ်ရှည်စွာ နားထောင်နေကာ . . .

“ ရယ်လို့ပြီးရင် ပြန်ကြမယ် ဖူးပွင့် ”

ဟု ပြောလိုက်သည်။

“ ဘာလဲ၊ ကျွန်မရယ်သံတွေကြောင့် ရှင့်ရဲ့နှလုံးသားတွေ ကွဲကြေနေပြီလား ”

“ မင်းထင်တဲ့အတိုင်းပါပဲ ”

ဒီရဲကားကို စက်နိုးပြီးလှည့်တာ လာတဲ့လမ်းအတိုင်း ပြန်မောင်းလေသည်။





ဖူးပွင့်ရင်ထဲမှာ အရမ်းကို ပေါ့ပါးသွားတယ်၊ နာရီပေါင်းများစွာ သိုလှောင်ထားခဲ့ရတဲ့ အမျက်ဒေါသနဲ့ နာကြည်းချက်တွေအားလုံး အန်ထုတ်လိုက်ပြီးတဲ့နောက်တော့ ... ... ...

“ ငါမယုံဘူး ဖူးပွင့် ”

“ ဒါပေမယ့် တကယ်ဖြစ်သွားတယ် သီတာ ”

ဖုန်းပြောနေတဲ့ သီတာအသံက တိတ်ဆိတ်သွားပြီး ပြန်ပေါ်လာသည်။

“ နင်အခု ဘယ်လိုခံစားရလဲ ”

“ ဟာ ဝမ်းသာတာပေါ့၊ ငါလိုချင်တာရတဲ့အတွက် ငါပြောချင်တဲ့စကားတွေကို ပြောပစ်လိုက်တယ်လေ၊ ဒီအတွက်လည်း ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး ”

ဖူးပွင့်နားထဲမှာ သီတာရဲ့ သက်ပြင်းချသံကို ကြားရသည်။

“ ဒီရဲဟာ ဒီလောက်ညံ့တဲ့ လူတစ်ယောက်လို့ ငါမထင်ဘူး။ ဘာဖြစ်လို့ နင့်ကိုချစ်တယ်ဆိုတဲ့ စကားပြောလဲဆိုတာ စဉ်းစားလို့ မရပေမယ့် လွဲချော်မှုတစ်ခုတော့ရှိနေမှာ သေချာတယ် ”

ဖူးပွင့်ခန္ဓာကိုယ်လေး ထောင်ခနဲတုန်သွားသည်။ မဖြစ်နိုင်ဘူး။ သီတာပြောတဲ့စကားတွေက လုံးဝမှားယွင်းနေသည်၊ ဒီရဲဟာ သူမရှေ့မှာကိုတကယ် ကျွံခဲ့တယ် ဒီရဲပါးစပ်ကနေ သူမကိုချစ်တယ်ဆိုတဲ့စကားထွက်လာခဲ့တာ ဒီရဲကိုယ်တိုင်သက်သေရှိတယ်၊

“ သီတာ ဒီရဲကို နင်အထင်ကြီးလွန်းတယ်၊ သူ့နှလုံးသားက ဘာနဲ့ထုထားလို့လဲ ”

သူမဟာ အရမ်းလှတဲ့ မိန်းမတစ်ယောက်ဆိုတာ သီတာမေ့သွားပြီလား၊ ဒီရဲလည်း ပုထုဇဉ်လူသားတစ်ယောက်ပါ၊ သူမအလှတွေကို ဘယ်လောက်အထိ ဥပက္ခာပြုနိုင်မှာလဲ။

“ ဖူးပွင့် ”



www.burmeseclassic.com

 www.burmeseclassic.com

" ဘာလဲ သီဟ "

" ဒီရဲ့အပေါ်မှာထားတဲ့ နှင့်ရဲ့အငြိုးတွေ ပြေပျောက်သွားပြီလား"

" ငါကျေနပ်သွားပြီ "

" ဒါဆို နင်ဒီရဲကို ချစ်ဖို့ ကြိုးစားကြည့်လေ "

" မဖြစ်နိုင်ဘူး သီဟ၊ ငါ့ရင်ထဲမှာ သူ့အတွက် ချစ်ခြင်းတရားရဲ့ ရင်ခုန်သံတွေက ပျောက်နေတယ်၊ ဘဝအတွက် မဖြစ်မနေ လက်တွဲရမယ့် လူတစ်ယောက်ဆိုတဲ့အသိက ငါ့ရင်ထဲမှာ ချုပ်နှောင်ထားသလိုပါပဲ "

" ပြည့်ပြည့်စုံစုံတော့ စဉ်းစားပေါ့ဟာ၊ ငါကတော့ ဒါပဲ ပြောချင်တယ်၊ ဘဝဆိုတာ အပျားနည်းမှ ထိခိုက်ခံစားမှု သက်သာမှာ "

" ဒီရဲကို နင်ဘာဖြစ်လို့ အထင်ကြီးနေတာလဲ၊ သူလည်း လူထဲက လူသားတစ်ယောက်ပါ၊ သူများထက်ထူးတာဆိုလို့ ဒီရဲဆီမှာ ဘာမှပါမလာဘူး "

" ဖူးပွင့် ဒီရဲ့အကြောင်းကို နင့်ထက်ငါပိုသိတယ်ဆိုရင် နင်ယုံမှာလား။ ဒီရဲကို ငါအထင်ကြီးတာ မဟုတ်ဘူး၊ လေးစားတာပါ၊ သူ့ရဲ့ နှလုံးသားမှာ သူများနဲ့မတူတဲ့ခံစားချက်တွေ တစ်ဘက်သားကို နားလည်ပေးနိုင်တဲ့ စိတ်ဓါတ်တွေနဲ့ အရာရာတို မတွေးတော မျှော်မြင်နိုင်တဲ့ ဉာဏ်ရှိတယ်၊ ဒီရဲက လူတော်တစ်ယောက်ပါ၊ သူ့အပေါ်တင်စီးလာရင် ချက်ချင်း လက်စားချေတတ်တာကလွဲပြီး အငြိုးမထားတတ်ဘူး "

" သီဟ ဒီအချိန်မှာ သူ့အကြောင်းကို မသိချင်တော့ဘူး "

" ကောင်းပြီလေ၊ ဒါဆိုငါ ဖုန်းချလိုက်တော့မယ် "

" ခဏ သီဟ၊ ငါပြောစရာ ကျန်သေးတယ် "

" ဘာပြောမှာလဲ "

" ဘာမှမဟုတ်ပါဘူးဟာ၊ ဒါပဲနော် "

ဖူးပွင့် ဖုန်းချသံကြားမှ သီဟလည်း ဖုန်းချမိတယ်။ ဘယ်လိုကောင်မလေးပါလိမ့်၊ ဒါကြောင့်လည်း သီဟချစ်မိတာ ဖြစ်မယ်၊



## အခန်း (၁၇)

" ဖူးပွင့်စပြောတဲ့အချိန်က ကျွန်တော့်စိတ်ထဲမှာ လည်နေတဲ့ ကမ္ဘာကြီးတောင် ရပ်တန့်သွားတယ်လို့ ထင်ရလောက်အောင် အံ့ဩသွားတယ် "

သီဟက လက်ဖက်ရည်ခွက်လေးကိုမွှေပြီး ပြောလိုက်ခြင်း ဖြစ်သည်။

" ဒီကိစ္စအတွက်နဲ့ ခင်ဗျား ကျွန်တော့်ဆီရောက်လာတာလား"

ဒီရဲက သူ့တိုက်ခန်းကို ရှာဖွေစုံစမ်းပြီးရောက်လာတဲ့ သီဟကို ပြန်မေးလိုက်သည်။

" အတိအကျပဲ ကိုဒီရဲ "

ဒီရဲ ရယ်မောလိုက်သည်၊ ဒါကို သီဟက နားလည်တဲ့မျက်လုံးများဖြင့် ကြည့်ပြီး

" ကိုဒီရဲ ဖူးပွင့်ကို တကယ်ချစ်လို့ ဖွင့်ပြောလိုက်တာလား "

" ကိုသီဟ လောကကြီးဟာ ဘာမှမထူးဆန်းဘူး၊ ဖြစ်ချင်တဲ့ လူကို ဖြစ်နိုင်းလိုက်တယ်၊ ချမ်းသာချင်တဲ့လူကို ချမ်းသာနိုင်း လိုက်တယ်၊ အဲဒီလိုပဲ ကျွန်တော်ကလည်း ဖူးပွင့်လိုချင်တဲ့အရာကို ပေးလိုက်တာလေ၊ ကျွန်တော် သာသာကြည်ကြည်ပေးတဲ့ အရာတစ်ခုကို သူဘာနဲ့ခံယူပါစေ၊ ကျွန်တော့်အလုပ်မဟုတ်ဘူး။ အဓိကက လတ်တလောမှုန်ကြုပ်နေတဲ့ စိတ်တွေ ပွင့်ထွက်သွားတယ်၊ ဒါဆို ကျွန်တော် ကျေနပ်သွားပြီ "

" ကိုဒီရဲ ဖူးပွင့်ကို တကယ်မချစ်ဘူးပေါ့ "

" အချစ်ဆိုတာကို ခင်ဗျားဘယ်လောက်နားလည်လဲ၊ ခင်ဗျားတို့ ပြောပြောနေတဲ့အချစ်ဆိုတာကြီးကို လက်တွေ့ကိုင်တွယ် စမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ရလား။ အရိပ်အငွေ့တောင်မှ မမြင်ရတဲ့အရာတစ်ခုကို ဘာဖြစ်လို့များ တယ်မက်ယုံကြည်ပြီး စွဲလန်းနေရမှာလဲ၊ ဒါပေမယ့် ချစ်ကာတွေ မုန်းတာတွေကို ဘေးဖယ်ပြီး ဘာစိတ်မှမရှိဘဲနဲ့ လူတစ်ယောက်ကို ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းပြောရတာ မပင်ပန်းဘူးလေ ”

သီတာစိတ်ထဲမှာ ဒီရဲ့စကားတွေကို နားထောင်ပြီး ဖူးပွင့်မျက်နှာလေးကို [illegible]မိသည်၊ အခုဒီရဲ့ပြောကဲ့စကားတွေ[illegible]က ဖူးပွင့်ကြားရင် ဘယ်လိုလဲ၊ ဒီရဲ့ဘည့် အလွန်လျှို့ဝှက်ပြီး ခန့်မှန်းရခက်ခဲသော လူတစ်ယောက်ဖြစ်သည်၊ တွေ့တဲ့လူတိုင်းကို မုန်ကန်တဲ့စကားလုံးတွေနဲ့ နှိပ်ကွပ်တတ်ပေမယ့် တစ်ခါတလေ မထင်မှတ်ဘဲ ရှထောင့်ကနေ လူတွေရဲ့အခက်အခဲနဲ့ ပျော်ရွှင်မှုကို အနစ်အနာခံပြီး ပေးဆပ်တတ်၏။

“ ဖူးပွင့်အရမ်းပျော်ရွှင်နေတယ်၊ ကိုဒီရဲ့ဆီက ချစ်တယ်ဆိုတဲ့ စကားကိုရခဲ့ပြီးတဲ့နောက်ပိုင်း ဖူးပွင့်ဘဝမှာ ပြည့်စုံသွားသလို ခံစားမှုနဲ့ ကျွန်တော်ရိပ်မိတယ်၊ မျက်နှာကို မမြင်ရပေမယ့် ဖုန်းထဲကအသံတွေက သူ့ရဲ့စိတ်ခံစားမှုတွေကို ဖော်ပြနေတယ် ”

ဒီရဲ့ ပြုံးမိတယ်၊ ဒီအကြောင်းအရာတွေကို သူကြိုမြင်ထားပြီးပြီ၊ ဒါကြောင့်လည်း သူမလိုချင်တာကို ပေးလိုက်တာပါ။

“ ကိုသီတာ ဘယ်သွားစရာရှိလဲ ”

“ ဘာဖြစ်လို့လဲ ”

“ ဪ ကျွန်တော်ဖူးပွင့်ကို သွားခေါ်ဖို့ အချိန်နီးနေပြီ၊ ကိုသီတာ လိုက်ချင်လိုက်ခဲ့လေ ”

“ မလိုက်တော့ဘူး ကိုဒီရဲ့၊ ကျွန်တော် ပတ်စပို့စ်ကိစ္စအတွက် ရုံးသွားရမယ် ”

“ အိုကေ၊ ဒါဆို ကျွန်တော်တို့ လမ်းခွဲကြမယ် ”

ဒီရဲက အိမ်ရှင်တစ်ယောက်ပီသစွာ လက်ဖက်ရည်ဖိုး ရှင်းလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်ဆိုင်ထဲက အတူတူထွက်လာပြီး ဆန့်ကျင်ဘက်အရပ်ဆီကို ဦးတည်တော့၏။





ဖူးပွင့်မျက်နှာလေးက ဒီနေ့ကျမှ ကျော်သေရေရှိရှိ လှပနေတယ်ဟု ဒီရဲ့စိတ်ထဲထင်မိသည်။ မိန်းမတစ်ယောက်ဆိုပါစို့၊ ရင်ထဲမှာဘာမှမရှိတဲ့ အချိန်မှာ မျက်နှာက ကြည်လင်အေးမြနေတယ်၊ ဖူးပွင့်ကလည်း ဒီအတိုင်းပဲ၊ လူဆိုတာ ကိုယ်ဖြစ်ချင်တာကို ဖြစ်သွားတဲ့နောက်ပိုင်း စိုးရိမ်မှုဆိုတာ ရှိတော့မှာ မဟုတ်ပေ။

“ သီတာနဲ့ ငါတွေ့တယ် ”

ဒီရဲက ကားကိုရှေ့ကြည့်မောင်းရင်း ပြောသည်။

ဖူးပွင့်က ဒီရဲဘက်ကို လှည့်မကြည့်ဘဲ။

“ တုတ်လား။ ဘယ်အချိန်တုန်းလဲ ”

“ငါမှတ်မိဘူး၊ သူနိုင်ငံခြားထွက်တော့မယ်လို့တော့ ပြောသွားတယ် ”

ဖူးပွင့်မျက်နှာက ချက်ချင်းအရောင်ပြောင်းသွားတယ်၊ ဒီကိစ္စကို ဘာဖြစ်လို့ သူမကို အသိမပေးတာလဲ၊ သီတာနဲ့သူမက ခုမှသိတဲ့ လူတွေ မဟုတ်ဘူး။ နောက်ပြီး သီတာဆိုတာ သူမကို ချစ်တဲ့သူ …

“ ရှင်လည်း နိုင်ငံခြားမထွက်ချင်ဘူးလား ”

“ မင်းက ငါ့ကိုနိုင်းစားဖို့ ခုထဲက စိတ်ကူးနေတာလား။ မရှုနဲ့ ဖူးပွင့်၊ ငါတာမိန်းမတစ်ယောက်ရဲ့ နိုင်းစားခံရအောင် ညံ့ဖျင်းနေတဲ့ ယောက်ျားတစ်ယောက်မဟုတ်ဘူး ”

ဒီတစ်ခါတော့ ဖူးပွင့်က ဒီရဲ့မျက်နှာကိုကြည့်မိတယ်၊ ဖူးပွင့် မျက်လုံးထဲမှာသာ လောင်ကျွမ်းအားကောင်းတဲ့ မီးတောက်မီးလျှံများရှိခဲ့မယ်ဆိုရင် ဒီရဲ့တစ်ယောက် ကားမောင်းနေရင်းနဲ့ပဲ ပြာကျသွားနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com


" တစ်လွဲမထင်ပါနဲ့၊ ရှင်နိုင်ငံခြားသွားရင် ကျွန်မက ယူစရာ မလိုတော့ဘူးလေ၊ အဲ့ကြောင့်ပြောတာ၊ ပြီးတော့ ရှင့်မှာ မိန်းမ တစ်ယောက်ကို လက်ကြောတင်းတင်း လုပ်ကျွေးနိုင်တဲ့ အရည်အချင်း မရှိဘူးဆိုတာ ယုံပါတယ် "

" တာ ပြောချက်ကတော့ လှတယ်၊ မင်းတို့မိန်းကလေးတွေက ယောကျ်ားတစ်ယောက်ယူပြီး အသာလေး အသင့်ထိုင်စားဖို့ပဲ စိတ်ကူးနေကြတာ၊ နည်းနည်းပါးပါး ယောကျ်ားလေးဘက်ကလည်း ကိုယ်ချင်းစာပြီး စဉ်းစားပေးပါလား၊ မလွယ်ပါဘူးကွာ၊ ငါတို့ ယောကျ်ားလေးတွေ ဘဝက မရခင်ကလည်း ရှုံးရတယ်၊ ရပြီးတော့လည်း ရှုံးတာပဲ၊ မိန်းမတွေနဲ့ ပတ်သက်လာရင် အနိုင်ဆိုတာ ယောကျ်ားလေးဘဝမှာ မရှိပါဘူး "

" ရှင်တာ တကယ့်ကို လိပ်မျိုးပဲ "

" ငါကလဲ ဖြစ်ချင်နေတာပါ၊ အဲ့မှ မိန်းမတွေမြင်တိုင်း ကြောက်ကြောက်လို့အော်ပြီး ခေါင်းဖွက်ပြီး ပုန်းနေလို့ရမှာ "

" ရှင်နော် "

" တာကွာ "

" ကျွန်မ မပြောလိုက်ချင်ဘူး "

" ငါကလည်း မပြောချင်ပါဘူး "

" အရှက်ကို မရှိဘူး "

" လှလည်း မလှဘဲနဲ့ "

" မလှဘူးဆိုရင် ဘာဖြစ်လို့ချစ်တယ်ပြောလဲ "

" မင်းလည်း ငါပြောတာကို ဘာဖြစ်လို့ ငြိမ်ပြီးနားထောင်လဲ"

" ဪ ရှင်က ကျွန်မကို အတင်းအကြပ်ခေါ်ပြီး ပြောတာလေ၊ ကျွန်မကိုယ်တိုင် လိုလိုချင်ချင်နဲ့ နားထောင်ပါ့မယ်လို့ ရှင့်ကို ပြောခဲ့လို့လား "

" ထားပါတော့ကွာ၊ ဒါတွေက သိပ်ပြဿနာမဟုတ်ဘူး၊ အရေးကြီးတာက မင်းဘာဖြစ်လို့ သီဟကိုမချစ်နိုင်တာလဲ၊ အဲဒါကို ငါသိချင်တယ်"

ဖူးပွင့်မျက်နှာလေး စူပုပ်သွားတယ်၊ ဒီရဲဆိုတာ ဘယ်လိုလူစားလဲ၊ ကိုယ်နဲ့လက်ထပ်ရမယ့် မိန်းမတစ်ယောက်ကို သူကိုယ်တိုင်လည်း ချစ်တယ်ပြောပြီး အခြားလူတစ်ယောက်ကို ပြန်ချစ်ခိုင်းနေတယ်။

" သီတက ရှင့်ထက်စာရင် အများကြီးတော်တယ်၊ ဒါပေမယ့် ကျွန်မနှလုံးသားက သူ့ကိုမှ မချစ်တာ ဘယ်လိုလုပ်ရမလဲ "

" ကြိုးစားကြည့်လေ၊ လူဆိုတာကြိုးစားရင် စကြာဝဠာကြီးကိုတောင် မြေဆန့်လို့ရပါတယ်ကွာ "

" ရှင်ဘာဖြစ်လို့ ဒီလောက်အထိ သီဟနဲ့သဘောတူနေတာလဲ"

" ငါလည်းမသိဘူး၊ သီတက မင်းကို အရမ်းချစ်တာတော့ သေချာတယ် "

ဖူးပွင့်နှုတ်ခမ်းကိုကိုက်ပြီး ပါးစပ်ကို တင်းတင်းပိတ်ထားလိုက်သည်၊ ဒီရဲက စကားတတ်တယ်၊ ဆက်ပြောနေရင် သူမပဲ ရှုံးသွားမှာ၊ အဲ့ကြောင့် ဘာမှမပြောဘဲနေတာက အကောင်းဆုံးပဲလေ ။



www.burmeseclassic.com

www.burmeseclassic.com

ဒီရဲ့ ကားလေးက ဗုံးပွင့်တို့သင်တန်းအောက်မှာ ထိုးရပ်တဲ့ အချိန်တွင် နနွတို့အုပ်စုကို မြင်လိုက်ရသည်၊ နနွတို့အုပ်စုဆိုတာက နနွနဲ့ အခြားနှစ်ယောက်ပါ။

" နှုတ်ဆက်ပါ၊ ဘယ်တနေ့ ပြန်ပြီးပေါ်လာတာလဲ မသိဘူး "

ဗုံးပွင့်က နနွတို့ကိုကြည့်ပြီး ဗိုက်ချက်ချက်နဲ့ ညီးညူလိုက်တာကို ကြားပြီး ဒီရဲပခုံးတွန့်မိတယ်။

" ဒီရဲ ငါဗုံးပွင့်နဲ့ စကားပြောချင်တယ် "

ဒီရဲ ကားပေါ်ကဆင်းကာ နနွနဲ့မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး . . .

" ခွင့်တောင်းတာလား၊ မိုက်ကြေးခွဲတာလား နနွ၊ ငါ့ကို ပြတ်ပြတ်သားသား ပြောစမ်းပါ "

နနွလေသံမာတာကို နားထောင်ပြီး ဒီရဲက မေးလိုက်သည်၊ နနွ မျက်နှာမှာ မရိုးမခန့်အပြုံးတစ်ချက်ပွင့်လာပြီး . . .

" ငယ်သူငယ်ချင်းတွေပဲကွာ၊ ဘယ်လိုပဲပြောပြော ငါ့ဆန္ဒကို မင်းလိုက်လျောပေးရမှာပေါ့ "

" ဪ ဒီလိုလား၊ အဲဒီဆိုရင် ဗုံးပွင့်ကို မေးကြည့်လေ၊ သူက မင်းနဲ့စကားပြောချင်တယ်ဆိုရင် ငါဘာမှ မကန့်ကွက်ဘူး "

" ဒီရဲ ကျွန်မ စကားမပြောနိုင်ဘူး "

ဗုံးပွင့်က ကားထဲကနေ လှမ်းအော်သည်။

" မင်းကြားတယ်နော် နနွ "

နနွက ဒီရဲပြောတာကို မကြားချင်ယောင်ဆောင်ပြီး ဗုံးပွင့်ဘက် လှည့်ကာ . . .





" နင်အရမ်းမာနကြီးပါလား၊ နနွ ဘာကောင်လဲဆိုတာ နင် သိစေရမယ် "

" မင်းဘာလုပ်မလို့လဲ "

" မင်းအသာနေစမ်းပါ၊ ငါနဲ့ဗုံးပွင့်ကိစ္စကို ငါတို့နှစ်ယောက်ထဲ ရှင်းမယ် "

ဒီရဲ နနွအကြံအစည်ကို သိလိုက်တယ်။

" မင်းပြန်တော့ နနွ၊ ဒီထက်ပိုဆိုးလာရင် ငါ့ခွင့်လွှတ်မှာ မဟုတ်ဘူး "

ဒီရဲမျက်လုံးတွေ စူးရှတောက်ပလာသလို မျက်နှာပြင်တစ်ခုလုံးလည်း အေးစက်တင်းမာနေတယ်၊ နနွတစ်ယောက် ဒီရဲပုံစံကို မြင်လိုက်ရ၍ ကျောချမ်းသွားသည်၊ ဒီရဲအကြောင်းကို နနွကောင်းကောင်းသိပေမယ့် ခုအချိန် ရောက်မှတော့ မထူးတော့ဘူး၊ ဒူရင်ထဲမှာ ဗုံးပွင့်ကို ပိုင်ဆိုင်ရဖို့ပဲ သိတယ်။

" ဒီရဲ ငါဆုံးဖြတ်ပြီးပြီ၊ ဗုံးပွင့်ဟာ ငါ့ဘဝအတွက် အရမ်းလိုနေတဲ့ လူတစ်ယောက်ပါ၊ ဒီပွဲမှာ 'ရှုံး' မလုပ်ချင်ပါနဲ့ကွာ "

" နနွ မမိုက်ရိုင်းနဲ့နော်၊ နင့်ကိုငါ မချစ်နိုင်ပါဘူးလို့ ငါပြော ထားတယ် "

ဗုံးပွင့်လည်း ဒေါသဖြစ်လွန်းသဖြင့် အသားတွေ တဆတ်ဆတ် တုန်နေသည်။

" နနွ ငါထပ်ပြောမယ်၊ မင်းပြန်တော့ကွာ "

" သိပ်ရယ်ရတယ်ကွာ၊ ဪ ဪ လူတွေက မိန်းမနဲ့ ပတ်သက်လာရင် ပြောင်းလဲတတ်တယ်ဆိုတာ တော်တော်မှန်တယ်၊ မင်းကိုငါ အံ့ဩတယ် ဒီရဲ၊ မင်းရဲ့ခံယူချက်တွေ၊ စိတ်ဓါတ်နဲ့အတွေး အခေါ်တွေက ဒီလောက်အထိ ပြောင်းလဲသွားလိမ့်မယ်လို့ ငါမထင်ဘူး "

" မင်းပါးစပ်ပိတ်ထားစမ်း "

" ဘာလဲ၊ မှန်တာပြောလို့ မခံနိုင်ဘူးလား "

နနွနဲ့ပါလာတဲ့ လူနှစ်ယောက်ကလည်း ဒီရဲကို မိုက်ကြည့်ကြည့်နေသည်။

" ဒီရဲ လူလိုပြောတာကိုနားမလည်တဲ့ တိရစ္ဆာန်တွေနဲ့ ရန်မဖြစ်နဲ့တော့ "

" ဗုံးပွင့် ဒီရဲကို နင်အားကိုးနေတာလား၊ သွားစမ်းပါ၊ လူကြီးတွေ ပေးစားမှ မိန်းမတစ်ယောက်ရမယ့် အကောင်မျိုးကို ငါရှုမမိုက်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



နန္ဒစိတ်ထဲမှာ သူငယ်ချင်းဆိုတဲ့အသိက ပျောက်ကွယ်နေသည်၊ ဖူးပွင့်ကို သူသိမ်းပိုက်ဖို့အတွက် ဒီရဲက တကယ့်အနှောက်အယှက်ကောင်တစ်ယောက်ဟုသာ မြင်တော့တယ်။

ဒီရဲ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ထားလိုက်သည်။ နန္ဒလို 'မ' စိတ်မွှန်နေတဲ့ လူတစ်ယောက်ပါးစပ်နဲ့ ပြောလို့ရမှာ မတုတ်ဘူး။

နန္ဒက ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့မျက်နှာဖြင့် သူပြောချင်တာ ကို ဆက်ပြောနေသည်။

"ဒီရဲ ဒီနေ့ကစပြီး မင်းနဲ့ငါ သူငယ်ချင်းမတုတ်တော့ဘူး၊ ငါ့ရဲ့ သွားရာလမ်းကြောင်းမှာ မင်းက အဓိကအနှောက်အယှက် ဖြစ်သွားပြီ"

"ဖူးပွင့် နင့်ဘဝကို ငါသနားတယ်၊ ဒီရဲကို နင်ယူမယ်ဆိုရင် ယောကျ်ားမဆော်စရာလူ ဘယ်တော့မှရှိမှာမတုတ်ဘူး"

"ဘာ"

ဒီရဲ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး နှလုံးသားတစ်ခုလုံး နာကျင်လာတယ်၊ ဒီရဲမျက်လုံးတွေက ချက်ချင်းလူသတ်တစ်ကောင်လို အရောင်ပြောင်းသွားတာကို နန္ဒမြင်လိုက်သဖြင့် နောက်တိုခြေတလှမ်း ဆုတ်မိ၏၊ ဒီရဲ ဦးခေါင်းတစ်ခုလုံး ချာချာလည်နေပြီး ကိုက်ခဲလာသဖြင့် ကိုယ့်ကိုကိုယ်ထိန်းကာ နန္ဒလည်ပင်းကို ပြေးညှစ်လိုက်သည်။

နန္ဒလည်း ရုတ်တရက်ရှောင်ချိန်မရပေ၊ ဒီရဲရဲ့ သန်မာတဲ့ လက်နှစ်ဖက်က နန္ဒလည်ပင်းကို ဆုတ်ကိုင်လိုက်ချိန်တွင် ပင်ကိုထိန်းချုပ်နိုင်တဲ့ အသိတရားတွေက လုံးဝပျောက်ကွယ်သွားတော့သည်။

ဒီရဲအမြင်မှာတော့ နန္ဒတာ အကြီးမားဆုံး ရန်သူတစ်ယောက် ဖြစ်နေတယ်၊ ဒါ့ကြောင့် နန္ဒကို သေအောင်သတ်ရမယ်။

အင်အားခြင်းမမျှသဖြင့် နန္ဒမြေပြင်မှာ ပက်လက်လန်ကျသွားသည်။ ဒါကို ဒီရဲက အခွင့်ကောင်းယူပြီး လည်ပင်းကို မိမိရရဆုတ်ကိုင်ကာ အားကုန်ညှစ်ထားတယ်၊ အနှစ်နှစ်အလလက မျိုသိပ်ထားတဲ့ ဒီရဲ ခံစားချက်တွေက နန္ဒအပေါ် အဆုံးစွန်အထိ ပေါက်ကွဲမိတော့တယ်။

"ဒီရဲ မလုပ်နဲ့"

ဖူးပွင့် ကားပေါ်က အမြန်ဆင်းပြီး ဒီရဲကိုကိုင်ကာ အော်ဟစ်သတိပေးပေမယ့် မအောင်မြင်ပေ၊ နန္ဒနဲ့ပါလာတဲ့ လူနှစ်ယောက်လည်း ဘီလူး





သဘက်စီးနေတဲ့ ဒီရဲပုံစံကိုမြင်ပြီး ကြောက်လန့်တကြား ထွက်ပြေးသွားကြတယ်။

"လာကြပါရှင်၊ ဒီမှာ ရန်ဖြစ်နေတာ ဘယ်လိုမှခွဲလို့မရဘူး"

ဖူးပွင့်အော်ဟစ် အကူအညီတောင်းသံကြောင့် ပတ်ဝန်းကျင်က လူတွေရောက်လာပြီး အတင်းဝင်ဆွဲကာ ခွဲပေးပေမယ့် အရာအားလုံးဟာ ပြုပြင်လို့ မရအောင် နောက်ကျသွားခဲ့ပြီ။

လူတွေအားလုံးရဲ့ မျက်နှာတွေမှာ ဝမ်းနည်းကြေကွဲရိပ်များ စိုးလွှမ်းနေသည်။

"ဒီရဲ ဒီလိုဖြစ်သွားတာ ကျွန်မကြောင့်ပါ"

မျက်ဝန်းထဲက စေ့တက်လာတဲ့ မျက်ရည်ကြည်ဥလေးများကို တစ်သျှူးစဖြင့်သုတ်ကာ ဆို့နစ်ကြေကွဲစွာဖြင့် ဖူးပွင့်ပြောလိုက်သည်။

"ကျွန်တော်တို့လည်း သတင်းကြားတော့ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားတယ်၊ ဒါ့ကြောင့် မင်းစိုးတိုခေါ်ပြီးချက်ချင်းထွက်လာခဲ့တာပါ"

"အေးကွာ၊ ဘာတတ်နိုင်မှာလဲ၊ သေတဲ့လူလည်း သေသွားသလို ရူးပြီးထောင်ကျတဲ့လူလည်း ကျတော့မှာပေါ့"

"ယောင်ဒီရဲဟာ ရိုင်းစိုင်းတဲ့လူတစ်ယောက် မတုတ်ဘူး၊ ဘာဖြစ်လို့ လူသတ်လောက်တဲ့အထိ ပေါက်ကွဲသွားတာလဲ"

"အခု ဒီရဲကို ဘယ်မှာထားလဲ"

ဦးလေးထွန်းက ဇော်ထက်ကို ကြည့်ပြီး . . .

"ဆေးရုံမှာ တာဝန်ရှိတဲ့ လူတွေက မှုခင်းဖြစ်ပွားပေါ်ရို အသေးစိတ် စစ်ဆေးနေကြတယ်"

"ကျွန်တော်တို့ တကယ်စိတ်မကောင်းဘူး၊ ဦးလေး၊ သေသွား



www.burmeseclassic.com

www.burmeseclassic.com

တာလည်း သူငယ်ချင်း၊ သတ်ပြီးရှုံးသွားတာလည်း သူငယ်ချင်း ဆိုတော့ ဘယ်လိုခံစားမှုမှန်းတောင် မသိလောက်အောင် ဖြစ်နေတယ် "

ငြိမ်သက်နေတဲ့ မင်းမိုးကပြောလိုက်ချိန်တွင် အားလုံးအတွေး ကိုယ်စီဖြင့် တိတ်ဆိတ်သွားသည်။

ပြဿနာရဲ့ အဓိကတရားခံတာ ဇူးပွင့်ပါ။ သူမကြောင့် ဝမ်းနည်းကြေကွဲခြင်းတွေနဲ့ တတ်သိမ်းခဲ့ရတယ်။ ဇူးပွင့်လည်း ဦးလေးထွန်းယို့ ရှေ့မှာ ကြာကြာမထိုင်ချင်သဖြင့် ဒီရဲအခန်းဘက်ကို ထွက်လာခဲ့တယ်။ ဘယ်သူတမှ အပြစ်မပြောပေမယ့် ကိုယ့်လိပ်ပြာက ကိုယ့်ကို ပြန်ခြောက်လှန့်နေတယ်။ အခန်းရှေ့ရောက်မှ အထဲကို ဝင်ချင်စိတ်ပေါ်လာသည်။ အရင်တစ်ခေါက် အခန်းထဲဝင်ဟဲ့အချိန်မှာ နှင်ထွတ်တဲ့လူရှိခဲ့ပေမယ့် တစ်ကြိမ်သူမကို ဘယ်သူမှ မတားမြစ်ကြပေ။

လော့မချထားသဖြင့် လက်ကိုင်ဘုလေးကိုလှည့်တာ အခန်းထဲ ရောက်သွားချိန်မှာတော့ အဲဒီတုန်းကွန်းကြောင့် ခေါ်စေတက်နေပေမယ့် စိတ်ထဲမှာ ခြောက်ခြေ့သလို ခံစားမိသည်။

ဇူးပွင့်မျက်လုံးများက တစ်ခန်းလုံးကို ကြည့်လိုက်ချိန်တွင် စာရေးစားပွဲပေါ်က စာရွက်တစ်ရွက်ကို သတိထားမိသည်။

အလွမ်းတွေ
ရင်မှာစုပြီး
သိမ်းထားခွင့်ပြုပါ
နူးညံ့တဲ့နှလုံးသားရင်ပြင်မှာ
မင်းရဲ့အမှန်းတားဆိပ်နဲ့
သံစဉ်မဲ့တေးသွားကို
အဝေတ်ပြုရင်း
တိုးတိုးလေး ငြီးတွားခွင့်ပြုပါ။
ပရွပြွန်နဲ့ အနာဂတ်ကြား
ဆုံးရှုံးမှုများနဲ့ နပန်းလုံးရတဲ့ဘဝ
ဒီတစ်ဘဝသာ ရှိပါစေ။





ဇူးပွင့် ရင်ထဲမှာလှိုက်ခနဲ ခံစားမိလိုက်သည်။ မျက်ဝန်းထဲက မျက်ရည်များတတော့ ပါးပြင်ပေါ်မှာ အတားအဆီးမဲ့စွာနဲ့ ကြွေကျလာတယ်။ ဒီရဲနှလုံးသားထဲမှာ ဘာရှိလဲဆိုတာ သူမသိရပြီ၊ ဒါ့ကြောင့်လည်း အချိန်တာလတစ်ခုကိုစောင့်ပြီး ဒီရဲကို ပြန်လည်ပေးဆပ်ရမယ်လေ၊ ဘာကြောင့်လည်းဆိုတော့ သူမဒီရဲဆိုတဲ့ လူတစ်ယောက်ကို အရမ်းချစ်မိသွားပြီ မဟုတ်ပါလား။

ဦးလေးထွန်းတစ်ယောက် ဒီရဲမျက်နှာကိုကြည့်ရင်း ရင်ထဲမှာ စိုးနှစ်ကြေကွဲလာတယ်၊ အေးမိုးစန္ဒာကတော့ ဦးလေးထွန်းလေးဟ်ကို ဆုပ်ကိုင်ထားသည်။ သူတို့နှစ်ယောက်ရဲ့ အိပ်မက်တွေတာ ထပ်မံပျက်စီးသွားပြီ၊

ဒီရဲကတော့ အခန်းကျဉ်းရဲ့ အလယ်ဘည်တည့်မှာထိုင်ပြီး ဦးတည်ရာမဲ့ စကားတွေကို တတွတ်တွတ်နဲ့ ပြောနေတယ်၊ ပွတကျဲနေကဲ့ ဆံပင်၊ ရှည်လျားလာတဲ့ မုတ်ဆိတ်မွေးတွေက ဒီရဲမှ ဟုတ်ပါလေစ၊

" ဒီရဲ "

ဇူးပွင့်ခေါ်လိုက်ပေမယ့် ဒီရဲက မော့တောင်မကြည့်ဘူး။

" ကိုဒီရဲ ကျွန်တော်သီတလေ၊ မှတ်မိလား "

သီတအသံကျယ်သွားသလို ဝမ်းနည်းမှုတွေလည်း ရောယှက်လာတယ်၊ ဒီရဲ ဦးခေါင်းမော့လာတယ်၊ ပြီးတော့ သူတို့အားလုံးကို ကြောင်တောင်တောင်နဲ့ ငေးကြည့်နေတယ်။

" မှတ်မိလား၊ ကျွန်တော် သီတလေ "

သီတက သူ့ရင်ဘတ်ကိုပုတ်ပြီး ထပ်ပြောတယ်၊ ဒီရဲခေါင်းက ဆတ်ခနဲပြန်ငုံ့သွားပြီး ခုနကလို စကားတွေပြောနေတယ်။

" ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်၊ ငါတို့ရင်ထဲမှာ ဘယ်လောက်အထိ ခံစားနေရတယ်ဆိုတာ မင်းသိရဲ့လား "

ဇော်ထက်အသံက ခံပြင်းခြင်း၊ ယူကြုံးမရခြင်းတွေနဲ့ ပြည့်လျှံနေတယ်။

" ဇော်ထက် ပြန်ကြမယ်ကွာ၊ ဒီရဲ အခုလိုပုံစံမျိုးကို ငါအကြာကြီး မကြည့်ရက်နိုင်ဘူး၊ ဒီရဲက ငါ့ဘဝရဲ့ သူငယ်ချင်းလည်း ဟုတ်တယ်၊ အစစအရာရာ ဘွန့်သင်ဆုံးမနိုင်တဲ့ ဆရာဆိုလည်း မှားတယ် "

" ဒီရဲ မရူးသင့်ဘူး၊ သူ့ရင်ထဲမှာ ဘာတွေရှိလဲဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်တာ ငါတို့အားလုံးရဲ့ အမှားပါ "

" ဟုတ်တယ် မင်းမိုး၊ ဒီရဲဟာ သူနဲ့တွေ့တဲ့ လူတွေရဲ့ရင်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တွေကို တနည်းနည်းနဲ့သိအောင် လုပ်နိုင်ပေမယ့် သူ့ရင်ထဲမှာ ဘာရှိလဲဆိုတာကို ဘယ်သူမှမသိအောင် လျှို့ဝှက်ထားနိုင်ခဲ့တယ်၊ မင်းပြောသလို ဖတ်ရှုသုံးသပ်ပါ၊ ဒါပေမဲ့ ဒီရဲ့ရင်ထဲမှာ ဘာရှိလဲဆိုတာ ဘယ်သူမှ မသိဘူး ”

ဇော်ထက်နဲ့မင်းစိုးပြောနေတာကို အားလုံးကြားပြီး ဆရာဝန်ပြောတဲ့စကားကို ပြန်သတိရလိုက်ကြသည်။

“ ဒီရဲ့သိုတဲ့ကောင်လေးရဲ့ ဝေဒနာဟာ သာမာန်ရူးသွပ်ခြင်း မဟုတ်ဘူး၊ သူ့ရင်ထဲမှာ အနှစ်နှစ်အလလက မြှုပ်သိပ်ထားတဲ့ ခံစားချက် စိတ်ဖိစီးမှုဒဏ်တွေဟာ အစိုင်အခဲအဖြစ် ထုထည်ကြီးမားနေတယ်။ ဒါကို တစ်ခုခုက ယောက်ကနေပြီးတော့ တုန်းခနဲ ပေါက်ကွဲအောင် လှုပ်လိုက်တော့ ဦးနှောက်က မခံနိုင်ဘဲ ရူးသွားစေတာပါ၊ ဒီလိုရောဂါမျိုးဟာ နှစ်နဲ့ချီကြာလာတော့မှ ဖြစ်လာတဲ့အတွက် အချိန်ပေးပြီးတော့ ကုသရလိမ့်မယ်၊ ပြီးတော့ လူနာက တရားခံတစ်ယောက်လေ၊ လူသတ်မိတဲ့အထိ ဖြစ်ပေါ်လာခဲ့တာလည်း ဒီလိုရောဂါကြောင့်ပါ၊ ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် ကုသပေးပါမယ် ”

ခဏကြာတော့ အားလုံးပဲ စိတ်ကျန်းမာရေး ဆေးရုံကနေ ပြန်ထွက်လာခဲ့တယ်။

ဒီရဲ့ ဘာကြောင့် ရူးသွားတာလဲ၊

ဒီရဲ့ ဘာတွေပြောနေသလဲ၊ ဘယ်သူမှ မကြားဘူး၊

ဒီရဲ့ရင်ထဲက ခံစားချက်တွေကို ဘယ်သူမှ နားမလည်ဘူး။

ဒီရဲ့ရင်ထဲက စကားလုံးကိုသာပြောပြနိုင်တဲ့ လူမျိုးတစ်ယောက်ရှိပါက အဓိက တရားခံတွေကို လက်ညှိုးထိုးပြနိုင်လိမ့်မည်။

“ ဘယ်သူတွေ ဖြစ်နိုင်မလဲ ”

လေးစားစွာ
ကြိုးစားလျက်
နေဝ




# နေဝ

# မျက်ဝန်းတစ်စုံ၏ ကဗျာတစ်ပုဒ်

မကြာမီထွက်ပါတော့မည်။

www.burmeseclassic.com